www.burmeseclassic.com

“ စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏ ”

**ရှင်မဟာသီလဝံသ**

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဘုန်းနိုင်

မိုးတွေရွာမှဖြင့်လျှင်ကွယ်

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တပိုဒ်တလေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

မိုးညိုညိုအောက် လမ်းလျှောက်ခြင်း။

ဒေါက်တာမျိုးမွန်က ပြုံးမိသည်။ အဘယ်မည်သော အပြုံးဟူ၍မူ မိမိအပြုံးကို မိမိမသိ။ ရင်မှာ လွမ်းမြမြလေး ခံစားရသည်။ နာကြည်းမှုကလည်း မကင်း။ မာနနှင့် ဒေါသတို့ကလည်း ငွေ့ငွေ့ရှိသည်။ သည်ကြားထဲက လွမ်းမြမြ။ ရင်မှာ လွမ်းမြမြ။

မိုးညိုညို။ စိန်ပန်းနီနီ။ ချစ်သော။ အင်း . . . ချစ်သော ဝါဝါ။

ဒေါက်တာမျိုးမွန်က ခြေလှမ်းခြင်းကို ရပ်လိုက်သည်။ ချစ်သော ဝါဝါ။ ချစ်သော ဝါဝါဟူသည် ရှိပါသေးသလော။

ဩော် . . . ဝါဝါတော့ ရှိမည်ပေါ့။ ရှိနေဦးမည်ပေါ့။ ချစ်သော ဝါဝါ သို့မဟုတ် ချစ်လှစွာသော ဝါဝါ။ ဤသို့ ခေါ်နိုင်သော ဝါဝါ။ ချစ်သော ဝါဝါ။ သူရှိပါသေးသလော။

ဩော် . . . ချစ်သော ဝါဝါ ရှိသည်။

လောကမှာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မိမိ၏ အသည်းနှလုံးတွင်းမှာ ရှိသည်။

ဤအသိကြောင့် ရင်မှာ လွမ်းမြမြ ဖြစ်ရသည်။ ဤအသိကြောင့်ပင် ရင်မှာ နာကြည်းရသည်။ ဤအသိကြောင့်ပင် မာနနှင့် ဒေါသတို့ ငွေ့ငွေ့ ရင်မှာ ပေါ်ရသည်။

ကြာခဲ့ပြီ။ သည်တော့ သည်ခံစားမှုတွေ ရင်မှာ ရှိထိုက်ပါသေး၏လော။ သည်လို မိုးညိုညိုအောက်မှာ လမ်းလျှောက် ထိုက်ပါသေး၏လော။

အထူးသဖြင့် သည်နေရာမှာ။ သည်မြို့မှာ။ အပြစ်မဲ့သည့် ဇာတိမြေဖြစ်သော ဤမြို့ဆီသို့ပင် မိမိ မပြန်ခဲ့သည်မှာ ကြာပြီ။ ယခုတော့ လုံလောက်သော အကြောင်းကြောင့် ခေတ္တပြန်ရောက်ခဲ့သည်။

ဤနေရာ ဤအချိန် ဤမိုးညိုညိုအောက်၌ လမ်းလျှောက်မိခြင်း အတွက်ကား လုံလောက်သော အကြောင်းမရှိ။ မရှိဟု ထင်သည်။

မိုးညိုညိုတွင် ဤနေရာရောက်က ပတ္တမြားပွင့်တွေ ဆင်သည့် စိန်ပန်းပင်ကြီးကို မြင်ပြန်လျှင် တစ်ချိန်တုန်းက ချစ်သော ဝါဝါကို ပြန်သတိရလေဦးမည်ကိုလည်း မိမိသိသည်။ သိလျက်နှင့် မိမိက ဘာကြောင့် ဤနေရာဆီ လျှောက်ဖြစ်အောင် လျှောက်ခဲ့ရသနည်း။

ဒေါက်တာမျိုးမွန်က ပြုံးမိပြန်သည်။

တစ်ချိန်တုန်းက ချစ်သော ဝါဝါ။ ဤစကားကလည်း မှန်ပါ၏လော။ တစ်ချိန်တုန်းက ချစ်သော ဝါဝါဆိုတော့ ယခုအခါ မချစ်တော့သော ဝါဝါ ဖြစ်နေခဲ့ပြီလော။

ဤအကြိမ်တွင်မူ မိမိ၏အပြုံးကို မိမိသိလိုက်သည်။

ဝမ်းနည်း၍ ပြုံးသည်၊ နာကြည်း၍ပြုံးသည်။

ဩော် . . . ခုအခါမျိုးမှာ ဤအပြုံးမျိုးကလွဲ၍ အခြား ဘယ်အပြုံးမျိုး မိမိက ပြုံးနိုင်ပါမည်နည်း။

ဒေါက်တာမျိုးမွန်က ဆက်လျှောက်သည်။

မိမိကိုယ်ကို မလှည့်စားလိုပါ။ သည်နေရာကို လျှောက်လာခဲ့ပြီး ဖြစ်သဖြင့် လျှောက်ချင်၍ လျှောက်ခဲ့ခြင်း ဖြစ်သည်။ ဘာကြောင့် လျှောက်ချင်၍ လျှောက်ရသနည်း။ ဤမေးခွန်းကိုတော့ မိမိ အဖြေရှာရန်မလိုဟု ထင်သည်။

လျှောက်ချင်၍ လျှောက်သည်။ နှလုံးသားက စေခိုင်း၍ လျှောက်သည်။ နှလုံးသားဟူသည်မျိုးက အကြောင်းအကျိုး ပြတတ်သည်မျိုး မဟုတ်။ သည်တော့ လျှောက်။

ဩော် . . . မျိုးမွန်ရယ် လျှောက်လေဦး။

မြေလမ်းဝါဝါလေးအတိုင်း ဒေါက်တာမျိုးမွန်က လျှောက်လာသည်။ မသိမသာနှင့် မြေက မြင့်လာ၏။ သက်ရင်း အမျှုးပြုသော ချုံစုတို့ကလည်း တဖြည်းဖြည်း ထူလာ၏။ ထီးထီးမားမားရပ်နေသော စိန်ပန်းပင်ကြီးကို လှမ်းတွေ့ရသည်။ မိုးညိုညိုကို နောက်ခံပြုလျက် ပတ္တမြားပွင့်တို့ စွေးစွေးနီနေကြသည်။

မြေဝါလမ်းလေးက စိန်ပန်းပင်ကြီးကို လွန်လျက် ရှေ့ဘက်သို့ ဆက်သွားသော်လည်း ဒေါက်တာမျိုးမွန်က မလိုင်ဖ် တော့ဘဲ စိန်ပန်းပင်ကြီးအောက်တွင် ရပ်လိုက်သည်။

ဒေါက်တာမျိုးမွန်က ပတ္တမြားထီးကြီး မိုးထားသည်နှင့်တူသော စိန်ပန်းပင်ကြီးကို မော့ကြည့်သည်။ ရွက်စိမ်းနုနုတို့ ပါးပါးရှိနေပြီ။ သို့ရာတွင် ရဲရဲနီသော ပွင့်ခိုင်ပွင့်ဆုပ်တို့ကသာ ပင်လုံးကို ကြီးစိုးထားသည်။

စိန်ပန်းပွင့်ပုံက တစ်ခဲနက်နှင့် ပြည့်ပြည့်သိပ်သိပ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

သြော် . . . ရင်မှာလည်း ခံစားမှုတို့ တစ်ခဲနက်နှင့် ပြည့်ပြည့်သိပ်သိပ်နိုင်လှသည်တကား။ ချောမွတ်သော ပင်စည်ကို လက်တစ်ဘက်ဖြင့်ကိုင်လျက် ဒေါက်တာမျိုးမွန်က ရှေ့ဘက်သို့ ငေးကြည့်၏။

တောင်ဝိုင်း တောင်တန်းကြီးက ခန့်ညားတည်ငြိမ်လှသည်။ ဤတောင်တန်းကြီးက ဘာမျှမပြောင်းလဲ။ ဟိုးတုန်းကလည်း ခန့်ညားတည်ငြိမ်သည်။ ယခုလည်း ခန့်ညားတည်ငြိမ်သည်။ လောကနှင့် ဘဝကို ဤတောင်တန်းကြီးကဲ့သို့ ခန့်ညားတည်ငြိမ်စွာ ရှုကြည့်နေနိုင်လျှင် ကောင်းလေစွ။

ဒေါက်တာမျိုးမွန်က စီးကရက်တစ်လိပ်ကို ထုတ်ယူဖွာရှိုက်ပြီး တောင်တန်းကြီးကို ကျောခိုင်းလိုက်သည်။ စိန်ပန်းပင်ကြီး၏ ပင်စည်ကို မှီရပ်လျက် အနောက်ဘက်သို့ ကြည့်သည်။

မိမိလျှောက်လာခဲ့ရာ မြေလမ်းဝါဝါလေး။ ပေါ်လွင်နေသော ကုန်းမြေသည် အနောက်ဘက်သို့ လျှောနိမ့်ဆင်းသွား၏။ မြင်ကွင်း၏ လက်ယာဘက်ဆီ၌ စိမ်းမှောင်သော သစ်ပင်အုပ်စုများကြားမှ ပေါ်ထွက်နေသော ဖြူဖွေးသည့် မော်လမြိုင်ကောလိပ်အဆောက်အအုံကြီးကို လှမ်းမြင်ရသည်။ လက်ဝဲဘက်ဆီ၌ကား ရွှေနတ်တောင်နှင့် ဘုရားစေတီ။ မျက်နှာမူရာ အနောက်တည့်တည့်၌ ဒူးရင်းနှင့် မင်းကွတ်ခြံကြီးများ။ ထိုမှလွန်သော် မျက်စိတစ်ဆုံး၌ ဖြောင့်နေသော တောတန်း။ ဤအထက်၌မူ တိမ်လိပ်တို့ ရိပ်ရိပ်ညိုညို လွှမ်းတက်လာနေသော ကောင်းကင်။

အဝေးဆီမှ မျက်လုံးကိုရုပ်လျက် ဒေါက်တာမျိုးမွန်က ကုန်းမြေလျှောလျှောကို ပြန်ကြည့်သည်။

ခြေသွားလမ်း ဝါဝါလေးသည် ကုန်းမြေ၏ အနိမ့်ဆုံးအပိုင်းတွင် နှစ်ခွဖြစ်လျက် ခွဲထွက်သွားသည်။ လမ်းတစ်သွယ်က ကောလိပ်နယ်မြေဆီ သွားသည်။ လမ်းတစ်သွယ်က ဒူးရင်းခြံများဆီ သွား၏။

ဒူးရင်းခြံကြီးများဆီ သွားသောလမ်းလေးဆီ ဒေါက်တာမျိုးမွန်က မျှော်ကြည့်သည်။ သြော် . . . ဟိုအခါတုန်းဆီကလည်း ဤလမ်းလေးဆီ မျှော်ကြည့်ခဲ့ရသည်။ ချစ်သူလာရာလမ်းဆိုတော့ မျှော်ကြည့်ရသည်ပေါ့။ ချစ်သူလာရာလမ်းဆီ မျှော်မကြည့်သောသူဟူ၍ လောကမှာ ရှိပါ၏လော။

ယခုတော့ ရင်မခုန်။ လွမ်းမြမြသာ ရှိသည်။ ဟိုတုန်းကတော့ ရင်ခုန်သည်။ ချစ်သူလာရာလမ်းဆီ မျှော်ရင်း ရင်ခုန်ခဲ့ရသည်။

ဝါဝါ။ နာမည်လေးနှင့်လိုက်အောင် အသားလေးက ဝါသည်။ ဝါသော အဝတ်အစားလေးများကိုမှ ရွေးချယ်ဝတ်တတ်သည်။ သည်တော့ မိမိကလည်း မှတ်ထားလိုက်သည်။ ချစ်သူလာလျှင် ဝင်းဝါသည်။ တစ်လောကလုံး ဝင်းဝါသည်။ မိမိရင်တွင်းမှာတော့ လမင်းသာသည်။

ဒေါက်တာမျိုးမွန်က မျက်လုံးများကို ပိတ်ထားလိုက်သည်။

မျက်လုံးကို ပိတ်လိုက်ခါမှ အတိတ်ပန်းချီကားတို့က ပိုမို ပီသထင်ရှားလာသည်။ မြေလမ်းဝါဝါလေးအတိုင်း ချစ်သော ဝါဝါက ကြော့ကြော့ယဉ်ယဉ်လာသည်။ စိန်ပန်းပင်ကြီးနားအရောက် တောချုံလေးများ အကာအကွယ်ရသောအခါ အပြေးလေးလာသည်။ မုတ်သုန်လေတိုးသော နေ့မျိုးတွင် ပြေးလာသော ဝါဝါ၏ခေါင်းမှ ဆံပင်ဆံနွယ်တို့က လှပစွာ လေမှာ ဝဲပျံလှုပ်ရှားသည်။

စိန်ပန်းပင်အောက်မှ မိမိက ဆီးကြိုသည်။ ရင်ခွင်တွင်း ခုန်ဆင်းလာသော လမင်းကြီးကို ဆီးယူပွေ့သည့်နှယ် ယုယုယယ ဆီးကြိုပွေ့ယူရသည်။

ကောင်းကင်မှာ မိုးညိုနေမည်။ စိန်ပန်းပင်ကြီးက ရဲရဲနီနေမည်။ သို့ရာတွင် မြေပြင်မှာတော့ လသာနေသည်။ ဝင်းဝင်းဝါဝါကြီး သာနေသည်။ ဒေါက်တာမျိုးမွန်က မျက်လုံးများကို ဖွင့်လိုက်သည်။ ပင်ပန်းလှစွာဖြင့် ချစ်သူလာရာလမ်းဆီ မျှော်ကြည့်မိပြန်သည်။

ဒေါက်တာမျိုးမွန်တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ခေတ္တ ကြောင်ငေးနေရာမှ မယုံနိုင်ဘဲ မိမိ၏ မျက်လုံးများကို မိမိ ပွတ်ကြည့်မိသည်။

ကိုယ်ဟန်က ကြော့ပါသည်။ လည်တိုင်သွယ်က ရှင်းပါသည်။ တစ်ကိုယ်လုံးက ဝါဝင်းပါသည်။ ချစ်သော ဝါဝါ။ သည်နေရာ သည်လမ်းမှာ သည်အသွင်နှင့် သည်တစ်ယောက်သာ ရှိမည်။ ချစ်သော သို့မဟုတ် ချစ်ခဲ့ရဖူးသော ဝါဝါ။

သြော် . . . ယခုအကြိမ်မှ ဝါဝါ့ကို ဘယ်ပုံ မိမိ ဆီးကြိုရပါ့။

ဝါဝါက တဖြည်းဖြည်း အနီးသို့ ရောက်လာသည်။

ဟိုယခင် အခါများကမူ ဤနေရာသို့အရောက်တွင် ဝါဝါသည် မိခင်တွေ့သော သမင်မငယ်သို့ အပြေးလေး လာမြဲဖြစ်၏။

ယခုမူ ဝါဝါ၏ အမူအရာက တည်ကြည်လှသည်။ တည်ကြည်လွန်းသည်ဟုပင် ဒေါက်တာမျိုးမွန် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါ၏ ခေါင်းလေးကမော့ပြီး မျက်နှာလေးက ချီကာ မျက်လုံးများက ရှေ့တည့်တည့်ဆီသာ ကြည့်သည်။ စိန်ပန်းပင်ကြီးနှင့် မိမိရှိရာသို့ တစ်ချက်လေးမျှပင် မကြည့်။

ရုတ်တရက် ဖမ်းစားသော အံ့ဩစိတ်အပြေတွင် ရှက်စိတ်နှင့် နာကျည်းစိတ်တို့က ဒေါက်တာမျိုးမွန်၏ ရင်တွင် ပေါ်လာသည်။

ဝါဝါသည် မိမိကို မမြင်မဟုတ်၊ မြင်ရမည်ပင်။ ထီးထီးမားမားရှိသော စိန်ပန်းပင်အောက်တွင် ထူးထူးခြားခြား ရပ်နေသော လူတစ်ယောက်ကို မမြင်ဘူးဆိုသည်မှာ မဖြစ်နိုင်။ မြင်ရသော လူတစ်ယောက်ကို တစ်ချက်မျှတော့ အနည်းဆုံး ကြည့်မည်မှာ သဘာဝပင်ဖြစ်သည်။ ယခုတော့ မကြည့်။ သြော် . . . မြင်လျက်အားနှင့် မကြည့်သည်မှာ အဓိပ္ပါယ် ရှင်းလှသည်။ မကြည့်ချင်၍ပါ။

သူက မကြည့်ချင်တော့ ကိုယ်ကလည်း မျက်နှာလွှဲရမည်။

ဒေါက်တာမျိုးမွန် မျက်နှာလွှဲမည်အပြုတွင် ဝါဝါ၏ မျက်နှာလေးက မိမိရှိရာဘက် တည့်တည့်လှည့်လာသည်။ တမင်လှည့်သည်တော့ မဟုတ်။ လမ်းက အနည်းငယ် မိမိဘက် ကွေ့လာသောကြောင့် မျက်နှာချင်းဆိုင်မိခြင်းသာ ဖြစ်သည်။

ဒေါက်တာမျိုးမွန် မျက်နှာ မလွှဲဖြစ်။ မလွှဲသည့်အပြင် မျက်မှောင်ကြုတ်၍ ဝါဝါ၏ မျက်နှာလေးကို စူးစူးစိုက်စိုက်ပင် ကြည့်မိသည်။

ဝါဝါ၏ မျက်နှာလေးက ထူးခြားသည်။ မျက်လုံးများက ပိုထူးခြား၏။ မျက်နှာလေးက ထူးခြားသည်မှာ မည်သို့သော ခံစားမှု၏ အရိပ်အရောင်ကိုမျှ မပြသောကြောင့် ဖြစ်သည်။ မျက်လုံးများက ထူးခြားသည်မှာ ဝန်းဝန်းဝိုက်ဝိုက် စူးစူးစိုက်စိုက် အနေအထားတွင် လှုပ်ရှားမှု တစ်စုံတစ်ရာ မပြသောကြောင့် ဖြစ်၏။

လေက တိုက်နေသဖြင့် ဝါဝါ၏ ဆံနွယ်များက နောက်သို့ ပျံ့လွင့်နေသည်။ အသက်မဲ့သယောင်ရှိသော မျက်နှာ၊ အသိရိပ် ကင်းသယောင်ရှိသော မျက်လုံးများနှင့် ဝါဝါသည် ဒေါက်တာမျိုးမွန်နှင့် တစ်လံအကွာအထိ ချဉ်းကပ်လာသည်။

လမ်းသည် ကွေ့သွားပြန်ရာ ဒေါက်တာမျိုးမွန် အနီးမှကပ်၍ ဝါဝါက ဖြတ်လျှောက်သွားသည်။

ခေါင်းလေးက မော့လျက်။ မျက်နှာလေးက ချီလျက်။ မျက်လုံးများက ငြိမ်လျက်။ ဒေါက်တာမျိုးမွန်ကို မြင်သည်ဟု အရိပ်အရောင် တစ်ချက်မျှပင် မပြဘဲ ဝါဝါက အနီးမှ ဖြတ်လျှောက်သွားသည်။

ဝါဝါ့နောက်ကျောကို ဒေါက်တာမျိုးမွန် ကြည့်ကျန်ရစ်သည်။

မကြိုက်။ တစ်စုံတစ်ရာကို မကြိုက်။ ဘာကို မကြိုက်သည်မှန်းလည်း မသိ။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ဝါဝါ၏ ခြေထောက်လေးများဆီ ရောက်သွားသည်။

ဝါဝါ၏ ခြေထောက်လေးများတွင် ဖိနပ်စီးမထား။

မိမိကိုယ်မိမိ ဘာလုပ်မိသည်မသိမီ ဒေါက်တာမျိုးမွန်သည် ဝါဝါ့နောက်သို့ လိုက်ခဲ့မိ၏။

ဝါဝါ၏ အမူအရာက လုံးဝမပြောင်း။ နောက်သို့လည်း လှည့်မကြည့်။ ဘေးသို့လည်း မကြည့်။ ခေါင်းလေးက မော့လျက်။ မျက်နှာလေးက ချီလျက်။ ဆံပင်ဆံနွယ်များက လေတွင် လွင့်ပါးလျက်။

လမ်းလေးသည် ချောင်းတစ်ခု၏ ကမ်း၌ ဆုံးသွားသည်။ ဝါဝါကမူ မရပ်ဘဲ ချောင်းကိုဖြတ်ကူးသည်။ ချောင်းက မနက်။ ရေလည်း မရှိသေး။ ကျောက်တုံး ကျောက်ခဲများတော့ ရှိသည်။

ဝါဝါ့နောက်မှ လိုက်ခဲ့သော ဒေါက်တာမျိုးမွန်သည် ချောင်းစပ်အရောက်တွင် တစ်ဖက်ကမ်းမှ မြင်ရသော အရာများကြောင့် သတိဝင် လှုပ်ရှားသွား၏။ တစ်ဖက်ကမ်း၌ သက်ရင်း၊ တောသပြေ၊ လက်ထုတ်စသော ချုံပင်တို့ ထူသည်။ ချုံတောတို့ကြားတွင် သင်္ချိုင်းဂူ တစ်ခုနှစ်ခုကို လှမ်းမြင်ရသည်။

" ဝါဝါ "

ဒေါက်တာမျိုးမွန်က လှမ်းခေါ်သည်။

ဝါဝါက မထူး။ လှည့်၍လည်း မကြည့်။

သည်နေရာကို ဒေါက်တာမျိုးမွန် မှတ်မိသည်။ ကောင်းကောင်းမှတ်မိသည်။

ဟိုယခင်တုန်းက သည်နေရာဘက်ကို ဝါဝါ မလာရဲ။ လှမ်းမြင်ရသော သင်္ချိုင်းကို သီလရှင်သင်္ချိုင်းဟု ခေါ်သည်။ မိန်းကလေးတို့မည်သည် သင်္ချိုင်းကို ကြောက်တတ်သည်။ ဝါဝါလည်း ကြောက်တတ်သည်။

ယခု ဝါဝါက သီလရှင်သင်္ချိုင်းဆီ မကြောက်မရွံ့ ဦးတည်သွားနေပါပကော။

" ဝါဝါ "

ခေါ်ရင်းက ဒေါက်တာမျိုးမွန်သည် ချောင်းကို ပြေး၍ ဖြတ်ကူးသည်။

တဘက်ကမ်းတွင် လမ်းမရှိ။ ချုံတို့သာ ရှိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

ဝါဝါက ချိုတို့ကို ရှိလေသည်ဟု အမှတ်ပြုဟန် မတူ။ ချိုတို့ကို တိုး၍ ရှေ့ဆက်လျှောက်နေ၏။

ဒေါက်တာမျိုးမွန်က ဝါဝါ့ကို မီလာသည်။ ဝါဝါ၏ လက်မောင်းကလေးတစ်ဘက်ကို ဆွဲလျက်က ခေါ်ယူသည်။

" ဝါဝါ "

ဝါဝါ၏ ကိုယ်လေးသည် ဆတ်ဆတ်တုန် လှုပ်ရှားသွားသည်။ မျက်လုံးများကမူ ဒေါက်တာမျိုးမွန်ကို ခေတ္တ ကြောင်ကြည့်နေသေး၏။ နောက်တစ်ခဏ၌မူ ဝါဝါသည် အရုတ်လေး ကြိုးပြတ်သည့်နှယ် ပျော့ခွေကျသွား၏။

ဝါဝါ၏ ကိုယ်လေးကို ဒေါက်တာမျိုးမွန်က အချိန်မီထိန်းသိမ်း ပွေ့ယူလိုက်ရသည်။

ဒေါက်တာမျိုးမွန်မှာ အံ့ဩနေသော်လည်း သတိမလစ်။ ဤနေရာက လူပြတ်၍ တောချုံထူသည်။ မိန်းမပျိုတစ်ယောက်ကို ပွေ့လျက်ရှိသော မိမိအား တစ်စုံတစ်ယောက် မြင်သွားလျှင် မည်ကဲ့သို့ ထင်မည်နည်း။

ဒေါက်တာမျိုးမွန်က ဝါဝါ၏ ကိုယ်လေးကို ပွေ့မလျက် ချောင်းကို ပြန်ဖြတ်ကူးခဲ့သည်။

စိန်ပန်းပင်ကြီးအောက်ရောက်မှ ဝါဝါ့ကိုယ်လေးကို ပွေ့လျက်နှင့်ပင် ဒေါက်တာမျိုးမွန်က မြေ၌ထိုင်သည်။

ဝါဝါ့ ကျောလေးကိုတော့ မိမိ၏ ပေါင်များပေါ်တွင် သက်သာအောင် ထားရသည်။ ပုခုံးလေးများကိုတော့ လက်တစ်ဖက်ဖြင့် ထိန်းပွေ့ထားရ၏။

ဝါဝါက သတိပြန်မရသေး။ မျက်တောင်ရှည်ကြီးများက စင်းပိတ်လျက် ရှိနေသေးသည်။

အခြား ဘာမျှမရှိတော့ လက်ကိုင်ပဝါဖြင့်သာ ဝါဝါ၏ နဖူးလေးအထက်ဆီ အသာအယာ ယပ်ခတ်ပေးနေမိ၏။

ဩော် . . . မကြည့်ချင်ပါ၊ မြင်နေလျက်သား။

ဝါဝါ့မျက်နှာလေးကို တစ်ခါတုန်းကလိုပင် မိမိရင်ခွင်မှာ မြင်နေရသည်။ ဝါဝင်းသော ပါးလေးများတွင် အကြောစိမ်းကလေးများကလည်း ရှိန်းမြနေ၏။ လက်ယာဘက် ပါးမို့ပေါ်မှ စံပယ်တင်မှဲ့လေးကလည်း လဲ့လဲ့ နက်နေသည်။ နားထင်မှ သွယ်ဝဲကျလာသော ဆံယဉ်နုတို့ကလည်း စံပယ်တင်မှဲ့လေး၏ အလှကို ကူဖြည့်ပေးနေသည်။

" ဝါဝါ လှလား မောင် "

" လှ သိပ်လှ "

" ဘာက လှတာလဲ "

" တစ်ကိုယ်လုံး "

" ဟွန်း၊ အဲဒီလို ဖြန်းမပြောနဲ့ "

" အမှန်ကိုပြောတာ မကြိုက်ဘူးလား "

" တိတိကျကျပြော "

" ဝါဝါ့ တစ်ကိုယ်လုံးက လှတယ်၊ ဒါပေမယ့် မောင့်မျက်စိထဲ အလှဆုံး၊ ဒါကြောင့်မို့ အလှဆုံးဟာ ဟောဒီ သွယ်ကျနေတဲ့ နားသယ်ဆံလေးရယ်၊ ပိတုန်းရောင်ပြိုင်လဲ့နေတဲ့ ဟောဒီ စံပယ်တင်မှဲ့လေးရယ်၊ ကဲ . . . သိပြီလား "

ပဲတင်သံများ။ ဟိုး အတိတ်ဆီမှ ပဲ့တင်သံများ။

ယခုတော့ ဝါဝါ စကားမဆိုနိုင်။ သတိလည်လာ၍ စကားဆိုနိုင်ပြန်လျှင်လည်း သည်စကားမျိုးတော့ ဆိုလိမ့်မည် မဟုတ်။ မိမိမှာလည်း သည်အဖြေလေးမျိုး ပေးနိုင်ခွင့်ရှိသည် မဟုတ်တော့။

ဝါဝါတော့ ဟုတ်သည်။ သို့ရာတွင် တစ်ချိန်တုန်းက ချစ်သော ဝါဝါ။ မသိခင် မျက်ရည်က ဝဲမိပါပကော။ တပြိုင်နက်မှာပင် ရင်က နာခဲ့ရပြန်ပါပကော။

ဝါဝါ့ကိုယ်လေးက လှုပ်ရှားလာသည်။ မကြာမီ မျက်တောင်ကော့ကြီးများ ပွင့်ပွံ့လာ၏။

မျက်ဝန်းပြာသော မျက်လုံးကြည်ကြီးများက မိမိကို အထူးအဆန်းအရာပမာ စိုက်ကြည့်နေသည်။

" ဝါဝါ သတိရပြီလား "

" အင်း၊ ရှင် ရှင် ဘယ်သူ "

ဝါဝါက စကားမဆက်။ ခေတ္တရပ်သွားပြီး မယုံနိုင်ဟန် သူ့ကို စိုက်ကြည့်နေသည်။ ခဏတွင်မှ နှုတ်ခမ်းလေးများမှ တိုးတိုးခေါ်သံ ထွက်လာသည်။

" မောင် "

" မျိုးမွန်ပါ ဝါဝါ၊ ကိုမျိုးလို့ တစ်ခါက ဝါဝါ ခေါ်ခဲ့ပါတယ်၊ ခုလဲ ကိုမျိုးလို့ ခေါ်နိုင်ပါတယ် "

သူက ဝါဝါ့ကို တည့်မတ်စွာ ထိုင်ပေးလိုက်ပြီး သူ့လက်များကိုလည်း ဝါဝါ့ ပုခုံးမှ ခွာသည်။

ဝါဝါက သူ့ကို စိမ်းစိမ်းလေးကြည့်သည်။ ထို့နောက် သက်ပြင်းလေးချ၍ သူ့ထံမှ ခွာခွာလေး ရွှေ့ထိုင်လိုက်သည်။

" ဝါဝါ နေကောင်းသွားပြီလား "

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါက သူ့ကို စိမ်းစိမ်းကြည့်ပြန်သည်။

" ဝါဝါက ဘာဖြစ်လို့လဲ "

သူ ဘာဖြေရမှန်း မသိ။ ဝါဝါ့ကိုသာ အကဲခတ်၍ ကြည့်နေမိသည်။

ဝါဝါ့ အသွင်၌ ပင်ပန်းနွမ်းနယ်မှု လက္ခဏာများ ကျန်နေသေးသော်လည်း အခြား ဘာမျှ ထူးထူးခြားခြား မရှိ။ မျက်နှာလေးက ရေးယခင်ထက်စာလျှင် အနည်းငယ် ပိုသွယ်လာသည်ထင်၏။ သွယ်သွယ်လေးဖြစ်နေသော မျက်နှာလေးမှာ တစ်မျိုး ပိုကြည့်ကောင်းလာသည် ထင်၏။

" ဝါဝါ ဘာဖြစ်လို့လဲ မေးနေတယ်လေ "

" အဲဒါကို ကိုယ် ဘယ်ဖြေတတ်မလဲ၊ ဝါဝါ ကိုယ့်နားက ဖြတ်လျှောက်သွားတယ်၊ ဒါပေမယ့် ကိုယ့်ကို မြင်ပုံမပေါ်ဘူး၊ ကိုယ်ခေါ်သေးတယ်၊ မထူးဘူး "

" ကိုယ် ခေါ်သေးတယ် "

" ဟုတ်တယ် ပြီးတော့ ဝါဝါ ဖိနပ်လဲ စီးမထားဘူး "

ဝါဝါက မိမိ၏ ခြေထောက်လေးများကို ငုံ့ကြည့်သည်။

" ဝါဝါ လမ်းလျှောက်တာ "

" ဟုတ်ပါတယ်၊ ဝါဝါ လမ်းလျှောက်တာ၊ ဒါပေမယ့် ဘာလို့ ဖိနပ်မစီးသလဲ "

ဝါဝါက သူထံမှ မျက်လုံးများ လွှဲပစ်လိုက်၏။

" ဝါဝါ တစ်ခါတလေ အဲ အဲဒီလို လမ်း . . . လမ်းလျှောက်တယ် "

" ဩော် . . . ဝါဝါ မကြာခဏ ဒီလိုပဲ လျှောက်တတ်တယ်ပေါ့ "

ဝါဝါက ဖြတ်ကနဲ သူ့ကို ကြည့်သည်။ ဤအကြိမ်၌ ဝါဝါ၏ မျက်လုံးများက ဝိုင်းဝိုင်းလည်နေသည်။ မျက်နှာလေးတွင်လည်း စိုးရိမ်ထိတ်လန့်မှုတို့ ပေါ်လွင်နေ၏။ ခဏ၌မူ ဝါဝါက မျက်နှာလေးကို လက်ဝါးလေးများနှင့် အုပ်လိုက်ပြီး ကိုယ်လေးလှုပ်အောင် ငိုနေသည်။

သူက ငိုင်ကြည့်နေသည်။ သူ့ စိတ်တစ်ပိုင်းက ပွေ့ယူနှစ်သိမ့်ရန် တိုက်တွန်းနေ၏။ အခြား စိတ်တစ်ပိုင်းက သူ့လက်များကို ချုပ်နှောင်ထား၏။ ထိုပစဉ် ချောင်းဟန့်သံနှင့် ခြေသံတစ်ခုကို တပြိုင်နက် ကြားရ၏။

လှည့်၍ မော့ကြည့်သော ဒေါက်တာမျိုးမွန်သည် အသက်ငါးဆယ်ကျော်ခန့် လူတစ်ဦးကို တွေ့ရသည်။

ထိုသူ့ ဆံပင်တို့က ပါးပြီး နဖူးကကျယ်သည်။ မျက်လုံးတို့က ကျဉ်းပြီး နှာခေါင်းက အနည်းငယ် ပြားသည်။ အသားက ဖြူပြီး နီစပ်စပ်နိုင်၏။ သူက မိမိတို့ ကျောခိုင်းရာဘက်မှ ပေါ်လာခြင်းဖြစ်သည်။

သူက မျက်လုံးကျဉ်းများဖြင့် ဒေါက်တာမျိုးမွန်ကို တစ်ချက်စိုက်ကြည့်ပြီး ဝါဝါ့အနီး ရပ်လိုက်၍ ဝါဝါ၏ ပုခုံးလေးကို လက်တစ်ဖထက်ဖြင့် ထိဆုပ်သည်။

" ဝါဝါ "

သူ့အသံက ဩဇာပြည့်သောအသံဟု ခေါ်နိုင်သည်။ ခေါ်လိုက်ဟန်က ပျော့ပျောင်းနူးညံ့သည်။

ငိုနေရာမှ ဝါဝါက သူ့ကို မော့ကြည့်သည်။ ဝါဝါ့ အမူအယာလေးက အားငယ် နွမ်းနယ်နေသော ကလေး တစ်ယောက်နှင့် တူနေသည်။

" ထတော့ သမီး၊ ဟောဟိုမှာ မိုးတွေ ရွာတော့မယ် "

သူပြောသည်မှာ မှန်သည်။ ကောင်းကင်တွင် တိမ်ညိုတို့ လိပ်တက်လာသည်။ ပြိုသောတိမ်တို့က ပြိုဆင်းနေသည်။ လေကလည်း အတန်ပြင်းပြီး အေးမြနေ၏။

မြေဝါလမ်းမှ အသက်သုံးဆယ်ခန့် မိန်းမတစ်ဦး အပြေးတက်လာရာ လူကြီးက ဆီးပြောသည်။

" မြမေတို့က သိပ်ပေါ့တာပဲ၊ ကဲ ခေါ်သွား၊ သမီး ပြန်တော့နော် "

ဝါဝါက ဒေါက်တာမျိုးမွန်ကို တစ်ချက်ကြည့်သည်။ သည်အကြည့်ကမူ စကားပြောသည်။ ရင်တွင်းကို ထိုးဖောက် စကားပြောသည်။

ကြေကွဲကြောင်း ပြောသည်။ ဝမ်းနည်းကြောင်း ပြောသည်။ အားငယ်ကြောင်း ပြောသည်။

အသံထွက်၍မူ နှုတ်မဆက်တော့ဘဲ ဝါဝါသည် မြမေဆိုသူခေါ်ရာ လိုက်သွား၏။

ဒေါက်တာမျိုးမွန်က လူကြီး၏မျက်နှာကို ကြည့်သည်။

လူကြီးက ဝါဝါသွားရာကို ငေးကြည့်နေရာမှ ဒေါက်တာမျိုးမွန်ဘက်သို့ လှည့်၏။ လူကြီး၏မျက်နှာမှာ တည်ငြိမ်နေ၏။ ဖြစ်သမျှကို လက်ခံထားသောသူတစ်ဦး၏ တည်ငြိမ်မှုမျိုးဟု ဒေါက်တာမျိုးမွန် ထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

" မောင်ရင့်ကို ကျေးဇူးတင်ပါတယ် "

" ခင်ဗျာ "

" ကျုပ်ရောက်တာ နောက်ကျသွားတယ်၊ ဒါပေမယ့် ဒီနေရာကို မိန်းကလေးကို ပွေ့ယူလာပြီး ပြုစုတာ ကျုပ်မြင်ပါတယ် "

ဒေါက်တာမျိုးမွန်က မျက်နှာကိုရော အသံကိုပါ တည်ငြိမ်စေပြီး မေးသည်။

" ဝါဝါ ဘာဖြစ်နေလဲ "

လူကြီး၏ မျက်လုံးကျဉ်းကျဉ်းများ အရောင်လက်သွား၏။

" မောင်ရင်က ဝါဝါ့ကို သိသလား "

" ဦးပဲ ဝါဝါ့ကို ဝါဝါလို့ ခေါ်ခဲ့တယ် မဟုတ်လား "

လူကြီးက ဒေါက်တာမျိုးမွန်ကို တစ်ချက်စိုက်ကြည့်သည်။ ထို့နောက် ရယ်၏။

" မှန်တယ်၊ ဦးက ဝါဝါ့ကို ဝါဝါလို့ပဲ ခေါ်ခဲ့တယ်၊ ဒါပေမယ့် မောင်ရင့်မေးပုံက ဝါဝါ့ကို ရင်းရင်းနှီးနှီး သိတဲ့လူတစ်ယောက်ရဲ့ မေးပုံနဲ့ တူနေတယ် "

ဒေါက်တာမျိုးမွန်က ပြုံး၏။

" ဝါဝါ့ကို ကျွန်တော် သိပါတယ်၊ သိခဲ့ဖူးတယ် ဆိုပါတော့ "

" မောင်ရင် က ဒီမြို့ကပဲလား "

ဒေါက်တာမျိုးမွန်က လူကြီး၏ မျက်လုံးများကို တည့်တည့်စိုက်ကြည့်၏။ မျက်လုံးများက ကျဉ်းသော်လည်း အသိဉာဏ်ထက်မြက်ကြောင်း ဖော်ပြနေသည်။ မျက်နှာက ပြုံးယောင်ယောင် ရှိသော်လည်း မျက်လုံးများကမူ မပြုံးကြောင်း ဒေါက်တာမျိုးမွန် သတိထားမိသည်။

" ဒီမေးခွန်းက ကျွန်တော် ဖြေဖို့မလိုဘူးထင်တယ် "

" ဘယ်လို ဘယ်လို "

" လှပချောမောတဲ့ မိန်းမပျိုတစ်ဦးကို မမျှော်လင့်ဘဲ ကူညီခွင့်ရခဲ့တယ်၊ ဒီအခွင့်ကောင်းကို ယူပြီး မိန်းမပျိုနဲ့နီးစပ်အောင် လုပ်မယ်၊ ဦးက ဒီလိုတွေးတယ် မဟုတ်လား၊ တွေးရင် ဦးအတွေးဟာ မမှားပါဘူး၊ ဒါပေမယ့် ဦး လူမှားတယ်"

" ဘယ်လို ကျုပ် လူမှားတယ် "

" ဟုတ်တယ်၊ ဦးအတွေးအတိုင်း လုပ်မယ့်လူထဲမှာ ကျွန်တော် မပါဘူး၊ ဝါဝါ့ကို ကျွန်တော် သိခဲ့ဖူးတယ်၊ ဒီတော့ထပ်သိဖို့ မလိုဘူး၊ သိလဲ မသိချင်ဘူး၊ စောစောက ဝါဝါ ဘာဖြစ်သလဲလို့ ကျွန်တော် မေးခဲ့တယ်၊ သဘာဝအတိုင်း မေးရိုးမေးစဉ် မေးမိတာပဲ၊ ဦး ဖြေဖို့မလိုပါဘူး၊ ဝါဝါ ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော် စိတ်မဝင်စားဘူး၊ ဩ . . . ဟောဟိုမှာကြည့်စမ်းပါ "

သူက ရုတ်တရက် လက်ညှိုးညွှန်ပြသဖြင့် လူကြီးက လိုက်ကြည့်၏။ ကုန်းက နိမ့်သွားသည်။ တစ်နေရာရောက်တော့ အနောက်ဘက်၌ မြေပြန့်မြင့်သွားသည်။ မြေမြင့်ရာ၌ ခြံကြီးများ၏ အလွန် တောတန်း၌ သတိထားကြည့်မှ မြင်နိုင်သော ခေါင်မိုးနီနီတစ်ခုကို တွေ့နိုင်၏။ ထို ခေါင်မိုးနီနီဆီသို့ ဒေါက်တာမျိုးမွန် ညွှန်ပြခြင်းဖြစ်သည်။

" သုဝဏ္ဏမြိုင်ဆိုတဲ့ ခြံလယ်က အိမ်ကြီးလေ၊ ဝါဝါတို့ရဲ့ အိမ်ပေါ့၊ အဲဒီအိမ်က ဘယ်သူ့ကိုမှ ကျွန်တော် စိတ်မဝင်စားဘူး၊ ဒီအိမ်ရိပ်နဲ့ ဒီခြံမြေကိုလည်း တစ်သက် ကျွန်တော် ခြေမနင်းဘူး၊ ကျေနပ်ပြီလား "

လူကြီးက မျက်လုံးကျဉ်းကျဉ်းများနှင့်သာ သူ့ကို စိုက်ကြည့်နေသည်။ သူကလည်း စိုက်ကြည့်နေသော မျက်လုံးများ တည့်တည့် ပြန်စိုက်ကြည့်ပြီး စကားကို ပြင်းပြင်း ပြောချလိုက်ခြင်းဖြစ်၏။ ပြော၍အားရမှ လူကို လှည့်လိုက်ပြီး မြေဝါလမ်းအတိုင်း ခပ်မှန်မှန် ပြန်လျှောက်လာခဲ့သည်။

တိမ်တို့ပြိုပြီး ညနေက ညိုမှောင်လာသည်။ မိုးပေါက်တို့ပင် ကျစပြုပြီ။ ကျပါစေ။ မိုးရွာတော့ မိုးရေထဲမှာ လမ်းလျှောက်ခြင်းပေါ့။

အဓိပ္ပါယ်မဲ့ မိုးညိုညိုအောက် လမ်းလျှောက်ခဲ့မိသည်။ သည်တော့ အဓိပ္ပါယ်မဲ့သည်တို့ကို တွေ့ပြီး အဓိပ္ပါယ်မဲ့ဒေါသထွက်ရပြန်သည်။

ကောလိပ်နယ်မြေအတွင်းရှိ နာဂဝံသချောင်း အရောက်တွင် ရပ်လိုက်ပြီး ဒေါက်တာမျိုးမွန်က လာလမ်းဆီပြန်ကြည့်သည်။

အဝေးမှ စိန်ပန်းပင်ကြီးကို တစ်ပင်လုံး မမြင်ရတော့။ သို့ရာတွင် ကျသည်းစပြုသော မိုးရေထဲတွင် ရဲရဲနီသော အပွင့်များကိုမူ လှမ်းမြင်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မိုးရေထဲမှ စိန်ပန်းနီနီတို့ကို ကြည့်မိစဉ် မျက်နှာလေးက ပေါ်လာ၏။ မိုးငွေ့မိုးမှုန်များကို နောက်ခံပြု၍ ပေါ်လာ၏။

ဝါဝါ၏ မျက်နှာလေး။ နောက်ဆုံးတွေ့ခဲ့ရသော ဝါဝါ၏ မျက်နှာလေး။

သည်မျက်နှာလေးမှ မျက်လုံးတို့ကမူ စကားပြောခဲ့သည်။ မိမိရင်ကို ထိုးဖောက်ပြီး စကားပြောခဲ့သည်။ နားလည်သည်တော့ ထင်သည်။ အဓိပ္ပါယ် အပြည့်အစုံကိုတော့ မသိ။ ဝါဝါ ဘာပြောချင်သနည်း။ မိမိကို ဘာပြောချင်သနည်း။

ယခု အချိန်ကျမှ မိမိကို ဘာတွေပြောပြော၊ ဘာများ အဓိပ္ပါယ်ရှိပါတော့မည်နည်း။ ဩော် . . . ဝါဝါရယ်၊ ဘာများ အဓိပ္ပါယ်ရှိပါတော့မည်နည်း။

" အဓိပ္ပါယ် မရှိတော့တဲ့ ဘဝကြီးပါကွယ် "

သူက တိုးတိုးညည်းပြီး အဓိပ္ပါယ်မရှိသယောင်ဖြစ်သော အမှုကို ဆက်ပြုသည်။ မိုးရေထဲတွင် လမ်းလျှောက်ရပါ၏။

* * *

## အခန်း ( ၂ )

တောင်ကမ်းပါးတွင် ကျောက်တုံးများ စီကပ်လျက် အင်္ဂတေနှင့် ဆက်စပ်ထားသည်။ ထိုအထက်တွင်က ရွက်လှပင်တန်းများ။ ထိုအထက်တွင်က ခေါင်မိုးနီနီနှင့် တစ်ထပ်သာမြင့်သော လူနာအိပ်ဆောင်။ ခေါင်မိုးနီနီ အထက်မှ ကုန်းမြင့်ပေါ်တွင်က ဖြူဖွေးစင်ကြယ်သောအရောင်နှင့် ခေတ်မီလှပသော အဆောက်အအုံ။

ကျောက်တုံးစီထားသော ကမ်းပါးယံ၏အခြေ ကားလမ်းပေါ်တွင် ဒေါက်တာမျိုးမွန်က အခြားသုံးဦးနှင့်အတူ ရပ်နေ၏။

တစ်ဦးက ရုပ်ချောမောသည်။ မျက်နှာကိုကြည့်၍ အသက်ခန့်မှန်းမရသူ၏ ရုပ်ရည်မျိုးလည်းဖြစ်သည်။ အခြားတစ်ဦးက သေးသေးကွေးကွေးနှင့် အရပ်ပုသည်။ နှာခေါင်းက မျက်နှာနှင့်မလိုက်အောင် ကြီးပြီး အသားက အလွန်ဖြူသည်။ မျက်မှန်ထူထူ ထပ်ဆင်ထားပြီး ဆေးတံလည်း ခဲထားသည်။ အခြားတစ်ဦးကား ရဲအရာရှိဝတ်စုံကို ဝတ်ထားပြီး အရပ်အမောင်းကောင်း၍ တောင့်တောင့်ဖြောင့်ဖြောင့်ရှိသည်။

လူနာအိပ်ဆောင် ကွယ်နေသဖြင့် အပေါ်ပိုင်းတစ်ဝက်သာ မြင်ရသော ခေတ်မီအဆောက်အအုံကို ဒေါက်တာမျိုးမွန်က မော့ကြည့်သည်။ မိမိတို့က ထိုအဆောက်အအုံမှ ဆင်းခဲ့ကြခြင်းဖြစ်သည်။

" မူးယစ်ဆေးဝါးကုသတဲ့ ဆေးရုံတစ်ခု အခုလိုတိုးလာ ဝမ်းသာစရာပဲ ဆရာကြီး၊ အဆောက်အအုံကလဲ လှပတယ်၊ ကျွန်တော်တို့ကို ဆရာကြီးကိုယ်တိုင် လိုက်လံပြသလို့လဲ ကျေးဇူးတင်ပါတယ် "

ဒေါက်တာမျိုးမွန်က ရုပ်ရည်ချောမောသော ပုဂ္ဂိုလ်ကိုပြောခြင်းဖြစ်ရာ ထိုပုဂ္ဂိုလ်က ရယ်လျက် စကားပြန်၏။

" ဆရာက ပြောင်းပြန်ပြောနေပြန်ပြီ၊ ကျွန်တော်တို့ မွန်ပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကသာ ဆရာတို့ကို ကျေးဇူးတင်ရမှာပါ၊ မဟုတ်ဘူးလား ဦးစိုးနောင် "

ဦးစိုးနောင်ဟု အခေါ်ခံရသော ရဲအရာရှိက ထောက်ခံသည်။

" ဟုတ်ပါတယ်၊ ဆရာကြီးဦးစိန်မှူး ပြောသလိုပဲ ကျွန်တော်တို့ကသာ တကူးတကန့် လာဟောပြောပေးတဲ့အတွက် ဆရာတို့ကို ကျေးဇူးတင်ရမှာပါ "

ဦးစိုးနောင်က အရပ်ပုပု နှာခေါင်းကြီးကြီးနှင့် ပုဂ္ဂိုလ်ဘက်လှည့်ပြီး ဆက်ပြော၏။

" ဆရာ့တရားကတော့ တိုတိုနဲ့ လိုရင်းထိတယ်၊ လူငယ်တွေ သဘောကျကြတာ ကျွန်တော် သတိပြုမိတယ် "

ဒေါက်တာမျိုးမွန်ကလည်း ထပ်ဆင့်ထောက်ခံ၏။

" အမှန်ပဲဆရာ၊ ကျွန်တော်တို့ ဟောကြတာက များလဲများ စုံလဲစုံတော့ ဟုန်သွားမှာ တစ်ခါတလေ စိုးရိမ်မိတယ်၊ ဟောဒီ ဒေါက်တာကျော်ဖေကတော့ စိတ်ပညာပါရဂူကြီးပီပီ လူငယ်တွေရဲ့ သဘာဝကို သိပ်သိတယ်၊ သူတို့ အသိဉာဏ်မှာရောရင်မှာပါ တစ်ခုခုစွဲသွားအောင် ဟာသနှောပြီး ဟောတတ်တယ် "

ဆေးတံခဲလျက် တဟဲဟဲလုပ်နေသော ဒေါက်တာကျော်ဖေက စကားပြန်၏။

" မောင်ရင်က ကိုယ့်ကို ချီးမွမ်းတော့ ကိုယ်ကလဲ ပြန်ချီးမွမ်းရဦးမယ်၊ ကိုယ်တို့က လူ့သဘာဝနဲ့ ဆက်နွှယ်ပြီး ဟောရတော့ လွယ်သေးတယ်၊ မောင်ရင်က ဓာတုဗေဒကိစ္စတွေ ဟောရတော့ မဟောတတ်ရင် လူတွေ အိပ်ငိုက်ကုန်မယ်၊ မောင်ရင်က ဖော်မြူလာကြီးတွေ အီကွေးရှင်းကြီးတွေမပါဘဲ ရှင်းရှင်းလေးနဲ့ လူစိတ်ဝင်စားအောင် ဟောတတ်တာ ကိုယ်တော့ ချီးမွမ်းတယ်၊ မဟုတ်ဘူးလား ဒေါက်တာစိန်မှူး "

www.burmeseclassic.com

www.burmeseclassic.com

“ ဟုတ်တယ် ဆရာ၊ ဦးနှောက်ကို တယ်လီဗီးရှင်းနဲ့ နှိုင်းပြီး ဇီဝဓာတုနှောင့်လို့ တယ်လီဗီးရှင်းကြီး ကြောင်ပြီး ကမောက်ကမ လျှောက်ပေါ်ပုံ ပြောပြတာ သရုပ်ပါတယ် ဆရာ၊ ရယ်လဲ ရယ်ရတယ်၊ ကျောင်းသူကျောင်းသားတွေဟာ မူးယစ်ဆေးကြောင့် ဘာဖြစ်တတ်တယ်ဆိုတာ သိလိုကြရုံ မကဘူး၊ ဘာကြောင့် ဖြစ်တယ်ဆိုတာလဲ သိလိုကြတယ်၊ ဆရာ မျိုးမွန်ရဲ့ ဓာတုဗေဒ သိပ္ပံနည်းကျ ရှင်းပြလိုက်ပုံကို သူတို့လေးတွေ စိတ်ဝင်စားကြတာကို ကျွန်တော် သတိပြုမိတယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်ပြီး သူတို့လေးတွေရဲ့ အသိဉာဏ် ပိုရှင်းသွားတယ်လို့ ကျွန်တော် ယုံကြည်တယ် ”

ဒေါက်တာကျော်ဖေက လက်ပတ်နာရီကို ကြည့်သည်။

“ ကဲ . . . ခြောက်နာရီတောင် ထိုးတော့မယ်၊ ကျွန်တော်တော့ ထမင်းစားဖိတ်ထားတာရှိလို့ သွားလိုက်ဦးမယ်၊ ကိုမျိုးမွန် လိုက်ခဲ့ဗျာ၊ ဟိုက နှစ်ယောက်စလုံးကို ဖိတ်ထားတာ ”

“ ဆောရီး ဆရာ၊ ကျွန်တော်က မသွားရင်မဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်အိမ် သွားစရာရှိနေလို့ ”

“ သူငယ်ချင်းနော် ”

“ သူငယ်ချင်းပါ ဆရာ ”

“ ဒီလိုဆိုရင်တော့ ရှိစေ၊ ဩော် . . . ကားတော့ တစ်စီးထဲ သွားကြတာပေါ့၊ မောင်ရင့်အိမ် အရင်ဝင်ပေါ့ ”

ဦးစိုးနောင်က ဝင်ပြောသည်။

“ ဆရာ သွားပါဆရာ၊ ဆရာ ဦးမျိုးမွန်ကို ကျွန်တော် လိုက်ပို့ပေးပါ့မယ် ”

“ ကဲ . . . ဒါဖြင့် အားလုံး သွားပြီ ”

ဒေါက်တာကျော်ဖေက ဆီဒင်ကားအဖြူလေးနှင့် ထွက်သွား၏။

ဒေါက်တာမျိုးမွန်က ဦးစိန်မှူးကို နှုတ်ဆက်ပြီး ဦးစိုးနောင်၏ ရဲကားအပြာပေါ် တက်သည်။

“ ဆရာ ဘယ်သွားမလဲ ”

“ တရားရုံးချုပ်ရှေ့နေကြီး ဦးတင်ညွှန့်အိမ်၊ ကွမ်းရေကန်သွားတဲ့ လမ်းပေါ်မှာ ဦးစိုးနောင် သိသလား ”

“ ဟာ သိတာပေါ့ ဆရာ၊ ရဲနဲ့ ရှေ့နေ မသိလို့ ဘယ်ဖြစ်မလဲ ”

ကားသည် ဦးဇိနဘုရားလမ်းမှ ဆင်းပြီး အထက်လမ်းမကြီးအတိုင်း တောင်ဘက်သို့ လာခဲ့၏။ တောင်ဝိုင်းသွား လမ်းခွဲမှတဆင့် ကွမ်းရေကန်ဘက်သို့ ဆက်လာသည်။

လမ်းအနောက်ဘက်ရှိ ခြံဝင်းတစ်ခုတွင်းသို့ ကားကို ကွေ့ဝင်လိုက်သည်။

ခြံလယ်မှ တိုက်က အသစ်ဖြစ်သည်။ တိုက်ရှေ့မြက်ခင်းပေါ်တွင် အသက်နှစ်နှစ်အရွယ် ကလေးတစ်ဦးက ဘောလုံးကြီး တစ်လုံးနှင့် ဆော့ကစားနေ၏။ ကလေးအနီးတွင် အိမ်ဖော်နှင့်တူသော အမျိုးသမီးတစ်ဦး ရှိသည်။

ကားရပ်သံကြား၍ထင်သည်။ တိုက်၏ ခေါက်တံခါးတပ်အဝ၌ ခုနစ်နှစ် ရှစ်နှစ်အရွယ်ခန့် မိန်းကလေးတစ်ဦး ပေါ်လာ၏။

“ ဘာကိစ္စပါလဲရှင် ”

“ အား ဦးတင်ညွှန့်ကို တွေ့ချင်လို့ပါ ရှိရဲ့လား ”

“ ဖေဖေ အခုပဲ ပြန်လာပါလိမ့်မယ် အထဲဝင်ထိုင်ပါ ”

“ မြင့်မြင့်ကော ”

“ မေမေက မောင်လေးသွားမွေးတယ် ”

“ ဟုတ်ကဲ့၊ ဦးဦးတို့ အိမ်ထဲ ဝင်ထိုင်ပါ ”

ဒေါက်တာမျိုးမွန်က သွက်လက်သော ကလေးမလေးကို သဘောကျသွား၏။

“ ကဲ ဦးစိုးနောင်၊ ကျွန်တော် နေရစ်တော့မယ်၊ ကိစ္စရှိရင် သွားပါ ”

“ ဟုတ်ကဲ့ ဆရာ၊ ဒါထက် ဆရာတို့ သန်ဘက်ခါ ပြန်ဖြစ်တယ်နော် ”

“ ပြန်ဖြစ်ပါတယ် ”

“ ဟိုဘက်ကမ်းဖို့ ကျွန်တော် မော်တော်စီစဉ်ထားပါတယ်၊ ဒီအတောအတွင်း လိုတဲ့ အကူညီလဲ ပြောပါ ”

“ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးစိုးနောင် ”

“ ဆရာပြန်ဖို့ ကျွန်တော် ကားပြန်လွှတ်ပေးလိုက်ရမလား ”

“ ကိစ္စမရှိပါဘူး ဦးစိုးနောင်၊ တင်ညွှန့်ကို ပြန်ပို့ခိုင်းပါ့မယ် ”

“ ဒါဖြင့် ကျွန်တော် သွားမယ်နော် ”

“ ဟုတ်ကဲ့ ”

www.burmeseclassic.com

www.burmeseclassic.com

ဦးစိုးနောင်၏ ကားထွက်သွားသောအခါ ဒေါက်တာမျိုးမွန်က မိန်းကလေးကို ပြုံး၍ကြည့်သည်။

မိန်းကလေး၏မျက်နှာက မြင့်မြင့်နှင့် ဆင်သည်။ မျက်နှာလေးက သွယ်သွယ်နှင့် ချော၏။ မျက်တောင်နက်နက်များ ဝိုင်းရံထားသော မျက်သားက ပြာသည်။ အမူအယာလေးက တည်ငြိမ်ပြီး လူကြီးဆန်သည်။

“ ဦးဦးက ဖေဖေ့ သူငယ်ချင်းလား ”

“ ဟုတ်တယ် ကလေး၊ အဲ သမီး ဘယ်လိုလုပ်သိလဲ ”

“ ဖေဖေ့ကို ဦးတင်ညွန့်လို့ မခေါ်ဘူး၊ တင်ညွန့်တဲ့၊ မေမေ့ကိုလဲ ဒေါ်မြင့်မြင့်လို့ မခေါ်ဘူး၊ မြင့်မြင့်တဲ့၊ သူငယ်ချင်း မို့လို့ ဒီလိုခေါ်တာပေါ့ ”

“ အား မှန်တယ်၊ သမီးနာမည် ဘယ်လိုခေါ်သလဲ ”

“ နွယ်နွယ်ဦး ”

“ ဩော် . . . နွယ်နွယ်ဦးတဲ့လား ”

“ ဟုတ်ကဲ့ ဖေဖေ ပြန်လာခါနီးပြီ၊ ဦးဦး အိမ်ထဲဝင်ထိုင်လေ ”

“ မထိုင်သေးဘူး သမီးရယ်၊ သမီးတို့ခြံက လှတယ်၊ ခြံကို ကြည့်ဦးမယ် ”

မိုးမရွာ၊ တိမ်မမှောင် နေ့တာရှည်ချိန် ဖြစ်သောကြောင့် ညနေသည် လင်းနေသေး၏။

ဒေါက်တာမျိုးမွန်က မျက်စိလှည့်ကြည့်နေခိုက် အိမ်တွင်းမှ မိန်းမတစ်ဦး ပေါ်လာ၏။

“ နွယ်နွယ်ဦး ဘယ်သူလဲ၊ ဘာကိစ္စလဲ ”

“ ဖေ့ဖေ့သူငယ်ချင်းပါ ဒေါ်ဒေါ်လှ၊ ကိစ္စမရှိဘူး သမီးနဲ့ စကားပြောနေတယ် ”

“ ဩော် . . . အိမ်ထဲ ဝင်ထိုင်ခိုင်းပါလား ”

ဒေါက်တာမျိုးမွန်က ဝင်ပြောရသည်။

“ နွယ်နွယ်ဦးက ဝင်ထိုင်ခိုင်းပါတယ်၊ ကျွန်တော်က ခြံကို ကြည့်ချင်လို့ပါ ”

ထိုအခိုက်တွင်ပင် မာဇဒါ ဆီဒင်ကားအပြာတစ်စီးက ခြံတွင်းဝင်လာသည်။ ကားက အိမ်ရှေ့မရပ်ဘဲ အိမ်အနောက် ပိုင်းရှိ ကားဂိုဒေါင်ဆီ တန်းသွားသည်။

ဘောလုံးနှင့် ကစားနေသော ကလေးက ဘောလုံးကို လွှတ်ချလိုက်ပြီး “ဖေဖေ”ဟု အော်ကာ ကားသွားရာသို့ ပြေးလိုက်၏။ ကာအတွင်းမှ အသက်ခြောက်နှစ်အရွယ် ကလေးမတစ်ဦးက ဆင်းလာပြီး ပြေးလာသောကလေးကို ဆီးဖက် နမ်းရှုပ်သည်။

ဒေါက်တာမျိုးမွန်ဘေးမှ နွယ်နွယ်ဦးက ရှင်းပြသည်။

“ ဆင်းလာတာက မာမာ၊ ဒီနေ့ ဆေးရုံကို သူလိုက်ကလဲ့၊ ဒါကြောင့် ဒီနေ့ သမီးမလိုက်ရဘူး၊ အိမ်စောင့်ရတယ် ”

“ ဩော် . . . ဩော်၊ မောင်လေး နာမည်ကကော ”

“ ထွန်းထွန်းတဲ့ ”

ကားဂိုဒေါင်တွင်းမှ အသားညိုညို အရပ်မြင့်မြင့်နှင့် တင်ညွန့် ထွက်လာသည်။ ဒေါက်တာမျိုးမွန်ကို သတိပြုမိသေးဟန် မတူဘဲ ထွန်းထွန်းကို ကောက်ချီယူ၍ နမ်းသည်။

နွယ်နွယ်ဦးက လှမ်းပြောသည်။

“ ဖေဖေ ဟောဒီမှာ ဧည့်သည် ”

တင်ညွန့်က လှမ်းကြည့်ပြီး မျက်လုံးပြူးသွား၏။

“ ဟေ့ကောင် မျိုးမွန် ”

တင်ညွန့်က ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာ၏။

“ မင်း မော်လမြိုင်ကို မလာတော့ဘူးဆို၊ အခု ဘယ်က ပေါ်လာတာလဲ၊ သရဲလာခြောက်တာတော့ မဟုတ်ပါဘူးနော်”

“ မူးယစ်ဆေးဝါးအန္တရာယ် ဟောပြောဖို့ ဖိတ်လို့လာရတာ ”

“ ဟုတ်လား ဘယ်တုန်းက ရောက်တာလဲ ”

“ သုံးရက်ရှိပြီ ”

“ သုံးရက်ရှိပြီ၊ ခုမှ တို့ဆီလာရသလား ”

“ မအားလို့ပါကွာ၊ ခုလာရင်လဲ ပြီးတာပဲ မဟုတ်လား ”

“ ဘယ်ပြီးမလဲကွ၊ အခု မင်း ဘယ်တည်းသလဲ၊ ဘာလို့ တို့ဆီ မတည်းလဲ၊ လာမယ်ဆိုတာလဲ ဘာကြောင့် အကြောင်း မကြားလဲ ”

www.burmeseclassic.com

www.burmeseclassic.com

ဆက်တိုက်မေးလိုက်သော တင်ညွန့်၏ မေးခွန်းများကို မဖြေပဲ ဒေါက်တာမျိုးမွန်က ရယ်နေ၏။ ထို့နောက် စကားကို လှီးလွှဲပြီး မေး၏။

" မင်း သားဖွားဆေးရုံက ပြန်လာတာလား "

" အေး ဟုတ်တယ်၊ မင်း ဘယ်လိုလုပ်သိသလဲ "

" နွယ်နွယ်ဦး ပြောလို့ "

" အား မင်းက သမီးနာမည်တောင် သိနေပြီ၊ သမီးနဲ့ အဖွဲ့ကျပြီးပြီပေါ့ "

" မင်းသမီးက သိပ်သွက်လက်တယ်၊ ပြီးတော့ လှလဲလှတယ် "

" လှဆို ငါ့မိန်းမကလဲ လှတာကိုးကွ "

" မြင့်မြင့် နေကောင်းရဲ့လား "

" ကောင်းမှကောင်း၊ ငါ့မိန်းမက ကျန်းမာရေး သိပ်ကောင်းတယ်၊ တစ်သားမွေး တစ်သွေးလှ၊ အခု လေးသားမွေး လေးသွေးလှ၊ အပျိုတုန်းကထက်တောင် လှသေးတယ် "

တင်ညွန့်ပြောပုံကို သဘောကျသောကြောင့် ဒေါက်တာမျိုးမွန်က ရယ်၏။

" မင်းမိန်းမကို မင်းတော်တော်ချစ်တယ် ထင်တယ်၊ ဟုတ်လား "

" ဟ ချစ်လို့ယူထားတဲ့ မိန်းမကို မချစ်ဘဲ နေပါ့မလား၊ မင်းသိသားပဲ၊ မြင့်မြင့်ကို ငါ ဘယ်လောက် ပိုးခဲ့ရတယ်ဆိုတာ၊ မြင့်မြင့်နဲ့ ငါက မင်းနဲ့ ဝါဝါလို ဟိုဒင်း ငယ်ကျွမ်းချစ် မဟုတ်ဘူး၊ လူပျိုအပျိုဖြစ်ပြီးမှ မနည်းကြီး ပိုးချစ်ခဲ့ရတာ "

ဤအိမ်တွင်မူ ဒေါက်တာမျိုးမွန် မရယ်တော့။ ဘာမျှလည်း မပြောတော့။

" ဟော့ကောင် မင်းမျက်နှာကြီးက ဘာဖြစ်သွားတာလဲ "

" တင်ညွန့်၊ မင်းနဲ့ မြင့်မြင့်အကြောင်း မင်းပြော၊ ကြိုက်သလောက်ပြော၊ ငါနဲ့ ဝါဝါ့အကြောင်းတော့ မပြောပါနဲ့ သူငယ်ချင်း၊ ငါ တောင်းပန်ပါတယ် "

" ဒီလောက်တောင်ပဲလားကွာ "

" အေး ဒီလောက်တောင်ပဲ "

" မင်း မိန်းမရပြီလား "

" ဟင့်အင်း "

" လူပျိုကြီးပေါ့ "

" အင်း "

" ဒီလောက်တောင်တဲ့လားကွာ "

" ဘာပြောတာလဲ "

" ငါပြောတာ ရှင်းပါတယ်၊ ဒီလောက်တောင်ပဲလားလို့ "

တင်ညွန့်က သူ့စကား သူသဘောကျဟန်ဖြင့် ရယ်၏။ သူ့လက်ပေါ်မှ ကလေးကလည်း ဖခင်ရယ်သဖြင့် လိုက်ရယ်သည်။ ကလေးရယ်သံက သူ့အား ထူးဆန်းသော ခံစားမှုတစ်ရပ်ကို ပေးသည်။ ဤကဲ့သို့ အပြစ်ကင်း သန့်စင်သော ရယ်သံလေးမျိုး မကြားဖူးဟု စိတ်မှာထင်သည်။ ကလေး၏ နူးညံ့သော ဆံပင်လေးများက ဖြူဝင်းနေသော နဖူးပေါ် ဝဲကျနေ၏။ နှာခေါင်းပြားပြားလေးကို ညှစ်ထားသယောင်ဖြစ်နေသော ပါးမို့မို့လေးများက ချစ်ဖွယ်ကောင်း၏။

" ခု မြင့်မြင့်က ဘာလေးမွေးလဲ "

" ယောကျ်ားလေးကွ၊ အခု ငါ့မှာ သားနှစ်ယောက် သမီးနှစ်ယောက်၊ သမီးတွေက အကြီးဖြစ်နေတာ ကံကောင်းတယ်၊ ခုကတည်းက အဖော်ရလှပြီ၊ ဩော် ဟော့ကောင် မင်း အေးအေးဆေးပဲ မဟုတ်လား၊ ဒီမှာ ထမင်းစားသွား "

" အေး ငါ အေးအေးဆေးဆေး စကားပြောဖို့လာတာ "

တင်ညွန့်က နွယ်နွယ်ဦးကို ပြောသည်။

" သမီး၊ ဦးဦးက ညစာ ဖေဖေတို့နဲ့ ထမင်းစားမယ်၊ ဒေါ်လှကို သွားပြောနော်၊ ဒီည ညစာစားမယ့် ဧည့်သည် ရှိတယ်လို့ "

" ဟုတ်ကဲ့ ဖေဖေ "

" ကဲ . . . လာ သူငယ်ချင်း၊ အိမ်ထဲ ဝင်ကြမယ် "

တင်ညွန့်က ထွန်းထွန်းကို အိမ်ဖော်ထံ ပြန်ပေးခဲ့ပြီး ဒေါက်တာမျိုးမွန်အား ဧည့်ခန်းသို့ ခေါ်ခဲ့၏။

" ထမင်းမစားခင် ဘာသောက်မလဲ၊ ဘီယာလား ဝီစကီလား "

www.burmeseclassic.com

www.burmeseclassic.com

“ ဟင့်အင်း ငါမသောက်ဘူး၊ လက်ဖက်ရည်ကြမ်းကောင်းကောင်းရရင် ဖြစ်ပါတယ် ”

“ အချိုရည်ကော ”

“ ငါမကြိုက်ဘူး၊ လက်ဖက်ရည်ကြမ်းတော့ ကြိုက်တယ် ”

“ ရပါတယ်ကွာ ရပါတယ် ”

တင်ညွန့်က ဧည့်ခန်းမှ ထွက်သွား၏။

ဒေါက်တာမျိုးမွန်က ပြတင်းဝတွင် ရပ်လျက် အပြင်ဘက်သို့ ကြည့်သည်။ ခြံအပြင်ဘက်ရှိ လမ်းသည် အထက်လမ်းမကြီးမှ ခွဲထွက်လာကာ ကွမ်းရေကန်ဘက်သွားသော လမ်းမှန်း သူမှတ်မိသည်။ ရှေးယခင်က ဤဘက်တွင် ခြံနှင့် ရိုးရိုးအိမ်များသာ ရှိသည်။ ယခု ဝင်းသစ် တိုက်သစ်များ တိုးနေပြီ။

မရောက်သည်မှာ ကြာခဲ့သော မော်လမြိုင်မြို့သည် များစွာ ပြောင်းလဲနေခဲ့သည်။ ခွဲသွားစဉ်က လူပျိုလူလွတ်ဖြစ်သော တင်ညွန့်ပင်လျှင် အိမ်ထောင်နှင့် သားနှင့် သမီးနှင့်၊ မိမိသည်သာ။

ဘီယာသံဗူးတစ်လုံးကို ကိုင်လျက် တင်ညွန့် ပြန်ဝင်လာသည်။ အိမ်ဖော်တစ်ဦးက လေဖိအား အသုံးပြုသော ဓာတ်ဗူးကြီးတစ်လုံးနှင့် လက်ကိုင်ကိုင်းပါသော ပန်းကန်လုံး အသေးစားများ ထည့်ထားသည့် ဗန်းတစ်ချပ်ကို စားပွဲပုပေါ်၌ တင်ထားပေးသ်။ မြည်းစရာ အစားအသောက်များလည်း ထပ်ရောက်လာသည်။

တင်ညွန့်က ဘီယာသောက်သည်။ ဒေါက်တာမျိုးမွန်က လက်ဖက်ရည်ကြမ်းသောက်၏။

“ မင်းကွာ ဘီယာလေး ဘာလေးတောင် မသောက်ဘူးလား ”

“ ဟင့်အင်း၊ ငါ စီးကရက်တောင် ဖြတ်ဖို့ စဉ်းစားနေတယ် ”

“ အရက်လဲ မသောက်၊ ဆေးလိပ်လဲ မသောက်၊ မိန်းမလဲ မရှိတော့တဲ့ မောင်ဂိုမာရီကို လူ့ဘဝမှာ ဘာလုပ်ဖို့နေတာလဲလို့ ချာချီက မေးဖူးတယ် ”

“ လူ့ဘဝမှာ လုပ်စရာတွေ အများကြီးရှိပါတယ် ”

“ ကထိကကြီး၊ ငါ့ကို တရားမဟောနဲ့ မင်း ဘာလို့ မော်လမြိုင်ကို ပြန်မလာသလဲ၊ ဒါကို ဖြေ ”

“ ငါဖြေဖို့ လိုသေးလား ”

“ မမေ့နိုင်ဘူး၊ စိတ်နာတယ်၊ အဟောင်းတွေ အသစ်ပြန်ဖြစ်မယ်၊ ဒီလိုမဟုတ်လား ”

ဒေါက်တာမျိုးမွန်က မဖြေ။ အပြုံးမဟုတ်သော အပြုံးတစ်ရပ်ကိုသာ ပြုံးနေ၏။

“ မင်း စိတ်နာမယ်ဆိုရင်လဲ စိတ်နာထိုက်ပါတယ်၊ ဟိုတုန်းက အခြေအနေမှာ ပြောတာ၊ အခုအချိန်မှာ ဆိုရင်တော့ ဝါဝါဟာ အင်မတန် သနားစရာကောင်းပါတယ် ”

ဒေါက်တာမျိုးမွန် တင်ညွန့်ကို ကြည့်ကာနေ၏။ ဘာမျှ ပြန်မပြော။

“ အခု ဝါဝါ့မှာ မိဘတွေ မရှိတော့ဘူး ”

“ ဩော် . . . ဟုတ်လား ”

“ မင်း မသိဘူးလား ”

ဒေါက်တာမျိုးမွန်က ခေါင်းခါပြ၏။

“ ဆုံးသွားကြတာ၊ နေဦး သုံးနှစ်လောက်ရှိပြီ၊ ၁၉၇၉ ခုနှစ်လောက်က ရှေ့ဆင့်နောက်ဆင့်ပဲ ”

“ အဲဒီတုန်းက ငါ နိုင်ငံခြားရောက်နေပြီ ”

“ အေး ဟုတ်မယ်၊ ဝါဝါ့ခမျာ သိပ်စိတ်ထိခိုက်သွားရှာတယ်၊ ဆိုးတာက သူနဲ့ စေစပ်ထားတဲ့လူကလဲ တခြားမိန်းမတစ်ယောက် ယူသွားတယ် ”

ဤတစ်ကြိမ်တွင်မူ ဒေါက်တာမျိုးမွန် သိသိသာသာ လှုပ်ရှားသွား၏။

“ ဘယ်လို ဝါဝါ လက်မထပ်ဖြစ်ဘူးပေါ့ ”

“ ဟင့်အင်း၊ အဟဲ လက်ထပ်သွားတာကတော့ သူ့အဒေါ် အပျိုကြီး ”

“ ဘာပြောတယ် ”

“ ငါကလဲ ပြောချင်တာတွေကများတော့ စကားက ဟိုရောက်ဒီရောက်ပေါ့ကွာ၊ ဒီလို ဒီလိုကွာ သူ့အဖေနဲ့ အမေ ရုတ်တရက် ဆုံးသွားတော့ ဝါဝါဟာ သိပ်စိတ်ထိခိုက်သွားပြီး ကျန်းမာရေးကြောင့် ဆေးရုံတွေဘာတွေ တက်ရတယ်၊ မြင့်မြင့်နဲ့ ငါ သွားကြည့်ကြတာပေါ့၊ တို့ကိုတွေ့ရင် သူငိုတော့တာပဲ၊ ဘာမှတော့ မပြောဘူး၊ သူက ဘာကြောင့်ငိုတယ် ဆိုတာလဲ တို့က သိပါတယ်၊ ဒါပေမယ့် တို့လဲ ဘာမှမပြောဘူး၊ မိဘဆုံးတာ တစ်ကြောင်း၊ မကျန်းမာတာက တစ်ကြောင်းကြောင့် ထင်တယ်၊ သူနဲ့ စေ့စပ်ထားတဲ့ အင်ဂျင်နီယာ သိန်းဇော်နဲ့ လက်မထပ်သေးဘူး၊ သိန်းဇော်ကလဲ အင်္ဂလန်ကို တစ်နှစ်လောက် ပညာတော်သင်

www.burmeseclassic.com

www.burmeseclassic.com

သွားရတယ်၊ အဲဒီအတောအတွင်း သူ့အဒေါ် အပျိုကြီးက ဦးတိတ်ကြည်ဆိုတဲ့လူနဲ့ လက်ထပ်တယ်၊ မော်လမြိုင်က မဟုတ်ဘူး၊ မြိတ်ဘက်က၊ စက်လှေပိုင်ရှင်လိုလို ဘာလိုလို ပြောတာပဲ၊ အေး သူ့အဒေါ်လက်ထပ်ပြီး တစ်နှစ်လောက်ကြာတော့ သိန်းဇော်လဲ နိုင်ငံခြားက ပြန်ရောက်လာတယ်၊ ဒါပေမယ့် ဝါဝါနဲ့ လက်မထပ်တော့ဘဲ တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်သွားတယ် "

တင်ညွှန့်၏ နောက်ဆုံးစကားတွင် ငုပ်နစ်နေသော အဓိပ္ပါယ်ပါသဖြင့် ဒေါက်တာမျိုးမွန်က မျက်မှောင်ကြုတ်ကာ ကြည့်သည်။

" ဆန်းတာက သိန်းဇော်ယူသွားတဲ့ မိန်းကလေးက ဝါဝါလောက်လဲ မလှဘူး၊ ဝါဝါလောက်လဲ မချမ်းသာဘူး "

တင်ညွှန့်က အဓိပ္ပါယ်ပါပါ ပြုံးလိုက်ပြီး ပြုံးလိုက်ပြီး ဒေါက်တာမျိုးမွန်ကို ကြည့်နေ၏။ ဒေါက်တာမျိုးမွန်က အသာအယာရယ်၏။

" ဒါဆန်းသလားကွာ၊ မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက် စေ့စပ်ထားတယ်၊ မယူဖြစ်ကြဘူး၊ ဖြစ်ရိုးဖြစ်စဉ်တွေပါ "

" မင်း ငါပြောတာကို သဘောမပေါက်ဘူး၊ ဖြစ်ရိုးဖြစ်စဉ်မှာက ခုလိုမဟုတ်ဘူး၊ စေ့စပ်ထားတဲ့ မိန်းမကို မယူဘဲ တခြားမိန်းမတစ်ယောက်ကို ဘယ်အခါမှာ ယူကြသလဲ၊ နောက်မိန်းမက စေ့စပ်ထားတဲ့ မိန်းမထက် လှလို့ ယူတယ်၊ ဒါမှမဟုတ် ပိုချမ်းသာလို့ ယူတယ်၊ ဒါမှမဟုတ် ပိုလဲလှပြီး ပိုလဲချမ်းသာလို့ ယူတယ်၊ ဟုတ်တယ် မဟုတ်လား "

ဒေါက်တာမျိုးမွန် မဖြေနိုင်၊ အတန်လေးကြာမှ မေးသည်။

" မင်း ဘာပြောချင်တာလဲ တင်ညွှန့် "

" အကြောင်းတစ်ခု ရှိတဲ့အကြောင်း ပြောချင်တာ "

" ဘာအကြောင်းလဲ "

" ဝါဝါဟာ ဟိုဒင်း မကျန်းမာဘူးတဲ့ "

" ဝါဝါ မကျန်းမာဘူး "

" ပြောနေကြတာတော့ စုံလို့ပဲ၊ ကဲကွာ တည့်တည့်ပဲ ပြောတော့မယ်၊ ဝါဝါ့မှာ စိတ္တဇရောဂါ ရှိနေတယ်တဲ့၊ အဲဒါသိလို့ သိန်းဇော်က ရှောင်ထွက်သွားတာတဲ့ "

ဒေါက်တာမျိုးမွန်၏ ရင်သည် ထိတ်ကနဲ ခုန်သွား၏။ စိတ္တဇရောဂါ။

" ဘာစိတ္တဇရောဂါလဲ "

" အာ ဒါတော့ တို့က စိတ်ပညာဆရာလဲ မဟုတ်ဘူး၊ ဆရာဝန်လဲ မဟုတ်ဘူး၊ တို့သိတာတော့ စိတ္တဇရောဂါဆိုတာ ရှုးတာပေါ့ "

ဒေါက်တာမျိုးမွန်က အတန်ကြာစွာ ငိုင်နေသည်။ မနေ့ညနေက ကြုံခဲ့ရသော အဖြစ်အပျက်ကို ပြန်သတိရသည်။

ဝါဝါ။ စိတ္တဇရောဂါ။

" မင်းတို့ မြင့်မြင့်တို့ ဝါဝါနဲ့ မတွေ့ကြတော့ဘူးလား "

" မတွေ့ကြတာကြာပြီ၊ ဝါဝါက သိပ်အပြင်မထွက်တော့ဘူး၊ သူ့အဒေါ်နဲ့ ဦးလေးကလဲ အိမ်တွေ ဧည့်သည်တွေ ဘာတွေ လာတာ သိပ်မကြိုက်ဘူး "

ဒေါက်တာမျိုးမွန်က မနေ့ညနေက တွေ့ခဲ့ရသော လူကြီးကို ပြန်မြင်ယောင်နေမိသည်။ အမှန်က ဝါဝါတို့ အိမ်သားအားလုံးကို မိမိ မြင်ဖူးသည်။ ထိုလူကြီးကိုတော့ မမြင်ဘူး။ ဝါဝါ၏အဒေါ် ခင်ပွန်း ဦးတိတ်ကြည်ဆိုသူ ဖြစ်ပေလိမ့်မည်။

" ဝါဝါ့ အဒေါ် ယောက်ျားက အခု အိမ်မှာ တော်တော် သြဇာညောင်းနေသလား "

" အေး သြဇာညောင်းပုံပဲ၊ ဒါလဲ မဆန်းဘူးပေါ့ကွာ၊ ဝါဝါ့ အဒေါ်ကလဲ ဘာမှ လုပ်တတ်ကိုင်တတ်တာ မဟုတ်ဘူး၊ ဝါဝါ့ မိဘတွေကလဲ မရှိဘူးဆိုတော့ သူပဲ အိမ်ထောင် အကြီးအကဲ ဖြစ်လာတာပေါ့ "

" သူက ဘာလုပ်လဲ "

" ငါပြောပြီးပါရောလား၊ စက်လှေပိုင်ရှင်လို့၊ ခုလဲ စက်လှေနှစ်စင်းလောက် ပိုင်တယ်ကြားတယ်၊ ပြီးတော့ ဝါဝါ့ မိဘပိုင်တဲ့ ဒူးရင်းခြံတွေ၊ မင်းဂွတ်ခြံတွေ၊ ရော်ဘာခြံတွေ၊ ဆန်စက်တွေ ရှိသေးတယ်၊ ဒါတွေကိုလဲ အခု သူဦးစီးနေရတာပေါ့"

ဒေါက်တာမျိုးမွန်သည် လူကြီးသဏ္ဌာန်ကို ပြန်မြင်ယောင်မိပြန်၏။ ဝါဝါ့အပေါ် သြဇာရှိဟန်ကိုလည်း သတိရသည်။

ဒေါက်တာမျိုးမွန်က အတွေးတို့ကို မောင်းထုတ်ရင်း သက်ပြင်းလွှတ်လိုက်၏။

" မင်းက ဝါဝါတို့အကြောင်း ဘာလို့ ငါ့ကို ပြောရတာလဲ "

" ဟာ ဒါတော့ကွာ၊ မင်းကို မြင်ရင် ဝါဝါ့ကို သတိရတယ်၊ ဝါဝါ့ကို မြင်ရင် မင်းကို သတိရတယ်၊ မင်းနဲ့တွေ့တော့ ဝါဝါ့အကြောင်း ငါမပြောဘဲ နေနိုင်ပါ့မလား၊ ပြီးတော့ . . . "

www.burmeseclassic.com

www.burmeseclassic.com

တင်ညွန့်က စကားမဆက်ဘဲ အကဲခတ်ဟန်ဖြင့် ဒေါက်တာမျိုးမွန်ကို ကြည့်သည်။

" ငါဘယ်လို ပြောရမလဲ မသိဘူး၊ ဝါဝါဟာ သနားစရာကောင်းတဲ့ အခြေအနေမှာ ရှိတယ်လို့ ပြောရမယ် ထင်တယ်၊ မင်းမှာလဲ ဝတ္တရားရှိမလားလို့ "

" ဝတ္တရား "

ဒေါက်တာမျိုးမွန်၏ ရင်၌ နာကြည်းမှု ပြန်ပေါ်လာသည်။ မျက်နှာပင် အနည်းငယ် တင်းသွား၏။

" ငါ့မှာ ဘာဝတ္တရားမှ မရှိဘူး၊ ဝါဝါနဲ့ ငါ့ဇာတ်လမ်းဟာ ဆုံးခဲ့ပြီ၊ ကောင်းကောင်း ဆုံးခဲ့ပြီ၊ ဒါကို မင်းသိပါတယ် တင်ညွန့် "

တင်ညွန့်က ပြုံးပြီး ဆို၏။

" ဇာတ်လမ်းဆုံးတိုင်း သံယောဇဉ်ဟာ ဆုံးသလား၊ ဆုံးတော ဆုံးထိုက်သလား "

" ဘာရယ် "

" လွမ်းတာကို နာတာနဲ့ဆို့တဲ့ ဇာတ်ထဲမှာ ပြောကြတာ၊ ဒါပေမယ့် ဘဝဆိုတာ ဇာတ်မဟုတ်ဘူး၊ ခွင့်လွှတ်ခြင်းနဲ့ ကင်းပြီး ချစ်ခြင်းမေတ္တာကိုလည်း အနက်အဓိပ္ပါယ် ဖွင့်ဆိုလို့မရဘူး "

တင်ညွန့်က အေးချမ်းစွာဖြင့် သက်သက်သာသာ ပြောသည်။ သို့ရာတွင် သူ့စကားက ဒေါက်တာမျိုးမွန်၏ အသည်းနှလုံးဆီ ထိုးဖောက်ဝင်သွားသည်။

" ဝါဝါ့မှာ စိတ္တဇရောဂါ ရှိသလား၊ မရှိသလား ငါ အတတ်မပြောနိုင်ဘူး၊ ဒါပေမယ့် စိတ်ထိခိုက်လောက်တဲ့ အကြောင်းတွေတော့ ရှိတယ်၊ မင်းသိပါတယ်၊ ဝါဝါဟာ မင်းကို သိပ်ချစ်ပါတယ်၊ မိဘကြောင့် မင်းနဲ့ ဝေးခဲ့ရတဲ့ ဘဝမှာ ဝါဝါ စိတ်ချမ်းသာမယ်လို့ မင်းထင်သလား၊ တစ်ခါ မိဘနှစ်ပါးလုံးဟာလဲ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပြန်တယ်၊ ဝါဝါဟာ အားနွဲ့တဲ့ မိန်းကလေးတစ်ဦးပါ၊ ပြီးတော့ တစ်ဦးတည်းသော သမီး၊ တောင်ကြီးပြိုပြီး ညောင်ပင်ကြီးလဲတယ်ဆိုတဲ့ စကားဟာ ဒီနေရာမှာ သုံးရမယ် ထင်တယ်၊ တစ်ခါ စေ့စပ်ထားတဲ့လူကလဲ တခြားမိန်းကလေးတစ်ယောက်နဲ့ ယူသွားတယ်၊ ဝါဝါ့ ဘဝမှာ ဘာကျန်တော့သလဲ "

ဒေါက်တာမျိုးမွန် ငိုင်နေရာမှ ပြုံးသည်။

" မင်းပြောတာတွေကို ငါမငြင်းဘူး၊ ဒါပေမယ့် ဘဝဆိုတာ ကိုယ်ရွေးချယ်တာကွ "

" ဘယ်လို "

" လူဟာ ကိုယ့်ဘဝကို ကိုယ်တာဝန်ခံမှု ရှိရတယ်၊ ဘဝမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ကိုယ်ပြုပြီးရင် ကောင်းကျိုးပဲလာလာ ဆိုးကျိုးပဲလာလာ ကိုယ်လက်ခံရမယ် "

" မင်းစကားကို ငါ နားမလည်ဘူး "

ဒေါက်တာမျိုးမွန်က သက်ပြင်းရှိုက်သည်။ သူ့ရင်တွင်းမှာ မကောင်း။ ပြောရမည့် စကားအတွက်လည်း မကောင်း။ ကြုံခဲ့ရသည့်အဖြစ်အတွက်လည်း မကောင်း။

" တို့မခွဲကြခင် ချစ်တာကို ပဓာနပြုပြီး ဘဝမှာ အတူလျှောက်ကြဖို့ ဝါဝါ့ကို ငါတောင်းပန်ခဲ့တယ်၊ အေးလေ မှားလား မှန်လား မသိဘူး၊ ငါတတ်နိုင်တဲ့ တဲအိုပျက်ဆီ ဝါဝါ့ကို ငါခေါ်ခဲ့ပါတယ်၊ ဝါဝါက ရွှေဘုံကို မစွန့်နိုင်ဘူး၊ ထားတော့ အဲဒီအထိ ငါခွင့်လွှတ်နိုင်သေးတယ်၊ ဒါပေမယ့် သိန်းဇော်နဲ့ စေ့စပ်တာကို ဝါဝါ ဘာကြောင့် လက်ခံခဲ့သလဲ၊ ရွှေဘုံပေါ်က ခုန်မဆင်းနိုင်တာကို ငါလက်ခံနိုင်ပါတယ်၊ တစ်ပါးသူ ရင်ခွင်ထဲ ဝင်ရက်တာကိုတော့ ငါခွင့်မလွှတ်နိုင်ဘူး၊ ငါ့ကိုကြည့်၊ ဝါဝါ့ကို ငါ မပိုင်နိုင်တော့ဘူး၊ ဒါပေမယ့် ငါ့အသည်းနှလုံးကို ဘယ်သူ့ကိုမှ မပေးဘူး၊ ငါနားလည်ထားတဲ့ ချစ်ခြင်းမေတ္တာစစ်ရဲ့ သဘောက ဒီအတိုင်းပဲ၊ ဒါက ငါရွေးချယ်တဲ့ဘဝ၊ ငါ ကျေကျေနပ်နပ်ကြီး လက်ခံထားတယ်၊ ဝါဝါလဲ သူရွေးချယ်တဲ့ဘဝကို သူလက်ခံရမယ်"

ဒေါက်တာမျိုးမွန်ပြောသည်ကို တင်ညွန့်က စိတ်ရှည်စွာ နားထောင်နေပြီးမှ စကားအဆုံးတွင် ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

" မင်းက အဓိကအချက်ကြီး တစ်ရပ်ကို မေ့နေတယ် "

" ဘာလဲ "

" မင်းက ယောက်ျား၊ ဝါဝါက မိန်းကလေး၊ အဲဒီ ခြားနားချက်ကြီး "

ဒေါက်တာမျိုးမွန်က တင်ညွန့်ကို မေးခွန်းထုတ်ဟန် ကြည့်သည်။ ထိုအခိုက်တွင်ပင် နွယ်နွယ်ဦးက အခန်းတွင်း ဝင်လာပြီး သူ့ဖခင်အနီးတွင် ရပ်သည်။

" ဖေဖေ ထမင်းပွဲ ပြင်ပြီးပြီ၊ ဒေါ်ဒေါ်လှချည်း ပြင်တာမဟုတ်ဘူး၊ သမီးပါ ဝိုင်းပြင်လာတာ "

တင်ညွန့်က သူ့သမီးကို ယုယစွာ ဖက်ပြီး ဒေါက်တာမျိုးမွန်ကို ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

" ငါ့သမီးကြီးက သိပ်အားကိုးနေရပြီကွ၊ ဒီမှာ မျိုးမွန် တို့သားအဖကို ကြည့်စမ်း "

တင်ညွန့်၏စကားကို ဒေါက်တာမျိုးမွန် နားမလည်။ သို့ရာတွင် သူတို့သားအဖကိုတော့ ကြည့်မိသည်။

ချောမောလှပသော နွယ်နွယ်ဦးသည် ချစ်စဖွယ်ပြုံးလျက် ဖခင်၏ကိုယ်ကိုမှီကာ ကနွဲ့ကလျ ရပ်နေသည်။ သမီးကို ပွေ့ဖက်ထားသော တင်ညွန့်၏မျက်နှာမှာလည်း ပီတိသုခဖြင့် ရွှန်းဝေနေ၏။

" သမီး သွားနှင့်နော်၊ ဖေဖေတို့ အခုလာခဲ့မယ် "

နွယ်နွယ်ဦး ထွက်သွားမှ တင်ညွန့်က ဆို၏။

" လူပျိုကြီး နားလည်အောင် ဘဝရဲ့ အမှန်တရားတစ်ရပ်ကို ပြလိုက်ရတာ "

" ဘာ ဘဝရဲ့အမှန်တရား "

" အေး သားသမီးဆိုတာ ဘဝရဲ့ အမှန်တရားတစ်ရပ်ကွ၊ သားသမီးကို ချစ်တာလဲ ဘဝရဲ့ အလွန်အင်အားကြီးသော အမှန်တရားကွ၊ အခု ငါ့သမီးလေးဟာ ငယ်ပါသေးတယ်၊ ဒါပေမယ့် တစ်နေ့ ငါ့သမီးလေး အရွယ်ရောက်လာမယ်၊ အဲဒီ အချိန်မှာ လောက ဓမ္မတာအလျောက် တစ်စုံတစ်ယောက်လက်ထဲ အပ်လိုက်ရမယ်ဆိုရင် ငါ အတော်စဉ်းစားရလိမ့်မယ်၊ ငါ့သမီးကို ငါ့ထက်ပိုပြီး ချစ်ပါတယ်ဆိုတဲ့လူ လောကမှာ ရှိလိမ့်မယ်လို့ ငါတော့ ယုံလို့မရသေးဘူး "

ဒေါက်တာမျိုးမွန်က မျက်မှောင်ကြုတ်ပြီး "မင်းဘာတွေ ပြောနေတာလဲ"ဟု မေး၏။

" မင်း ရှင်းသွားပါလိမ့်မယ်၊ ငါ ဆက်ပြောဦးမယ်၊ ခုနင်က ပြောသလိုပဲ လောကဓမ္မတာအလျောက် ငါ့သမီးလေးဟာ ငါ့ကို ခွဲခွာသွားတဲ့အချိန်မှာ ငါ့အတွက် အကျေနပ်ဆုံး စိတ်အချနိုင်ဆုံးနည်းနဲ့ ခွဲခွာသွားတာပဲ ငါလိုချင်တယ်၊ တစ်နည်း အားဖြင့် အဲဒါဟာတောင် ငါ့ရဲ့ အနိမ့်ဆုံး ဆုတောင်းကွ "

ဒေါက်တာမျိုးမွန်က တင်ညွန့်ကို စိုက်ကြည့်နေစဉ် တင်ညွန့် ဘာဆိုလိုသည်ကို နားလည်သယောင်ယောင် ဖြစ်လာ၏။ တင်ညွန့်ကသာ ဆက်ရှင်း၏။

" မင်းလဲ ယောကျ်ားလေး၊ ငါလဲ ယောကျ်ားလေး၊ တို့ ငယ်ငယ်က ချစ်သူတွေ့လို့ အချစ်အကြောင်း စဉ်းစားတဲ့အခါ တို့ရဲ့အချစ်ကိုသာ ရှေ့တန်းတင်ပြီး တို့ရဲ့အချစ်ကိုသာ ထိုက်တန်တာထက် ပိုပြီး နေရာမြင့်မြင့်ပေး ချစ်တတ်တယ်၊ တခြား သူတွေရဲ့ အချစ်ကိုတော့ သာမည လုပ်ချင်ကြတယ် မဟုတ်ဘူးလား "

ဒေါက်တာမျိုးမွန်က မဖြေ။ တင်ညွန့်ကသာ ဆက်၏။

" တို့ သာမည လုပ်ချင်ကြတဲ့ တခြားသူတွေရဲ့ အချစ်ဆိုတာ မိဘတွေရဲ့ အချစ်ကွ၊ တစ်နည်းအားဖြင့် တို့တွေ တစ်ကိုယ်ကောင်းဆန်ကြတာပေါ့ကွာ၊ ဝါဝါက သူ့မိဘထက် မင်းကို ပိုချစ်တယ်ဆိုရင် မင်းသဘောကျမယ်၊ အေး ငါလဲ မြင့်မြင့်က သူ့မိဘထက် ငါ့ကို ပိုချစ်တယ်ဆိုရင် သဘောကျခဲ့တာပဲ၊ ဒါပေမယ့် ငါ့သမီးလေးက တခြားတစ်ပါးသူကို ငါ့ထက် ပိုချစ်တယ်ဆိုရင် ငါ့ရင်ထဲ ဆို့မိမယ် ထင်တယ်၊ ကံကောင်းတာက မြန်မာမိန်းကလေးအများစုဟာ မိဘမေတ္တာကို သာမည မလုပ်ကြသေးဘူး၊ ဝါဝါဟာ အဲဒီလို မိန်းကလေးမျိုးတစ်ဦးလို့ ငါယုံတယ်၊ အဲဒီအတွက်လဲ ငါ သာဓုခေါ်တယ်၊ ငါ့သမီးလေးလဲ ကြီးလာရင် ဝါဝါ့လို မြန်မာအမျိုးသမီးလေးတစ်ဦးပဲ ဖြစ်လာပါစေလို့ ငါဆုတောင်းတယ်၊ ငါ့ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ မင်းပြောမလား "

ဒေါက်တာမျိုးမွန်က တင်ညွန့်၏ မျက်နှာကို အံ့ဩစိတ် တစ်ဝက်နှင့် ကြည့်၏။ မိမိ ငယ်ငယ်ကတည်းက ပေါင်းသင်း လာခဲ့သော သူငယ်ချင်း။ သည်သူငယ်ချင်းက ယခု လူကြီးစကားပြောနေသည်။ ငယ်ငယ်က သိခဲ့သော သူငယ်ချင်းနှင့် ယခု သူငယ်ချင်းကြားတွင် ခြားနားခြင်း ကြီးစွာရှိနေပြီဖြစ်ကြောင်း မိမိ သိသည်။ တပြိုင်နက်တည်းမှာပင် သူငယ်ချင်း၏ စကားတို့၌ ထူးဆန်းသော အင်အားတစ်ခု ရှိနေမှန်း သတိလည်း ပြုမိသည်။

" မင်း အခုပြောခဲ့တဲ့ စကားမျိုး ငါ တစ်ခါမှ မကြားဖူးသေးဘူး၊ လေးလေးစားစား နားထောင်နေတယ်လို့ ငါ ဝန်ခံပါ့မယ်၊ ဒါပေမယ့် တစ်ခုတော့ မေးပါရစေ "

" မေးပါ မေးပါ "

" မင်း ဘာကြောင့် ဒီစကားတွေကို ငါ့ပြောနေရသလဲ "

" ဒါကတော့ ရှင်းပါတယ်၊ ဝါဝါ့ကို စဉ်းစားတဲ့အခါမှာ ရှုထောင့်အသစ်တစ်ခုကနေ ပြန်စဉ်းစားစေချင်တယ်၊ အတိတ်က ဥပါဒါန်ကင်းတဲ့ ရှုထောင့်တစ်ခုကပေါ့ကွာ၊ အခု မင်းဟာက လွန်တယ်၊ အပြစ်မဲ့တဲ့ မွေးရပ် ဇာတိမြေကိုတောင် မုန်းသလို ဖြစ်နေတယ် "

" မွေးရပ်ဇာတိမြေကို ငါ မမုန်းပါဘူး၊ မမုန်းလို့တောင် . . . "

ဒေါက်တာမျိုးမွန်က စကားရပ်သွား၏။

" မမုန်းလို့တောင် ဘာဖြစ်သလဲ "

www.burmeseclassic.com

" ဒီကို ပြောင်းဖို့ အမိန့်ကျပြီးသား၊ ကထိကတစ်ဦးက နိုင်ငံခြားသွားဖို့ အရွေးခံရတယ်၊ သူ့ကို ပြောင်းပေးပြီးမှ နိုင်ငံခြား လွှတ်လိုက်ရင် မော်လမြိုင်ဒီဂရီကောလိပ်မှာ ဆရာအင်အား လျော့သွားမယ်၊ ဒီတော့ လူကြီးတွေက ငါဖြစ်ဖြစ် တခြားတစ်ယောက်ယောက်ကို ဖြစ်ဖြစ် ဒီပြောင်းပေးဖို့ စဉ်းစားနေကြတယ် "

" မင်းက မလာချင်ဘူးပေါ့ "

" ဟုတ်တယ်၊ မလာချင်ဘူး၊ ဒါပေမယ့် ဇာတိမြေဆီ ပြန်မလာချင်တဲ့အတွက် ငါအပြစ်ရှိတယ်လို့ ငါခံစားမိပြန်တယ်၊ ဒါကြောင့် အခု အခွင့်သင့်တုန်း တစ်ခေါက်လာကြည့်တယ် ဆိုပါတော့ "

" ဒီတော့ . . . "

" ငါ့ရင်မှာ ခံစားမှုတွေ စုံနေတယ် "

" ဘယ်လို စုံနေတာလဲ "

" ငါ မပြောပြတတ်ဘူး "

တင်ညွန့်က ဘီယာဗူးကို ချလိုက်၏။

" မင်းရင်ထဲမှာ ခံစားမှုရှိတာကို ငါ နားလည်နိုင်ပါတယ်၊ ဒါပေမယ့် ငါပြောသလို ရှုထောင့်အသစ်တစ်ခုက နေပြီး စဉ်းစားပါ၊ ဉပါဒါန်ကင်းပြီး ဒီပြောင်းလာမယ် ဆိုရင်တော့ အနည်းဆုံး မြင့်မြင့်နဲ့ ငါတို့ကတော့ သိပ်ပျော်မှာပဲ၊ ကဲ . . . ထမင်းသွားစားကြမယ် "

တင်ညွန့်တို့အိမ် ထမင်းစားခန်းက ကျယ်ဝန်းသန့်ပြန့်သည်။ ရုတ်တရက် ပြင်ဆင်သည်ဆိုစေ ဟင်းအမည်စုံ၍ ကောင်းမွန်သည်။ သို့ရာတွင် ဘယ်ဟင်းကကောင်း၍ ဘယ်အရသာရှိသည်ကို ဒေါက်တာမျိုးမွန် သတိ အထူးမပြုမိ။ သူ သတိပြုမိသည်ကား သမီးနှင့် အဖေ။

နွယ်နွယ်ဦးက ထမင်းဝိုင်းကို စိုးမိုးသူ အိမ်ရှင်မ ဧကရီလေးဟန်ဖြင့် ဝတ္တရားအပြည့် ဆောင်ရွက်သည်။ တင်ညွန့်နှင့် မိမိအပြင် စားသောက်သူများမှာ မာမာနှင့် ထွန်းထွန်းဖြစ်သည်။ နွယ်နွယ်ဦးက မစားသေး။ နောက်မှ စားမည်ဟု ဆိုသည်။ မောင်ငယ်ဖြစ်သူ ထွန်းထွန်း၏ ပန်းကန်တွင်း ဟင်းထည့်ပေးသည်။ မာမာ မမီသော ဟင်းပန်းကန်ကို ပေးသည်။ တင်ညွန့်နှင့် မိမိတို့ ပန်းကန်တွင် ထမင်းကုန်လျှင် ကိုယ်တိုင် လိုက်ဖြည့်ပေးသည်။

နွယ်နွယ်ဦးသည် မိမိလုပ်ကိုင်နေသည်ကို မိမိ ကျေနပ်ဟန်ပြနေသည်။ မျက်နှာလေးက ကြည်လင်ပြီး ရွှင်ပျနေသည်။ သူ့ဖခင်ကို ပြုစုချိန်၌ ပို၍ ကြည်လင်ရွှင်ပြသည်။ တင်ညွန့်၏ မျက်နှာတွင်လည်း ပီတိနှင့် ဂုဏ်ယူမှုတို့ လွှမ်းဝေနေသည်။

ထမင်းစားသောက်ပြီးနော် တင်ညွန့်တို့အိမ်မှ ဒေါက်တာမျိုးမွန် ပြန်ချိန်တွင် ညဥ့် ကိုးနာရီခန့် ရှိပြီ။ တင်ညွန့် ကိုယ်တိုင် ကားမောင်းပြီး ဒေါက်တာမျိုးမွန် တည်းခိုရာ မော်လမြိုင် ဒီဂရီကောလိပ် ဧည့်ရိပ်သာသို့ ပို့ပေးသည်။

ဒေါက်တာ ကျော်ဖေက ပြန်မရောက်လာသေး။

တင်ညွန့် ပြန်သွားသောအခါ ဧည့်ရိပ်သာတွင် ဒေါက်တာမျိုးမွန် တစ်ဦးတည်း ကျန်ရစ်သည်။

မအိပ်ချင်သေး။ အိပ်၍လည်း ရမည်မဟုတ်။

ဒေါက်တာမျိုးမွန်က ဧည့်ရိပ်သာမှထွက်ပြီး အဓိပတိလမ်းမကြီးအတိုင်း ကျောင်းကြီးရှိရာ တောင်ဘက်သို့ လျှောက်လာခဲ့သည်။ လမ်းမကြီး၏ တစ်ဝက်၌ နာဂဝံသချောင်းကို ဖြတ်ကူးထားသော တံတားရှိသည်။ အင်္ဂတေခင်းလမ်းက အုတ်ဘောင် ကာထားသော တံတားပေါ်မှ ပြေးသည်။ အုတ်ဘောင် ကာထားသော တံတားကို အရှေ့ဘက်မှ ယှဉ်လျက် ဆောက်ထားသည့် လူသွား သစ်သားတံတားရှိသည်။

ဒေါက်တာမျိုးမွန်က သစ်သားတံတား လက်တန်းကိုမှီထောက်၍ ရပ်နားသည်။ ချောင်းတွင်းမှ ရေစီးသံလွင်လွင် ကြားရသည်။ လရောင်ထိုးသော နေရာတွင် စမ်းရေသည် ပြိုးပြိုးပြက်ပြက်နေ၏။

ကျောင်းဖွင့်ချိန် မဟုတ်သေးသဖြင့် ပတ်ဝန်းကျင်တွင် လူသူပြတ်လျက်ရှိသည်။ ညသည် အေးချမ်းငြိမ်သက်သယောင် ရှိသော်လည်း သုဉ်းဆိတ်၍တော့မနေ။ ရေစီးသံ လွင်လွင်က ရှိသည်။ ညဥ့်ငှက်လေးများ၏ အသံလည်း ရှိသည်။

အရိပ်ရှိတော့ လရောင်လည်း ရှိရမည်။ မြတ်စွာဘုရား . . . မိမိ ရင်မှ လရောင်သည် အဘယ်မည်သော လရောင် ပါနည်း။

ဒေါက်တာမျိုးမွန် ကောင်းကင်ကို မော့ကြည့်သည်။

လက ထိန်ထိန်သာနေသည်။ ဩော် . . . မိုးညလကို ထိန်ထိန်သာသည်ဟု ပြောခွင့်ရှိပါသလော။ အကြွေးမှာ တိမ်တို့က ရှိနေသည်။

တိမ်ဖြူတို့လည်း ဖြတ်သန်းသည်။ တိမ်မည်းတို့လည်း လွှမ်းဖြတ်သည်။ တိမ်တို့လွန်သော် လမင်းက ထိန်ထိန်သည်။ ဘယ်သင်းက လွှမ်းမိုးသော အမှန်တရားနည်း။ လမင်းလော . . . တိမ်လော . . . ။

www.burmeseclassic.com

ဒေါက်တာမျိုးမွန်က ဝမ်းနည်းစွာပြုံး၏။

တိမ်ကလည်း ရှိသည်။ လကလည်း ရှိသည်။ တိမ်ကင်းသော လမင်းကြီးသာရှိလျှင် ကောင်းလေစွ။

ဒေါက်တာမျိုးမွန်က လရောင်တစ်ဝက် အရိပ်တစ်ဝက်ရှိသော ဥယျာဉ်ဆီသို့ ကြည့်သည်။

မိမိရပ်နေရာ လက်ယာဘက်ရှိ ဥယျာဉ်၌ ကံ့ကော်ပင်ပျိုတို့ရှိမှန်း မိမိသိသည်။ သည်ဥယျာဉ်က လွန်သော် ကျောင်းကြီးအထိ သွယ်တန်းနေသော စိန်ပန်းပင်တန်း။

လရောင်တွင် ဖြစ်သဖြင့် စိန်ပန်းပင်နီနီတို့ကို ခွဲခြား မမြင်နိုင်ပြီ။ သို့ရာတွင် စိန်ပန်းပင်နီနီတို့မူ ရှိနေမည်။

ရဲရဲနီသော စိန်ပန်းပင်။ ပြီးတော့ ချစ်သော . . . ဝါဝါ။

ဩော် . . . အပြီးသတ်ကျတော့ သည်ဆီပါပဲတကား။

စိန်ပန်းနီနီနှင့် ဝါဝါ။ ဝါဝါနှင့် စိန်ပန်းနီနီ။

ဒေါက်တာမျိုးမွန်က လမင်းဆီ ပြန်မော့ကြည့်သည်။

ထိုခဏတွင်ပင် နောက်ဆုံး မြင်တွေ့ခဲ့ရသော ဝါဝါ၏ မျက်နှာလေးက စိတ်အာရုံတွင် ပေါ်လာသည်။

သည်မျက်နှာလေးမှ မျက်လုံးများက စကားပြောနေပြန်ပြီ။ သည်စကားတွေကိုလည်း မိမိ နားလည်သည် ထင်သည်။ ယခုည ငွေလရောင်တွင် ပိုနားလည်လာသည် ထင်၏။

ဒေါက်တာမျိုးမွန်က သက်ပြင်းချသည်။

မိမိ သိပြီ၊ မိမိရင်ခွင်မှ လရောင်ကို မိမိ သိပြီ။ သည်ငွေလရောင်၏ အရှိတရားကိုတော့ လက်ခံရတော့မည် ထင်သည်။

ဒေါက်တာမျိုးမွန်က လေးနက်စွာ စဉ်းစားရင်း ဧည့်ရိပ်သာဘက်သို့ ပြန်လျှောက်လာခဲ့သည်။

မနေ့တုန်းကတော့ မိုးရွာထဲမှာ လမ်းလျှောက်ခြင်း။ သည်ညကျတော့ လရောင်အောက်မှာ လမ်းလျှောက်ခြင်း။

မိုးရွာထဲမှာ လမ်းလျှောက်သည်ထက် စာလျှင်၊ လရောင်အောက်မှာ လမ်းလျှောက်ခြင်းက ပို၍ အဓိပ္ပါယ်ရှိသည် ထင်သည် . . .။

ထင်သည် . . .။

*  *  *

**အခန်း ( ၃ )**

ကုန်းမြင့်ထိပ်ရှိ စိန်ပန်းပင်ကြီး၏ ပင်စည်နောက်၌ ကွယ်ကွယ်ရပ်ရင်း ဒေါက်တာမျိုးမွန်က ယဲ့ယဲ့ပြုံးမိသည်။

ဟိုတစ်နေ့ကတော့ အဓိပ္ပါယ်မဲ့ သည်နေရာကို ရောက်ခဲ့သည်။ သည်ညနေမှာတော့ မိမိရင်တွင် အဓိပ္ပါယ်ရှိသည် ထင်၏။ အဓိပ္ပါယ်မဲ့ ရောက်ခဲ့စဉ်က စိတ်က လွတ်လပ်သည်။ ယခုတော့ စိတ်က မလွတ်လတ်။ ခိုးကြောင်ခိုးဝှက် အလုပ်တစ်ခုကို လုပ်မိသကဲ့သို့ ခံစားရသည်။

မိမိရပ်နေရာမှ ကြည့်လျှင် တစ်နေ့က ဝါဝါ လာခဲ့သောလမ်းကို ကောင်းစွာ စီးမြင်နေရသည်။ ထိုမှာဘက်က လှမ်းကြည့်လျှင် စိန်ပန်းပင်ကြီးကို မြင်သည်ထား။ ပင်စည်နှင့် ကွယ်နေသော မိမိကိုမူ မြင်နိုင်မည်မဟုတ်။

မိမိက မိမိကိုယ်ကို မည်သူ မမြင်ရန် ကာကွယ်နေသနည်း။ ဤအတွက်မူ မိမိ မဖြေတတ်။ မိမိကို လူမမြင်စေချင်။

မိမိက ဘာကို မျှော်လင့်နေသနည်း။ ဤမေးခွန်းကိုလည်း မိမိ မဖြေနိုင်။ တစ်စုံတစ်ခုကိုတော့ တွေ့နိုးထင်သည်။ ထိုတစ်စုံတစ်ခုက အဘယ်နည်း။ မသိ။ ထိုမသိသော တစ်စုံတစ်ခုကို တွေ့လျှင် ဘာလုပ်မည်နည်း။ မပြောတတ်။

သည်ညနေတွင် မိုးမညို။ တိမ်တို့မူ လှပယဉ်ကျေးစွာ ရှိနေ၏။ အနောက်ဘက်ကောင်းကင်၌ နေခြည်သည် ရွှေရည်သွေးပင် ပြေးနေသေး၏။

သာယာသော မိုးညနေ။ ချစ်သူလာရာလမ်းကို လှစေတတ်သော မိုးညနေ။

ချစ်သူသာ မလာပါ။ ဩော် . . . လာသော်လည်း ချစ်သူ မဟုတ်တော့ပါတကား။

ချစ်သူ မဟုတ်တော့။ ဤအတွေးက မိမိကို မကြာခဏ နှိပ်စက်သည်။ ဤအတွေးသည်လည်း မှန်ပါ၏လော၊ သို့မဟုတ် မှန်ပါသေး၏လော။ သို့မဟုတ် မှန်ပါသေး၏လော။ မှန်သည်ဆိုလျှင် မိမိ ဤနေရာ၌ ဘာကြောင့် ဘာလုပ်နေသနည်း။

ဒေါက်တာမျိုးမွန်က အဖြေမပေးနိုင်သော မေးခွန်းတို့ကို ခေါင်းတွင်းမှ မောင်းထုတ်ပစ်သည်။ သစ်ပင်ကို အကွယ်အကာပြုလျက် ချစ်သူလာရာလမ်းဆီသို့သာ လှမ်းကြည့်၏။ မိမိမျှော်လင့်ချက် မှန်သည်။ တစ်စုံတစ်ယောက် လာလိမ့်မည်ဟု

www.burmeseclassic.com

မိမိက မျှော်လင့်ထားသည်။ ထိုတစ်စုံတစ်ယောက်သည် မည်သူဖြစ်လိမ့်မည်ဟုမူ မိမိမသိ။ ယခုတော့ သိပြီ။

ဝေးသော မြေနိမ့်ရှိ လမ်းဝါဝါမှ ဦးတိတ်ကြည် ပေါ်လာသည်။

ဒေါက်တာမျိုးမွန်က မိမိကို မမြင်အောင် သတိထား ကာကွယ်ပြီ ဦးတိတ်ကြည့်ဆီ လှမ်းကြည့်နေ၏။

ပထမသော် ဦးတိတ်ကြည်သည် ဣန္ဒြေမပျက် လျှောက်လာနေ၏။ သစ်ပင်စုလေးတစ်ခုရှိရာ အရောက်၌ အမူအယာ လုံးဝပြောင်းသွားသည်။

ဦးတိတ်ကြည့် ရှေ့နောက် ဝဲယာ တစ်ခုလုံးကို စူးစမ်း အကဲခတ်ဟန်ပြုသည်။ ထို့နောက်မှ လမ်းအတိုင်း ဆက်လျှောက် မလာတော့ဘဲ ကုန်းမြင့်အခြေ တောင်ဘက်ပိုင်းရှိ ချုံတောများအတွင်းသို့ လျင်မြန်စွာ ဝင်သွားသည်။

ဒေါက်တာမျိုးမွန်မှာ ရုတ်တရက်သော် ဝေခွဲမရ။ ဦးတိတ်ကြည်သည် လမ်းရိုးအတိုင်း ဘာကြောင့် ဆက်လျှောက် မလာသနည်း။

ခဏာတွင်ပင် ဟိုတစ်နေ့ညနေက ဦးတိတ်ကြည် ပေါ်လာပုံကို ဒေါက်တာမျိုးမွန် သတိရသည်။ ဦးတိတ်ကြည် ရုတ်တရက် ပေါ်လာခဲ့သည်။ ပေါ်လာသည်မှာလည်း မိမိတို့၏ နောက်ကျောမှ။ ထိုစဉ် မိမိနှင့် ဝါဝါတို့သည် အနောက်ဘက်သို့ မျက်နှာပြု ထိုင်နေကြသည်။ ဦးတိတ်ကြည်က မိမိတို့ ကျောခိုင်းထားရာ အရှေ့အရပ်မှ ပေါ်လာခြင်းဖြစ်သည်။ လမ်းက အနောက်ဘက်၌ ရှိသည်။ လမ်းမှ လျှောက်လာခဲ့သော် ဦးတိတ်ကြည်ကို မိမိတို့ ကြိုတင်မြင်ရမည်။ ဝါဝါ ပေါ်မလာခင် အတန်ကြာကပင် မိမိသည် စိန်ပန်းပင်ကြီးအောက်၌ ရပ်နေခဲ့သည်။ ထိုစဉ်ကလည်း အနောက်ဘက်ရှိ လမ်းမှ ဦးတိတ်ကြည် လာခဲ့သည်ကို မိမိ မတွေ့မိ။ ဤသို့ဆိုလျှင် မိမိတို့ ကျောခိုင်းထားရာဘက်၌ ဦးတိတ်ကြည်သည် အချိန်အတန်ကြာကပင် ကြိုတင် ရောက်ရှိနှင့်ရမည်။ ဤသို့ ရောက်ရှိရန် လာရာ၌လည်း လမ်းရိုးက လာဟန်မတူ။

ယခုမူ ဦးတိတ်ကြည် မည်သည့်လမ်းမှ လာခဲ့သည်ကို မိမိ သိပြီ။ မိမိ ကွယ်ရပ်နေသော စိန်ပန်းပင်ကြီး၏ တောင်ဘက် ကိုက်ငါးဆယ်ခန့်ရှိ လျှိုငယ်အတွင်းမှ ချောင်းသည် စီးဆင်းသွား၏။ ချောင်းတစ်ဘက်ကမ်းရှိ ကုန်းမြေမှာ ချုံထူသော်လည်း လူတို့ ကောင်းကောင်းသွားလာနိုင်သည်။ အမှန်ကား သစ်ပင်မခုတ်ရန် တားမြစ်ထားသော တောင်ဝိုင်းတောင်ပေါ်မှ ထင်း ခိုးခုတ်သူတို့သည် ဤချုံတောများရှိ လမ်းများကို အသုံးပြုကြကြောင်းကို မိမိ မှတ်မိသည်။

ဦးတိတ်ကြည်သည်  ထိုညနေက ထိုလမ်းများမှ လာခဲ့သည် ဖြစ်လျှင် ချောင်းတစ်ဘက် ကုန်းထိပ်ရောက်သည်နှင့် တပြိုင်နက် မိမိကို ဦးတိတ်ကြည် မြင်လိမ့်မည်။ မိမိက ဦးတိတ်ကြည် အမြင်မခံလို။ ထိုသူနှင့် ထပ်လည်း မဆုံချင်သေး။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ကုန်းနိမ့်အခြေရှိ မြေလမ်းဝါဝါဆီ ပြန်ရောက်သွားသည်။

ပန်းရောင်လှလှတစ်ခုက ဒေါက်တာမျိုးမွန်၏ မျက်လုံးများကို စုဖမ်းဆွဲယူသည်။ အစသော် အရောင်မျှသာ။ အာရုံ စိုက်မိမှ ပန်းရောင်မရင့်တရင့် ထဘီနှင့် အင်္ကျီကို ဝတ်ဆင်ထားသော မိန်းမပျိုတစ်ဦးဖြစ်မှန်း သိသည်။

ဝါဝါဟုတော့ ထင်သည်။ မိမိပင် စိတ်စွဲပြီး စိတ်လှည့်စားခံနေသည်လော မသိ။ သဏ္ဌာန်လေးက ကြည့်လေလေ၊ ဝါဝါနှင့် တူလေလေ ဖြစ်သည်။

သည်ကိုယ်သဏ္ဌာန်။ သည်ကိုယ်ဟန် သည်အမူအရာ၊ ကွန်ပျူတာ၏ အမှတ်သညာဘဏ်ပမာ ဒေါက်တာမျိုးမွန်၏ စိတ်တွင်း တစ်နေရာမှ တစ်စုံတစ်ရာက ဝါဝါဖြစ်ကြောင်း ပြောနေသည်။

ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်ပြီး ဒေါက်တာမျိုးမွန်က စိန်ပန်းပင်နှင့် ချောင်းကြားရှိ တောချုံများဆီသို့ လျင်မြန်စွာ ကူးလာခဲ့သည်။ ချောင်းနက်၍ ကမ်းပါးအတန်မြင့်သော နေရာရောက်မှ ချောင်းတွင်းသို့ ဆင်းလိုက်သည်။

ချောင်းရေက မများသေး။ ချောင်းကမ်းစပ် တစ်လျှောက်၌ လျှောက်၍ရသည်။

အကွယ်အကာ ကောင်းရာမှနေပြီး ဒေါက်တာမျိုးမွန်က ချောင်းတစ်လျှောက်ကို စူးစိုက်ကြည့်သည်။

ဦးတိတ်ကြည်လည်း ဤချောင်းတွင်းမှ လျှောက်လာနိုင်သည်။ အကယ်၍ သူလျှောက်လာခဲ့သော် နှစ်ဦးသား ရင်ဆိုင်တိုးနိုင်သည်။

သို့ရာတွင် ချောင်းတွင်း၌ လူရိပ်လူယောင် မတွေ့ရ။

အရိပ်အခြေကို ကျေနပ်လောက်အောင် အကဲခတ်ပြီးမှ ဒေါက်တာမျိုးမွန်က ချောင်းအတိုင်း အနောက်ဘက်သို့ ပြေးလာခဲ့သည်။

မိမိက ဝါဝါ့ကို လမ်းမှ ဆီးဖြတ်ဖမ်းလိုသည်။ ကုန်းမြင့်သို့ မတက်မီ မြေဝါလမ်းသည် ချောင်းကိုဖြတ်ရာ ချောင်း ကမ်းပါးနှင့် ကမ်းပါးပေါ်မှ တောချုံများကြောင့် ကုန်းမြင့်ပေါ်မှ စီးကြည့်သော်လည်း ထိုနေရာကိုမူ မမြင်နိုင်။ ထိုနေရာမှ ဝါဝါ့ကို မိမိ ဖမ်းရမည်။

ရည်မှန်းထားသော ထိုနေရာရောက်သောအခါ ဒေါက်တာမျိုးမွန်က ချုံအကွယ်များမှနေ၍ ကုန်းမြင့်ဘက်သို့ အလျှင်ကြည့်သည်။

www.burmeseclassic.com

ဝါဝါ့ကို မတွေ့ရ။ ဤနေရာကို ဖြတ်ကူးပြီး ကုန်းမြင့်ဆီသို့ ရောက်နေလျှင် ဝါဝါ့ကို တွေ့ရမည်သာဖြစ်၏။

တော်ပါသေး၏။ မိမိ အချိန်မီသည်။ ဝါဝါသည် ဤနေရာလေးကို မဖြတ်ရသေး။

ဒေါက်တာမျိုးမွန်က ဝါဝါပေါ်လာမည့် လမ်းဘက်သို့ ကြည့်သည်။

ဝါဝါ့ကို တွေ့ရသည်။

ဒေါက်တာမျိုးမွန်၏ ရင်မှာ ခုန်လာသည်။

မိမိ မှန်းဆချက် မကိုက်။ ဝါဝါသည် ဤနေရာလေးကို လွန်သွားပြီလော။

ဒေါက်တာမျိုးမွန်က ကုန်းမြင့်ဆီသို့ ကြည့်ပြန်သည်။

လမ်းဝါဝါကို လည်းကောင်း၊ စိန်ပန်းပင်ကြီးကို လည်းကောင်း၊ ကောင်းစွာ လှမ်းမြင်ရသည်။

ဩော် . . . သူ့ကိုပင် လှမ်းမြင်ရသည်။

ဦးတိတ်ကြည်။

ဦးတိတ်ကြည်က စိန်ပန်းပင်ကြီးအောက်တွင် ရပ်နေလေသည်တကား။

ဝါဝါ့ကိုသာ မတွေ့ရ။

ဝါဝါ ဘယ်ရောက်သွားပြီနည်း။

ဒေါက်တာမျိုးမွန်က ပတ်ဝန်းကျင်တစ်ခုလုံးဆီ မျက်လုံးဝေ့ဝိုက်ပြီး ရှာသည်။ စောစောတုန်းကကဲ့သို့ပင် အရောင်လေးကို စတွေ့သည်။ ပန်းရောင် . . . လှပသော ပန်းရောင်။

ဤအကြိမ်တွင်မူ ပန်းရောင်သဏ္ဌာန်လေးကို မျှော်လင့်မထားသော မြောက်ဘက်ရှိ ကောလိပ်နယ်မြေအစပ်တွင် တွေ့ရသည်။

မမျှော်လင့်သော အခြေအနေသည် ဒေါက်တာမျိုးမွန်ကို များစွာသော စိတ်ကျေနပ်သွားစေ၏။ အကြောင်းကား ဝါဝါ ရောက်ရှိနေသော နေရာမှာ ကောလိပ်နယ်မြေကို ဖြတ်စီးသော နာဂဝံသချောင်းအနီးတွင် ဖြစ်သည်။ ထိုနေရာရှိ မြရာနှင့် သက်ရင်းချုံတို့က လူတစ်ရပ်ကျော် မြင့်သည်။ စိန်ပန်းပင်ဆီမှ မည်သို့ပင် ကြည့်ကြည့် ဝါဝါ့ကို ဦးတိတ်ကြည် မြင်နိုင်မည် မဟုတ်ချေ။

မိမိ ယခုရပ်နေရာနှင့် ဝါဝါရှိရာ နေရာကြားတွင်ကား ချုံနည်းပြီး မြေပြန့်သည်။ သို့ရာတွင် မတတ်နိုင်။ စွန့်ရပေမည်။

ဒေါက်တာမျိုးမွန်က ဦးတိတ်ကြည် ရှိရာသို့ လှမ်းကြည့်သည်။

ဦးတိတ်ကြည့် မိမိဘက် ကျောစောင်း စောင်းပေးလျက် ရပ်နေသည်။

ဒေါက်တာမျိုးမွန်က သွက်လက်စွာဖြင့် ကွင်းပြောင်ကို ဖြတ်ကူးသည်။ ပထမဆုံး တွေ့ရသော ချုံကွယ်တစ်ခုတွင် ရပ်ပြီး ဦးတိတ်ကြည်ဆီ ကြည့်ပြန်သည်။

ဦးတိတ်ကြည်က မိမိဘက်သို့ ကျောခိုင်းမြဲ ခိုင်းလျက်တည်း။

ဦးတိတ်ကြည် ကြည့်နေရာ အရှေ့မြောက်ဘက်၌ လေယာဉ်ပျံကွင်း အစွန်းနှင့် တောင်ပိုင်းတောင်ခြေသွားသော ကားလမ်းရှိသည်။

ဤသို့ဆိုလျှင် ဦးတိတ်ကြည်သည် ယနေ့ညနေ ဝါဝါ့ကို လာစောင့်နေဟန်မတူ။ ဤသို့ဆိုလျှင် မည်သူ့ကို လာစောင့်ကြည့်နေသနည်း။

အချိန်ကုန်ခံ၍ အဖြေကို ဒေါက်တာမျိုးမွန် တွေးကြည့်မနေတော့။

ချုံကွယ်မှ ထွက်လိုက်ပြီး မြေပြောင်လွတ်သည်အထိ လျင်မြန်စွာ လျှောက်လာခဲ့သည်။ နာဂဝံသချောင်းသို့ ရောက်သောအခါမှ ပုန်းလျှိုးကွယ်လျှိုး မလုပ်တော့ဘဲ သွက်သွက်လေး ပြေးသည်။

ပန်းရောင်သဏ္ဌာန်လေးကို ပြန်တွေ့ရသည်။

နာဂဝံသချောင်းသည် ကောလိပ်နယ်မြေ အလယ်အရောက်တွင် ရေတံခွန်လေးတစ်ခု ဖြစ်နေသည်။ ရေတံခွန်အောက်၌ ကန်သဖွယ် ရေအိုင်ရှိပြီး လူတစ်ရပ်ကျော် နက်သည်။

ဒေါက်တာမျိုးမွန်၏ ရင်တွင်း၌ ဒိုင်းကနဲ ဆောင့်သွားသည်။

ဟိုတစ်ညနေက ဝါဝါသည် ဘာကိုမှ မသိ၊ ဘာကိုမှ မြင်ဟန်မတူဘဲ၊ အိပ်မက်တွင်း လမ်းလျှောက်သူကဲ့သို့ လျှောက်ခဲ့သည်။ ချောင်းကိုလည်း ချောင်းဟု သိဟန်မတူဘဲ ဖြတ်ကူးသည်။ ချုံကိုလည်း ချုံဟုသိဟန်မတူဘဲ ဖြတ်တိုးသည်။

ယခု ညနေတွင်လည်း ဤအတိုင်း လျှောက်ခဲ့သော် . . .။

ဒေါက်တာမျိုးမွန်က ဝါဝါ့ဆီ အပြေးသွားသည်။

ဤတစ်ကြိမ်တွင်မူ ဝါဝါက ခြေသံကြား၍ထင်သည်။ ခေါင်းလေးငဲ့၍ လှည့်ကြည့်သည်။

www.burmeseclassic.com

ခဏမှာပင် ဝါဝါက လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး သူ့ကို ရပ်ကြည့်နေ၏။

သူကလည်း ဝါဝါ့ရှေ့တွင် ရပ်လိုက်ပြီး မျက်နှာလေးကို ကြည့်သည်။

ဝါဝါ့မျက်လုံးများက အံ့ဩဟန် ဝန်းဝိုင်းနေသည်မှတပါး ကြည်လင်ပြာရွှန်းနေ၏။ နီမြန်းသော နှုတ်ခမ်းပြည့်ပြည့် ဖောင်းဖောင်းလေးများကလည်း မဟတဟ ရှိသည်။

" ကိုမျိုးပါ ဝါဝါ "

ဝါဝါ့မျက်နှာ ဝင်းဝင်းပေါ်၌ လရောင်ကိုလည်း တွေ့လိုက်ရသည်။ တိမ်ရိပ်ကိုလည်း မြင်လိုက်ရသည်။ ဘာမျှတော့ စကားမပြန်။ သူ့ကိုသာ စူးစိုက်ကြည့်နေသည်။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ဝါဝါ၏ ခြေထောက်လေးများဆီ ရောက်သွားသည်။ ဤတစ်ကြိမ်တွင်မူ ဝါဝါက ခုံမြင့်ဖိနပ်ဖြူဖြူလေးကို စီးထား၏။

" ဩော် . . . ဝါဝါ လမ်းလျှောက်သလား "

ဝါဝါက ခေါင်းလေးညိတ်ပြ၏။

" ဝါဝါ့နောက်က လိုက်ကြည့်တဲ့ အဖော် မပါဘူးလား "

ဝါဝါက လာရာလမ်းဆီသို့ ပြန်ကြည့်ပြီး ခေါင်းလေးခါ၏။

" မမြမေဆိုတဲ့ မိန်းမက ဝါဝါ့နောက်က ပါမလာဘူးလား "

" မ . . . မပါဘူး "

" သေချာရဲ့လား "

ဝါဝါက လာရာလမ်းဆီ ဒုတိယအကြိမ် ပြန်ကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့လေး ဖြေ၏။

" သူ . . . သူတို့ နေ့ နေ့တိုင်း ဝါဝါ့ကို မကြည့်ပါဘူး "

" ဩော် . . . နေ့တိုင်း မကြည့်ဘူး၊ ဒါဖြင့် ဘယ်အခါကြည့်လဲ "

ဝါဝါက မဖြေ၊ ခေါင်းကလေး ငုံ့သွားပြီး မျက်လုံးများက မြေကြီးဆီ စိုက်ထား၏။

" ဦးတိတ်ကြည်ကိုတော့ တွေ့လိုက်ရတယ် "

ဝါဝါ့ တစ်ကိုယ်လုံး တုန်လှုပ်သွား၏။

" သူ . . . သူ ဘယ်မှာလဲ "

" ဟိုး . . . စိန်ပန်းပင်ကြီးဆီမှာ "

ဝါဝါက စိန်ပန်းပင်တည်ရာ အရပ်ဆီသို့ လှမ်းကြည့်သည်။ ဒေါက်တာမျိုးမွန်ကို ပြန်ကြည့်သောအခါ၌ ဝါဝါသည် အနည်းငယ် ပြန်တည်ငြိမ်နေပြီ။

" သူ အဲဒီနေရာကို ဒီလိုပဲ သွားတတ်တယ် "

" ဟုတ်လား ဘာသွားလုပ်သလဲ "

ဝါဝါက သူ့ကို ငေးကြည့်သည်။ ထို့နောက် ခေါင်းခါ၏။

ဝါဝါ့အမူအယာ၌ ယုံကြည်ဖွယ်ရာကို သူမတွေ့။

သူက ဝါဝါ၏ လက်မောင်းလေးတစ်ဘက်ကို အသာအယာ ကိုင်၏။

" ဝါဝါ လမ်းလျှောက်လာတာ မဟုတ်လား၊ လာ ဆက်လျှောက်ကြမယ် "

ဝါဝါက မရုန်း၊ လှုပ်တော့လည်း မလှုပ်၊ မျက်လုံးဝန်းဝန်းဖြင့်သာ သူ့ကို ကြည့်နေ၏။

" ဝါဝါ မှတ်မိလား၊ ဟောဟိုမှာလေ ကံ့ကော်ပင်လေးတွေ ရှိတယ်၊ မောင် အဲ . . . ကိုမျိုးတို့ အဲဒီကို သွားရအောင်"

သူက ဝါဝါ၏ မျက်လုံးများကို စိုက်ကြည့်ပြီး ပြောခြင်းဖြစ်၏။

ဝါဝါကလည်း သူ့ကို အတန်ကြာ စိုက်ကြည့်နေသည်။ ထို့နောက် မျက်လွှာချ ခေါင်းငုံ့ပြီး သူခေါ်ရာသို့ ဆိတ်ငြိမ်စွာ လိုက်လာခဲ့သည်။

ကောလိပ် အဆောက်အအုံကြီး၏ အရှေ့ဘက်တွင် သစ်ပင်ဝိုင်းသော မြက်ခင်းပြင်ရှိသည်။ မြက်ခင်းပြင်သည် မြောက်ဘက်နှင့် အရှေ့ဘက်သို့ ပြေပြေ နိမ့်လျှောဆင်းသွားရာ အနိမ့်ဆုံးအပိုင်း၌ နာဂဝံသချောင်း ဖြတ်စီးသည်။ ချောင်း မရောက်မီတွင် တန်းစိုက်ထားသော ကံ့ကော်ပင်ပျိုများ ရှိသည်။

သူက ဝါဝါ့ကို ကံ့ကော်ပင်ပျိုတစ်ပင်၏ အခြေတွင် ထိုင်စေ၏။ သူကိုယ်တိုင်မူ မထိုင်ဘဲ ကံ့ကော်ပင်စည်ကို လက် တစ်ဖက်ဖြင့် ကိုင်လျက် ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်သည် ရှေးကနှင့် မတူတော့သည်ကို သူ သတိပြုမိသည်။ ရှေးကမူ ဤချောင်းကလေးသည် မပြု မပြင်သော ချောင်းရိုင်းလေးဖြစ်သည်။ ချောင်းဆိုသည်ထက် စမ်းချောင်းဟု ခေါ်လျှင် ပိုမှန်မည်ထင်၏။ နွေဆိုလျှင် ရေမရှိ။ ယခုကဲ့သို့ မေလဦးတွင် မိုးတစ်ပြိုက်နှစ်ပြိုက် ရွာသော် စမ်းလိုက်ပြီး ရေစပေါ်သည်။ မိုးကြီးချိန် တောင်ရေကျသောအခါ၌ကား ချောင်းလေးသည် ဒေါသတကြီး စီးတတ်သည်။ တောင်ကျရေ စဲသွားသော် စမ်းရေသာ စိမ်းပြာလဲ့လဲ့ ကျန်လေသည်။

ယခုကား သူရပ်နေရာမှ တောင်ဘက် ကိုက်တစ်ရာခန့်တွင် ချောင်းကို ကန့်လန့်ဖြတ် ပိတ်ဆည်ထားသော တာရိုးကြီးကို တွေ့ရသည်။ တာရိုးအလယ်တွင် အင်္ဂတေ ဆည်တံခါးပေါက်ကြီး ရှိနေသည်။ တာရိုးစောင်းတလျှောက်တွင်လည်း ဖြူဖွေးသော ကျောက်တုံးများကို စီချထားသည်။

ဤနေရာတွင် ဆည်ဆောက်၍ ကန်တူးနေကြောင်း သူသိသည်။ ယခုပင် တောင်ဘက် မနီးမဝေး ကံကော်ခြုံတွင်း၌ ရပ်နားထားသော ဘီးတပ် ကျွဲရိုင်းစက်ကြီးတစ်လုံးကို တွေ့ရသည်။

သူရပ်နေရာမှ စီးမြင်ရသော စမ်းချောင်းလေးသည်လည်း ရှေးနှင့်မတူတော့။

ရှေးကမူ စမ်းချောင်းလေးက ကျဉ်းသည်။ ရေလည်းနက်သည်။ ယခုကား စမ်းချောင်းက ကျယ်ပြီး ကျောက်တုံး ကျောက်ခဲလေးများပေါ်တွင် ပြန့်လျက် တိမ်တိမ်စီးဆင်းနေသည်။

ဒေါက်တာမျိုးမွန်က သက်ပြင်းရှိုက်၏။ ပတ်ဝန်းကျင်သည် ရှေးကနှင့် မတူပါ။ မိမိတို့နှစ်ဦးလည်း ရှေးကနှင့် မတူပါ။

ဟိုတုန်းကတော့ သည်နေရာရောက်လျှင် စကားများကို နောက်မှ ပြောကြသည်။ ပါးချင်းအပ်၍ မွှေးရှိုက်ကြသည်။ ရင်ချင်းအပ်၍ ထွေးပိုက်ကြသည်။ ပြီးတော့မှ . . . စကားများ။ မဆုံးနိုင်၊ မဆုံးချင်သော စကားလေးများ . . . ။

ဒေါက်တာမျိုးမွန်က ချောင်းဟန့်ပြီး စကားပြောသည်။

“ ဝါဝါ ဒီဘက်ကို ဒီလိုပဲ လမ်းလျှောက်လာလေ့ ရှိသလား ”

ဝါဝါက ဖြည်းညင်းစွာ သူ့ကို မော့ကြည့်ပြီး ဖြေ၏။

“ အမြဲမလာပါဘူး၊ လာလဲ မလာချင်ပါဘူး ”

အဖြေက ရိုးရိုးလေးပင် ဖြစ်၏။ သို့ရာတွင် သူ့ရင်က နာကျင်ထိခိုက်သွား၏။ သို့ရာတွင် စမိပြီ။ မထူးပြီ။

“ ဟို စိန်ပန်းပင်ကြီးဆီတော့ မှန်မှန်သွားသလား ”

ဝါဝါက သူ့ကို ကြည့်ပြန်သည်။

“ ဘာဖြစ်လို့ မေးတာလဲ ”

“ ဩော် . . . ဟိုဒင်းလေ၊ ဟိုနေ့က ဝါဝါ့ကို အဲဒီမှာ တွေ့ခဲ့ရတယ်၊ ပြီးတော့ . . . ဒီလိုပဲ ဝါဝါ လမ်းလျှောက် တတ်တယ်လို့ ဖြေခဲ့တယ် ”

ဝါဝါက သူ့ထံမှ မျက်လုံးလွှဲသွား၏။ ဘာမျှတော့မဖြေ။ သူက ဝါဝါ့ တစ်ကိုယ်လုံးကို စိုက်ကြည့်သည်။

ဝါဝါ၏ ထဘီနှင့် အင်္ကျီက တစ်ဆင်တည်း တစ်သွေးတည်း ဖြစ်၏။ အရောင်က ခရမ်းရောင်ဘက် ယိမ်းသော ပန်းရောင်ရင့်ရင့်လေး ဖြစ်သည်။ အဝတ်အစား၏ အရောင်ဟပ်သဖြင့် ဝါဝါ၏ အသားလေးများမှာ ပန်းနုရောင် ပြေးသယောင် ရှိသည်။ ဝါဝါ၏ တစ်ကိုယ်လုံးမှာ ပန်းပွင့်လေးတစ်ပွင့်လို လှပနေသည်။ သို့ရာတွင် လန်းဆန်းသော ပန်းပွင့်လေးမူ မဟုတ်။

ဝါဝါ၏ လက်လေးများက မသိမသာ တုန်နေသည်။ ဘေးတိုက်မြင်ရသဖြင့် ထင်ရှားကော့ပျံနေသော မျက်တောင် ရှည်များအောက်ရှိ မျက်ဝန်းပြာပြာတွင် မျက်ရည်များ ဝိုင်းနေသည်။

“ ဝါဝါ ကိုယ်မေးတာကို ဖြေပါဦး ”

ဝါဝါက သက်ပြင်းလေးချ၏။

“ ဝါဝါ မဖြေနိုင်တာတွေကို ကိုမျိုး ဘာလို့ မေးရတာလဲ ”

“ ဝါဝါက ဘာကို မဖြေနိုင်သလဲ ”

ဝါဝါက မလှုပ်။ မျက်လုံးများမှ မျက်ရည်တို့သာ ပေါက်ပေါက်ကျလာသည်။ ဝါဝါ ထိုင်နေရာရှေ့မှ ကန်တူးထားသော မြေနိမ့်ဖြစ်၏။ ဒေါက်တာမျိုးမွန်က မြေနိမ့်ဆီ ဆင်းလိုက်ပြီး ဝါဝါနှင့် မျက်နှာချင်းဆိုင်သည်။ ဝါဝါ့လက်လေးများကို ဆုပ်ကိုင်ပြီး ပြော၏။

“ ဝါဝါ ကိုယ်တို့ ဒီနေရာမှာ ကြာကြာ စကားပြောခွင့်ရမယ် မထင်ဘူး၊ ဦးတိတ်ကြည်ဟာ ဒီဘက်ကို လျှောက်မလာဘူး လို့ မပြောနိုင်ဘူး၊ ဒီတော့ . . . ကိုယ်ပြောမှာတွေကို နားထောင်စမ်း ”

ဝါဝါက မျက်တောင်ကော့များတွင် မျက်ရည်ဥလျက်သားနှင့် သူ့ကို ကြည့်သည်။ သူ့ရင်မှာ ကရုဏာ ပြည့်လာသည်။ ချစ်သူ . . . ဘာပဲဖြစ်ဖြစ် ချစ်ခဲ့ရသူ . . . ။ ယခုလည်း . . . ။

www.burmeseclassic.com

" ကိုယ်တို့ ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာ မေ့ပစ်လိုက်ပါ၊ အနည်းဆုံးတော့ ကိုယ်တို့ဟာ သူငယ်ချင်းဟောင်းတွေပါ၊ ကို ဒီမလာတာ ကြာပါပြီ၊ ခုလဲ ခဏလာတာပါ၊ နက်ဖြန်ဆို ကိုယ်ပြန်ရတော့မယ် "

ဝါဝါက သူ့ကို ကြောင်ကြောင်လေး ငေးကြည့်နေသည်။ သူက ဝါဝါ့မျက်လုံးများ၌ ခေတ္တ စာဖတ်ကြည့်သည်။ ကြေကွဲရိပ်ယောင်ယောင် တွေ့ရသည်ထင်၏။

" ကိုယ် ဝါဝါနဲ့တွေ့ဖို့ မမျှော်လင့်ပါဘူး၊ ဒါပေမယ့် မမျှော်လင့်ဘဲ တွေ့ခဲ့ရတယ်၊ မမျှော်လင့်တာ နားမလည်နိုင်တာကို တွေ့ခဲ့ရတယ်၊ ဝါဝါ ဘာတွေ ကြုံခဲ့ရတယ်ဆိုတာကိုလဲ တင်ညွန့်ပြောပြလို့ ကိုယ် သိသင့်သမျှ သိပြီးခဲ့ပါပြီ၊ ကိုယ် အခု သိချင်တာက ဝါဝါ ဘာဖြစ်နေသလဲ၊ ဝါဝါ့ကို ကိုယ် ဘာကူညီနိုင်သလဲ၊ ပြောပါ ဝါဝါ "

ဝါဝါ၏ မျက်တောင်ကော့များက သုံးလေးကြိမ် ပုတ်ခတ် လှုပ်ရှားလာသည်။

" ကိုမျိုး အခု ဒီကို ခဏလာတာလား "

" အင်း . . . ဟုတ်တယ် "

" ပြီးတော့ ဘယ်ကို ပြန်မှာလဲ "

" ရန်ကုန်ကိုပါ၊ ကိုယ် အခု ရန်ကုန်တက္ကသိုလ်မှာ "

ဝါဝါက ညင်သာစွာ သက်ပြင်းချသည်။ မျက်နှာလေးမှာ ပြုံးယောင်ယောင် ဖြစ်လာ၏။

" ကိုယ် ဒီကို တစ်ခေါက်မှ မပြန်ဘူးနော် "

ဤအကြိမ် အဖြေမပေးဘဲ ငြိမ်နေသူမှာ ဒေါက်တာမျိုးမွန် ဖြစ်၏။

" ကိုယ် တက္ကသိုလ်မှာ ဆရာဖြစ်နေတာကို ဝါဝါ ကြားပါတယ်၊ ဝါဝါတို့ သူငယ်ချင်းထဲက ဆရာဖြစ်ပြီး မော်လမြိုင် ကောလိပ်ကို ပြန်ပြောင်းလာကြတယ်၊ ကိုယ်တော့ မလာဘူး "

ဒေါက်တာမျိုးမွန် ရင်၌ တစ်မျိုးတစ်မည် ထိခိုက်သွား၏။

ဝါဝါ ပြောသည်မှာ မှန်၏။ မော်လမြိုင်ဇာတိ ဘွဲ့ရသူတို့ တက္ကသိုလ်ဆရာဖြစ်၍ နယ်ပြောင်းရလျှင် မော်လမြိုင် ကောလိပ်သို့သာ ရွေးချယ်ပြောင်းလေ့ရှိသည်။ အချို့ဆိုလျှင် အချိန်စေ့၍ ရန်ကုန်ပြောင်းခွင့် ရသည့်တိုင်အောင် မလျှောက်တော့ဘဲ မော်လမြိုင်ကောလိပ်တွင်သာ အမြဲတမ်း တာဝန်ယူတတ်ကြသည်။ မိမိက သရုပ်ပြဆရာအဖြစ်နှင့် နယ်ပြောင်း ရစဉ်က မြစ်ကြီးနားကောလိပ်ကို ရွေးခဲ့သည်။

" ကိုယ် နယ်ကို တစ်ခါပဲ ပြောင်းရပါသေးတယ်၊ ပြီးတော့ နိုင်ငံခြား သွားခဲ့ရတယ် "

ဝါဝါက သူ့ကို စိုက်ကြည့်နေသည်။ စကားမပြောသော်လည်း မိမိအဖြေကို မယုံကြည်ကြောင်း ဖော်ပြနေသည် ထင်၏။

" ကောင်းပြီ ကိုယ် အမှန်ဖြေမယ်၊ ကိုယ် ဒီကို ပြန်မလာချင်ဘူး၊ ဖြစ်ခဲ့တာတွေ ပြန်တွေးရင် ကိုယ်မလွန်ဘူးထင်တယ်"

မမျှော်လင့်သော အဖြေကို ဝါဝါ့ထံမှ ကြားလိုက်ရသည်။

" ဟုတ်ပါတယ်၊ ကိုယ်မလွန်ပါဘူး "

သူက ဝါဝါ့ကို ကြည့်သည်။ ဝါဝါ့အသွင်က ထူးထူးဆန်းဆန်းလေး တည်ငြိမ်နေ၏။

" အဲဒါတွေ ထားပါ ဝါဝါ၊ ကိုယ်ပြောခဲ့သလိုပဲ ပြီးခဲ့တာတွေကို မေ့ပစ်လိုက်ကြရအောင်၊ ဝါဝါ အခု ဘာဖြစ်နေသလဲ"

" ဝါဝါ ဘာဖြစ်နေလို့လဲ "

" မေးခွန်းကို မေးခွန်းနဲ့ပြန်ဖြေတာ ရပ်ပါ ဝါဝါ၊ ဝါဝါ တစ်ခုခု ဖြစ်နေတယ်၊ ဝါဝါ နေမကောင်းဘူး၊ ဟုတ်တယ် မဟုတ်လား "

ဝါဝါက မဖြေ။ မျက်နှာလေးက သိသိသာသာ ညှိုးကျသွား၏။

" ဖြေလေ ဝါဝါ "

" ဝါဝါ နေမကောင်းဘူးလို့ ကိုယ့်ကို ဘယ်သူပြောသလဲ "

" ဘယ်သူမှ ပြောဖို့မလိုပါဘူး ဝါဝါ၊ ဟိုတစ်ညနေက အဖြစ်ကို ဝါဝါ ဘာပြောချင်သလဲ၊ ဝါဝါက လမ်းလျှောက်တယ်လို့ ပြောတယ်၊ ဝါဝါ ရိုးရိုး လမ်းလျှောက်လာတာ မဟုတ်တာ ကိုယ် အစောကြီးတည်းက မြင်တယ်၊ ပြီးတော့ ဝါဝါ တစ်ချိန်က အင်မတန်ကြောက်တဲ့ သီလရှင်သင်္ချိုင်းဘက်ကို ဘာကြောင့်သွားသလဲ၊ ကိုယ်က ဝါဝါ့ကို လက်ဆွဲလိုက်တဲ့အခါမှာ ဘာကြောင့် သတိလစ်သွားရသလဲ "

ဝါဝါ၏ ခေါင်းလေးက ငုံ့ကျသွားသည်။

အတန်ကြာအောင် ခေါင်းငုံ့ထားပြီးမှ ဝါဝါက သူ့ကို မော့ကြည့်၏။

ဝါဝါ၏ မျက်လုံးများတွင် မျက်ရည်များ ပြည့်နေ၏။ အံလေးလည်း မသိမသာ ကြိတ်ထားု၏။

www.burmeseclassic.com

www.burmeseclassic.com

" ဝါဝါ့ကို ဒီကို ခေါ်လာတာ ဒါတွေ မေးချင်လို့လား "

သူက ခေါင်းညိတ်ပြ၏။

" ကိုယ်မမှတ်သေးဘူးလား "

" ဘာပြောတယ် ဝါဝါ "

ဝါဝါက နာကြည်းမှု ပေါ်လွင်သော အပြုံးလေးကို ပြုံး၏။

" တစ်ချိန်က ဝါဝါ့ကြောင့် ကိုယ် ဒုက္ခကောင်းကောင်း ရခဲ့ပြီးပြီ၊ ခုတစ်ခါထပ်ပြီး ကိုယ်ဒုက္ခမရှာနဲ့တော့ "

" ဝါဝါ ဘာတွေ ပြောနေတာလဲ "

" ဝါဝါပြောတာ ရှင်းပါတယ်၊ ကိုယ့်ကို ဝါဝါ ဒုက္ခမပေးချင်ဘူး၊ ကိုယ်လဲ ဒုက္ခထပ်မလိုချင်ပါနဲ့တော့၊ ဒီနေရာလေးဆီ ဝါဝါ လိုက်ခဲ့တာ အဲဒါ . . . အဲဒါ ပြောချင်လို့ပါ "

ဝါဝါက လက်လေးများကို သူ့လက်တွင်းမှ ရုန်းနုတ်လိုက်ပြီး နေရာမှလည်း ထလိုက်၏။

" အို . . . ဝါဝါ၊ နေဦးလေ "

ဝါဝါက ခေါင်းလေးခါ၏။

" ကိုယ် ဒီမှာပဲ နေရစ်ပါ၊ ဝါဝါ ထပ်စိတ်မဆင်းရဲပါရစေနဲ့၊ ဝါ . . . ဝါ . . . "

ဝါဝါ့အသံက တိမ်ဝင်သွားသည်။ သူဘာမျှ မလုပ်နိုင်မီ ဝါဝါက ချာကနဲလှည့်ကာ နေရာမှ ထွက်ပြေးသွားသည်။

သူက ကြောင်ကျန်ရစ်သည်။ ခဏကြာမှ မြေနိမ့်မှနေ ကမ်းပါးပေါ် တက်ရသည်။

မြေပြန့်ရှိ ကံ့ကော်ပင်လေးအောက် သူရောက်ချိန်၌ ဝါဝါက အတန် ဝေးဝေးရောက်သွားပြီ။ အပြေးလည်း မရပ်သေး။

သူ ဘာလုပ်ရမည်နည်း။ ဝါဝါ့နောက် ပြေးလိုက်ရမည်လော။

ကောလိပ်ဝင်းအတွင်း၌ ညနေခင်း လမ်းလျှောက်သူများ ရှိနေသည်။

ပြေးသော မိန်းမပျိုတစ်ယောက်နောက် မိမိကလည်း ပြေးလိုက်လျှင် မြင်သူတွေ ဘာထင်ကုန်ကြမည်နည်း။

သူ ချီတုံချတုံ ဖြစ်နေခိုက်မှာပင် နောက်မှ အသံထွက်ပေါ်လာ၏။

" ကိုယ့်လူ ဘာလုပ်နေတာလဲ "

သူက ထိတ်လန့်တကြား လှည့်ကြည့်လိုက်သောအခါ နှာခေါင်းကြီးကြီး၊ မျက်မှန်ကြီးကြီးနှင့် ဒေါက်တာကျော်ဖေ၏ သဏ္ဌာန်ကို မြင်ရ၏။

" ဟာ . . . ဆရာကလဲ လန့်လိုက်တာ "

ဒေါက်တာကျော်ဖေက တဟဲဟဲ ရယ်လျက် သူ့အနီးသို့ ချဉ်းကပ်လာ၏။

ဒေါက်တာမျိုးမွန်က အရှက်ပြေ မေး၏။

" ဆရာ လမ်းလျှောက်လာသလား "

" လမ်းလျှောက်လာပြီး ထိုင်တယ်၊ ပြီးတော့ မောင်ရင့်ဆီ လမ်းလျှောက်လာတယ် "

ဒေါက်တာမျိုးမွန်က မလုံမလဲဟန်ဖြင့် ဒေါက်တာကျော်ဖေကို ကြည့်မိသည်။

ဒေါက်တာကျော်ဖေက မလှမ်းမကမ်းရှိ ပုံပန်းကျနု လှပသော သစ်ပင်ကြီးတစ်ပင်ကို ညွှန်ပြသည်။

" အဲဒီသစ်ပင်ကို လိမ်ပင်လို့ ခေါ်တယ်၊ နာမည်တော့ မလှဘူး၊ အပင်ကတော့ အင်မတန်လှတယ်၊ ပတ်ဝန်းကျင်ကလဲ လှတော့ ဆေးတံခဲပြီး ထိုင်ဇိမ်ခံနေတာ၊ လိမ်ပင်အောက်က လာပေမယ့် ကိုယ် မလိမ်ဘူး၊ မောင်ရင်တို့ စုံတွဲကို မြင်တယ်၊ မကြည့်မိအောင် ကြိုးစားပေမယ့် မကြာခဏတော့ မျက်လုံးက မောင်ရင်တို့ဆီ ရောက်မိတယ်၊ ဆောရီးပဲ "

" အား . . . ကျွန်တော်တို့ စကားပြောကြတာပါ "

" မှန်ပါ့ဗျာ မှန်ပါ့၊ စကားပြောကြတာပါ၊ ကိုယ်မြင်ပါတယ်၊ ဟတ် . . . ဟတ် . . . အဟဲ "

ချော်လဲရောထိုင်လုပ်ပြီး ဒေါက်တာမျိုးမွန်လည်း ရယ်၏။

" ဒီကောလိပ်က ဆရာမလား၊ ချောတော့ အတော်ချောတယ် မောင်ရင် "

" ဆရာမ မဟုတ်ပါဘူး၊ ကျွန်တော့် ဟိုဒင်း . . . သူငယ်ချင်းဟောင်းပါ "

" မောင်ရင် သူငယ်ချင်းဟောင်းလို့ လောကမှာ မရှိဘူး၊ သူငယ်ချင်း တစ်ခါဖြစ်မိရင် ဘယ်တော့မှ မဟောင်းဘူး၊ အဲ . . . ချစ်သူဟောင်း ဆိုတာတော့ လောကမှာ ရှိတယ် "

ဒေါက်တာမျိုးမွန်က ရယ်လျက် အရှုံးပေးသည်။

" ဟုတ်ပါတယ် ကျွန်တော့် ချစ်သူဟောင်းပါ "

www.burmeseclassic.com

" ဝန်ခံရင် တော်ပါပြီ၊ ကိုယ် ဘာမှ ဆက်မသိချင်တော့ပါဘူး၊ ကိုယ့်လူ အခု ဘာလုပ်မလဲ၊ မိန်းကလေးနောက် လိုက်မလို့လား "

ဒေါက်တာမျိုးမွန်က ဝမ်းနည်းစွာ ခေါင်းခါပြ၏။

" လိုက်ဖို့ မလိုတော့ပါဘူး ဆရာ "

" မှန်တယ်၊ ပြေးသူနောက် လိုက်ရာမှာ အကယ်၍ ပြေးသူသည် မိန်းကလေးဖြစ်အံ့၊ မောင်ရင် အရိပ်နောက်ကို လိုက်သလိုပဲ ဖြစ်မှာပဲ "

ဒေါက်တာမျိုးမွန်က ကြေကွဲစွာ ပြုံး၏။

" ဝါဝါဟာ အရိပ်နဲ့တူသော မိန်းကလေး မဟုတ်ပါဘူး ဆရာ၊ အရိပ်နောက်ကိုလဲ ကျွန်တော် လိုက်ဖို့ မလိုပါဘူး၊ အကြောင်းကတော့ ကျွန်တော့်ရင်ထဲမှာ သူ့အရိပ်က အမြဲရှိနေတယ် "

" အာ . . . အဲဒါ ဒုက္ခ "

" ဟုတ်ပါတယ် ဆရာ၊ အဲဒါ ဒုက္ခပါ "

ဒေါက်တာကျော်ဖေနှင့်အတူ ဒေါက်တာမျိုးမွန်က ကောလိပ် ဧည့်ဂေဟာဘက်သို့ ပြန်လျှောက်လာခဲ့သည်။

နေဝင်ချိန်ကျခါမှ တိမ်တို့က ညို့တက်လာပြီး မိုးကောင်းကင်က မည်းမှောင်လာသည်။

စောစောက ရင်ထဲတွင် အရိပ်ရှိသည်ဟု ဒေါက်တာကျော်ဖေကို မိမိ ဝန်ခံခဲ့သည်။ မှန်သည်။ မိမိရင်တွင်းမှာ ဝါဝါ့အရိပ် အမြဲရှိခဲ့သည်။

ဩော် . . . သည်တစ်ကြိမ် မော်လမြိုင်မှ ပြန်လျှင် ရင်တွင်းမှာ အရိပ်မက။ မိုးမှောင်မှောင် မည်းလေရော့မည်။

* * *

**အခန်း ( ၄ )**

မောင်နှင့် နောက်ဆုံးတွေ့လိုက်ရသော ညနေက မိုးမမှောင်ပါ။ ယခုညနေတွင်တော့ မိုးမှောင်နေသည်။

ဩော် . . . ရင်တွင်းမိုးက ပိုမှောင်လှပါကလား။

ဝါဝါသည် ရင်တွင်း၌ အားငယ်ညှိုးနွမ်းသော ဝေဒနာကို ခံစားလျက်နှင့် ပတ်ဝန်းကျင်ကို ကြည့်သည်။

မိမိတို့အိမ်ကြီးက ကြီး၍ မြင့်သည်။ ခြံကြီးကလည်း ကျယ်သည်။ မိမိထိုင်နေရာအထက်၌ မိုးထားသော မင်းကွတ်ပင် ကပင် အရွက် ထူထပ်သိပ်သည်းပြီး ထုထည်ကြီးသည်။ မိမိတစ်ယောက်ကသာ သေးငယ်နေသည်။

လောကကြီးဆိုသည် မည်မျှ ကြီးကျယ်သနည်း။

မိမိ မတွေးလိုပါ။ ဤခြံကြီးနှင့် ဤအိမ်ကြီးတို့ကပင် ကြီးလွန်းလှပြီ။ မိမိကိုယ်ကို သေးငယ်သည်ဟူသော အသိကြောင့် စိတ်အားက ငယ်သည်။ စိတ်အားငယ်သောကြောင့် မိမိကိုယ်ကလည်း ပိုငယ်သည် ထင်သည်။

တစ်နေ့က ကံ့ကော်ပင်အောက်၌ ရှိစဉ်ကမူ ဤအားငယ်စိတ်တို့ ခေတ္တပျောက်ကွယ်နေခဲ့သည်။ အဲသည်တုန်းကတော့ မောင်ရှိသည်ကိုး . . . ။

ဝါဝါက ဝမ်းနည်းပမ်းနည်း ခေါင်းလေးခါသည်။

မောင် . . . မဟုတ်ပါ။ မောင် မဟုတ်တော့ပါ . . . ။ ဟိုး . . . တစ်ညနေက သတိလွတ်၍ မိမိက မောင် . . . ဟုခေါ်မိသည်။ သူက တည်တည်ကြီးဖြင့် ကိုမျိုးပါ ဟုဆိုခဲ့သည်။

မောင့်ကို အပြစ်မတင်လိုပါ။ အားလုံးက မိမိအပြစ်ပါ။ မိမိအပြစ်ကို မိမိသာ ခံမည်။ မိမိဘဝတွင်လည်း မောင် မလာပါနှင့်တော့။ မိမိဘဝက မောင်နှင့် မတန်တော့ပြီ။

ဝါဝါက နာကြည်းစွာ ပြုံးသည်။

ဩော် . . . မိမိဘဝဆိုသည်မှာလည်း အဘယ်ကို ယခုခေါ်ရပါတော့မည်နည်း . . . ။ အားငယ်ငယ်နှင့် တစ်ကိုယ်တည်း ရှိနေရသော ယခုအဖြစ်လော . . . ။

သို့မဟုတ် မင်းရဲသီဟနှင့် ရှင်ထွေး၏ လောကလော . . . ။

တွေးလျက်နှင့်ပင် ဝါဝါသည် ငိုင်ငိုင်လေး ဖြစ်သွား၏။

မင်းရဲသီဟနှင့် ရှင်ထွေးတို့ တကယ်ရှိပါ၏လော . . . ။ မိမိအတွက်တော့ သူတို့ တကယ်ရှိသည်။ သူတို့ကို မိမိ မြင်တွေ့ရသည်။ သူတို့ ပြောသောစကားများကို မိမိ ကြားရသည်။ သူတို့၏ ခံစားမှုများကိုပင် မိမိ နားလည် ကိုယ်ချင်းစာ

www.burmeseclassic.com

www.burmeseclassic.com

ခံစားရသည်။ သြော် . . . သူတို့၏ လျှို့ဝှက်သည့် နှလုံးသားဇာတ်လမ်းလေးများကိုပင် မိမိ သိတန်သမျှ သိနေပြီ။

မင်းရဲသီဟနှင့် ရှင်ထွေးတို့၏လောကတွင် ဘေးမှ ပွဲကြည့်သူအဖြစ် မိမိ ရှိစဉ်တွင်ကား မိမိ၌ အားငယ်ညှိုးနွမ်းစိတ်တွေ မရှိတော့။ မိမိက ပွဲကြည့်သူပါ။ လှုပ်ရှားကြ၊ ခံစားကြသူတွေက . . . သူတို့တွေ။ မင်းရဲသီဟနှင့် ရှင်ထွေးတို့တွေ။ ပွဲကြည့် ပရိသတ်တစ်ဦးအနေနှင့်တော့ ခံစားမှုရှိသည်။ သို့ရာတွင် ခံစားမှုက အငှားခံစားမှု၊ ကိုယ်နှင့်မဆိုင်လှ။ ကိုယ်က ဘာမျှတော့ ရှုံးမှုမြတ်မှု မရှိလိုက်။ သြော် . . . စိတ်ဝင်စားဖွယ် ရှိရသေးသည်။

ခဏမှာပင် ဝါဝါသည် ထိတ်လန့်တုန်လှုပ်သွားသည်။

နှစ်ဘဝ၊ နှစ်လောကက ရှိနေသော မိမိသည် ယခင်က ဝါဝါ မဟုတ်တော့။ မောင် . . . သို့မဟုတ် ကိုမျိုးနှင့် တန်သော ဝါဝါ မဟုတ်တော့။ မိမိသည် . . . ။

ဝါဝါသည် မျက်နှာလေးကို လက်ဝါးလေးများနှင့်အုပ်လျက် ရှိုက်ငိုမိသည်။

ငိုမိသည်မှာ ခဏ . . . ။ အသံက လာသည်။ မိမိ ကောင်းစွာမှတ်မိသော အသံက လာသည်။

ပထမမူ တိုးတိုးသဲ့သဲ့ . . . ။ နောက် . . . တဝီးဝီးနှင့် စူးရှလာသည်။ ကျယ်လည်း ကျယ်လာသည်။ နီးလည်း နီးလာသည်။

ဝါဝါက နေရာမှ ရုတ်တရက် ထလိုက်ပြီး ကောင်းကင်ဆီ ကြည့်သည်။

ကောင်းကင်၌ တိမ်လိပ်တို့ တရိပ်ရိပ်တက်လာသည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း ညိုမှိုင်းမှိုင်း ဖြစ်နေသည်။

အသံက ပိုပြင်းထန်လာသည်။ ပြင်းထန်သောအသံက ကောင်းကင်နှင့် လေထုတွင်းမှလာသည်။

ဝါဝါ ကောင်းစွာ မှတ်မိသည်။ မုန်တိုင်းမကျမီ တိုက်လာသော လေသံ။

ဝါဝါ ထိုင်နေရာနှင့် အိမ်က အတန်လေး ဝေးသည်။

ဝါဝါက ထိတ်လန့်စွာ တစ်ချက်အော်လိုက်ပြီး အိမ်ဆီသို့ ပြေးသည်။

" အမလေး "

တစ်စုံတစ်ယောက်က ဆီးပွေ့ဖမ်းယူလိုက်သဖြင့် ဝါဝါ လန့်ဖျတ် အော်မိခြင်းဖြစ်သည်။

" သမီး ဝါဝါ ဘာဖြစ်လာပြန်ပြီလဲ "

ဦးတိတ်ကြည်က ဝါဝါ့ကို ထိန်းထားရင်းက အေးချမ်းစွာ မေးသည်။

" ဟိုဒင်း . . . ဟို . . . ဟိုအသံကြီး "

" သြော် . . . မုန်တိုင်းကျသံလား "

" ဟုတ် . . . ဟုတ်တယ် "

ဦးတိတ်ကြည်က ကောင်းကင်ကို မော့ကြည့်ပြီး အသာအယာ ရယ်၏။

" ကောင်းကင်မှာ တိမ်တွေရှိပေမယ့် မုန်တိုင်းအရိပ်အယောင် ဘာမှ မရှိပါဘူးကွယ်၊ ပြီးတော့ ဦးလေးတော့ ဘာသံမှ မကြားရပါလား "

အိမ်နောက်ပိုင်းဘက်မှ မမြမေလည်း ထွက်လာသည်။

" ဝါဝါ ဘာဖြစ်သလဲ အစ်ကိုကြီး "

ဦးတိတ်ကြည်က မဖြေဘဲ သက်ပြင်းချပြီး မေး၏။

" မြမေ နင်ဘာကြားလဲ "

" ရှင် . . . "

" နင် ဘာကြားလဲလို့ ငါမေးနေတယ် "

" ကျွန်မ ဘာကြားလဲ၊ ဟင့်အင်း . . . ကျွန်မ ဘာမှမကြားဘူး "

မမြမေက ဦးတိတ်ကြည်ကို တစ်လှည့်၊ ဝါဝါ့ကို တစ်လှည့် ကြည့်ပြီးဖြေသည်။

ဦးတိတ်ကြည်က ဝါဝါ့မျက်နှာလေးကို ကြည့်သည်။ ဦးတိတ်ကြည်၏ မျက်လုံးများက နူးညံ့ပျော့ပျောင်း၍ ကြင်နာရိပ်များ ပြနေ၏။

" နေမကောင်းတဲ့အခါမှာ ဒီလိုပေါ့ သမီးရယ်၊ ဘာမှ ကြောက်လန့်မနေနဲ့နော်၊ မြမေ ဝါဝါ့ကို အိမ်ထဲခေါ်သွား "

ဝါဝါက မမြမေကို ကြောင်ကြောင်လေး ငေးကြည့်နေသည်။ မမြမေက လက်မောင်းလေးကို တယုတယ ဆွဲပြီး ခေါ်သောအခါ ဝါဝါသည် ငြိမ်ငြိမ်ကလေး လိုက်ပါလာခဲ့၏။ မမြမေက ဝါဝါ့ကို အိပ်ခန်းတွင်းရှိ ခုတင်ပေါ်တွင် လှဲအိပ်စေ၏။

အိပ်ခန်း ပြတင်းများက ပွင့်နေသည်။

အပြင်ဘက်ဆီမှ အသံကြီးကိုမူ မကြားရတော့။

www.burmeseclassic.com

www.burmeseclassic.com

" ဒေါ်မြမေ၊ တံခါး . . . တံခါးတွေ ပိတ် . . . ပိတ် . . . ပိတ်ပေးပါ "

မမြမေက နားလည် စာနာဟန်ပြ၍ ခေါင်းညိတ်ပြပြီး ပြတင်တံခါးများကို ပိတ်ပေး၏။

မမြမေသည် ဝါဝါ့ထံ ချဉ်းကပ်လာပြီး ဝါဝါ၏ရင်ကို စမ်းကြည့်သည်။ ဝါဝါ၏ ရင်တို့ တဒိတ်ဒိတ် ခုန်နေသည်။

" ဝါဝါ သိပ်ကြောက်နေသလား "

ဝါဝါက ခေါင်းညိတ်ပြ၏။

" ဝါဝါ ဘာကို ကြောက်တာလဲ "

ဝါဝါက အံလေးကြိတ်ပြီး မမြမေကို ကြည့်သည်။

မိမိ မဖြေလို။ ဖြေသည်ကိုလည်း သူတို့မယုံ။

ဝါဝါသည် ခေါင်းအုံးပေါ် မျက်နှာမှောက်၍ ငိုသည်။ အခန်းထွက်းမှ မမြမေထွက်သွားသံကို ဝါဝါ ကြားသည်။

စိတ်ပျက်ဝမ်းနည်းနေရာမှ ဝါဝါသည် ထိတ်လန့်ပြန်သည်။

ခေါင်းအုံးမှ မျက်နှာခွာပြီး ခေါင်းလေးကို မော့၊ လည်တိုင်လေးကို ဆန့်ပြီး၊ ဝါဝါက နားစွင့်ထောင်သည်။ အသံကို ပြန်ကြားရ၏။

တံခါးပိတ်လျက် ရှိသည့်ကြားမှ ဤအသံကို မိမိကြားသည်။ သူတို့ကမူ မကြားဘူးဆို၏။

ဝါဝါ၏ နားတွင်း၌ တဝီဝီအသံကို ကြားနေရစဉ်တွင် ခေါင်းမှာလည်း မူးဝေဝေ ဖြစ်နေ၏။

ထိုစဉ်တွင် ပြတင်းတံခါးတစ်ချပ်က ရုတ်တရက် ပြန်ပွင့်သည်။ ပြင်းထန်သော လေကျသံက တိုးဝင်လာသည်။

ခုတင်ထက်မှ ဝါဝါက ခုန်ဆင်းလိုက်သည့် ခဏမှာပင် တံခါးဝ၌ မမြမေပေါ်လာသည်။

မမြမေ၏လက်တွင်း၌ လှပသော ဗန်းကလေးတစ်ချပ် ကိုင်ထား၏။

မမြမေက ပွင့်နေသော တံခါးဆီ လှမ်းကြည့်လိုက်ပြီး အသာအယာ ဆို၏။

" ဩော် . . . တံခါးက ပြန်ပွင့်သွားတာကိုး၊ ကိစ္စမရှိပါဘူး၊ ဝါဝါ စိတ်ငြိမ်ဆေး သောက်လိုက်နော် "

ဗန်းတွင်းရှိ ပန်းကန်ပြားလေးတစ်ချပ်ပေါ်၌ အဖြူရောင် ဆေးပြားလေးပြားပါသည်။ ဗန်းတွင်းဝယ် ရေတစ်ဖန်ခွက်လည်း ပါလာသေး၏။

ဝါဝါက ဆေးပြားလေးများကို ယူ၍ ရေနှင့် သောက်ချသည်။

မမြမေက ဗန်းလေးကို စားပွဲပေါ်၌ တင်ထားလိုက်ပြီး ခုတင်ဆီပြန်လာ၍ ဝါဝါ့ကို လှဲအိပ်စေသည်။

" အိပ်ပျော်အောင် အိပ်လိုက်ပါ ဝါဝါ၊ ဘာတွေမှ စိတ်မကူးနဲ့၊ ဩော် . . . မင်းရဲသီဟတို့၊ ရှင်ထွေးတို့အကြောင်းလဲ လျှောက်တွေးမနေနဲ့နော် "

မင်းရဲသီဟနှင့် ရှင်ထွေး၊ ဝါဝါက မမြမေ၏ လက်ကို အသာကိုင်မိသည်။

" သူ . . . သူတို့ကို ဒေါ်မြမေ၊ မ . . . မမြင်ဘူးနော် "

မမြမေက မဖြေ။ ဝါဝါ့ကိုသာ ပြုံးပြုံးလေး ကြည့်နေသည်။

" ဝါဝါ လျှောက်တဲ့နောက်က ဒေါ်မြမေ ပါလာတာပဲ၊ ဒေါ်မြမေ မမြင်ဘူးလား "

" အဲဒါ ဝါဝါ ပြောလို့ ကျွန်မ သိရတာလေ၊ မြင်တော့ မမြင်ဘူး၊ ဒါပေမယ့် . . . "

ဝါဝါက ဒေါ်မြမေကို မျှော်လင့်တကြီးနှင့် ကြည့်သည်။

" ဒါပေမယ့် ဇာတ်လမ်းလေးက စိတ်ဝင်စားဖို့ ကောင်းတယ်၊ ဝါဝါ အိပ်မက် မက်တာတော့ မဟုတ်ပါဘူးနော် "

" ဝါဝါ အိပ်မက် မက်တာ မဟုတ်ပါဘူး၊ သူတို့ကို တကယ်မြင်တာ၊ အို . . . ဝါဝါ ပြောတာ ဘယ်သူမှ ယုံကြမှာ မဟုတ်ပါဘူး "

မမြမေက ဝါဝါ၏ လက်ကလေးတစ်ဘက်ကို ယုယစွာ ကိုင်သည်။

" ကျွန်မတော့ ယုံပါတယ် ဝါဝါ "

" ဒေါ်မြမေ တကယ် ယုံတယ် "

" ဝါဝါ လိမ်ပြောနေတာ မဟုတ်ဘူးဆိုတာ ကျွန်မ ယုံပါတယ်၊ ဒါပေမယ့် ဒါတွေကို မေ့ပစ်လိုက်ပါ ဝါဝါ၊ ပြီးတော့ ဒီအကြောင်းတွေ ဝါဝါနဲ့ ပြောတာကို ကိုကြီးကလဲ မကြိုက်ဘူး၊ မမပွင့်ကလဲ မကြိုက်ဘူး "

" ဒေါ်မြမေ ပြောသလို သူတို့ဟာ ဥစ္စာစောင့်တွေ ဘာတွေများလား၊ ဥစ္စာစောင့်တွေက ဘာလို့ ဝါဝါ့ကို လာလာ ပြ . . . ပြ . . . ရသလဲ "

မမြမေက ဝါဝါ၏ ပါးစပ်လေးကို လက်ဖဝါးတစ်ဖက်နှင့် ပိတ်ပြီး အခန်းဝဆီသို့လည်း လှည့်ကြည့်သည်။

" တိုးတိုး ဝါဝါ၊ ကျွန်မ ပြောမိတာ အစ်ကိုကြီးတို့ သိသွားရင် ဒီအိမ်ပေါ်က ကျွန်မ ခေါင်းနဲ့ ခြေ ဆင်းရလိမ့်မယ် "

www.burmeseclassic.com

www.burmeseclassic.com

ပြတင်းမှ လေက အေးမြမြလေး ဝင်လာနေသည်။ စောစောက အသံကို မကြားရတော့ကြောင်း ဝါဝါ သတိပြုမိ၏။

မမြမေက ချည်စောင်ပါးပါး တစ်ထည်ကို ဝါဝါ့ကိုယ်ပေါ် လွှမ်းပေး၏။

" အိပ်လိုက်ပါ ဝါဝါ၊ မအိမ်ချင်လဲ မှိန်းပြီး နားလိုက်၊ ကျွန်မ ဟောဟိုမှာ ထိုင်ပြီး စောင့်နေပါ့မယ်၊ ဘာမှ မကြောက်နဲ့နော် "

မမြမေ အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် သွားထိုင်သည်။

ဝါဝါက မျက်လုံးလေးများ ဖွင့်လျက် ခြင်ထောင်ခေါင်မိုးကို ကြည့်နေသည်။

ဘာမှမကြောက်နှင့် ဟူသော မမြမေ၏ နောက်ဆုံးစကားက နားတွင် ကျန်နေသည်။

ဘာကို ကြောက်ရမည်နည်း။ ဝါဝါသည် ရင်၌ ဘာကြောက်စိတ်မှ မရှိတော့သည်ကို သတိပြုမိသည်။ ကြောက်မိသော စောစောက အသံကြီးလည်း မရှိတော့။

ဝါဝါ၏ စိတ်တွေမှာ လွတ်လပ်ပေါ့ပါးလာသည်။ မြင်တွေ့သမျှ အားလုံးကလည်း ကြည်လင်နေသည်။ ခြင်ထောင် ခေါင်မိုးဖြူဖြူသည်ပင် ကြည်လင်လာသည်။

ဩော် . . . ကြည်လင်သော မိုးကောင်းကင်။ တိမ်ဖြူဖြူတို့မှု ရှိနေသည်။ တိမ်ဖြူဖြူတို့သည် ပါးပါးလွှာလွှာ ပေါ့ပါ့ ပါးပါးနှင့် အပြာရောင်လွင်သော ကောင်းကင်ကြည်ကြည်မှာ ရွေ့ရွေ့လေး လွင့်နေကြသည်။

ဝါဝါက မမြမေ ထိုင်ရာဘက်သို့ ကြည့်သည်။

မမြမေလည်း မရှိပြီ။ ကုလားထိုင်လည်း မရှိပြီ။ ဩော် . . . အခန်းလည်း မရှိပြီ။

မြက်ခင်းလေးက စိမ်းနုနေသည်။ တိတ်သွားပြီဖြစ်သော မိုး၏ မိုးရေစက်များက မြက်ခင်းပေါ်တွင် ကျန်ရစ်နေဟန် တူသည်။ နေရောင်တွင် မိုးရေစက်များက တလဲ့လဲ့ လက်နေသည်။ စိမ်းသော မြက်ခင်းပေါ်တွင် နေရောင်မှ ရွှေရည်သည် သီးသန့် တစ်ထပ်ပြေးနေ၏။

ဝါဝါ၏ ရင်တွင်း ကျေနပ်မှုလေးက သိမ်မွေ့စွာ ဝင်လာ၏။

အကူးအပြောင်းက ဤကဲ့သို့ပင် မြန်သည်။ သည်မှာဘက်နှင့် ဟိုမှာဘက်ကို ခြားဆီးထားမှု ဘယ်အချိန်က ပျောက်သွားသည်ကို ဘယ်တုန်းကမှ မသိလိုက်ရ။

ဝါဝါက လဲလျောင်းနေရာမှ ထသည်။ မိမိလဲလျောင်းရာမှာလည်း ကုတင် မဟုတ်တော့။ ဘဲစာမြက် စိမ်းစိမ်းထူထူတို့ လွှမ်းအပ်သော မြေပြင်သာ ဖြစ်၏။

ဝါဝါ ထမိသည်မှာ အချိန်မီ ဖြစ်၏။ အကြောင်းမှာ မြင်းခွာသံသဲ့သဲ့သည် ချူသံလေးများနှင့်အတူ ပေါ်လာသောကြောင့် ဖြစ်သည်။ ဝါဝါ ရပ်နေရာအနီးတွင် မြမြမှောင်အောင် စိမ်းသော အရွက်များနှင့် အုပ်ကောင်းလှသော ကျွဲတည်းပင်ကြီး တစ်ပင်ရှိသည်။

ဝါဝါက ကျွဲတည်းပင်ကြီး၏ ပင်စည်တွင် ကပ်ကွယ်ပြီး အသံလာရာဘက်သို့ ကြည့်သည်။ မြက်ခင်းပြင်သည် စမ်းချောင်းလေးတစ်ခု၏ ကမ်းပါးတွင် ရှိသည်။ စမ်းချောင်းက အရှေ့ဘက်ဆီသို့ စီးဆင်းနေသည်။

စမ်းချောင်း၏ တဖက်ကမ်းတွင် မြင်းစီးသမားတစ်ဦး ပေါ်လာ၏။

မြင်းစီးသမားမှ အသက်လေးဆယ်ကျော်ခန့် ရှိပြီ။ ဦးခေါင်းတွင် ပန်းနုရောင် ပုဝါစည်းထားသည်။ ဆံပင်တို့က နက်မှောင်ပြီး အုပ်ကောင်းသည်။ သျှောင်ကို ခေါင်းထက်တွင် ခပ်စောင်းစောင်း ထုံးထား၏။ မျက်နှာက အနည်းငယ် ပြားသကဲ့သို့ နှာခေါင်းကလည်း ပြားသည်။ မျက်လုံးများက ကျဉ်းသည်။

" ဗိုလ်ရက္ခ "

ဝါဝါက တိုးတိုးရွတ်သည်။ တပြိုင်နက်မှာပင် မိမိအပါးမှ လှုပ်ရှားသံကို ဝါဝါ ကြားရ၏။ အသက်သုံးဆယ်ခန့် မိန်းမတစ်ဦးက ဝါဝါ့ကို စိုက်ကြည့်နေသည်။ မြသီတာ . . . ။

ဝါဝါ မတုန်လှုပ်။ မြသီတာကို မိမိသိသည်မှာ ကြာပြီ။ အမှန်တော့လည်း သည်ဘက်လောကဆီ၌ မိမိ စတွေ့သူမှာ မြသီတာပင်ဖြစ်သည်။ သည်ဘက်လောကဆီ ရောက်တိုင်း မြသီတာကို တွေ့ရမြဲဖြစ်သည်။

မြသီတာက မသိမသာ ခေါင်းညိတ်ပြပြီး မြင်းစီးသမားထံ လှမ်းကြည့်သည်။

မြင်းစီးသမားက စမ်းချောင်းကို ကူးလိုက်ပြီး မြင်းပေါ်မှ ဆင်းကာ မြင်း၏ တင်ပါးကို အသာပုတ်၍ လွှတ်လိုက်သည်။ မြင်းက ဖြည်းညင်းအေးဆေးစွာဖြင့် မြက် စစားသည်။

မြသီတာက ကျွဲတည်းပင်ကြီးအောက်မှ ထွက်လိုက်သဖြင့် ဝါဝါလည်း လိုက်လာခဲ့သည်။ မြင်းစီးသမားက မြက်ခင်း ပေါ်တွင် ထိုက်လိုက်ပြီး ဦးခေါင်းငဲ့ လှည့်ကြည့်၍ နှုတ်ဆက်သည်။

" ကြာပြီလား ရောက်တာ "

www.burmeseclassic.com

www.burmeseclassic.com

သူက မြသီတာကိုသာ စကားပြောသည်။ ဝါဝါ့ကိုမူ မြင်ဟန်မတူ။

မြသီတာက မဖြေဘဲ သူ့အနီးတွင် ဝင်ထိုင်၏။ ဝါဝါလည်း မြသီတာ အနီး၌ပင် ထိုင်လိုက်၏။

" ကိုရက္ခတို့ ဘယ်တုန်းက ပြန်ရောက်လဲ "

" မနေ့ညက "

" ဟံသာဝတီ နေပြည်တော်က အခြေအနေတွေ ဘယ်လိုလဲ "

" ငြိမ်းငြိမ်းချမ်းချမ်းပဲ "

" တကယ် . . . "

" ငါးဆူဒါယကာ မင်းတရားရဲ့ ဘုန်းတေဇာဟာ ခမည်းတော် ဆင်ဖြူများရှင်ရဲ့ ဘုန်းတေဇာလိုပဲ ကြီးမားပါတယ် မြသီတာ "

" ဒါကို ကျွန်မ သိပါတယ်၊ ဒါပေမယ့် ယိုးဒယားမှာ အခင်းမလှခဲ့တဲ့ ကိစ္စ "

" အို့ဟို . . . စစ်ပွဲမှာ အိမ်ရှေ့တော်ဘုရား ကျလို့ ခဏ တပ်ဆုတ်ခဲ့ရတာကို အရေးမချဲ့ပါနဲ့၊ ယိုးဒယားသားတွေဟာ ကျုပ်တို့ တောင်ငူတပ်တော်နောက် လိုက်ဝံ့လို့လား "

" ကျွန်မ မေးတာက နေပြည်တော်ရဲ့ အခြေအနေပါ "

" ငြိမ်းငြိမ်းချမ်းချမ်းပဲလို့ ကျုပ်ဖြေတယ် မဟုတ်လား "

မြသီတာက ဗိုလ်ရက္ခ၏ မျက်နှာကို စေ့စေ့ကြည့်သည်။

" ဒါပေမယ့် ရှင့်မျက်နှာက ရွှင်ရွှင်ပျပျ မရှိဘူး "

ဗိုလ်ရက္ခ ခေတ္တ ငြိမ်နေ၏။

" ကျုပ်မျက်နှာ မရွှင်ပျတာက မင်းရဲသီဟနဲ့ ရှင်ထွေးကြောင့် "

" ဘာဖြစ်လို့လဲ "

ဗိုလ်ရက္ခက မဖြေ။ အတန်ကြာ ငြိမ်နေသောကြောင့် . . .

" ဘာဖြစ်လို့လဲ "

" ရှင်တို့တပ်တော် နေပြည်တော် ပြန်ကြရတော့မလား၊ ဟုတ်လား "

" မပြန်ရပါဘူး၊ တပ်တော်ကို ထပ်တောင် အားဖြည့်ဦးမှာ "

" ထပ်အားဖြည့်ဦးမယ် . . . "

" ဟုတ်တယ် "

" ဘယ်လိုလဲ မင်းတရားကြီးကိုယ်တိုင် ထပ်ချီတော်မူမလို့လား "

" ကျုပ် ဘာမှ မပြောလိုဘူး၊ မင်းရေးရာနဲ့ စစ်ရေးရာကို မြသီတာ မမေးရင် ကောင်းမယ် "

မြသီတာ ခေတ္တ ငိုင်ငိုင်လေး ဖြစ်သွား၏။ ထို့နောက်မှ လေအေးအေးနှင့် ဆိုသည်။

" မင်းရေးရာနဲ့ စစ်ရေးရာကို ကျွန်မ မမေးဝံ့ပါဘူး၊ သိလဲ မသိလိုပါဘူး၊ ဒါပေမယ့် မင်းရဲသီဟနဲ့ ရှင်ထွေးတို့ ကိစ္စတော့ ကျွန်မ သိချင်တယ်၊ သိထိုက်တယ် "

" ဟုတ်တယ် မြသီတာ သိထိုက်တယ်၊ ကျုပ်လဲ ဒါပြောချင်လို့ "

ဗိုလ်ရက္ခက ပြောမည့်စကားများကို စဉ်းစားဟန်နှင့် ငြိမ်နေ၏။ မြသီတာက ဗိုလ်ရက္ခ၏ အမူအယာကို အကဲခတ်ဟန် ကြည့်နေသည်။

ဝါဝါကလည်း ဗိုလ်ရက္ခကို စူးစိုက်ကြည့်သည်။

ဗိုလ်ရက္ခကို ဤလောကဆီ၌ မိမိ တွေ့ဖူးသည်မှာ ကြာပြီ။ သူ့ကိုတော့ ဝါဝါ လေးလည်း လေးစားသည်။ ကြောက်လည်း ကြောက်သည်။ သူ့မျက်နှာထားက တည်သည်။ တစ်ခါတစ်ရံ တင်းသည်ဟုပင် ထင်သည်။ စကားသံက မာသည်။ တိုတိုပြတ်ပြတ်လည်း ပြောတတ်သည်။ မျက်လုံးများက စူးရှသည်။ မေးရိုးများကလည်း ခိုင်၏။ သူ့တစ်ကိုယ်လုံးသည် မာချောကသော ကြွက်သားများနှင့် ပြီးသည့်ဟန် တောင့်တောင့်တင်းတင်း ကျစ်ကျစ်လစ်လစ် ရှိသည်။

" မြသီတာကို ကျုပ်ပေးမယ်၊ ရှင်ထွေးဟာ မင်းရဲသီဟကို သံယောဇဉ်ရှိနေပြီ မဟုတ်လား "

" ဒီ မေးခွန်းကို မေးဖို့လိုသလား "

" လိုလို့ မေးတာ၊ မြသီတာတို့က မင်းရဲသီဟကို ဘယ်လိုထင်သလဲ "

" ဘယ်လိုထင်ရမလဲ၊ သူရဲကောင်း တပ်မှူးတစ်ယောက်လို့ပဲ ထင်တယ်၊ ဟံသာဝတီတပ်တော်ဆုတ်ခဲ့ရာမှာ နောက်တပ်ကို အုပ်စည်းမပျက် ကွပ်ကဲနိုင်တယ်၊ ယိုးဒယားသားတွေ နောက်က မလိုက်ဝံ့အောင် ဟန့်တားနိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့်လဲ တောင်ငူသခင်လေးက အလွန်အားကိုးတော်မူတယ်၊ ဟုတ်တယ် မဟုတ်လား ”

“ သခင်လေး မဟုတ်ဘူး၊ နတ်ရှင်ကိုယ်တော်လို့ ကျုပ်တို့ ခေါ်တယ် ”

“ ဟုတ်ကဲ့၊ နတ်ရှင်ကိုယ်တော်က မင်းရဲသီဟကို အားကိုးတော်မူတယ် မဟုတ်လား ”

“ ဟုတ်တယ်၊ မြသီတာ ဒါကို သိထားတော့ ကျုပ်ပြောဖို့ လွယ်ပြီ ”

ဗိုလ်ရက္ခသည် လေသံကို နှိမ့်ပြီး ဆက်ပြော၏။

“ မင်းတရား ရွှေထီးရော၊ ဟံသာဝတီ ဆင်ဖြူများရှင်ရော၊ တောင်ငူ ဘုမိနက်သန်ဖွားတွေဆိုတာ မမေ့ပါနဲ့၊ ကျုပ်တို့ တောင်ငူသားကို လက်ရှိမင်းတရားလဲ အားထားရတယ်၊ ခု အရေးတော်မှာ ကြည့်၊ အိမ်ရှေ့ အလောင်းတော်ကို သယ်ပြီး တပ်တော်တွေ ဆုတ်ရာမှာ နတ်ရှင်ကိုယ်တော်ရဲ့ တောင်ငူတပ်တော်ဟာ နောက်ခံတပ်အဖြစ် ရွေးတော်ယူခံရတယ်၊ ကျုပ်တို့ဝန် ကျုပ်တို့ကျေလို့ အခြေအနေတွေကို အုပ်စီးထားနိုင်တယ်၊ သံလွင်ကို မကူးဘဲ ကျုပ်တို့ ဒီနေရာမှာ စခန်းချနေတာဟာ ယိုးဒယားသားတွေကို တမင် စိန်ခေါ်ထားတာ၊ သင်းတို့ ကျုပ်တို့နားကို မချဉ်းရဲဘူး ”

“ အဲဒါကို ကျွန်မတို့ အားလုံး သိပါတယ် ”

“ မင်းတရားကြီး ကိုယ်တော်တိုင်လဲ သိတယ်၊ ဒါကြောင့်လဲ နတ်ရှင်ကိုယ်တော်နဲ့ တောင်ငူတပ်တော်ကို အထူး ချီးမြှောက်တော်မူတယ်၊ ခုဆိုရင် နေပြည်တော်တလွှားမှာ ကျုပ်တို့ကိုယ်တော်ရဲ့ ဘုန်းသတင်းဟာ ပျံ့မွှေးနေတယ် ”

“ အဲဒါနဲ့ မင်းရဲသီဟတို့၊ ရှင်ထွေးတို့ ကိစ္စနဲ့ ဘာဆိုင်သလဲ ”

“ ဆိုင်လို့ ကျုပ်ပြောနေတာ၊ နတ်ရှင်ကိုယ်တော်ဟာ အခု ဘုန်းသမ္ဘာတက်နေတယ်၊ ကျုပ်တို့ တောင်ငူ အစဉ်အလာက ဘုန်းကြီးတဲ့မင်းဟာ သူ့ရဲကောင်းကို မြှောက်စားတတ်တယ်၊ မင်းရဲသီဟဟာ နတ်ရှင်ကိုယ်တော် အယုံစားဆုံး၊ အားအထားရဆုံး တပ်မှူးဆိုတာ မမေ့ပါနဲ့ ”

“ အဲဒီလိုဆိုရင် မင်းရဲသီဟအတွက် ကျွန်မတို့ ဝမ်းသာရမှာပေါ့ ”

“ ဟုတ်တယ်၊ ရှင်ထွေးအတွက်တော့ မဟုတ်ဘူး ”

“ ရှင် . . . ”

“ မြသီတာ နားဝေးသေးတယ်၊ တောင်ငူအစဉ်အလာမှာ မင်းတရား ရွှေထီးဟာ ရှင်ရဲထွတ်ကို ဘုရင့်နောင်ဘွဲ့ ချီးမြှင့်တယ်၊ ဘုရင့်နောင်ရဲ့ ကြင်ယာတော် သခင်ကြီးဟာ ဘယ်သူ့ အစ်မတော်လဲ ”

“ မင်းတရား ရွှေထီးရဲ့ အစ်မတော်လေ ”

“ နတ်ရှင်ကိုယ်တော်က မင်းတရား ရွှေထီးရဲ့ထုံး နှလုံးမူပြီး မင်းရဲသီဟကို မြှောက်စားဖို့ အကြံတော်ရှိတယ်၊ မင်းရဲသီဟရဲ့ ဘွဲ့အမည် ရှေ့က မင်း . . . ဆိုတာကို သတိပြုပါ၊ ကျုပ် ဒါလောက်ပဲ ပြောချင်တယ် ”

ဗိုလ်ရက္ခ၏ စကားကို မြသီတာ နားလည် မလည်တော့ ဝဲဝဲမသိ။ မိမိမူ နားလည်သည်။ ရှင်ထွေးလေးအား သနားစိတ်တို့ ရင်ဝယ် ပေါ်လာ၏။

မြသီတာက အတန်ကြာ ငြိမ်နေပြီးမှ မေး၏။

“ မင်းရဲသီဟရဲ့ သဘောကကော ဘယ်လိုလဲ ”

“ မင်းရဲသီဟက ခေါင်းမာတတ်တယ်၊ နတ်ရှင်ကိုယ်တော်ရဲ့ ကျွန်ရင်းတစ်ယောက်ပီပီ စိတ်ကူးလဲ ယဉ်တတ်တယ်၊ ကျုပ် မစဉ်းစားတတ်ဘူး၊ စစ်မှာပျော်တဲ့ သူ့ရဲတွေ ဖြစ်ရက်နဲ့ ဘာကြောင့် ချစ်တဲ့ကိစ္စ လွမ်းတဲ့ကိစ္စတွေမှာ နှလုံးသား ပျော့ကြသလဲ မသိဘူး၊ ထားပါတော့ မင်းရဲသီဟဟာလဲ ရှင်ထွေးအပေါ်မှာ သံယောဇဉ် ကြီးနေပြီထင်တယ်၊ သူ ခေါင်းမာပြီး အရှင်သခင်ရဲ့ ဆန္ဒတော်ကို ဖီဆန်မယ်ဆိုရင် သူ့အတွက်လဲ မကောင်းဘူး၊ ရှင်ထွေးအတွက်လဲ မကောင်းဘူး ”

“ ရှင်ဆိုလိုတာက . . . မင်းရဲသီဟနဲ့ ရှင်ထွေးတို့ ရင်းနှီးမှုကို ရပ်တန်းက ရပ်စေချင်တယ်ပေါ့ ”

“ ဟုတ်တယ်၊ ကြက်ဥနှစ်ရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်သတဲ့၊ မင်းရေးရာထဲမှာ ရှင်ထွေး ပါမသွား စေချင်ဘူး၊ ကျုပ်တို့တပ်တော်ဟာ ရှင်ထွေးရဲ့ ခမည်းနဲ့ နယ်ခံလူတွေရဲ့ သစ္စာကို မမေ့ဘူး၊ ကျုပ်ဆိုရင် ရှင်ထွေး ခမည်းကို သွေးသောက်လိုပဲ သဘောထားတယ်၊ ရှင်ထွေးကိုလဲ ကျုပ်သမီးလေးလိုပဲ သဘောထားတယ်၊ ရှင်ထွေးလေး ဒုက္ခမရောက် စေလိုဘူး ”

“ ရှင်ထွေးမှာ အန္တရာယ် ရှိနိုင်လို့လား ”

“ မင်းရေးရာထဲ ဝင်မိရင် အန္တရာယ်ဆိုတာ ရှိနိုင်တာချည်းပဲ၊ အနည်းဆုံး စိတ်ဆင်းရဲရမယ်၊ ဥပမာ . . . အခု နေပြည်တော်မှာ ဗိုလ်မင်း တပ်မင်းတွေကို ချီးမြှောက်မှု ပြုနေတယ်၊ မင်းရဲသီဟကို ခုနေ ကေတုမတီကို ပြန်ဆင့်ခေါ်တယ် ဆိုပါတော့၊ နတ်ရှင်ကိုယ်တော်နဲ့ ခမည်းတော်ဘုရားက ဆန္ဒတော်ရှိရင်းအတိုင်း ချီးမြှောက်တယ် ဆိုပါတော့၊ ရှင်ထွေး ဘယ်လို ရှိရှာမလဲ ”

www.burmeseclassic.com

" ရှင်ပြောတော့ မင်းရဲသီဟဟာ ခေါင်းမာတယ်ဆို "

" သူ ဘယ်လောက် ခေါင်းမာဝံ့မလဲ၊ မင်းရဲသီဟ မပြောနဲ့၊ အမိန့်တော်ဆိုရင် နတ်ရွာစံ အိမ်ရှေ့ဘုရားတောင် လွန်ဆန်ဝံ့ရဲ့လား "

" ရှင်ပြောတာ ကျွန်မ နားမလည်ဘူး "

" နတ်ရွာစံ အိမ်ရှေ့ဘုရားဟာ ဓာတုကလျာ ထိပ်ထားအပေါ်မှာသာ မေတ္တာတော် ကိုင်းညွတ်ခဲ့တယ်၊ ဒါပေမယ့် ခမည်းတော်ရဲ့ ဆန္ဒတော်အတိုင်း အင်းဝ သတိုးမင်းစောရဲ့ သမီးတော်နဲ့ စုလျားရစ်ပတ် လက်ထပ်ခဲ့ရတယ်၊ အိမ်ရှေ့ဘုရားနဲ့ အိမ်ရှေ့ထိပ်ထားဟာ အဆင်တော် မပြေခဲ့ဘူး၊ ဒီကနေ မီးခိုးကြွက်လျှောက် ပျားတစ်စက်နှင့် ပြည်ပျက်ဆိုတာလို ဟံသာဝတီနဲ့ အင်းဝ စစ်ခင်းခဲ့ရတဲ့အဖြစ် ရောက်ခဲ့ရတယ်၊ ကျုပ် ဒါတွေ ပြန်မပြောချင်ပါဘူးလေ၊ မင်းရေးရာဟာ ရှုပ်ထွေးနက်နဲလှတယ်၊ ရှင်ထွေးဟာ ဒီအရေးအရာတွေနဲ့ ကင်းကင်းနေနိုင်ရင် ကောင်းမယ် "

" ရှင် ဒီကိစ္စကို ဘာလို့ ရှင်ထွေး ခမည်းကို မပြောလဲ "

" ယောကျ်ားချင်း မပြောအပ်တဲ့ ကိစ္စဖြစ်တယ်၊ မြသီတာဟာ ရှင်ထွေးရဲ့ မိထွေးတော်ဆိုတော့ ရှင်ထွေး အမေအရာပဲ၊ ကျုပ် မြသီတာကို အားကိုးပါတယ် "

ဗိုလ်ရက္ခက မြသီတာကို စူးစူးစိုက်စိုက် ကြည့်သည်။ သူ့မျက်လုံးများက ထူးထူးဆန်းဆန်း အရောင်လဲ့နေသည်။ တင်းသော သူ့မျက်နှာသည်ပင် ယခုအခိုက်အတန့်၌ သိသိသာသာ နူးညံ့သိမ်မွေ့နေ၏။

မြသီတာကလည်း သူ့ကို ပြန်ငေးကြည့်ရာမှ မျက်နှာလွှဲလိုက်ကာ မြေပြင်သို့ မျက်လွှာချကြည့်လျက် ငြိမ်နေသည်။ မြသီတာ၏ ပါးများတွင် သွေးရောင် လျှမ်းတက်နေသည်ကို ဝါဝါတွေ့ရသည်။ မြသီတာသည် မိန်းမချော ဖြစ်မှန်း ရှေးဦးစွာ အဖြစ် ဝါဝါ သတိပြုမိသည်။

ဗိုလ်ရက္ခက ငြိမ်နေသော မြသီတာ၏ လက်တစ်ဘက်ကို သူ့လက်များဖြင့် ဆုပ်ကိုင်လိုက်သည်။

" ကျုပ် စစ်ရေးရာနဲ့ မင်းရေးရာကို မပြောလိုဘူး၊ ဒါပေမယ့် ကျုပ် အခု ပြောသင့်သမျှ ပြောမိနေသလား မသိဘူး၊ အဲဒါ . . . မြသီတာကို ကျုပ် ယုံလို့ပဲ၊ ခုနင်က တပ်တော်တွေကို ထပ်အားဖြည့်မယ်လို့ ကျုပ် ပြောခဲ့မိတယ်၊ အရေးတော်ကြီး တစ်ခုကတော့ ပေါ်လာတော့မှာပဲ၊ ဒီအရေးတော်မှာ နတ်ရှင်ကိုယ်တော်နဲ့ တောင်ငူတပ်တော်ဟာ အဓိကရ ဖြစ်တယ်၊ တောင်ငူတပ်တော်ဟေ့ ဆိုရင် မင်းရဲသီဟနဲ့ ကျုပ်မပါရင် မဖြစ်ဘူး၊ မင်းရဲသီဟဟာ မိန်းကလေးတစ်ယောက်အတွက် ကတိမ်းကပါးဖြစ်သွားမှာ ကျုပ်စိုးရိမ်တယ်၊ သေမြေကြီး ရှင်ရွှေထီးလို့ ကျုပ်တို့ ပြောလေ့ရှိတယ်၊ အရေးတော်အောင်ရင် ကျုပ်လဲ ရွှေထီးဆောင်ရမှာပဲ၊ ကျုပ် ရွှေထီးဆောင်းတဲ့အခါ ကျုပ်အနားမှာ မြသီတာကိုပဲ ရှိစေချင်တယ်၊ ကျုပ် သွယ်သွယ်ဝိုက်ဝိုက် မပြောတတ်ဘူး၊ ကျုပ်စကား ရိုင်းနေမလား မသိဘူး၊ မြသီတာကို ကျုပ် မေတ္တာရှိတယ် "

ရှက်သွေးဖြန်းလျက်က မြသီတာ၏ မျက်နှာပေါ်တွင် ပြုံးရိပ်ပေါ်လာ၏။

" ကျွန်မကကော ရှင့်ကို ဘယ်လို ယုံရမှာလဲ "

" ကျုပ် ဘယ်တော့မှ လိမ်မပြောဘူး "

" ရှင့်စကားကို ကျွန်မ ယုံပါတယ်၊ ဒါပေမယ့် ရှင့်မှာကော ကေတုမတီမှာ မင်းရွှေးပေးမယ့် ကြင်ဘက်လောင်း မရှိဘူးလို့ ကျွန်မ ဘယ်လိုလုပ်သိမလဲ "

ဗိုလ်ရက္ခ ခေတ္တ ငိုင်သွား၏။ ထို့နောက်မှ အားရပါးရ ရယ်သည်။

" ကျုပ်နာမည်က ဗိုလ်ရက္ခ၊ မင်းရက္ခမဟုတ်ဘူး၊ ကျုပ်ဟာ နတ်ရှင်ကိုယ်တော်နား သီနိုင်သူ မဟုတ်ဘူး၊ ကျုပ်ရဲ့ အနီးဆုံး အရှင်သခင်ဟာ မင်းရဲသီဟပဲ၊ ဒါကြောင့်လဲ မင်းရဲသီဟ မင်းမျက်ကြောင့် အရာကျမှာ ကျုပ်စိုးရိမ်တယ်၊ နေဦး၊ ကျုပ် ကိုယ်ကျိုးအတွက်ချည်း ပြောနေတာ မဟုတ်ဘူး၊ ကျုပ် ခုနင်က ပြောသလို ရှင်ထွေးကို သမီးလေးလို ချစ်တယ်၊ မမီတဲ့ပန်းကို မလှမ်းနဲ့ ဆိုတဲ့ စကားရှိတယ်၊ မင်းရဲသီဟဟာ ရှင်ထွေးအတွက် မြင့်လွန်းတယ်၊ ကျုပ်ကတော့ မြသီတာအတွက် မမြင့်ပါဘူး "

မြသီတာက ဗိုလ်ရက္ခ ပြောပုံကို သဘောကျဟန်ဖြင့် ရယ်သည်။

" မြသီတာ ကျုပ်ပြောတဲ့စကားတွေရဲ့ အတိမ်အနက်ကို နားလည်ရဲ့လား "

မြသီတာ၏ မျက်နှာက ပြန်လည် တည်ကြည်သွားသည်။ ဗိုလ်ရက္ခ လက်များအတွင်းမှ မိမိ၏ လက်ကို အသာအယာ ရုန်းထုတ် ယူလိုက်ပြီး မြသီတာက ပြောသည်။

" ကျွန်မ နားလည်ပါတယ်၊ ရှင် မပြောခင်တည်းကလဲ ကျွန်မ တွေးမိပါတယ်၊ မင်းရဲသီဟဟာ ရှင်ထွေးအတွက် မြင့်လွန်းပါတယ်၊ မြင့်မှန်းသာ သိတယ်၊ ဘယ်လောက်မြင့်မှန်း အစက ကျွန်မ မသိဘူး၊ ရှင်ပြောတော့ အခု ကျွန်မ သိပြီ၊ ကျွန်မ တူမလေးကို ဒုက္ခမရောက်စေချင်ဘူး၊ အထူးသဖြင့် မင်းရေးမင်းရာကို ကျွန်မ ကြောက်တယ်၊ ရှင် မပြောပေမယ့်

www.burmeseclassic.com

အရေးတော်တွေ ရှုပ်နေတာ ကျွန်မ ရိပ်မိပါတယ်၊ ဒီအရှုပ်ထဲမှာ ကျွန်မ တူမလေး ပါမသွားစေချင်ဘူး၊ စိတ်ချပါ၊ ရှင်ထွေးကို ကျွန်မ တားပါ့မယ်၊ လိုအပ်ရင် ရှင်ထွေးခမည်း ကျွန်မ မောင်ကြီးကိုလဲ ကျွန်မ ပြောပါ့မယ်၊ ရှင့်စေတနာကိုလဲ ကျွန်မ နားလည်ပြီး ကျေးဇူးတင်ပါတယ် ”

မြသီတာက နေရာမှ ထသဖြင့် ဝါဝါလည်း လိုက်ထသည်။

ဗိုလ်ရက္ခကလည်း နေရာမှထကာ လှန်ထားသော မြင်းဆီ လျှောက်သွား၏။

“ ကျုပ် မြစ်ဆိပ်ဘက် သွားဦးမယ်၊ သွေးသောက် နေမျိုးဗလကို ပြောပါ၊ ညချမ်းမှာ ကျုပ်အိမ် ဝင်ခဲ့ဦးလို့ ”

ဗိုလ်ရက္ခက မြင်းပေါ်တက်၍ စိုင်းနှင် ထွက်ခွာသွားသည်။

မြသီတာက ဗိုလ်ရက္ခသွားရာသို့ မျက်စိတစ်ဆုံး ကြည့်လျက် နေရာတွင် ငြိမ်ရပ်နေသည်။ အတန်ကြာမှ စိတ်ကို ဆုံးဖြတ်ဟန်ဖြင့် သွက်လက်လျှပ်ရှားလာပြီး စမ်းချောင်းလေးကို ဖြတ်ကူးသည်။

ဝါဝါကလည်း မြသီတာနောက်မှ လိုက်ပြီး စမ်းချောင်းလေးကို ဖြတ်ကူးသည်။

မိမိ၏ ခြေထောက်လေးများကို ကြည်လင်သော စမ်းရေအတွင်း၌ ဝါဝါ မြင်ရသည်။ စမ်းရေသည် အေးမြနေပေမည်။ သို့ရာတွင် ဝါဝါ၌ ဘာခံစားမှုမျှမရှိ။ အေးသည်၊ နွေးသည်ကို အပထား။ ရေနှင့် ထိနေသည်ဟုပင် မသိ။ သြော် . . . မြေပေါ် ရပ်နေစဉ်ကလည်း မြေနှင့်ထိနေသည်ကို မခံစားရ။

ဆန်းတော့ ဆန်းသည်။ ဤလောကဘက်သို့ ရောက်လာလျှင် အမြင်၊ အကြား၊ အနံ့တို့ကို ခံစားမြဲ ခံစားရသည်။ ယခုပင်လျှင် နှာခေါင်းတွင်း၌ တောပန်းရနံ့တို့ သင်းကြိုင်နေသည်။ ကျေးငှက်လေးများ၏ အသံတို့ကိုလည်း ကြားနေရသည်။

ဖောဋ္ဌဗ္ဗာရုံဟုခေါ်သော ထိသိမှုသည်သာ မိမိ၌ မရှိ။ ထိသိမှု မရှိဘဲ လှုပ်ရှားသွားလာရသည်ကို အစကမူ မကြိုက်။ စိတ်မှာ တစ်မျိုးကြီး ခံစားရသည်။ ယခုတော့ ကျင့်သားရပြီ။ အလေးချိန်မရှိဘဲ ပေါ့ပေါ့ပါးပါး သွားနေရသည်ကို အံ့သြရင်းက နှစ်သက်သကဲ့သို့ ဖြစ်နေမိသည်။

ရှေ့မှ မြသီတာက သွက်သွက်လေး လျှောက်နေသည်။

မြေသည် အနောက်မှ အရှေ့သို့ ပြေပြေ နိမ့်လျှောဆင်းသွားသည်။ စမ်းချောင်းလေးကလည်း မြေကြောအတိုင်း လိုက်၍ စီးဆင်းနေသည်။

မြသီတာနှင့် ဝါဝါက စမ်းချောင်းလေးဘေးရှိ လူသွားလမ်းလေးအတိုင်း လျှောက်နေကြသည်။ လူသွားလမ်းမြေက ဝါသည်။ ဘေးတဖက်တချက် မြက်ခင်းများတွင် မြက်တို့ သီးနေကြသည်။ မြက်သီးအနှံတို့က တစ်တောင်ခန့် မြင့်နေသည်။ အဆက်မပြတ် ထူထူလေး ပေါက်နေကြသောကြောင့် မြက်သီးအနှံတို့သည် ညီညာသော တောလေးဖြစ်နေသည်။ အနှံထိပ်ရှိ မြက်သီးနှစ်ခွသည် စိမ်းဖြူဖြူ အရောင်လေးရှိသဖြင့် မြက်သီးတော တစ်ခွင်သည် အမြင်အေးပြီး လှပသစ်လွင်နေ၏။

မြသီတာက ဝါဝါ့ကို လှည့်မကြည့်။ စကားလည်း မပြော။

အမှန်တော့ ဤလောကရှိ လူများနှင့် မိမိ စကားပြော ဆက်သွယ်၍မရ။ မြသီတာမှတပါး အခြားသူများသည် မိမိကို မြင်ပုံမရ။ မြသီတာ တစ်ယောက်သာ မိမိကို မြင်ပုံရသည်။ တစ်ခါတွေ့လျှင် တစ်ကြိမ်တော့ အသိအမှတ်ပြုဟန် အမူအယာတစ်ခု ပြသည်။ ထို့နောက်တော့ မြသီတာသည် မိမိရှိနေသည်ကို လုံးဝ ဂရုမပြုတော့။ သူလုပ်ဖွယ်ရှိသည်ကို သူဆက်လုပ်သည်။ မိမိက တကောက်ကောက်လိုက်ပြီး ပွဲကြည့်ပရိသတ် လုပ်သည်။

မြေအနိမ့်ဆုံးအပိုင်းသို့ ရောက်လာကြသည်။ စမ်းချောင်းလေးသည် အရှေ့ဘက်မှ စီးဆင်းလာသော ချောင်းတစ်ခု အတွင်း ပေါင်းဝင်သွားသည်။ မြေကလည်း အရှေ့ဘက်သို့ ပြန်မြင့်တက်သွားသည်။ အရှေ့ဘက်ကောင်းကင်ပြာကို နောက်ခံ ပြုလျက် တောင်ဝိုင်းတောင်တန်းကြီးက ပြာပြာမှောင်မှောင် ရပ်တည်နေသည်။

ဟိုမှာဘက် လောကဆီမှ တောင်ဝိုင်းတောင်တန်းက သစ်ပင်ပါးပြီး စိမ်းဝါဝါနိုင်သည်။ ယခု တွေ့နေရသော တောင်ဝိုင်းတောင်တန်းကြီးကား တောတို့ထူပြီး စိမ်းပြာနက်မှောင်နေ၏။ တောင်တန်းကြီးသာမဟုတ်၊ တောင်ခြေဆီ ပြေပြေ မြင့်မြင့်တက်သွားသော ကုန်းတစ်ကြောထက်လည်း သစ်ပင်ကြီးများ ပေါက်နေသည်။ ပိတောက်ပင်ကြီးများနှင့် ပျဉ်းကတိုး ပင်ကြီးများ ဖြစ်ကြောင်း ဝါဝါသိသည်။

ဝါဝါက ကြည့်နေကျ နေရာလေးကို လှမ်းကြည့်သည်။ ဟိုမှာဘက် လောကဆီတွင်မူ ဤနေရာ၌ စိန်ပန်းပင်ကြီးကို တွေ့ရသည်။ ယခုတော့ စိန်ပန်းပင်ကြီး မရှိ။ အုပ်ကောင်း မြိုင်ဆိုင်သော တောစုလေးသာ ရှိနေသည်။ ထုံးဖြူဖြူနှင့် စေတီတော် တစ်ဆူက တောစုလေးထိပ်ကို လွန်လျက် သပ္ပါယ်လှစွာ ပေါ်ထင်နေသည်။

စေတီတော်ရှိရာသို့ တည့်တည့်သွားလိုလျှင် ချောင်းကို ဖြတ်ကူးရမည်။ မြသီတာက ချောင်းကိုမကူးဘဲ ချောင်းတွင်း ဆင်းပြီး ချောင်းရိုးအတိုင်း ကုန်းမြင့်မြင့်ကို တက်သည်။ ချောင်းတဖက်တချက်၌ ပင်စည် ဝါရွှေရွှေနှင့် အုပ်ကောင်း မြင့်မားသော ပျဉ်းကတိုးပင်ကြီးများ ပေါက်နေသည်။ လူ့လက်နှစ်ဖက်သာမျှရှိသော ပိတောက်ပင်ကြီးများလည်း ပေါက်နေ၏။ မြင့်မားသော

www.burmeseclassic.com

www.burmeseclassic.com

ပင်ယံထက်တို့၌ ခရမ်းရောင် သစ်ခွပန်းများ ကြိုးကြားကြိုးကြား ပွင့်နေကြသည်။ သစ်ခွပန်းရနံ့ကြောင့် တစ်တောလုံး မွှေးကြိုင်နေသည်။

ချောင်းတွင်း၌ ရေမများလှ။ ချောင်းရေသည် စိမ်းပြာသော အရောင်ရှိသည်။ ချောင်းကမ်းပါးသည်လည်း အမြင့် ရောက်လေ နိမ့်လာလေဖြစ်သည်။

စေတီတော်အနီး ရောက်သောအခါ မြသီတာက ချောင်းကို ဖြတ်ကူးသည်။

ထိုခဏ၌ပင် သာယာသော စောင်းသံကို ဝါဝါ စကြားသည်။

မြသီတာသည် ကိုယ်ရှိန်သတ်ပြီး ခြေသံမကြားအောင် ခြေဖော့နင်းလျက် စောင်းသံလာရာဆီ ချဉ်းကပ်သွားသည်။ ဝါဝါလည်း မြသီတာနောက်မှ ကပ်ပါသွားသည်။

နွယ်ပင်တို့ ယှက်သန်း ဖုံးလွှမ်းနေသော တောချုံတစ်ခု၏အကွယ်မှ မြသီတာက စေတီရှိရာသို့ ဆိတ်ငြိမ်စွာ ရပ်ကြည့်၏။ မြသီတာကြည့်ရာသို့ လိုက်ကြည့်သော ဝါဝါသည် ကြည်နူးဖွယ်သော ရှုခင်းကို မြင်တွေ့ရသည်။

စေတီတော်က ကုန်းမို့မို့လေး တစ်ခုပေါ်တွင် တည်ရှိသည်။ နှာမောင်းသဖွယ် ပြေပြေ သွယ်ကျလာသော ကုန်းစောင်းတွင် စိမ်းနုသော မြက်တို့က လွှမ်းနေသည်။ ထိုလှပသော ကုန်းစောင်းပေါ်မှာက လှပသော လူသားနှစ်ဦး။

လူရွယ်၏ မျက်နှာက ချောမောသမျှ ခန့်ညား မွန်ရည်သည်။ ထူထဲနက်မှောင်သော မျက်ခုံး၊ ကြည်လင်၍ တောက်ပသော မျက်လုံး၊ ပေါ်ထင်သော နှာတံ၊ ပီပြင်သော မေးရိုးတို့က ထက်မြက်ရဲရင့်မှု သဘောတို့ကို ဖော်ပြနေကြသည်။ ရင်အုပ်က ကားပြီး လက်ရုံးလက်မောင်းတို့က တောင့်တင်းပြည့်ဖြိုးသည်။ ထိုင်လျက် အနေအထားတွင် ဖြစ်သော်လည်း အရပ်အမောင်း၏ ကောင်းခြင်းမှာ သိသာပေါ်လွင်နေသည်။ ဝါဝင်းသော အသားနှင့် ရွှေချည်မျှင်လက်သည့် နံ့သာရောင် ခေါင်းစည်းတို့က လိုက်ဖက်သည်။ တစောင်းချထားသော ဘျောင်ကလည်း ကုပ်ထက် နွယ်ဝေ့ကျနေ၏။

လူရွယ်သည် မှန်စီရွှေချ စောင်းတစ်လက်ကို ပွေ့လျက် အသာအယာ တီးခတ်နေသည်။ လူရွယ်၏ ခြေရင်း အနည်းငယ်နိမ့်သော မြက်ခင်းပြင်ထက်တွင် မိန်းမပျိုလေးတစ်ဦးက ပုဆစ်လေးတုပ်လျက် သိမ်မွေ့ယဉ်ကျေးစွာ ထိုင်နေ၏။ မိန်းမပျိုလေး၏ အသားအရေက ပယင်းရွှေရည်သို့ လဲ့လဲ့ကြည်သည်။ မျက်တောင်တို့က ရှည်ကော့ပြီး မျက်ဝန်းက ပြာလွင်၏။ မျက်နှာလေးက လှပသမျှ နုနယ်၍ အပြစ်ကင်း သန့်စင်သည်။ ထိုင်မသိမ်းအင်္ကျီနှင့် ချိတ်ထဘီက အသားရောင်နှင့် ရောနေသော ရွှေဝါနုရောင်ဖြစ်၏။ ရင်နေခါးကျ တင့်တယ်လှသော မိန်းမပျို၏သဏ္ဌာန်မှာ သွန်းထားသော ရွှေစင်ရုပ်လေးနှင့် တူသည်။

လူရွယ်က စောင်းကို တီးလျက် ရတုတစ်ပိုဒ်ကို ဆိုနေသည်။

" ဆင့်ချစ္စေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး၊ မြရည်ဖုံးသား၊ လှဆုံးတင့်နေ၊ ထုံသရေလည်း၊ ထွေထွေကြည့်တိုင်း၊ ပြစ်မျိုးရိုင်းသည်၊ စံခိုင်းလျှော်သစ်၊ ရွှေနှယ်နစ်မျှ . . . "

လူရွယ်က ဤအပိုဒ်တွင် ပြုံးရွှင်ချိုမြစွာနှင့် မိန်းမပျိုလေးကို တစ်ချက်ကြည့်သည်။ မိန်းမပျိုလေးကလည်း မျက်တောင်ကော့များကို ပင့်လှန်လျက် သူ့ကို ပြန်ကြည့်သည်။

" တင်ပြစ်မစက်၊ လဲ့လဲ့ညက်ကို၊ ထက်နတ်ဘုံနေ၊ ခုသာကြွေသို့၊ ထင်ချေရှုမျှော်၊ အကျော်ပုံ့မွှန်း၊ ဝင်းငြိမ်ရွှန်းကို၊ တောင်နန်းပေလော၊ နတ်ပေလောဟု၊ တွေးတောချေမိ၊ တပ်မသိခဲ့ . . . "

ဝါဝါက စာအလှနှင့် မိန်းမပျို၏အလှ ဆီလျော်အပ်စပ်ပုံကို ရင်တွင်းမှ ချီးမွမ်းမိသည်။ စံခိုင်းလျှော်သစ်၊ ရွှေနှယ်နစ်မျှ၊ ဤစကားမှလွဲ၍ ဤမိန်းမပျိုလေး၏ အလှကို ပေါ်လွင်အောင် ဖော်ပြနိုင်သော အခြားစကားမရှိပြီ။ တင်ပြစ်မစက်၊ လဲ့လဲ့ညက်. . .၊ ဤစကားရပ်တို့ကလည်း မှန်သည်။ ရွှေရည်ဝင်းလဲ့သော အသားလေးများကလည်း ညက်ညောသည်။ သန့်လည်း သန့်စင်၍ ကြည်လည်း ကြည်လင်သည်။

" ထင်မိဖြုတ်ချည်း၊ မျှော်ကတည်းက၊ အူသည်းစုညွှတ်၊ သက်လုံးပြတ်သည်၊ လျှံပတ်ထွန်းရောင် ဝေတို့လော "

ဝါဝါ တွေး၍ ကောင်းနေစဉ်တွင် လူရွယ်က ရတုကို အဆုံးသတ်လိုက်သည်။ စောင်းသံက ဝါဝါ့ရင်နှင့် လေထဲတွင် ပဲ့တင်သံလွင်လွင် ချန်ရစ်၏။

လူရွယ်က ပြုံးလျက် မေးသည်။

" ရှင်ထွေး ဒီရတုကို နှစ်သက်ကဲ့လား "

ရှင်ထွေးက ကြည်လင်သာယာသော အသံလေးနှင့် ဖြေသည်။

" နှစ်သက်တာပေါ့ မောင်ကြီးရယ်၊ ကောင်းလိုက်တဲ့ ရတုနော်၊ ဘယ်သူစပ်တာလဲဟင် . . . မောင်ကြီး မောင်ကြီး စပ်တာလား "

လူရွယ်က ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

" ရှင်ထွေးက မောင်ကြီးကို အထင်ကြီးလှချည်လား၊ မောင်ကြီး ပါရမီ ဒီလောက်မကြီးပါဘူး၊ ဒီရတုမျိုးကို စပ်နိုင်သူက ဒီလောကမှာ တစ်ယောက်ပဲ ရှိပါတယ် "

" ဒီလောကမှာ တစ်ယောက်ပဲ ရှိတယ်၊ သူက ဘယ်သူလဲဟင် "

" မောင်ကြီးတို့ အရှင်သခင် နတ်ရှင်ကိုယ်တော်ပေါ့ "

" အို . . . ဒီရတုကို တောင်ငူသခင် စပ်တာ "

" ဟုတ်တယ် ရှင်ထွေး၊ နတ်ရှင်ကိုယ်တော်တောင်မှ ဒီရတုမျိုးကို တစ်သက်မှာ တစ်ခါပဲ စပ်နိုင်မယ်လို့ မောင်ကြီး ထင်တယ် "

" ဒီလောက်တောင်ပဲလား မောင်ကြီးရယ် "

" ဟုတ်တယ် ရှင်ထွေး၊ တဒင်္ဂ ကွန့်မြူးလိုက်တဲ့ ကဗျာဉာဏ်လို အခါမရွေး မရနိုင်ပါဘူး၊ ဩော် . . . သူ့စာမှာ ဆိုထားသားပဲ၊ ထင်မိဖြုတ်ချည်း၊ မျှော်ကတည်းက၊ အူသည်းစုည္ဆတ်၊ သက်လုံးပြတ်သည် . . . တဲ့၊ ဖြုတ်ချည်းခဏ၊ တဒင်္ဂမှာ အသည်းနှလုံးထဲက ကွန့်မြူးထွက်လာတဲ့ ကဗျာပါ ရှင်ထွေး "

ဝါဝါက လူရွယ်ကို ကြည့်သည်။ မင်းရဲသီဟ . . .။ သူ့ကို မိမိ သိပြီးပြီ။ သို့ရာတွင် မင်းရဲသီဟကို ကဗျာနှင့် အကျွမ်းဝင်မှန်း မသိခဲ့။ ယခု သူက ကဗျာဉာဏ်၏ သဘောသဘာဝကို ပြောပြနေသည်။

" ဖြုတ်ချည်းခဏ တဒင်္ဂမှာ အသည်းနှလုံးထဲက ကွန့်မြူးထွက်လာတယ်ဆိုတာ မောင်ကြီး ဘာပြောတာလဲဟင် "

မင်းရဲသီဟက စောင်းကို အနီးရှိ ခွထောက်စင်လေးပေါ် တင်လိုက်၏။

ထို့နောက် ရှင်ထွေးဘက် လှည့်ပြီး ပြောပြသည်။

" အိမ်ရှေ့ဘုရားရဲ့ အလောင်းတော်ကို တပ်တော်တွေဟာ ဟံသာဝတီနေပြည်တော်ဆီ သယ်ဆောင်သွားခဲ့တာ ရှင်ထွေးသိတယ်၊ ဥပရာဇာရဲ့ အလောင်းဖြစ်ပေမယ့် ထုံးတမ်းစဉ်လာအရ မင်းနေပြည်တွင်း မသွင်းရဘူး၊ မင်းတရားကြီးနဲ့ တကွ မိဖုရား မင်းညီမင်းသား မှူးမတ်များဟာ မြို့ပြင်ထွက်ပြီး ခမ်းခမ်းနားနား ကြိုဆိုရှုမျှော်ကြတယ်၊ အိမ်ရှေ့မိဖုရား ဓာတုကလျာ ထိပ်ထားးလဲ ဒီလိုပဲ ထွက်ကြိုရရှာတယ် "

မင်းရဲသီဟက အဖြစ်ဟောင်းကို ပြန်အောက်မေ့ မြင်ယောင်သည့်ဟန် ခေတ္တငြိမ်နေပြီးမှ စကားဆက်၏။

" မောင်ကြီးတို့ ကေတုမတီတပ်တော်ဟာ ရွေးတော်ယူ တပ်တော်အဖြစ် ထိပ်ဆုံးက ချီရတယ်၊ အိမ်ရှေ့ဘုရား အလောင်းတော်အပါးက ကြွမြန်းချီရသူကတော့ နတ်ရှင်ကိုယ်တော်ပဲဖြစ်တယ်၊ ဣန္ဒြေတော်ဆောင်ပေမယ့် ပူရုပ်မကင်းတဲ့ ဓာတုကလျာထိပ်ထားကို သနောင့်သနားဖွယ်အသွင်နဲ့ နတ်ရှင်ကိုယ်တော်ဟာ အနီးကပ်ဖူးတွေ့ခဲ့ရတယ်၊ အင်း . . . ပန်းမာလ်မနှော၊ ပတ်လျော့ဆံကြာ၊ ကျတိုင်းသာလျှင်၊ ရွှေဝါပိတ်ရှင်း၊ ထည်ချည်းစံပယ်၊ နံ့ကြွယ်လှိုင်ကြူး၊ မစ္ဆူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်၊ မရည်းမထင်၊ ဖြုတ်ချည်းမြင်က . . . လို့ စပ်ထားတဲ့အတိုင်းပဲလေ၊ မမျှော်လင့် မရည်ရွယ်ဘဲ တွေ့ခဲ့ရတာပါ၊ တွေ့စဉ်ခဏ တဒင်္ဂမှာပဲ နှလုံးသားမှာ ဟောဒီ ရတုကလျာ ပေါက်ဖွားလာခဲ့တာ "

ရှင်ထွေးက စဉ်စားဟန် တွေတွေလေး ငြိမ်နေပြီးမှ မေးသည်။

" ဒီလိုဆိုတော့ . . . နတ်ရှင်ကိုယ်တော်ဟာ ဓာတုကလျာထိပ်ထား အပေါ် မေတ္တာတော်ညွတ်ခဲ့ပြီလို့ မောင်ကြီး ပြောတာလားဟင် "

" ဩော် . . . ရှင်ထွေးရယ်၊ မေတ္တာတော်မညွတ်ဘဲ နှလုံးသားက ဒီစာမျိုး ဘယ်ထွက်ပါ့မလဲ "

" ဓာတုကလျာထိပ်ထားဟာ သက်တော်ကတော့ ငယ်သေးသလားဟင် . . . မောင်ကြီး "

" မငယ်လှပေဘူး၊ နတ်ရှင်ကိုယ်တော်ထက် ၁၆နှစ်လောက် ကြီးမယ်ထင်တယ် "

" အို . . . ဒါတောင် နတ်ရှင်ကိုယ်တော်က မေတ္တာတော်ညွတ်တယ်ဆိုတော့ ဓာတုကလျာထိပ်ထားဟာ သိပ်လှလို့ ဖြစ်မှာပေါ့နော် မောင်ကြီး "

" သိပ်လှပါတယ် ရှင်ထွေး၊ သိပ်လှပါတယ် "

" အရှင့်သမီးတော် ဆိုတော့ သိပ်လှမှာပဲပေါ့၊ မောင်ကြီးတို့ ရွှေမြို့တော်သူတွေ အားလုံးဟာ လှကြတာပဲလား "

" အားလုံးတော့ မဟုတ်ဘူး၊ ဒါပေမယ့် လှသူတွေ ရှိကြပါတယ် "

" မောင်ကြီးမှာရော . . . အဲဒီလို သိပ်လှတဲ့ . . . ရွှေ . . . ရွှေမြို့တော်သူ . . . ရှိ . . . ရှိသလား "

မင်းရဲသီဟက အသာအယာရယ်သည်။

" သိပ်လှသူတစ်ဦးတော့ မောင်ကြီးမှာ ရှိပါတယ်၊ ဘယ်လောက်လှသလဲဆိုတော့ . . . စံခိုင်လျော်သစ်၊ ရွှေရှယ်နစ်မျှ တင်ပြစ်မစက်၊ လဲ့လဲ့ညက် . . . ဆိုတဲ့ စာဟာ ဓာတုကလျာထိပ်ထားအတွက် မဟုတ်ဘူး၊ မောင်ကြီးရဲ့ ဝင်းငြိမ့်အတွက်လို့ မောင်ကြီးထင်တယ် "

www.burmeseclassic.com

www.burmeseclassic.com

မင်းရဲသီဟက တည်တည်ဆိုနေ၏။ ရှင်ထွေး၏ မျက်နှာလေးမှာ မသိမသာ ညှိုးနွမ်းသွားသည်ဟု ဝါဝါ ထင်သည်။

ရှင်ထွေးသည် အားယူပြုံးရသော အပြုံးလေးမျိုး ပြုံးပြီး မေးသည်။

" မောင်ကြီး ကံကောင်းတာပေါ့နော်၊ မောင်ကြီးရဲ့ . . . အဲ . . . ဝင်းငြိမ်ရွှန်းဟာ ဟံသာဝတီရွှေမြို့တော်သူလား၊ ကေတုမတီရွှေမြို့တော်သူလား "

" ဟင့်အင်း ဟံသာဝတီရွှေမြို့တော်သူလည်း မဟုတ်ဘူး၊ ကေတုမတီရွှေမြို့တော်သူလည်း မဟုတ်ဘူး "

" ဒါဖြင့် အဝရွှေမြို့တော်သူလား "

" အဝရွှေမြို့တော်သူလည်း မဟုတ်ဘူး "

" ဒါဖြင့် ဘယ်ရွှေမြို့တော်သူလဲ "

" ဘယ်ရွှေမြို့တော်သူမှ မဟုတ်ဘူး၊ ရှင်ထွေးကို မောင်ကြီး တစ်ခုမေးမယ်၊ မဟော်သဓာ သုခမိန်ဟာ အမရာဒေဝီကို ရွှေမြို့တော်မှာ တွေ့သလား၊ တော်မှာ တွေ့သလား "

ရှင်ထွေး၏ မျက်နှာလေးမှာ ရှက်သွေးတို့ဖြင့် ရဲရဲနီသွားသည်။

" ရှင်ထွေး၊ မသိ . . . မသိဘူး "

" ရှင်ထွေး မသိရင် မောင်ကြီး ပြောမယ်၊ တောမှာတွေ့တယ် ရှင်ထွေး၊ မောင်ကြီး တောမှာတွေ့ရတဲ့ ဝင်းငြိမ်ရွှန်းလေးရဲ့ အမည်ကိုကော မောင်ကြီး ပြောပြရမလား "

ရှင်ထွေးက မဖြေ။ ခေါင်းလေးသာ ငုံ့ကျသွားသည်။

နောက် တခဏတွင် ဤလောက၌ အလှပဆုံး ရှုခင်းကို ဝါဝါ တွေ့ရသည်။

အနောက်ဘက် ကောင်းကင်တွင် ဝင်လုဆဲ နေကြောင့် တိမ်တောင်တို့ ရောင်စုံတောက်ပနေသည်။ လိမ္မော်ရောင်က ရွှေဝါနုရောင်နှင့် ရောနေသည်။ ရွှေဝါနုရောင်က စိမ်းလဲ့လဲ့အသွေးမှ အပြာရည်သို့ ပြေပြေလေး ကူးသွားသည်။ တိမ်ကင်းရာ ကောင်းကင်ကမူ ပြာပြာကြီး လွင်နေသည်။

ဤရောင်စုံ ကောင်းကင်ကို နောက်ခံပြုလျက် စေတီတော်က သပ္ပါယ်ဖွယ်ရာ စံနေတော်မူသည်။ စေတီတော်ကုန်း၏ နှာမောင်းစောင်းစောင်းတွင်က အလှညီးသော မောင်နှံနှစ်ဦး။

မင်းရဲသီဟက ငုံ့ထားသော ရှင်ထွေး၏ မျက်နှာလေးကို မေးမှ အသာအယာကိုင်၍ မော့စေသည်။

သွယ်သော လည်တိုင်လေးကို ဆန့်ကာ ရှင်ထွေးက မျက်တောင်ကော့များ ပွင့်ပျံ့လျက် မင်းရဲသီဟကို မရွံ့မရဲလေး ပြန်ကြည့်နေသည်။ မင်းရဲသီဟကလည်း ရှင်ထွေး၏ မျက်နှာလေးကို ရှုမရဲ ရှုမဝဟန် ငေးကြည့်နေသည်။ သူ့လက်တစ်ဖက်က ရှင်ထွေး၏ မေးလေးကို ယုယစွာ ကိုင်မလျက်။

ဝါဝါ့အနီးမှ မြသီတာက လှုပ်ရှားလာသည်။ မြသီတာ၏ မျက်နှာထားမှာ တစ်စုံတစ်ရာ ဆုံးဖြတ်ပြီးဟန် တည်တည်တင်းတင်း ဖြစ်နေ၏။

ဗိုလ်ရက္ခနှင့် မြသီတာတို့ တိုင်ပင် သဘောတူခဲ့သော စကားများကို ဝါဝါ ရုတ်တရက် ပြန်သတိရမိသည်။ ထိုခဏတွင်ပင် ဗိုလ်ရက္ခနှင့် မြသီတာကို ဝါဝါ့စိတ်တွင်း မုန်းမိသွားသည်။

သူတို့က သူတပါးချစ်ခြင်းကို ခွင်းတော့မည်။ မြသီတာက ယခု အလှရှုခင်းတစ်ရပ်ကို ဖျက်တော့မည်။ အို . . . အလှ မပျက်ပါစေနှင့်။ မြသီတာသည် ချုံကွယ်မှ ထွက်မည်ဟု လှမ်းသည်။ ဝါဝါက မြသီတာ လက်မောင်းကို လှမ်းဆုပ်ဖမ်းသည်။

" ရှင် မလုပ်နဲ့လေ၊ ရှင် မရက်စက်နဲ့ "

ဝါဝါက မိမိ၏အသံကို ပြန်ကြားသည်။ သို့ရာတွင် မိမိအသံက ဟိုမှာဘက်လောကမှ လာသည် ထင်၏။

အကြောင်းမှာ ရှေ့တွင် မြသီတာ မရှိတော့။ မင်းရဲသီဟနှင့် ရှင်ထွေးတို့ မရှိတော့။ စေတီတော်လည်း မရှိတော့။ တိမ်ရောင်စုံနှင့် ကောင်းကင်လည်း မရှိတော့။

ရဲရဲနီနေသော စိန်ပန်းပင်ကြီးကို ရှေးဦးစွာ သတိပြုမိသည်။ ထို့နောက် တိမ်မည်းတို့ ဆင်တက်နေသော အနောက်ဘက် မိုးကောင်းကင်။

လက်တစ်ခုက မိမိ၏ ပုခုံးကို အသာအယာ ဆုပ်ထားသည်။

ဦးတိတ်ကြည်၏ ကြင်နာမှုပြသော မျက်နှာကို ဝါဝါက ငေးကြည့်နေမိသည်။

ဘာမျှလည်း မပြောလို။ ဘာမျှလည်း ပြောရန်မလိုတော့။ သြော် . . . မိမိဘဝက ဤအတိုင်းပါ။

ဦးတိတ်ကြည်က ဝါဝါ့ကို တွဲလျက် ရေတိမ်သော ချောင်းကို ဖြတ်ကူးပြီး စိန်ပန်းပင်ကြီးရှိရာသို့ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတွင်းမှာတော့ မှတ်မိနေသည်။ စောစောတုန်းက . . . ။ သြော် . . . ဟိုမှာဘက် လောကဆီတုန်းက ချောင်းကို ဖြတ်ကူးခဲ့ပြီးပြီ။ ယခု ချောင်းသည် ဘယ်က ထပ်ပေါ်လာသနည်း။

ဝါဝါ၏ ခေါင်းတွင်း၌ မခံမရပ်နိုင်အောင် မူးဝေလာသည်။ ရင်မှာလည်း လှိုက်လာပြီး မချိမဆန့် အော့အန်ချင်လာ၏။

စိန်ပန်းပင်အောက် အရောက်၌ ဦးတိတ်ကြည်လက်မှ ဝါဝါ့ကို မမြမေက ပြောင်းယူသည်။

စောစောတုန်းက ဟိုဘက်လောကဆီမှ သာယာမှုလေးများသည် ဘယ်သို့ ပြေးကုန်ပြီနည်း။

မဖော်ပြနိုင်သော ဝေဒနာဆိုးကို ခံစားလိုက်ရပြီး မမြမေ၏ ကိုယ်ကိုမီလျက်က ဝါဝါသည် မြေပြင်သို့ ဒူးညွှတ်ကျသွားလေ၏။

*　　*　　*

## အခန်း ( ၅ )

ရိုးရိုးနှင့်ယဉ်သော ပန်းတော့လက်ရာ တန်ဆာဆင်ထားသည့် မုခ်ဦးကိုဖြတ်၍ ကော်ရိုလာကားအနီလေးကို ဒေါက်တာမျိုးမွန်က မောင်းဝင်လာခဲ့သည်။

လမ်းဘေးမြက်ခင်းစပ်တွင် ကားရပ်ပြီး ဒေါက်တာမျိုးမွန်က ကားပေါ်မှဆင်းသည်။ ကားတံခါးကို အသံမမြည်ရန် ဖိတွန်းပိတ်ရ၏။

ဝိပဿနာရိပ်သာတွင်း၌ လူရိပ်လူရောင် လုံးဝမတွေ့ရ။ အသံလည်း တိတ်ဆိတ်သည်။

ဒေါက်တာမျိုးမွန်က လက်ပတ်နာရီကို ငုံ့ကြည့်သည်။ အချိန်အနည်းငယ် လိုပေသေးသည်။

ကံ့ကော်ပင်ပျို တစ်ပင်အောက်ရှိ ခုံတန်းရှည်တစ်ခုပေါ်တွင် ဒေါက်တာမျိုးမွန်က ထိုင်သည်။ ထိုင်ရင်းက အမှတ်မထင် ပြုံးမိသည်။

မော်လမြိုင်တုန်းကလည်း ကံ့ကော်ပင်ပျိုအောက်။ ယခုလည်း ကံ့ကော်ပင်ပျိုအောက်။ သို့ရာတွင် ခံစားမှုချင်းကတော့ ကွားခြားသည်။ ဟိုတုန်းကတော့ ရင်ပူရသည်။ ယခုတော့ ရင်တွင်း အေးချမ်းလှသည်။

ဒေါက်တာမျိုးမွန်က မိမိဝင်လာခဲ့သော မုခ်ဝဆီ တချက် လှမ်းကြည့်သည်။ မုခ်ဝ ဟိုမှာဘက်တွင် ကားလမ်းမကြီး ရှိသည်။ လမ်းမကြီးဆီမှ ကားသံများကို ရေးရေးကြားရသည်။ ဤအသံများက အဝေးမှလာကြောင်း သိရသဖြင့် အနီး ဝန်းကျင်၏ ဆိတ်ငြိမ်မှုသည် ပိုမိုထင်ရှားသယောင် ခံစားရသည်။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ရိပ်သာတွင်းရှိ လမ်းလေးအတိုင်း လိုက်၍ကြည့်သည်။

ဂဝံလမ်းဖြစ်သောကြောင့် အရောင်က နီသည်။ လမ်းရောင်သည် လမ်းဘေးမြက်ခင်းအရောင်နှင့် လိုက်ဖက်သည်။

လမ်း၏ တစ်ဖက်တစ်ချက်တွင် စိမ်းမှောင်သော အရွက်များနှင့် ညီညာသော ပုဏ္ဏရိပ်တန်းရှိသည်။ ပုဏ္ဏရိပ်တန်း အနောက်တွင် ကပ်လျက် အဖြူရောင် ပွင့်တူရွက်တူပင်များကို တစ်ပင်နှင့်တစ်ပင် ခြားလျက် စိုက်ထားသည်။ မြက်ခင်း၏ အစိမ်းနုရောင်၊ ပုဏ္ဏရိပ်တန်း၏ စိမ်းမှောင်မှောင်အရောင်၊ ပွင့်တူရွက်တူပင်တို့မှ အဖြူရောင်တို့ ရောယှက်ရာဝယ် သန့်ရှင်း လန်းဆန်းသော ခံစားမှုတစ်ရပ်ကို ရင်မှာ ဖြစ်ပေါ်စေသည်။

လမ်းနှင့် ပုဏ္ဏရိပ်တန်းက အရှေ့ဘက် အတန်လှမ်းလှမ်းရှိ ကျောင်းတိုက်များဆီ ဦးတည်သွား၏။ အလယ်တွင် လမ်းချိုးတစ်ခုက ဖြူဖွေးသော ဓမ္မာရုံကြီးဆီ ခွဲထွက်သွား၏။

ဓမ္မာရုံကြီးမှာ လူသူမရှိသယောင် တိတ်ဆိတ်နေသည်။

ဒေါက်တာမျိုးမွန် ငေးကြည့်နေစဉ် ဓမ္မာရုံတွင်းမှ ယောဂီရောင်ဝတ်ဆင်ထားသော လူတို့ ထွက်လာကြသည်။ လူများသော်လည်း အသံတို့ ထွက်ပေါ်မလာ။ ခြေသံများပင် မကြားရ။

ဒေါက်တာမျိုးမွန်က နေရာမှထပြီး ဓမ္မာရုံဆီ လျှောက်ခဲ့၏။

ဓမ္မာရုံမှ ထွက်လာကြသူအချို့က ဣရိယာပထ လုပ်ငန်းစဉ်ကို ချကြဟန်မတူ။ မျက်လွှာချလျက် ဖြည်းညင်းစွာ တစ်လှမ်းချင်း လျှောက်ကြသည်။ လျှောက်ရင်းကလည်း လျှောက်သည်ကို မှတ်နေကြဟန်တူသည်။ တချို့ကမူ သာမန်ပင် လျှောက်ကြသည်။ သို့ရာတွင် နှုတ်ဆိတ်၍ ဣန္ဒြေကောင်းကြသည်။

အုပ်ကောင်း နက်မှောင်သော ဆံပင်၊ ဖြူဝင်းစိုပြည်သော အသားအရေ၊ သွယ်ပျောင်းသော အရပ်မောင်းရှိသည့် အမျိုးသမီး ယောဂီကြီးတစ်ဦးက ဒေါက်တာမျိုးမွန်ကို သိမ်မွေ့သောအပြုံးနှင့် နှုတ်ဆက်၏။ တပြိုင်နက်တည်းမှာပင် နှုတ်ခမ်းများထက် လက်ညှိုးကို ကပ်ထောင်ပြပြီး စကားမပြောရန် သတိပေးသည်။

www.burmeseclassic.com

ယောဂီကြီးက ဒေါက်တာမျိုးမွန် ကားဆိုက်ထားရာဆီ လှမ်းကြည့်ပြီး ထိုနေရာသို့ သွားကြရန် အမူအယာနှင့် အချက်ပြ၏။

ဒေါက်တာမျိုးမွန်သည် ယောဂီကြီးနှင့်အတူ စောစောက မိမိထိုင်ခဲ့ရာ ခုံတန်းရှည်ဆီ ပြန်လျှောက်ခဲ့၏။

ခုံတန်းရှည်ပေါ် ထိုင်မိကြမှ ယောဂီကြီးက စကားပြော၏။

" ဣရိယာပထ မချသေးတဲ့လူတွေကို နှောင့်ယှက်သလို ဖြစ်နေမှာစိုးလို့ မေမေက သားကို စကားမပြောဖို့ သတိပေးတာ "

မေမေက ပြုံးပြီး ရှင်းပြသည်။ မေမေ့အသံက အပြုံးကဲ့သို့ပင် သိမ်မွေ့ချိုသာသည်။

" မေမေ နေကောင်းတယ်နော် "

" ကောင်းပါတယ် သားရယ်၊ တရားအလုပ် လာလုပ်ရင် မေမေ ဘယ်တုန်းက နေမကောင်းဖြစ်ဖူးလို့လဲ "

ဒေါက်တာမျိုးမွန်က မိခင်ကို ချစ်ခင်လေးစားစွာ ကြည့်သည်။ မေမေ့အသွင်က လန်းဆန်း ကြည်လင်နေ၏။

" သား ဘယ်တုန်းက ပြန်ရောက်သလဲ "

" ဒီညနေပဲ မေမေ၊ ရောက်ရောက်ချင်း ရေချိုးပြီး မေမေ့ဆီ ထွက်လာတာ၊ ဩော် . . . မေမေ ဘယ်နေ့ တရားထွက်မလဲ "

မေမေက အသာအယာ ရယ်၏။

" သားက မေမေ့ကို တရားထွက်စေချင်ပြီလား "

" မဟုတ်ပါဘူး မေမေ၊ ကျွန်တော် ငရဲကြီးနေပါ့မယ်၊ မေမေ ထွက်ချင်မှ ထွက်ပါ၊ ကျွန်တော့်အတွက် နောက်ဆံမတင်းပါနဲ့ "

" မေမေက နောက်တစ်ပတ်လောက် နေဦးမယ် အဓိဋ္ဌာန်ထားတယ် "

" မေမေ့ သဘောပဲလေ၊ မေမေ ဘာလိုသေးလဲ "

" ဘာမှမလိုဘူး သား၊ ပြီးတော့ တရားလာထိုင်သူက ဟိုဟာလိုတယ်၊ ဒီဟာလိုတယ် ဖြစ်နေရင် . . . ဟုတ်ပါ့မလား"

မေမေက စကားအဆုံး၌ ရယ်သဖြင့် ဒေါက်တာမျိုးမွန်လည်း လိုက်ရယ်သည်။

" သား . . . မော်လမြိုင်မှာ ပျော်ခဲ့ရဲ့လား "

ဒေါက်တာမျိုးမွန်က မျက်လုံးများကို လွှဲလိုက်သည်။ ရုတ်တရက်လည်း မဖြေနိုင်။ အတန်ကြာမှ ပြန်မေးသည်။

" မေမေ၊ ဘာလို့ အဲဒီလို မေးတာလဲ "

" ဩော် . . . သားရယ်၊ မေမေ အဲဒီလို မမေးရဘူးလား "

မှန်သည်။ မေမေက မေးရိုးမေးစဉ် မေးသည်။ မိမိကသာ ဖြေရိုးဖြေစဉ် မဖြေမိခဲ့။ ဖြေလည်း မဖြေနိုင်။

" သားမျက်နှာ သိပ်မကောင်းဘူး၊ ဘာဖြစ်လာခဲ့သလဲ "

ဒေါက်တာမျိုးမွန်က ဇွတ်ပြုံးယူသည်။

" ကျွန်တော့်မျက်နှာ ဘာဖြစ်လို့လဲ မေမေ "

" ဟဲ့ . . . သားရဲ့၊ ကိုယ့်သားမျက်နှာ ကိုယ်သိတာပေါ့ "

ဒေါက်တာမျိုးမွန်က ရယ်သည်။ ဤလောက၌ မိမိ . . . မေမေ့ကို ဘယ်သောအခါမှ လိမ်၍ ရမည်မဟုတ်။ လိမ်လည်း မလိမ်ချင်။ လိမ်လည်း မလိမ်ဖူး။

ဒေါက်တာမျိုးမွန်က အရယ်ရပ်လိုက်ပြီး မေမေ့မျက်နှာကို ကြည့်၍ လေးလေးပြောသည်။

" ကျွန်တော် ဝါဝါ့ကို ပြန်တွေ့ခဲ့တယ် "

" ဩော် . . . ဟုတ်လား၊ ကလေးမ နေကောင်းတယ်နော် "

" ကျွန်တော် အဲဒါကို မဖြေတတ်ဘူး "

" ဘယ်လို . . . သား "

" ဝါဝါ့ကို သနားဖို့ကောင်းတဲ့ ဘဝနဲ့ ကျွန်တော် ပြန်တွေ့ခဲ့ရတယ် "

" ဘယ်လို . . . သူ အိမ်ထောင်တွေ ဘာတွေနဲ့ မဟုတ်လား "

" ဝါဝါ အိမ်ထောင်မကျခဲ့ပါဘူး မေမေ၊ သူနဲ့ လက်ထပ်မယ့်သူက ကတိဖျက် ရှောင်လွှဲသွားခဲ့တယ်တဲ့၊ ပြီးတော့ ဝါဝါ့မိဘနှစ်ပါးစလုံးလဲ မရှိကြတော့ဘူး၊ အဲဒါလဲ တင်ညွန့်ပြောပြလို့ ကျွန်တော် သိရတာပါ "

" အို . . . ဖြစ်မှဖြစ်ရလေကွယ် "

www.burmeseclassic.com

www.burmeseclassic.com

" မိဘကွယ်လွန်ပြီး စေ့စပ်ကြောင်းလမ်းထားသူက ကတိဖျက်တာလောက်နဲ့ ဆိုရင် ကျွန်တော် ဒီလောက် စိတ်မကောင်းဖြစ်မိမယ် မထင်ဘူး၊ ဒါပေမယ့် . . . သနားစရာကောင်းတဲ့အဖြစ်ကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရတယ် "

" သားက ဝါဝါနဲ့ သွားတွေ့ခဲ့လို့လား "

" ကျွန်တော်က ဘယ်လိုလုပ် သွားတွေ့နိုင်မှာလဲ မေမေ၊ မေမေ့ကိုလဲ ကတိပေးထားတယ် မဟုတ်လား၊ ကျွန်တော် ကိုယ်တိုင်ကလဲ ဝါဝါ့ကို စိတ်နာထားခဲ့တယ်၊ ဟင့်အင်း . . . ကျွန်တော် သွားမတွေ့ခဲ့ပါဘူး၊ တွေ့ဖို့ စိတ်ကူးထဲတောင် မထည့်ခဲ့ပါဘူး၊ ဒါပေမယ့် မမျှော်လင့်ဘဲ ဝါဝါ့ကို ထူးထူးဆန်းဆန်း ကျွန်တော် တွေ့ခဲ့ရတယ် "

ဒေါက်တာမျိုးမွန်က ဝါဝါနှင့်ပြန်လည် တွေ့ကြုံခဲ့ရပုံကို မေမေ့အား ပြောပြသည်။ တစ်နည်းအားဖြင့် ဆိုလျှင်လည်း ရင်ဖွင့်ချင်သည်ကို ဖွင့်ပြလိုက်ရခြင်း ဖြစ်လေသည်။ အမှန်တော့လည်း မိမိ၌ မေမေကလွဲ၍ ရင်ဖွင့်ပြရန် လူမရှိ။

ဒေါက်တာမျိုးမွန် ပြောပြသည်ကို မေမေက စိတ်ရှည်စွာ နားထောင်သည်။ စကားအဆုံး၌ မေမေက မှတ်ချက်ပြုသည်။

" ဒီအတိုင်းဆိုရင်တော့ သားမှာ ဝတ္တရား ရှိနေပြီ "

" ခင်ဗျာ . . . "

" ဩော် . . . မေမေ တွေးမိတယ်၊ သားမှာ ဝတ္တရား ရှိနေပြီလို့ "

ဒေါက်တာမျိုးမွန်က မေမေ့ကို ခေတ္တ တအံ့တသြ ကြည့်နေမိသည်။

" တင်ညွန့်ကလဲ ကျွန်တော့်ကို ဒီလိုပဲ ပြောတယ်၊ သူ့စကားကို ကျွန်တော် မအံ့သြမိဘူး၊ မေမေက ပြောတော့ ကျွန်တော့်နားတောင် ကျွန်တော် မယုံမိဘူး၊ မေမေက ဘာလို့ ကျွန်တော့်မှာ ဝတ္တရားရှိတယ်လို့ ပြောတာလဲ "

မေမေက အတန်ကြာ စဉ်းစားသယောင် ငြိမ်နေပြီးမှ ရှင်းပြ၏။

" ပြီးခဲ့တာတွေကို တွေးမိရင် မေမေတောင် လိပ်ပြာမသန့်ဘူး၊ ဒိဋ္ဌိ . . . ငါ၊ တဏှာ . . . ငါ၊ မာန . . . ငါ တဲ့၊ သံသရာနယ်ချဲ့တဲ့ ပပဉ္စတရား သုံးပါး၊ သူ့မိဘတွေကလည်း မာနနဲ့၊ မေမေကလဲ အဲဒီတုန်းက လူသာမွဲတယ်၊ မာနတော့ အကြွယ်သား၊ မာနချင်း ထိပ်တိုက်တွေ့ကြတော့ ဝမ်းနည်းစရာတွေ ဖြစ်ခဲ့ရတာပေါ့၊ တောင်လဲရာ မြက်ပြတ်တဲ့၊ မေမေတို့ လူကြီးချင်း ဖြစ်ရာမှာ သားနဲ့ ဝါဝါတို့က ကြားကနေ ဒုက္ခတွေ့ခဲ့ကြတယ် "

" ဒါတော့ မေမေ၊ ကျွန်တော်တို့ဘက်က မလွန်ပါဘူး "

မေမေက ရယ်၏။

" မေမေ ခုနကပြောတဲ့ ပပဉ္စတရား သုံးပါးကို လက်ကိုင်ပြု ပြောကြစတမ်းဆိုရင် ဘယ်သူမှ မလွန်ဘူးပေါ့၊ လူတိုင်းဟာ ကိုယ့်ဟာနဲ့ကိုယ် မှန်နေကြတာချည်းပေါ့၊ အဲဒါတွေ ထားပါလေ၊ သား ခုနက ပြောတဲ့အတိုင်းဆိုရင် ဒုတိယအကြိမ် ဝါဝါနဲ့ သားတွေ့တာဟာ မတော်တဆ မဟုတ်ဘူး၊ မမျှော်လင့်ဘဲ မဟုတ်ဘူး၊ သား ဝန်ခံမလား "

ဒေါက်တာမျိုးမွန်က သူ့မိခင်ကို ထိတ်လန့်တကြား ကြည့်မိသည်။ ဖြေတော့ မဖြေမိ။

" မေမေ မေးနေတယ်လေ သား . . . "

" အား . . . အင်း . . . ဟုတ်ကဲ့ "

" တွေ့နိုင်တဲ့နေရာကို သား တမင်သွားခဲ့တာ၊ ဟုတ်တယ် မဟုတ်လား "

" အဲဒီလိုပဲ ဝန်ခံရမယ် ထင်တယ် မေမေ "

" ကောင်းပြီ၊ မေမေ မေးမယ်၊ သား ဘာကြောင့် သွားတွေ့ရတာလဲ "

ဒေါက်တာမျိုးမွန် မဖြေ။

" သား မဖြေဘူး၊ မေမေပဲ ဖြေပေးပါ့မယ်၊ သားကို သံယောဇဉ်က နှောင်ဖွဲ့ခေါ်ငင်တယ် "

မေမေ သုံးလိုက်သော စကားက အင်အားကြီးမားသည်။ မှန်လည်း မှန်လှသည်။ နှုတ်ဖြင့် ဝန်မခံဘဲ ဒေါက်တာမျိုးမွန်က သက်ပြင်းရှိုက်ပြ၏။

" ဩော် . . . ဝါဝါက သားကို နောက်ဆုံး ဘာပြောခဲ့တယ်၊ မေမေ့ကို ပြန်ပြောပြစမ်းပါ "

" ဘယ်ဟာကို ပြောတာလဲ မေမေ "

" ဟော . . . စောစောတုန်းက သားပြောတာ ချော်နေတာပဲ၊ မေ့သွားပလား၊ သားရှေ့မှောက်က ဝါဝါဟာ ထွက်ပြေး သွားတယ်၊ အဲဒီလို မပြေးသွားခင် ဘာပြောသလဲ "

" ဩော် . . . အဲဒါလား၊ ဟိုဒင်း . . . ကိုယ့်ကို ဝါဝါ ဒုက္ခမပေးချင်ဘူး၊ ကိုယ်လဲ ဒုက္ခ ထပ်မတိုးချင်ပါနဲ့တော့တဲ့"

" ဟုတ်ပြီ၊ ဒီစကားကို သား ဘယ်လို နားလည်သလဲ "

" မေမေ ဘာမေးတာလဲ "

မေမေက ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com

" မေမေပဲ ဖြေဦးမယ်ကွယ်၊ ဒီစကားကို ပြောတဲ့အတွက် ကလေးမကို မေမေ သာစုခေါ်တယ်ကွယ်၊ ဒီစကားမှာ မေတ္တာ ပြဌာန်းနေတယ်၊ တခြား ဘာမှ မပြဌာန်းဘူး "

" ဒါဖြင့် မေမေ ဝါဝါ့ကို ခွင့်လွှတ်တယ်ပေါ့ "

" ဟဲ့ သား၊ ဝါဝါ့ကို မေမေ ဘယ်တုန်းကမှ အပြစ်မယူခဲ့ဘူး၊ ခမျာဟာ မိန်းမသားပါ။ မိန်းမသားချင်း မေမေ ကိုယ်ချင်းစာတတ်ပါတယ်၊ မေမေ အဲဒီတုန်းက စိတ်ဆိုးခဲ့တာ သူ့မိဘတွေပါ "

" သားမှာ ဝတ္တရားရှိနေတယ်လို့ မေမေ ဘာကြောင့် ပြောသလဲ "

" တစ်ကြောင်းက မိန်းမသားချင်း ကိုယ်ချင်းစာလို့၊ နောက်တစ်ကြောင်းက သား ဘာလို့ ဒုတိယအကြိမ် သွားတွေ့သလဲ "

" အဲဒါနဲ့ ဘာဆိုင်သလဲ မေမေ "

" ဆိုင်ပါပြီကော သားရယ်၊ အဟောင်းကို သား ဘာကြောင့် အသစ်သွားပြုသလဲ၊ ရေနစ်သူဟာ ကောက်ရိုးလေး မျှင်လေးကိုတောင် လှမ်းဆွဲတတ်တယ်၊ သား ဝါဝါ့ကို ကောက်ရိုးမျှင်လေး သွားပြခဲ့တယ် မဟုတ်ဘူးလား "

" ဒါတော့ မေမေရယ်၊ သားက ဝတ္တရားရှိတယ် ထင်လို့ "

" ဟော . . . သားက ခုမှ ဝန်ခံပြီ၊ မေမေကလဲ ဒါပဲ ပြောပြနေတာပဲ "

သားအမိနှစ်ဦးသည် ပြိုင်တူ ရယ်မောမိကြ၏။

" ဒါဖြင့် သား ဘာလုပ်ရမလဲ မေမေ "

" အဲဒါတော့ သားဘာသာ သား ဆုံးဖြတ်ပေါ့၊ လောကမှ လူကို နှိပ်စက်တတ်တဲ့ နောင်တ နှစ်မျိုးရှိတယ်၊ တစ်မျိုးက မလုပ်သင့်သည်ကို လုပ်မိလို့ ရခဲ့တဲ့ နောင်တ၊ တစ်မျိုးက လုပ်သင့်သည်ကို မလုပ်ခဲ့မိလို့ ရတဲ့ နောင်တ၊ သားကို ဘယ်နောင်တမျိုးမှ မနှိပ်စက်စေချင်ဘူး၊ သားဉာဏ်နဲ့ သား ဆုံးဖြတ်ပါ "

မေမေသည် စကားကိုဖြတ်ပြီး စဉ်းစားနေသေးသည်။ အတန်ကြာစွာပင် စဉ်းစားနေသည်။ စဉ်းစားပြီးမှ ကိုယ်တွင် ဝတ်ထားသော ယောဂီအဝတ်ကို ကိုင်ပြလျက် မေမေက ဆိုသည်။

" ဟောဒီ အဝတ်ကို ဝတ်ထားတော့ သားအတွက် ဆင်ခြင်မှု အထောက်အကူရမယ့် စကားနှစ်လုံး မေမေ ပြောလိုက်မယ်၊ မြတ်စွာဘုရားသခင်ရဲ့ အာဝေဏိက ဂုဏ်တော်ဆယ့်ရှစ်ပါးအနက် နတ္ထိအဗျာဝဋ္ဋမနောဆိုတဲ့ ဂုဏ်တော်နဲ့ နတ္ထိအပ္ပဋိသင်္ခါနုပေက္ခာဆိုတဲ့ ဂုဏ်တော်နှစ်ပါးရှိတယ်၊ မြတ်စွာဘုရားမှာ အဗျာဝဋ္ဋမနော၊ သူတစ်ပါးတို့အတွက် ကြောင့်ကြမဲ့ ဖြစ်သော စိတ်နှလုံးတော်သည် နတ္ထိ၊ မရှိ။ အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ဖြင့် မဆင်မခြင် လစ်လျူရှုသော အမှုသည် နတ္ထိ၊ မရှိ . . . တဲ့။ ဓာရဏ ပရိတ်တော်မှာ လာတယ်၊ သားရပါတယ်၊ တို့တွေဟာ ဘုရားမဟုတ်ပါဘူး၊ ဒါပေမယ့် တို့အတိုင်းအတာနဲ့ တို့တတ်နိုင်သဘောက် ဘုရားကြိုက်တဲ့စိတ်ထားမျိုး ကြိုးစားထားသင့်ပါတယ်၊ မေမေ့မှာ ဒါလောက်ပဲ ပြောစရာရှိတယ် "

ဒေါက်တာမျိုးမွန်က မျက်စိ ပိတ်လိုက်သည်။ စိတ်တွင်းမှ ရွတ်ကြည့်သည်။ သူတစ်ပါးတို့အတွက် ကြောင့်ကြမဲ့ ဖြစ်သော စိတ်နှလုံးတော်သည် မရှိ။ ဉာဏ်ဖြင့် မဆင်မခြင် လစ်လျူရှုသော အမှုသည် မရှိ။

ဒေါက်တာမျိုးမွန်က မျက်စိ ပြန်ဖွင့်လိုက်သည်။ ပြုံးလျက် သက်ပြင်းကို လွှတ်လိုက်သည်။

" ကျွန်တော် သဘောပေါက်တယ် မေမေ "

" ကဲ . . . ဒီလိုဆိုရင် သားပြန်တော့၊ မေမေ အလုပ်စခန်း ပြန်ဝင်ရဦးမယ် "

" ဟုတ်ကဲ့ မေမေ၊ ကျွန်တော် ဘယ်နေ့ လာရဦးမလဲ "

" ခုနစ်ရက်နေမှပဲ လာ သား၊ မေမေ အဓိဋ္ဌာန် ဖြောင့်ဖြောင့်လုပ်ချင်တယ် "

" ကောင်းပါပြီ မေမေ "

ဒေါက်တာမျိုးမွန်က မြက်ခင်းထက် ဆင်းပြီး ဒူးတုပ်လျက် မိခင်ကို ရှိခိုးသည်။

ဆုပေးနေသော မေမေ့မျက်နှာကို ဒေါက်တာမျိုးမွန်က မြတ်နိုးစွာ ကြည့်သည်။

မေမေ့မျက်နှာက ကြည်လင်သန့်စင်လှသည်။ နေလုံးကွယ်ပျောက်သွားပြီ ဖြစ်သော်လည်း မေလညနေက ကြည်လင် သန့်စင် ထွန်းလင်းနေသည်။

သြော် . . . မိမိရင်မှာလည်း ဗွိဟတိမ်မြူတို့ ကင်းစင်လျက် ကြည်လင်သန့်စင်နေသည်တကား။

*    *    *

www.burmeseclassic.com

နောက်နှစ်ရက်အကြာတွင် နေ့လယ်ပိုင်း၌ အဆင့်မြင့်ပညာဦးစီးဌာန အဆောက်အအုံကြီး၏ ဓာတ်လှေကားတွင်းမှ မြေညီထပ်သို့ ဒေါက်တာမျိုးမွန်က ထွက်လိုက်သည်။

အရပ်မြင့်မြင့် ဗိုက်မရွဲတရွဲနှင့် လူရွယ်တစ်ဦးက နှုတ်ဆက်သည်။

" ဟာ . . . ဆရာဦးမျိုးမွန်၊ ဘာကိစ္စရှိလို့ လာတာလဲ ဆရာ "

" ညွှန်ချုပ်နဲ့ လာတွေ့တာပါ "

" အာ . . . ကျွန်တော် ကြားတယ် ဆရာ၊ ဆရာတို့ ဌာနက ကြားဖြတ် နယ်ပြောင်းပေးဖို့ ကိစ္စရှိနေတယ်တဲ့၊ တန်းစီထားတဲ့အထဲမှာ ဆရာလဲ ပါတယ်တဲ့ "

" ဟုတ်တယ်၊ အဲဒီ ကိစ္စပဲ "

" ဘယ်လိုလဲ ဆရာ၊ ပြောလို့ ရခဲ့ရဲ့လား "

" ရခဲ့ပါတယ် "

" ဒါဖြင့် ဆရာ မပြောင်းရတော့ဘူးပေါ့ "

" ဟင့်အင်း ပြောင်းရမယ် "

" ဘယ်လို ဆရာ၊ နို့ . . . ပြောလို့ရခဲ့တယ်ဆို "

" ဟုတ်တယ်လေ၊ ကျွန်တော်က တခြားလူ မပြောင်းချင်ရင် ကျွန်တော် ပြောင်းပေးမယ်လို့ ဗော်လံတီယာ သွားလုပ်တာပါ "

" ခင်ဗျာ . . . "

" ကိုအေးလွင်က ဘာ အံ့သြနေတာလဲ "

" အံ့သြတာပေါ့၊ ကျွန်တော် ဒီမှာ အလုပ်လုပ်တာ ဆယ့်ရှစ်နှစ်ရှိပြီ၊ နယ်မပြောင်းချင်လို့ ဆင်ခြေမျိုးစုံနဲ့ လာပြီး အသနားခံသူတွေသာ တွေ့ဖူးတယ်၊ နယ်ပြောင်းဖို့ ဗော်လံတီယာ လာလုပ်တဲ့လူ တစ်ခါမှ မတွေ့ဖူးသေးဘူး "

" အခု တွေ့ဖူးပြီပေါ့ "

" ဟုတ်ကဲ့၊ အာ . . . ဆရာကလဲ "

" ဒါပေမယ့် မချီးမွမ်းနဲ့ ကိုအေးလွင် "

" ဘာပြုလို့လဲ "

" လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် "

" အာ . . . ဟုတ်တာပေါ့၊ လူဆိုတာ ကိုယ့်အကြောင်းနဲ့ကိုယ် "

" ကဲ သွားမယ် ကိုအေးလွင် "

" နေဦးလေ ဆရာ၊ လက်ဖက်ရည်လေး ဘာလေး "

" တော်ပြီ ကိုအေးလွင်၊ ကျွန်တော့်မှာ ကိစ္စတစ်ခု ရှိသေးတယ် "

ခင်မင်ရင်းနှီးသော ကိုအေးလွင် မစပ်စုနိုင်ရန် ဇွတ်နှုတ်ဆက်ခဲ့ပြီး ဒေါက်တာမျိုးမွန်က မိမိ၏ကားဆီ ထွက်လာခဲ့သည်။ ပြည်လမ်းအတိုင်း ကားကို မောင်းခဲ့ပြီး တက္ကသိုလ်ရိပ်သာလမ်းဘက် ကွေ့သည်။ ဂငယ်ကွေ့ ကွေ့ခွင့်ရသော နေရာအရောက်၌ ကားကို ပြန်ကွေ့ပြီး စိတ်ပညာဌာနရှိရာ အဆောက်အအုံဆီ မောင်းလာခဲ့သတည်း။

* * *

## အခန်း ( ၆ )

ရှားရှားပါးပါး လိပ်ပြာလေးတစ်ကောင်က သက်ရင်းချုံပေါ် လာနားသဖြင့် ဒေါက်တာမျိုးမွန်က ပိုက်ဖြင့် အုပ်လိုက်၏။

လိပ်ပြာလေးက မကြီးလှ။ တောင်ပံအဝါပေါ်တွင် အဖြူစက်များရှိသည်။

နိုင်လွန်ပိုက် အဖြူအတွင်းမှ လွတ်မြောက်ထွက်သွားရန် ကြိုးစားပျံနေသော လိပ်ပြာလေးကို ဒေါက်တာမျိုးမွန်က ကရုဏာနှင့် ကြည့်သည်။ ထို့နောက် ပတ်ဝန်းကျင်ကိုလည်း မျက်လုံးဝေ့ကြည့်သည်။ လူသူလေးပါး မတွေ့ရ။

ဒေါက်တာမျိုးမွန်က အုပ်ထားသောပိုက်ကို မပေးလိုက်ရာ လိပ်ပြာလေး ပျံထွက်သွား၏။

ဒေါက်တာမျိုးမွန်က ပြုံးသည်။ မိမိအဖြစ်ကို မိမိ သဘောကျ၍ ပြုံးသည်။

မိသောလိပ်ပြာကို လွှတ်ပစ်သော လိပ်ပြာဖမ်းသူအား မြင်သူရှိက ဘာပြောမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးမွန်က သုဝဏ္ဏမြိုင် ခြံကြီးအတွင်းသို့ မျှော်ကြည့်သည်။

ခြံပတ်လည်ကို သံဆူးကြိုး ဝိုင်းပတ်ကာထားသည်။ သံဆူးကြိုး အကာအရံအတွင်း စက္ကူပန်းချုံများကို စနစ်တကျ ဝိုင်းပတ်စိုက်ထားသည်။ စက္ကူပန်းကိုင်းများက သံဆူးကြိုးပေါ်မှ ကျော်ကာ မြေပြင်သို့ အုပ်ဆိုင်း ညွတ်ကျနေသည်။ လူမဆိုထားနှင့်၊ ခွေးပင် မတိုးနိုင်အောင် ခိုင်ခန့်ပြည့်ကျပ်၍ ဆူးထူသော ချုံတံတိုင်းဖြစ်ကြောင်း ဒေါက်တာမျိုးမွန် ကောင်းစွာ သိသည်။

ခြံလယ်ရှိ ခေါင်မိုးနီနီနှင့် တိုက်ကြီးကို သစ်ပင်များကြားမှ လှမ်းမြင်ရသည်။

တိုက်ကြီးက အနောက်ဘက်သို့ မျက်နှာပြုထားသည်။ ယခု ဒေါက်တာမျိုးမွန် ရပ်နေရာမှ တိုက်ကြီး၏ မြောက်ဘက် ပိုင်းကို မြင်နေရသည်။ တိုက်ကြီး မြောက်ဘက်ပိုင်း အပေါ်ထပ်မှ အခန်းတစ်ခန်းသည် ဝါဝါ့အခန်းဖြစ်ကြောင်း ဒေါက်တာ မျိုးမွန် သိပြီးဖြစ်သည်။

ဩော် . . . ငယ်စဉ်တုန်းကလည်း သည်နေရာမှ လူရိပ်လူရောင် ပြခဲ့ရသည်။ ပြတင်းဝမှ ချစ်သူ ပေါ်လာလျှင် လမင်းထွက်လာသကဲ့သို့ ပျော်ရသည်။ ယခုတော့ . . . ။

ဒေါက်တာမျိုးမွန်က လက်တွင်းမှ လိပ်ပြာဖမ်းသော ပိုက်ကို ကြည့်မိသည်။ ပုခုံးတွင် လွယ်ထားသော အိတ်ကိုလည်း ကြည့်မိသည်။

မိမိက တောချုံများတွင် လှည့်လည် လိပ်ပြာဖမ်းသူအသွင် ဆောင်ထားသည်။ တောချုံထူသော ဤနေရာတစ်ဝိုက်တွင် လိပ်ပြာဖမ်းသူကဲ့သို့ လျှောက်သွားနေခြင်းသည် အသင့်လျော်ဆုံးဖြစ်သည်။ တွေ့မြင်သူတို့ သံသယကင်းမည်။

မိမိ မော်လမြိုင်သို့ ရောက်နေသည်မှာ ဆယ်ရက်ရှိပြီ။ စိန်ပန်းပင်ကြီး အနီးတဝိုက်မှ ဝါဝါ့ကို သွားမျှော်သည်။ ဝါဝါ ပေါ်မလာခဲ့။ တစ်ညနေတုန်းကကဲ့သို့ ကောလိပ်နယ်မြေဘက် ဝါဝါ လမ်းလျှောက်ထွက်လာလေမည်လောဟု စောင့်ကြည့်ခဲ့သည်။ ဝါဝါက မလာ။

နောက်ဆုံးတော့ သုဝဏ္ဏမြိုင် ခြံကြီးအနီးကပ်၍ စုံစမ်း အကဲခတ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ခြံကြီး ပတ်ပတ်လည် မှာတော့ ချုံထူသည်။ တောချုံများအတွင်း အဓိပ္ပါယ်မဲ့ လျှောက်နေသူ မဖြစ်ရန်လည်း လိပ်ပြာဖမ်းသူအသွင် ဆောင်ရခြင်း ဖြစ်သည်။

ဒေါက်တာမျိုးမွန်က ချုံတစ်ခု၏ အကွယ်တွင် အမောပြေထိုင်ဟန် ထိုင်လိုက်သည်။ မိမိစိတ်သည် ထူးထူးဆန်းဆန်း တည်ငြိမ်နေမှန်း သတိပြုမိသည်။ ဓာတ်ခွဲခန်းအတွင်း၌ ဓာတ်ပေါင်းတို့ ဓာတ်ပြုသည်ကို စောင့်ကြည့်စဉ် ခံစားရသကဲ့သို့လည်း ခံစားရသည်။

သုတေသနပြုသောအခါ မသိသေးသော ဓာတ်တို့ကို စမ်းချိန်၌ စိတ်ရှည်ရသည်။ တစ်ခုကို တစ်ခုနှင့် ပေါင်းစပ် လိုက်သည်။ တစ်ခါတစ်ရံ တစ်နေ့နှင့် တစ်ညလုံး စောင့်ကြည့်သည်။ ဘာမျှ ဖြစ်မလာ။ နောက်တစ်မျိုး စမ်းရပြန်သည်။ စောင့်ကြည့်ရပြန်သည်။

ဘာဖြစ်လာမည်ကိုမူ မသိ။ တစ်ခုခု ဖြစ်လာမည်ကို မျှော်လင့်ထားသည်။ မျှော်လင့်မှုက ထိုးထွင်းသိမှုမှုလာသည်။ ထိုးထွင်းသိမှုကို မည်သို့ အဓိပ္ပါယ်ဖော်ရမှန်း မသိ။ ရပြီးသမျှ မပြည့်စုံသေးသော အချက်အလက်တို့အပေါ် အခြေခံတွေးလျက် ဉာဏ်သည် တစ်စုံတစ်ရာကို ကြိုတင်ခန့်မှန်းနေမိသည်။ ထိုကြိုတင်ခန့်မှန်းချက်သည် မလွဲဧကန် မှန် မမှန်ကို စမ်းသပ်ခြင်းမှ သုတေသနဖြစ်၏။ ဉာဏ်သဘော ကြိုတင်ခန့်မှန်းချက်သည် မငြင်းနိုင်သော အချက်အလက်အဖြစ် ပေါ်ထွက်လာသောအခါ သုတေသန အောင်မြင်သည်။ ထိုအချိန် မတိုင်မီတော့ မျှော်လင့်ရင်း စိတ်ရှည်စွာ စောင့်ကြည့်ရသည်။

ယခုလည်း မိမိက တစ်စုံတစ်ရာကို ကြိုတင်ခန့်မှန်းပြီး မျှော်လင့်လျက် စောင့်ကြည့်နေရသည်။ သုတေသန ဓာတ်ခွဲခန်းမှာပင် ကံလေးကူလျှင် ရှာရာကို တည့်တည့် တိုးမိတတ်သည်။ တည့်တည့် မတိုးမိလျှင်ကား စိတ်ရှည်စွာ ရှာရသည်။

ဓာတ်ခွဲခန်းမှ အလေ့အကျင့်နှင့် စိတ်ဇွဲကို မိမိသန္တာန်တွင် စရိုက်အဖြစ် စွဲမိနေပြီ။ မိမိ၏ အသိဉာဏ်ကို စိန်ခေါ်သော ပြဿနာဟု အသိအမှတ် ပြုမိသည့်နောက်တွင် ပြဿနာ မပြေလည်မချင်း မိမိကိုယ်ကို မိမိရပ်၍ မရတော့။ စမ်းမည်။ ရှာမည်။ စောင့်မည်။ စိတ်ရှည်မည်။

ဝါဝါ့အဖြစ်က မိမိအသိဉာဏ်ကို စိန်ခေါ်သော ပြဿနာဖြစ်ခဲ့ပြီ။ ဩော် . . . အသိဉာဏ်ကို စိန်ခေါ်ရုံမက နှလုံးသားကို မေမေပြောသကဲ့သို့ပင် သံယောဇဉ်က နှောင်ဖွဲ့ခေါ်ငင်လေသည်။

သည်တော့ . . . မိမိ နောက်မဆုတ်နိုင်ပြီ။

တွေးနေရာမှ ဒေါက်တာမျိုးမွန်၏ မျက်လုံးများက အိမ်ကြီးဆီ ရောက်သွားသည်။ ရင်က ဒိတ်ကနဲ ခုန်သွားသည်။ တည်ငြိမ်သော စိတ်သည်လည်း လှုပ်ရှားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှေးယခင်ကကဲ့သို့မူ မဟုတ်။ ယခု အိမ်ကြီး၏ အောက်ထပ်ပြတင်းတစ်ခု အဝ၌ ဝါဝါက ရပ်ပြီး မိုးကောင်းကင်ဆီ ငေးကြည့်နေ၏။

ဩော် . . . လမင်းပါ။ မိမိအတွက်တော့ ငွေလမင်းပါ။

ဒေါက်တာမျိုးမွန်က ဝမ်းနည်းသွားမိသည်။ ဟိုစဉ်တုန်းကဆိုလျှင် မိမိက ပုန်းကွယ်ရာမှ ထပြီး လူရောင်ပြမည်။ လူမလစ်လျှင် အဝေးကပင် တစ်ဦးကို တစ်ဦး ကြည့်နေကြမည်။ လူလစ်လျှင်တော့ ဝါဝါက ခြံတွင်း ပြေးဆင်းလာတတ်သည်။ အဘယ်မျှ ထူထပ်ခိုင်ခန့်စွာ ကာထားသည့် ခြံပင်ဖြစ်စေ၊ ချစ်သူများအတွက်တော့ ဆုံတွေ့နိုင်ရန် လျှို့ဝှက်သော ဝင်ပေါက် ထွက်ပေါက်လေးများ ရှိသည်။

ယခုတော့ ဝါဝါသည် ငွေလမင်းနှင့် ပိုတူလေပြီ။ လမင်းဟူသည် မိမိကို ငေးကြည့်နေသူရှိမှန်း မသိ။ ဤအချိန် ဤနေရာမှ ဤအသွင်ဖြင့် မိမိကြည့်နေလေမည်ကို ဝါဝါ သိမည်မဟုတ်။

ဝါဝါ့အသွင်လေးက ဝင်းဝါနေသည်။ ဆံပင်က နက်မှောင်သည်။

စောစောက ပိုက်ကွန်အောက်မိနေသော လိပ်ပြာလေးကို ဒေါက်တာမျိုးမွန်က သတိရမိသည်။ ဝါဝါသည်လည်း ပိုက်ကွန်အောက် မိနေသူလေးဟု စိတ်မှာထင်မိသည်။ မည်သူအုပ်သော ပိုက်ကွန်နည်း။ မည်ကဲ့သို့သော ပိုက်ကွန် အမျိုးအစားနည်း။

ထိုအခိုက်တွင်ပင် ထူးဆန်းသော အသံတစ်ခုကို ဒေါက်တာမျိုးမွန် ကြားလိုက်ရ၏။

ပထမတွင်မူ လေချွန်သံနှင့် ဆင်သော စူးရှသောအသံ ဖြစ်သည်။ ခဏအကြာတွင် အသံက ပိုအင်အားကြီးလာသည်။ ပိုစူးရှပြီး ကျယ်လောင်လာသည်။ မုန်တိုင်းမကျမီ တိုက်ခတ်သော လေပြင်းသံမျိုး ဖြစ်သည်။

ဒေါက်တာမျိုးမွန်က ရုတ်တရက် ကောင်းကင်ဆီ မော့ကြည့်သည်။ ကောင်းကင်ပြာ၌ တိမ်ဖြူတို့တော့ ရှိနေသည်။ နေကလည်း သာနေသည်။ တိမ်ဖြူတို့ကလည်း ငြိမ်သက်နေသည်။

ဒေါက်တာမျိုးမွန် သစ်ပင်တို့ကို ကြည့်သည်။ သစ်ပင်တို့၏ အကိုင်းအခက်များကလည်း လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။

ဒေါက်တာမျိုးမွန်က ခေတ္တမျှ အံ့သြစိတ်နှင့် ကြောင်ကြည့်နေမိ၏။

စူးစူးရှရှလေး ထိတ်လန့်တကြား အော်သံကြားမှ ဒေါက်တာမျိုးမွန်က ထိုင်နေရာမှ ထလိုက်သည်။

ပြတင်းဝ၌ ဝါဝါ၏ သဏ္ဌာန်လေးက မရှိတော့ပြီ။

လေပြင်းကျသံကမူ ထွက်ပေါ်မြဲ ထွက်ပေါ်နေ၏။

ဒေါက်တာမျိုးမွန် စိတ်တွင်း၌ မကျေနပ်။ လေမလာ မိုးမလာဘဲနှင့် ဘာကြောင့် လေပြင်းတိုက်သံ ပေါ်လာရသနည်း။

ဒေါက်တာမျိုးမွန်က တစ်စုံတစ်ရာကို သတိရသည်။ မိမိဉာဏ်က ရေးရေးဝါးဝါး စကားပြောနေသည်။ ဘာနည်း၊ ဘာပါနည်း . . . ။

ဘာရယ်ဟု ခေါင်းတွင်း၌ ရုတ်တရက် မပေါ်။ သို့ရာတွင် သတိဝင်ခဲ့ပြီ ဖြစ်သောကြောင့် မျက်လုံးများက ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် ကြည့်၏။

အသံက ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့နေသော်လည်း တစ်နေရာမှ လာနေမှန်း သတိထားမိသည်။

အသံက ခြံကြီး၏ အရှေ့တောင်ထောင့်မှ လာသည်။ ထိုနေရာ၌ မင်းကွတ်ပင်များ ပေါက်နေသည်ကို စက္ကူပန်းများကို ကျော်လျက် မြင်ရသည်။ မင်းကွတ်ပင်များ၏ အရှေ့ဘက်တွင် ဘာပင်မျှ ပေါက်မနေသောကြောင့် ကွက်လပ်ရှိပုံပေါ်သည်။ မင်းကွတ်ပင်တစ်ပင်၏ ထိပ်ဖျားမှ အရွက်များ သိသိသာသာလေး လှုပ်ရှားနေကြောင်းလည်း တွေ့ရ၏။

လေပြင်းကျသံက တဖြည်းဖြည်း အားနည်းလာသည်။ မင်းကွတ်ပင်အနီး လေဟာပြင်၌ တစ်စုံတစ်ရာသည် ခေတ္တ လည်ပတ်နေသည်။ လျှင်မြန်သဖြင့် ရိပ်ရိပ်သာ တွေ့ရသည်။ ထို့နောက် လုံးဝပျောက်ကွယ်သွား၏။ လေပြင်းကျသံလည်း မရှိတော့။

ဒေါက်တာမျိုးမွန်က သတိမလစ်ဘဲ လိပ်ပြာဖမ်း ပိုက်ကွန်လေးကို ကိုင်ပြီး စတင်လှုပ်ရှားသည်။ ဘေးအမြင်တွင်မူ အမှတ်မထင် လိပ်ပြာလိုက်ရှာနေသူ . . . ။ အမှန်တော့ ဒေါက်တာမျိုးမွန်က ခြံကြီး၏ အနောက်တောင်ထောင့်ဆီ ရွေ့လျားနေ၏။

သတိထားမိသည်မှာ အတော်ပင်ဖြစ်သည်။ ချုံကွယ်တစ်ခုမှ အထွက်၌ လူတစ်ယောက်ကို တွေ့ရသည်။

ထိုသူ၏ ပုဆိုးက ညစ်နွမ်းသည်။ အင်္ကျီက ဟောင်းရုံမက စုတ်နေသည်။ သူ့လက်တစ်ဘက်တွင် နွယ်ခွေများကို ကိုင်ထားပြီး အခြားလက်တစ်ဘက်၌ ဓားမတိုတစ်ချောင်းကို ကိုင်ထားသည်။

ဤတော့ ချုံများပေါ်တွင် တွယ်တက်နေတတ်သော နွယ်ပင်သေးတစ်မျိုးရှိသည်ကို ဒေါက်တာမျိုးမွန် သိ၏။ ကြိုးနွယ်ဟုပင် ခေါ်ကြသည်။ ချည်နှောင်ရန် အသုံးပြုကြသည်။

www.burmeseclassic.com

ဤနေရာမျိုးတွင် ကြိုးနွယ်စုသူတစ်ဦးကို တွေ့ရသည်မှာ မဆန်း။ လိပ်ပြာလိုက်ဖမ်းသူလောက် မဆန်း။ သို့ရာတွင် ထိုသူ၏ မျက်နှာက ဆန်းသည်။

သူ့မျက်နှာက မိုးဒဏ်လေဒဏ် ထိထားသော အသားမျိုးဖြစ်ပြီး မည်းမည်းညိုသည်။ မည်းညိုသော မျက်နှာပြင်ကို စောင်းစောင်းဖြတ်ထားသည့် ဓားဒဏ်ရာနှင့်တူသော အမာရွတ်ကြီးတစ်ခု ရှိနေ၏။

သူက တစ်စုံတစ်ရာကို အံ့သြဟန်နှင့် ရပ်နေသည်။ ဒေါက်တာမျိုးမွန်ကို မြင်သောအခါ မျက်နှာလွှဲသွားပြီး ဓားမတိုကို ခါးကြားလိုက်၏။ လက်တွင်း၌ တန်းလန်းဖြစ်နေသေးသော နွယ်တို့ကို ခွေပတ်လျက်နေရာမှ သွက်သွက် ထွက်ခွာသွား၏။

ထိုသူ့ကို ဒေါက်တာမျိုးမွန် အထူး ဂရုမစိုက်အား။ ထိုသူနေရာမှ လျင်မြန်စွာ ထွက်ခွာသွားသည်ကိုပင် ကျေးဇူး တင်မိသေးသည်။

လေတွင်မရှိသော လိပ်ပြာကို ပိုက်ကွန်ဖြင့် လိုက်၍အုပ်ကာ . . . အုပ်ကာနှင့် ခြံထောင်အနီးသို့ ဒေါက်တာမျိုးမွန် ရောက်သွားသည်။

ခြံထောင့် စက္ကူပန်းချုံပေါ်၌ အရာဝတ္ထုတစ်ခုက ငြိလျက်လှုပ်ရှားနေသည်။ စက္ကန့်ပိုင်းမျှသာ ကြာမည်ထင်သည်။ ထိုအရာဝတ္ထုသည် အနည်းငယ်မြောက်၍ လွတ်သွားပြီး ခြံတွင်းဘက်ကျလျက် ပျောက်ကွယ်သွားသည်။

မြင်လိုက်ရသည်မှာ မကြာသော်လည်း ဘာမှန်းမူ ဒေါက်တာမျိုးမွန် သိလိုက်ရ၏။

ကြိုးတပ်ထားသည့် သစ်သားပြား ကောက်ကောက်တစ်ခု။

ဒေါက်တာမျိုးမွန်၏ ပါးစပ်မှ တိုးတိုးရွတ်မိသည်။

“ ဘူး(လ်)ရိုဝါးရား ”

ဤကိရိယာကို မည်သူသည် မည်သည့်အတွက် သုံးသနည်း။

ဒေါက်တာမျိုးမွန်က လိပ်ပြာဖမ်းဟန် ပြုလိုက်ပြန်ပြီး ဘေးပတ်လည်ကို ကြည့်သည်။

စောစောက လူ၏ အရိပ်အရောင်ကို မတွေ့ရ။ အခြား မည်သူမျှလည်း မရှိ။

ဒေါက်တာမျိုးမွန်က မြေပြင်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ပိုက်ကွန်လေးကို ဟိုလှန်သည်လှန်ပြုသည်။ မျက်လုံးများ ကမူ စက္ကူပန်းချုံ၏ အခြေမှနေ၍ ခြံတွင်း မြေပြင်ဆီ မြင်လိုမြင်ငြား ကြိုးစားကြည့်သည်။ မြေပြင်သို့ ညွတ်ကျနေသော အကိုင်းတို့မှ အရွက်များ သိပ်သည့်သဖြင့် ဘာမျှ မတွေ့ရ။ သို့ရာတွင် ခါးလယ်ခန့် အမြင့်၌ အရွက်တို့ ဟာနေသော အကွက်တစ်ကွက် တွေ့သည်။ ထိုအကွက်တွင်းမှ မြင်ရသမျှမှာ လူတစ်ကိုယ်လုံးတော့ မဟုတ်။ အင်္ကျီဖြူ တစ်စိတ်တစ်ပိုင်းနှင့် ပွင့်ဖြူရိုက် ထဘီပြာ တစ်စိတ်တစ်ပိုင်း။

အိမ်ကြီးဆီမှ ယောက်ျားတစ်ဦး၏ ခေါ်သံကို ကြားရသည်။

“ မြမေ . . . မြန်မြန် လာစမ်း ”

ထူးသံတော့ မကြားရ။ ပြေးသွားသော ခြေသံကိုမူ ကြားရသည်။

ဒေါတာမျိုးမွန်က ထိုနေရာတစ်ဝိုက်၌ ဣန္ဒြေမပျက် မရှိသောလိပ်ပြာများကို လိုက်ဖမ်းနေလိုက်သေး၏။ ထို့နောက် အိမ်ကြီးဆီကို ကောင်းစွာလှမ်းမြင်နိုင်သော နေရာဆီသို့ တဖြည်းဖြည်း ရွှေ့ခဲ့၏။

ချုံများအကြားတွင် ပေါက်နေသော ကျည်းပင်တစ်ပင်ကို တွေ့ရသည်။ ထင်းခုတ်သူတို့ ကောင်းမှုကြောင့် ကျည်းပင်က တိုနေပြီ။ အကိုင်းကြီးတို့လည်း မရှိပြီ။ အသစ်ထွက်လာသော အကိုင်းငယ်တို့မှ အရွက်ဖားဖားတို့သည် ပင်စည်တိုတိုကို ဝိုင်းအုပ်ဖုံးကွယ်ထား၏။

ကျည်းပင်ကွယ်၌ ထိုင်ပြီး ဒေါက်တာမျိုးမွန်က အိမ်ကြီးဆီ ကြည့်၏။ အိမ်ကြီး နောက်ကျောဘက်ကိုလည်း မြင်ရသည်။ မြောက်ဘက် ဘေးပိုင်းကိုလည်း မြင်ရသည်။

ဒေါက်တာမျိုးမွန်က လွယ်အိတ်တွင်းမှ ရေဗူးကို ထုတ်၍ ရေသောက်သည်။ ထို့နောက် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာရှိုက်၏။

ခါတိုင်းနေ့များ၌ ညနေပိုင်းတွင်သာ မိမိ စုံစမ်း အကဲခတ်ခဲ့သည်။ ယနေ့က တနင်္ဂနွေနေ့။ တစ်နေ့လုံး အကဲခတ် ကြည့်နိုင်သည်။ ယခုမှ နေ့လယ် တစ်ချက်ထိုး ရှိသေးသည်။ လိုအပ်လျှင် ညနေအထိ စောင့်မည်။

စောင့်နိုင်သည်။ စောင့်ရမည်။ စောင့်ကြည့်ရန် မိမိ စိတ်ရှည်သည်။ ယခုပင် စောင့်ကြည့်ရကျိုး နပ်သင့်သမျှ နပ်ပြီ ထင်သည်။

ဘူး(လ်)ရိုးဝါးရား၊ ဤအိမ်ကြီးတွင် ကလေးရှိသလား။

မိမိ သိသမျှ ယခင်ကမူ မရှိ။ ယခု ရှိမည်ဆိုလျှင် ရှိနိုင်သည်။ ထားတော့ . . .။ ကလေး ရှိစေဦး၊ မြန်မာပြည်မှ ကလေးများသည် ဘူး(လ်)ရိုးဝါးရားနှင့် ကစားကြသည်ကို မတွေ့ဖူးခဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးမွန်က စီးကရက်တစ်လိပ် ကုန်သည်အထိစောင့်ရင်း တွေးသည်။ တိုသွားသော စီးကရက်ကို မြေတွင် ထိုးဆွ မီးသတ်လိုက်ပြီး အိမ်ကြီးဆီ ကြည့်ပြန်သည်။

ခြံကြီးထောင့် တစ်နေရာ၌ ဦးတိတ်ကြည် ပေါ်လာသည်။

ဟိုတစ်ညနေတုန်းကကဲ့သို့ပင် ဦးတိတ်ကြည်သည် ပထမသော် ဣန္ဒြေရရ လျှောက်လာနေ၏။ သစ်ပင်စုနေရာ ရောက်သောအခါ ဝဲယာကို အကဲခတ် ကြည့်ရှုပြီးနောက် ကုန်းမြင့်အထက်ရှိ တောချုံများတွင်းသို့ လျင်မြန်စွာ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဒေါက်တာမျိုးမွန်၏ ရင်က ခုန်လာသည်။ ဟိုတစ်ညနေတုန်းကကဲ့သို့ပင် ဦးတိတ်ကြည်နောက်မှ ဝါဝါ ပေါ်လာဦး မည်လော။ ပေါ်လာလျှင် စိန်ပန်းပင်ကြီးဆီ သွားမည်လော။ ကောလိပ်နယ်မြေဘက်ပင် သွားမည်လော။ ကောလိပ်နယ်မြေဆီ သွားလျှင်မူ ကိစ္စမရှိ။ စိန်ပန်းပင်ကြီးဆီ သွားလျှင်မူ ဖြတ်ဖမ်းရန် တစ်နေရာသာ ရှိသည်။

ဒေါက်တာမျိုးမွန်က ချုံတို့ကို အကာအကွယ်ပြုပြီး မြေဝါလမ်းနှင့် ချောင်းဆုံရာ အနိမ့်တွင်းသို့ သွက်သွက်သွားသည်။

ဆယ့်ငါးမိနစ်ခန့်တော့ စောင့်နေရသေးသည်။ မျှော်လင့်ထားသည့်အတိုင်း ဝါဝါ ပေါ်လာ၏။

ဝါဝါက အင်္ကျီအဖြူလေး ဝတ်ထားသည်။ ထဘီက အစိမ်းနုရောင်ဖြစ်သည်။

ကုန်း၏ အနိမ့်ပိုင်းသို့ ဝါဝါ ရောက်လာချိန်၌ နောက် ကိုက်နှစ်ရာခန့်အကွာတွင် မမြမေ ပေါ်လာသည်။ မမြမေက အင်္ကျီအဖြူနှင့် ထဘီအပြာရောင် ဝတ်ထားသည်။

ဝါဝါက မြေလမ်းလေးအတိုင်း ချောင်းဆီသို့ လျှောက်လာနေသည်။ အဝေး၌ ရှိစဉ်ကမူ ဝါဝါ၏ လမ်းလျှောက်ပုံသည် မည်သို့မျှ မထူးခြား။ အနီးကပ်လာသောအခါတွင်ကား ဝါဝါလမ်းလျှောက်ပုံမှာ ပထမဦးဆုံးအကြိမ် တွေ့စဉ်က လျှောက်ပုံမျိုး ဖြစ်ကြောင်း ဒေါက်တာမျိုးမွန် သတိပြုမိသည်။

ဝါဝါ့ခေါင်းလေးက မော့နေသည်။ လည်တိုင်လေးကို ဆန့်ပြီး မေးလေးကို ချီထားသည်။ မျက်လုံးများက ရှေ့တည့်တည့် သို့သာ စူးစိုက်ထား၏။ ဘေးပတ်ဝန်းကျင်ကို လုံးဝမကြည့်။ ဩော် . . . မြေပြင်ကိုပင် မကြည့်။

ချောင်းလယ် အရောက်၌ ဝါဝါ၏ လက်မောင်းလေးတစ်ဘက်ကို ဒေါက်တာမျိုးမွန်မ ဆုပ်ကိုင် ဖမ်းလိုက်၏။

ဝါဝါ့တစ်ကိုယ်လုံးက တုန်သွားပြီး လမ်းလျှောက်ခြင်းမှာလည်း ရပ်သွားသည်။ ငြိမ်၍ သေနေသော မျက်လုံးများက တစ်ပတ်လည်သွားပြီး ဒေါက်တာမျိုးမွန်၏ မျက်နှာကို စူးစိုက်ကြည့်နေသည်။

" ဝါဝါ . . . မောင်ပါ . . . မောင် ပြန်လာခဲ့ပြီ "

ဝါဝါ၏ နှုတ်ခမ်းလေးက လှုပ်လာပြီး အသံသဲ့သဲ့ ထွက်လာ၏။

" မောင် "

ခဏ၌ပင် ဝါဝါ၏ မျက်လုံးများက ပြန်မှိတ်သွားသည်။ ကိုယ်လေးသည်လည်း သူ့ရင်ခွင်ဆီသို့ ယိုင်လဲကျလာသည်။

အချိန်များများ မရသည်ကို သူသိသည်။ ထို့ကြောင့် ဝါဝါ့ကိုယ်လေးကို ပွေ့ချီလိုက်ပြီး အစတည်းက ကြည့်ထား မိသော ဝါးရုံတောလေး အကွယ်သို့ သယ်ယူခဲ့သည်။

မိမိက ဘောင်းဘီစိမ်းနှင့် စစ်သုံး အစိမ်းရောင် ဂျာကင်ပါးပါးကို ဝတ်ထားသည်။ ဝါဝါ၏ ထဘီအရောင်မှာလည်း အစိမ်းဖြစ်သည်။ ဝါဝါ့အင်္ကျီဖြူကို မိမိကိုယ်နှင့် ကွယ်ထားလိုက်သောအခါ မိမိတို့နှစ်ဦးလုံးမှာ ဝါးရုံတောနှင့် ရောသွားမည်ဟု ဒေါက်တာမျိုးမွန် ယုံကြည်သည်။

ဤအဖြစ်မျိုးအတွက် ယနေ့ မိမိက အစစ အဆင်သင့် လုပ်လာခဲ့သည်။

ဒေါက်တာမျိုးမွန်က လွယ်အိတ်တွင်းမှ အော်ဒီကလုံး ရေမွှေးပုလင်းကို ထုတ်ယူသည်။ ဂွမ်းစတစ်ခုတွင် ရေမွှေး ရွှဲရွှဲဆွတ်ပြီး ဂွမ်းစကို ဝါဝါ၏ နှာခေါင်းနား၌ ကပ်ထား၏။

ဒေါက်တာမျိုးမွန်က ကိုယ်ကိုမလှုပ်ဘဲ ဝါးရုံများကြားမှ ချောင်းကြည့်သည်။

မကြာမီ မမြမေက ချောင်းကို ဖြတ်ကူးသည်။ ဘာကိုမျှ သင်္ကာမကင်း ဖြစ်ဟန်မပြဘဲ မမြမေက စိန်ပန်းပင်ဘက်သို့ ထွက်သွားသည်။

ဒေါက်တာမျိုးမွန်က ရင်ခွင်တွင်းမှ ဝါဝါ၏ မျက်နှာလေးကို ငုံ့ကြည့်သည်။

ဝါဝါ့မျက်လုံးများက မပွင့်သေး။ အသက်ကတော့ မှန်မှန်ရှူနေသည်။

မျက်တောင်တို့က ရှည်သွယ်၍ ကော့ပြီး နက်မှောင်သည်။ မျက်ခုံးတို့ကလည်း နက်မှောင်သည်။ မျက်တောင်နှင့် မျက်ခုံးကြား အသားလေးများက လဲ့လဲ့လေး စိမ်းစိုသည်။

ဘယ်တုန်းက ရထားမှန်းမသိသော စာတစ်ပုဒ်က ခေါင်းတွင်း၌ ပေါ်လာ၏။

" ခပ်သိမ်းကလျာ၊ ရှုဖွယ်သာလျှင် "

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါ၏ ကိုယ်လေးက လှုပ်ရှားလာသည်။ မျက်လုံးလေးများကလည်း ပွင့်လာပြီး သူ့ကို စိုက်ကြည့်နေသည်။

သူက ဘာမျှမပြော။ ဝါဝါ့ကိုသာ ပြုံး၍ ကြည့်နေမိသည်။ ပြုံးရင်းကလည်း မျက်ရည်ဝဲမိသည်။

ဝါဝါက သူ့ရင်ခွင်မှ အသာအယာ ရုန်းထွက်ပြီး ထထိုင်သည်။ သူက ဝါဝါ၏ ကိုယ်လေးကိုမူ လွှတ်ပေးလိုက်သည်။ လက်လေးတစ်ဖက်ကိုမူ မလွှတ်ဘဲ အသာအယာ ဆွဲကိုင်ထားသည်။

" ဝါဝါ ခေါင်းမူးသေးလား "

ဝါဝါက ခေါင်းလေး ခါပြ၏။ ရေမွှေးဆွတ်ထားသော ဂွမ်းစလေးကိုမူ ဆက်ရှူနေ၏။

" ဝါဝါ လမ်းလျှောက်နိုင်မလား "

" ဟင် . . . ဘာလုပ်မလို့လဲ "

" သူတို့ဟာ ဟို စိန်ပန်းပင်ကြီးနားမှာ ရှိနေတယ်၊ ခုလောက်ဆို ဝါဝါ့ကို မတွေ့လို့ ရှာနေကြပြီ ထင်တယ်၊ သူတို့ အချိန်မရွေး ဒီနား ရောက်လာနိုင်ကြတယ် "

ဝါဝါက မျက်လုံးလေးပြူးပြီး ဘေးတဝိုက်ကို ကြည့်သည်။ ထို့နောက် လက်လေးတစ်ဖက်က သူ့ပုခုံးကို အသာတွန်း၏။

" ကိုယ် . . . ပြန် . . . ပြန်တော့ "

ဝါဝါက သူ့ကို မောင်ဟု မခေါ်ဘဲ ကိုယ်ဟု ခေါ်ကြောင်း သူ သတိထားမိသည်။

" ကိုယ် မပြန်သေးဘူး၊ ဝါဝါနဲ့ စကားပြောစရာရှိတယ် "

" အို . . . သူတို့ တွေ့သွားလိမ့်မယ် "

" သူတို့ကို ကိုယ်မကြောက်ပါဘူး ဝါဝါ "

ဝါဝါက စိတ်ရှုပ်ဟန်ဖြင့် နှုတ်ခမ်းလေးကို သွားဖြင့်ကိုက်ပြီး သူ့ကို ကြည့်နေ၏။ ကုန်းသည် မိမိတို့ ထိုင်နေရာမှ တောင်ဘက်သို့ ရှိုင်းရှိုင်း နိမ့်ဆင်းသွားသည်ကို ဒေါက်တာမျိုးမွန် သတိထားမိပြီးဖြစ်သည်။

ဒေါက်တာမျိုးမွန်က အောက်ဘက်သို့ ညွှန်ပြပြီး ပြော၏။

" ကိုယ်တို့ အဲဒီဘက်က သွားမယ်၊ ဟိုနားကျမှ ဝါဝါတို့ အိမ်ဘက် ပြန်ကွေ့သွားကြတယ် "

" သူ . . . သူ . . . သူတို့တွေ့ရင် ဘယ့်နှယ်လုပ်မလဲ "

" ကုန်းက နိမ့်တယ်၊ သူတို့ မတွေ့နိုင်ပါဘူး၊ တွေ့သွားရင်လဲ သူတို့ကို ကိုယ် ပြင်းပြင်းထန်ထန် အပြစ်တင် သတိပေးရလိမ့်မယ် "

" ကိုယ် သိပ်ခေါင်းမာတယ် "

" ဟုတ်တယ်၊ ကိုယ် ခေါင်းမာတယ်၊ ဝါဝါ မှတ်မိသားပဲ "

ဝါဝါက သူ့ကို တွေတွေလေး ကြည့်နေ၏။ ဘာကြောင့်မှန်း မသိ။ ဝါဝါ၏ မျက်နှာလေးမှာ တစ်ချက် ဝင်းသွားပြီး ပြုံးရိပ်လေးလည်း ပေါ်လာ၏။

သူက ဝါဝါ့လက်လေးကို ဆွဲပြီး နေရာမှ ထသောအခါ ဝါဝါသည် မငြင်းဘဲ လိုက်ထ၏။

တစ်ဦးလက် တစ်ဦးဆွဲပြီး ကုန်းနိမ့်အတိုင်း ဆင်းလျှောက်ခဲ့ကြသည်။

အတန်လှမ်းလှမ်းရောက်မှ အနောက်ဘက်သို့ ချိုးပြီး ဝါဝါတို့၏ ခြံကြီးဘက် ပြန်လျှောက်ကြသည်။

ဝါဝါတို့ခြံ မရောက်တရောက်၌ သုံးပင်ဆိုင်လျက် ပေါက်နေသော ကျွဲတညင်းပင်ကြီးများ ရှိသည်။

ကျွဲတညင်းပင်ကြီးတစ်ပင်၏ ပင်စည်အကွယ်တွင် နှစ်ဦးသား ပြန်ထိုင်ကြသည်။

တောချုံများတစ်ခွင်တွင် မောအောင် ရှာနေမည့်သူများကို ဒေါက်တာမျိုးမွန် မြင်ယောင်သည်။ ယခု မိမိတို့ ရောက်နေသည့် နေရာကား သူတို့ မမျှော်လင့်ဆုံးသော နေရာဖြစ်သည်။

ဝါဝါက စမေးသည်။

" ကိုယ် ဘယ်က ပြန်ပေါ်လာတာလဲ "

" ကိုယ် ဒီကောလိပ်ကို ပြောင်းလာခဲ့ပြီ "

ဝါဝါက မျက်လုံးဝန်းဝန်းများဖြင့် သူ့ကို ကြည့်သည်။

" ကိုယ် အစက ဒီကို မလာချင်ဘူးဆို "

" ဟုတ်တယ်၊ အစက မလာချင်ဘူး၊ အခုတော့ ကိုယ်မလာဘဲ မနေနိုင်ဘူး "

" ကိုယ် ဘာကြောင့် လာရတာလဲ "

ဝါဝါ့စကားက မေးခွန်းမဟုတ်။ ညည်းညူလိုက်ခြင်းဖြစ်ကြောင်း ဒေါက်တာမျိုးမွန် သိသည်။ သို့ရာတွင် သူကဖြေ၏။

" ကိုယ် ဝါဝါ့အတွက် ပြန်လာခဲ့တယ် "

www.burmeseclassic.com

www.burmeseclassic.com

" ကိုယ် ဘာကြောင့် ဒုက္ခရှာချင်သလဲ "

ဒေါက်တာမျိုးမွန်က ပင်ပန်းစွာ ပြုံးပြီး ပြောရ၏။

" ကိုယ့်ကို ဒုက္ခရှာတယ်ဆိုတော့ တကယ်တော့ ကိုယ်ဟာ သုခ ခံစားနေရတယ်ဆိုတဲ့ အဓိပ္ပါယ် ထွက်နေတယ်၊ ဝါဝါ ကိုယ်ပြောပြမယ်၊ ဝါဝါနဲ့ ခွဲခဲ့ရပြီးတဲ့နောက် ကိုယ့်နှလုံးသားမှာ သုခဆိုတာ မရှိတော့ပါဘူး၊ နေ့တိုင်းပဲ သောကနဲ့ နေရပါတယ်လို့ ကိုယ် အပိုမပြောချင်ဘူး၊ ပျော်တဲ့ ရယ်တဲ့အခါတွေ ရှိခဲ့ပါတယ်၊ ဒါပေမယ့် ကိုယ့်နှလုံးသားဟာ ဆုံးရှုံးခဲ့ရတာကို မမေ့ဘူး၊ အဲဒီဆုံးရှုံးမှုဟာ အစားထိုးလို့မရတဲ့ ဆုံးရှုံးမှုဆိုတာလဲ သိနေခဲ့တယ်၊ အဲဒီ ဘဝကို သုခလို့ ဝါဝါ ဆိုမလား "

" ဝါဝါ အဲဒါတွေ သိပါတယ်၊ ကိုယ် အဲဒါတွေကို မပြောပါနဲ့တော့ "

" ဝါဝါ သိတယ်ဆိုလို့ ကိုယ် ဝမ်းသာပါတယ်၊ ကိုယ် အခု ပြန်လာတာက ဒုက္ခရှာဖို့ မဟုတ်ဘူး၊ ဒုက္ခရောက်နေတဲ့ ချစ်သူဆီကို ကူညီဖို့ ကိုယ် ပြန်လာတာ "

ဝါဝါ၏ ခေါင်းလေး ငိုက်ကျသွား၏။ အတန်ကြာမှ မျက်ရည်ဝိုင်းသော မျက်လုံးတို့နှင့် သူ့ကို မော့ကြည့်ပြီး ပြော၏။

" ဝါဝါ ဘာဖြစ်နေတယ်ဆိုတာ ကိုယ် သိသလား "

သူက ချက်ချင်းမဖြေ။ ယေဘုယျ အကျဆုံး စကားကို ရွေးပြီး ဖြေသည်။

" ဝါဝါဟာ စိတ်ရဲ့ဒုက္ခ၊ ကိုယ်ရဲ့ဒုက္ခ ခံစားနေရတယ်လို့ ကိုယ် ထင်တယ် "

ဝါဝါ၏ မျက်နှာလေးက ပြုံးသယောင် မဲ့သယောင် ဖြစ်သွား၏။

" ကိုယ်က စကားကို သက်သက်ညှာညှာပြောတယ်၊ ဝါဝါ့အမေး ဝါဝါပဲ အဖြေပေးပါ့မယ်၊ သိန်းဇော်က ဝါဝါနဲ့ စေ့စပ်ထားတာကို ဘာဖြစ်လို့ ဖျက်သွားသလဲ၊ ကိုယ် သိလား "

သူက ခေါင်းခါပြ၏။

" သူက ဝါဝါ ရူးနေတာ သိသွားလို့ "

" ဝါဝါ ရူးနေတယ်၊ သူ ဘယ်လိုလုပ် သိသလဲ "

" ဝါဝါပဲ ပြောလိုက်တာ "

ဝါဝါက အံလေးကြိတ်ထား၏။

" ဝါဝါက အဲဒီလို ဘာလို့ ပြောလိုက်ရသလဲ "

" ဝါဝါ ပြောနေတာကို ကိုယ် နားမလည်ဘူးလား၊ ဝါဝါ ရူးနေတာ ဝါဝါသိလို့ အမှန်အတိုင်း ပြောလိုက်တာ "

" ဝါဝါ ရူးနေတာ ဝါဝါ ဘယ်လိုလုပ် သိသလဲ "

" လူဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံးပဲ၊ ဝါဝါ့ကိုယ် ဝါဝါ သိပါတယ် "

သူက ရယ်၏။

" ကိုယ် ဘာရယ်တာလဲ "

" လူဆိုတာ ကိုယ့်ကိုယ်ကို အသိဆုံးဆိုလို့ ကိုယ် ရယ်တာ "

" ဒါ ရယ်စရာလား "

" ကိုယ့်ကို ခွင့်လွှတ်ပါ၊ လူဆိုတာ ကိုယ့်ကိုယ်ကို သိသင့်သမျှတော့ သိပါတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို မသိတာတွေလဲ အများကြီးပဲ၊ ဒါကြောင့်လဲ မသိစိတ် ဆိုတဲ့သဘောကို စိတ်ပညာဆရာကြီးတွေက ဖွင့်ဆိုပြကြတယ်၊ အဲဒါတွေ ထားပါလေ၊ ဝါဝါက ဘာကြောင့် ဝါဝါ့ကိုယ် ဝါဝါ ရူးနေတယ်လို့ ထင်သလဲ "

ဝါဝါက တွေတွေလေး ငြိမ်နေသေး၏။ ထိုနောက်မှ သက်ပြင်းချပြီး ဖြေ၏။

" ဝါဝါ့ကိုယ် ဝါဝါ သိပါတယ် "

" ဝါဝါ ဘာကို ဘယ်လို သိသလဲ "

" ကိုယ် သိပ်ခက်ပါလား၊ ဝါဝါ့ကိုယ် ဝါဝါ သိတယ်ဆိုရင် လုံလောက်ပြီပေါ့ "

" ကိုယ့်အတွက်တော့ မလုံလောက်ဘူး "

ဝါဝါက သူ့ကို စိန်းစိန်းကြည့်သည်။ ဤမျက်လုံးများတွင် ဒေါသရိပ်ပါမှန်း သူသိသည်။

သူက ဝါဝါ၏ လက်လေးကို ယုယစွာ ကိုင်ပြီး ချော့ချော့မော့မော့ ပြော၏။

" ကိုယ့်ကို စိတ်မဆိုးပါနဲ့ ဝါဝါ၊ ကိုယ် ရှင်းပြပါ့မယ်၊ ပထမဆုံး ဝါဝါ သိဖို့က . . . ကိုယ်ဟာ သိန်းဇော် မဟုတ်ဘူး၊ ကိုယ်က ကိုမျိုးပါ၊ အို . . . မထူးတော့ပါဘူး ဝါဝါရယ်၊ ကိုယ်က . . . မောင်ပါ၊ တစ်ကြိမ်က ဝါဝါ သိပ်ချစ်တယ်ဆိုတဲ့ မောင်ပါ၊ ဝါဝါ ရူးတယ်ဆိုတော့ သိန်းဇော်က စွန့်ပစ်ခဲ့တယ်၊ မောင်ကတော့ ဝါဝါ့ကို မစွန့်ဘူး၊ ဝါဝါ ရူးနေတယ် ဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါ့အနားက မောင် မခွာတော့ဘူး၊ ဝါဝါ မရူးဘူးဆိုရင်လည်း ဝါဝါ့အနားက မောင် မခွာဘူး၊ အင်းလေ . . . ဝါဝါက မောင့်ကို ချစ်သေးတယ်ဆိုရင်ပေါ့ ”

သူ့စကား မဆုံးခင် ရှိုက်သံ ကြားရသည်။

ဝါဝါက မျက်နှာလေးကို သူ့ရင်ခွင်တွင် မှောက်ချလိုက်၏။

ကိုယ်လေး သိမ့်သိမ့်တုန်အောင် ငိုနေသော ဝါဝါ၏ ကျောလေးကို သူက အသာအယာ ပွတ်ပေးနေ၏။

ငို၍ အားရမှ ဝါဝါက သူ့ရင်ခွင်မှ ခွာသည်။

“ ဝါဝါ ရူးနေပါတယ်ဆိုတာ မောင် မယုံဘူးပေါ့ ”

“ ယုံတယ် မယုံတယ် ဆိုတာ ခုအချိန်မှာ မောင့်အတွက် အရေးမကြီးတော့ဘူး၊ ရူးတယ် မရူးတယ် ဆိုတာလည်း အရေးမကြီးတော့ဘူး ”

“ ဒါပေမယ့် ဝါဝါ ကြားနေရတယ်၊ မြင်နေရတယ် မောင် ”

“ ဝါဝါ ဘာပြောတာလဲ ”

ဝါဝါက လေးလေး ထပ်ပြော၏။

“ ဝါဝါ ကြားနေရတယ်၊ မြင်နေရတယ် ”

“ ဝါဝါ ဘာကြားပြီး ဘာမြင်ရသလဲ ”

“ မရှိတာတွေကို ကြားပြီး၊ မရှိတာတွေကို မြင်နေရတယ် ”

“ ဘယ်လိုဟာတွေလဲ ဝါဝါ ”

ဝါဝါက စဉ်းစားဟန်ဖြင့် ခေါင်းလေးကို မော့သည်။ ဝါဝါ၏ မျက်လုံးလေးများက ကောင်းကင် စိုက်ကြည့်သည်။

“ ဥပမာ ကောင်းကင်ကြီးက ပြာနေတယ်၊ တိမ်ဖြူတွေက ငြိမ်နေတယ်၊ ဒီတုန်း ဖြုန်းကနဲဆို မုန်တိုင်းကျလာတယ်၊ မောင် ဘာပြောမလဲ ”

“ မုန်တိုင်းကျလာတာကို မုန်တိုင်းကျလာတာလို့ မောင် ပြောမှာပေါ့ ”

“ မောင် နားမလည်ဘူး၊ မုန်တိုင်းကျမလာဘူး၊ လေလဲ ကျမလာဘူး၊ ဒါပေမယ့် လေကျသံကြီး ဝါဝါ ကြားတယ်၊ တခြားလူတွေက ဘယ်သူမှ မကြားဘူး ”

သူက ရုတ်တရက် သတိရလာ၏။ ဝါဝါ၏ လက်ကလေးကို ဆုပ်ညှစ်ပြီး မေး၏။

“ မောင် သိပြီ၊ စောစောတုန်းက ကြားတဲ့ အသံမျိုး၊ ဟုတ်တယ် မဟုတ်လား ”

“ ဟင် . . . ”

“ အဲဒီအသံကြီးကို မောင် ပြောပြမယ်၊ ပထမ လေချွန်သံလို သဲ့သဲ့လာတယ်၊ နောက် တဖြည်းဖြည်း အကြီးလာတယ်၊ မုန်တိုင်းမကျခင် လေပြင်းတိုက်လာသံမျိုး ဟုတ်တယ် မဟုတ်လား ”

ဝါဝါက သူ့ကို အံ့ဩဟန်ဖြင့် ကြည့်ပြီး မေး၏။

“ ဟုတ်တယ်၊ မောင် ဘယ်လိုသိလဲ ”

“ မောင်လဲ ကြားလို့ပေါ့ ”

“ မောင်လဲ ကြားတယ် . . . ”

“ နေဦး မောင် မေးဦးမယ်၊ အဲဒီအသံကြီး ပေါ်လာလို့ မကြာခင်မှာ ထိတ်လန့်တကြား အော်လိုက်သံ မောင် ကြားသေးတယ်၊ ဝါဝါ့အသံ မဟုတ်လား ”

“ ဟုတ်တယ်၊ မောင် ကြားတယ်ပေါ့ ”

“ ကြားတယ် ”

“ ဟို . . . ဟို . . . အသံကြီးလဲ ကြားတယ် ”

“ ကြားတယ် ”

“ ဒါပေမယ့် သူတို့ကတော့ မကြားဘူး ပြောတယ် ”

“ သူတို့ဆိုတာ ဘယ်သူလဲ ”

ဝါဝါက မဖြေ။

ဒေါက်တာမျိုးမွန်က သစ်ပင်ကွယ်မှ နေပြီး အရှေ့ဘက် ကုန်းမြင့်ဆီ ကြည့်သည်။

မြောက်ဘက်ပိုင်းမှ မမြမေ ဆင်းလာနေသည်။ တောင်ဘက်ပိုင်းမှ ဦးတိတ်ကြည် ဆင်းလာနေသည်။ တည့်တည့် ဆင်းလာသည် မဟုတ်။ ချုံတို့ကြား ဟိုဝင်သည်ထွက် လုပ်ကြသည်။ တစ်ခါတစ်ရံ ရပ်တန့်ပြီး ပတ်ပတ်လည်ကို ကြည့်နေကြ၏။

www.burmeseclassic.com

ဒေါက်တာမျိုးမွန်၏ ဦးနှောက်က လျင်မြန်စွာ အလုပ်လုပ်၏။ ဆုံးဖြတ်ချက်တစ်ရပ်ကို လျင်မြန်စွာပင် ချလိုက်သည်။

ဝါဝါ၏ လက်လေးနှစ်ဖက်စလုံးကို ဆုပ်ကိုင်ပြီး သွက်သွက်ပြော၏။

" ဝါဝါ . . .၊ မောင်တို့ ဒီနေ့ အချိန်မရဘူး၊ သူတို့ဟာ မကြာခင် ဒီနား ရောက်လာကြလိမ့်မယ်နဲ့ တူတယ်၊ မောင့်ကို ဝါဝါနဲ့ အတူ သူတို့ တွေ့မသွားစေချင်ဘူး "

ဒေါက်တာမျိုးမွန်၏ စကားသံနှင့် ပြောဟန်က ထိရောက်သည်။ ဝါဝါက ထိတ်လန့်တကြားလေး ဦးတိတ်ကြည့်တို့ ရှိရာ လှမ်းကြည့်သည်။

" မောင် ပြောတာကို သေသေချာချာ နားထောင်၊ ဟောဟိုချုံလေးတွေ မြင်လား၊ အဲဒီ ချုံလေးတွေဘေးကနေ အနိမ့်ထဲ ပြန်ဆင်းသွား၊ ပြီးတော့ . . . လာခဲ့တဲ့လမ်းအတိုင်း မှန်မှန်လျှောက်သွား၊ သူတို့ မြင်လို့ ပြေးလာကြရင် ဘာမှ ပြန်မပြောနဲ့၊ အိမ်ဆီသာ ပြန်သွား၊ သူတို့က မေးရင် ဝါဝါ ဖြေချင်တာဖြေ၊ ဝါဝါ့မှာ ဖြေခွင့်ရှိတယ်၊ တစ်ခုပဲ ရှိတယ်၊ မောင်နဲ့ တွေ့တာ မပြောနဲ့၊ အဲဒါ သိပ်အရေးကြီး၊ မောင် ပြောတာ နားလည်ရဲ့လား "

စိတ်ညှို့ခံထားရသူပမာ ဝါဝါက ခေါင်းညိတ်ပြ၏။

" ဝါဝါ ဟိုတစ်ညနေကလို လမ်းလျှောက်ထွက်လို့တော့ ရတယ် မဟုတ်လား "

ဝါဝါက ခေါင်းညိတ်ပြပြန်၏။

" သန်ဘက်ခါ ညနေ လေးနာရီခွဲလောက် ကောလိပ်ဘက်ကို လမ်းလျှောက်လာခဲ့၊ မောင် စောင့်နေမယ် "

ဤတွင် ဝါဝါက မေး၏။

" ဘာလုပ်မလို့လဲ "

" ဝါဝါ မောင်နဲ့ ထပ်မတွေ့ချင်တော့ဘူးလား "

ဝါဝါက သူ့ကို အားပျော့ဟန်စွာ ကြည့်နေ၏။

" ဝါဝါ မလာရင် မောင် လာခဲ့ရလိမ့်မယ်၊ အင်မတန် လုံ့ပါတယ်ဆိုတဲ့ ဝါဝါတို့ ခြံကြီးတထ မောင် ဝင်တန် ဝင်ခဲ့ရမယ်၊ မောင် ဒီခြံထဲ ဝင်နိုင်တာ ဝါဝါ ကောင်းကောင်းသိတယ် "

" အို . . . မောင် အဲဒီလို မလုပ်နဲ့၊ မလုပ်ရဘူး "

" ဒါဖြင့် ဝါဝါ လာခဲ့မလား "

" ဘာလုပ်မလို့လဲ မောင်ရယ် "

" ဝါဝါ နားမလည်နိုင်တာတွေ မောင်ရှင်းပြနိုင်လိမ့်မယ် ထင်တယ်၊ ဥပမာ ဝါဝါရော မောင်ရော ကြားခဲ့ကြရတဲ့ အသံကြီး "

" အဲဒီအသံကြီး တကယ်ရှိတယ် "

" ရှိတယ် . . . အဲဒီအသံကို ဘယ်သူလုပ်သလဲ၊ ဘာကြောင့် လုပ်ရသလဲ၊ ထားတော့ မောင် ရှင်းပြနိုင်လိမ့်မယ် ထင်တယ်၊ ဝါဝါ လာခဲ့မလား "

ဝါဝါ သက်ပြင်းလေးချပြီး စိတ်လျှော့ဟန်ဖြင့် ဖြေ၏။

" ဝါဝါ လာခဲ့ပါ့မယ် "

သူက ပြုံးလိုက်ပြီး ဝါဝါ၏ နဖူးလေးကို ယုယစွာ နမ်း၏။

ဝါဝါ့ကို မလွှတ်လိုက်ခင် သူက ကုန်းမြင့်ဆီ ပြန်ကြည့်၏။

ဦးတိတ်ကြည်နှင့် မမြမေတို့က မိမိတို့ရှိရာဘက် ကျောပေးပြီး ကုန်းမြင့်ကို ပြန်တက်လျက် ရှာနေကြသည်။

" ကဲ . . . ဝါဝါ သွားတော့၊ မောင် ဒီကနေ စောင့်ကြည့်နေမယ် "

ဝါဝါက သူညွှန်ကြားထားသည့်အတိုင်း ကုန်းနိမ့်တွင်းသို့ ဆင်းသွား၏။

မြောက်ဘက် ကုန်းပြင်မြင့်သည့်နေရာသို့ ဝါဝါ အရောက်၌ သူတို့က ဝါဝါ့ကို မြင်သွားကြဟန် တူသည်။ မမြမေက ဝါဝါ့ဆီ ပြေးလာသည်ကို ဒေါက်တာမျိုးမွန် မြင်ရသည်။

မမြမေက ဝါဝါ့ပုခုံးလေးကို လှမ်းကိုင်သည်။ အမူအယာပဲ ဆောင်သလော၊ တကယ်ပင် အားကုန်နွမ်းလျသွားသလော မသိ။ ဝါဝါက မမြမေကို လှမ်းဖက်၏။

မမြမေက ဝါဝါ့ကို ဖက်တွဲပြီး အိမ်ကြီးဆီသို့ ခေါ်သွား၏။ ဦးတိတ်ကြည်က နောက်မှ လိုက်သွားသည်။

သစ်ပင်ကွယ်တွင် ဒေါက်တာမျိုးမွန်က စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိဖွာရှိုက်ပြီး အငွေ့ကို မှုတ်ထုတ်လိုက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

နှစ်ရက်ကြာသော ညနေတွင် ကောလိပ်စပ် နာဂဝံသ ချောင်းဘေး မြရာပင်များ အကွယ်မှ ဒေါက်တာမျိုးမွန်က စောင့်ကြည့်နေသည်။

ချစ်သူလာရာလမ်းမှ ဝါဝါ ပေါ်လာသည်။ အဝါရောင်ဝတ်စုံလေးကိုပင် ဝတ်ဆင်လာသဖြင့် ရင်တွင်း၌ သဘောကျမိသည်။ ဝါဝါ့ကို အဝါရောင်ဝတ်စုံနှင့် အလိုက်ဆုံးဟု မိမိ ပြောဖူးသည်။ ဩော် . . . ဝါဝါ မမေ့သေးဟန်ပါတကား။

ဝါဝါက မိမိ ပုန်းကွယ်ရပ်နေရာကို ကျော်သွားသည်အထိ ဒေါက်တာမျိုးမွန်က မလှုပ်သေး။ သူ့မျက်လုံးများက ဝါဝါ လာခဲ့ရာ လမ်းဆီသို့သာ ကြည့်နေ၏။

ဝါဝါ့နောက်မှ မည်သူမျှ လိုက်မလာခဲ့။

ဆန်းသည်တော့ ထင်၏။ ဝါဝါသည် စိတ္တဇဝေဒနာရှိသူ တစ်ဦးဟု လူတွေ သိထားသည်။ စိန်ပန်းပင်ကြီးဘက် ဝါဝါ ထွက်လာသောအခါများ၌ နောက်မှ မမြဲမေပါသည်။ ရှေ့မှ ဦးတိတ်ကြည်က သွားစောင့်နှင့်၏။ ယခုတော့ နောက်မှ မည်သူမျှ လိုက်မလာကြ။ ဘာသဘောနည်း။

မိမိကတော့ မပေါ့နိုင်။ ပေါ့၍မဖြစ်။ သတိဟူသည် ပိုရိုးမရှိ။

ဝါဝါ့နောက်မှ မည်သူမျှ လိုက်မလာမှန်း စိတ်ကျေနပ်မှ ဒေါက်တာမျိုးမွန်က ပုန်းကွယ်ရာမှ ထွက်လိုက်သည်။

ဝါဝါ့ကို ကောလိပ်အဆောက်အအုံကြီးရှေ့မှ ပတ်ထွက်လာသော ကတ္တရာလမ်းမကြီးပေါ်တွင် သွားမီသည်။

“ ဟင် . . . မောင် ဘယ်ကနေ ပေါ်လာတာလဲ ”

“ ဝါဝါ့ နောက်ကလေ ”

ဝါဝါက သူ့ကို နားမလည်ဟန်ဖြင့် မျက်မှောင်လေးတွန့်၍ ကြည့်နေသည်။

“ လာ ဝါဝါ၊ မောင်တို့ ကျောင်းကြီးရှေ့ သွားကြမယ် ”

ကောလိပ်နယ်မြေအတွင်း လမ်းလျှောက်နေကြသော ကျောင်းသားကျောင်းသူများ ရှိနေသည်။

သူက ကျောင်းကြီးရှေ့တွင် ရပ်ထားသော ကိုရိုလာ ကားအနီလေးဆီသို့ ဝါဝါ့အား ခေါ်သွား၏။

သူက ကားတံခါး ဖွင့်ပေးသောအခါ ဝါဝါက မျက်လုံးလေး ပြူးသွား၏။

“ ဘယ် . . . ဘယ်သွားမလို့လဲ ”

“ ဒီမှာ ကျောင်းသားကျောင်းသူတွေ ရှိတယ်၊ စကားပြောဖို့ မလွတ်လပ်ဘူး၊ ပြီးတော့ ဝါဝါ့ကို မောင် ပြစရာတစ်ခု ရှိတယ် ”

ဝါဝါက ဘေးတစ်ဝိုက်သို့ မျက်လုံး ဝေ့ကြည့်သည်။ ထို့နောက် ဘာမျှမပြောတော့ဘဲ ကားရှေ့ခန်း၌ ဝင်ထိုင်၏။

ဒေါက်တာမျိုးမွန်က ကားလေးကို အဓိပတိလမ်းအတိုင်း မောင်းထွက်လာခဲ့သည်။

“ ဒီဟာ . . . မောင့်ကားလား ”

“ ဟုတ်တယ် ”

“ ကားလေးက လှတယ်နော် ”

“ မောင့်ဘေးမှာ ဝါဝါရှိနေတော့ ကားလေးက ပိုလှတာပေါ့ ”

သူ့ရင်က ကြည့်နူးသည်။ ဤကားလှလှလေးကို ဝယ်စဉ်က ချစ်သူလှလှကို သတိရသည်။ မိမိဘေးတွင် ချစ်သူလှလှ မရှိနိုင်မှန်း သတိရပြန်သောအခါ ဝမ်းနည်းရ၏။ ယခုမူကား . . . ။

“ မောင် ဘာတွေတွေးနေတာလဲ ”

“ ဟောဒီကားလေး ဝယ်စဉ်ထဲက ဝါဝါ့ကို မောင် သတိရတယ်၊ ဒါပေမယ့် မောင့်ဘေးမှာ ဝါဝါ မရှိနိုင်တော့တာ တွေးမိတော့ မောင် ရင်ဆို့ခဲ့ရတယ်၊ အခု မောင့်ဘေးမှာ ဝါဝါ ရှိလာပြန်တော့ မောင် ကြည်နူးနေမိတယ် ဝါဝါ ”

ဝါဝါက မျက်တောင်ကော့များကို စင်းလျက် သူ့ကို တစ်ချက်ကြည့်သည်။ ဝါဝါ၏ လက်လေးတစ်ဖက်ကလည်း သူ့လက်မောင်းကို အသာဆုပ်ကိုင်၏။

သူက ကားကို လက်တစ်ဖက်ဖြင့် ထိန်းမောင်းပြီး အခြား လက်တစ်ဖက်ဖြင့် ဝါဝါ၏ လက်လေးကို ပြန်ကိုင်၏။

“ မောင် . . . ကားကို လက်နှစ်ဖက်နဲ့ မောင်း ”

သူက ရယ်ပြီးပြော၏။

“ ကောင်းပါပြီ၊ ဝါဝါ့ အမိန့်အတိုင်းပါ ”

“ ဝါဝါတို့ အခု ဘယ်သွားမလို့လဲ ”

www.burmeseclassic.com

" ဝါဝါ့ကို မောင် ခိုးပြေးတာ "

" အင် . . . ဘာပြောတယ် "

" ဝါဝါ့ကို မောင် ခိုးပြေးတာလို့ "

" အို . . . "

" အလကားပြောတာပါ ဝါဝါရယ်၊ မောင်တို့ ငယ်ငယ်က သွားခဲ့ဖူးတဲ့ နေရာတစ်ခု၊ ဝါဝါ့စိတ်ထဲမှာ အသာယာဆုံးလို့ ပြောခဲ့ဖူးတဲ့ နေရာတစ်ခု "

ဝါဝါက ပြုံး၏။

" ဝါဝါ ပြောခဲ့တာတွေကို မောင် တစ်ခုမှ မမေ့သေးဘူးပေါ့ "

" ဟင့်အင်း . . . မမေ့ဘူး "

ဒေါက်တာမျိုးမွန်က ကားလေးကို မြို့နောက်ခံ တောင်ရိုးပေါ်သို့ မောင်းလာခဲ့သည်။

ဦးခန္တီဘုရားအနီးတွင် ကားကိုရပ်ပြီး ဆင်းကြသည်။

ကားလမ်းနှင့် အတန်ကွာဝေးသော တောင်ကမ်းပါးစပ်တွင် နှစ်ဦးသား ယှဉ်တွဲရပ်ကြ၏။

သည်နေရာက မျှော်ကြည့်သောအခါ သစ်ပင် အုန်းပင်တို့ဖြင့် စိမ်းစိုလှပသော မော်လမြိုင်တစ်မြို့လုံးကို အောက်၌ တွေ့ရသည်။ အနောက်ဘက်သို့ မျက်လုံးဆန့်ကြည့်လိုက်သောအခါ ကျယ်ပြောသော သံလွင်မြစ်။ ထို့ထက် လွန်သော် မိုးဦး မြူမှုန်ရီ လွှမ်းသော ဘီလူးကျွန်းမှ တောင်တန်းများ။

ယနေ့ညနေ၌ တိမ်ညို တိမ်ပြာ တိမ်ဝါ တိမ်နီတို့နှင့် ကောင်းကင်ကလည်း ရောင်စုံပန်းချီ ချယ်ပြနေ၏။

တစ်ဦးခါး တစ်ဦးဖက်ပြီး ရှုခင်းအလှကို ငေးမောကြည့်နေကြသည်။

ဒေါက်တာမျိုးမွန်က ယခုအဖြစ်ကို ခေတ္တ မေ့သွားသည်။ လွန်ခဲ့သော ဆယ့်နှစ်နှစ်ခန့်ဆီ စိတ်ပြန်ရောက်သွားသည်။ ရှုးရှုးမိုက်မိုက်နှင့် ချစ်ဦးစအရွယ် အချိန်ကာလများ။

ဝါဝါက စပြော၏။

" မောင်ပြမယ်ဆိုတာ ဒါလား "

" ဩော် . . . ဟုတ်ပါရဲ့၊ ဝါဝါ ခဏ နေဦးနော် "

သူက ကားဆီသို့ ပြန်သွားပြီး ကားနောက်ဖုံးတွင်းမှ တစ်စုံတရာကို ယူလာခဲ့သည်။

" အဲဒါ ဘာလဲ မောင် "

သူက ပစ္စည်းကို ဝါဝါ့အား ပြသသည်။

သစ်တစ်တုံးတည်းမှ ထောင့်ရှိသော သစ်သားပြား အကောက်ဖြစ်အောင် ပြုလုပ်ထားသော အရာတစ်ခုဖြစ်သည်။ အလယ်ဖြစ်သောထောင့်တွင် အပေါက်ဖောက်ထားပြီး ကြိုးတပ်ထား၏။

" သစ်သားပြားချည်းဆို ဘွန်မရင်းလို့ ခေါ်တယ်၊ အဝေးကို ပစ်လိုက်ရင် သွားပြီးမှ ပစ်သူအနီးကို ပြန်လာတတ်တယ်၊ ဩစတေးလျတိုင်းရင်းသားတွေ အမဲလိုက် ကိရိယာအဖြစ် သုံးတယ်၊ ဝါဝါ ကြားဖူးမှာပေါ့ "

ဝါဝါက ခေါင်းညိတ်ပြ၏။

" ခုလို ကြိုးတပ်ပြီးသုံးတော့ ဘူး(လ်)ရိုးဝါးရာ ဖြစ်လာတယ် "

" အဲဒါ ဘာလဲ မောင် "

" ဝါဝါ့ကို မောင်ပြမယ်၊ ဝါဝါ ကားထဲက သွားထိုင်ပြီး ကြည့် "

" ဘာဖြစ်လို့ . . . "

ဝါဝါက ကားရှေ့ခန်းတွင် သွားထိုင်နေ၏။

ကားလမ်းနှင့် တောင်ကမ်းပါးစပ်တွင် မြေကွက်လပ်က အတန်ကျယ်သည်။

ဒေါက်တာမျိုးမွန်က ခွေထားသော ကြိုးကို ဖြေဆန့်ပြီး ကြိုးမှကိုင်လျက် သစ်သားပြားကို လေတွင် ပတ်ချာလှည့်၏။ ပထမ အရှိန်ရအောင် ဖြည်းဖြည်း ထိန်းလှည့်ရ၏။ လေထဲတွင် ကောင်းစွာ ပျံပတ်လည်သောအခါမှ အရှိန်ကို မြှင့်၏။

ပထမ လေချွန်သံ ထွက်လာသည်။ လေချွန်သံက စူးသထက် စူးပြီး ကျယ်လာ၏။ မကြာမီ လေပြင်းကျသံမျိုးသည် ပတ်ဝန်းကျင်ကို ပျံ့နှံ့ထွက်လာ၏။

သုံးမိနစ်ခန့် လှည့်နေပြီးမှ ဒေါက်တာမျိုးမွန်က အရှိန်လျှော့သတ်ပြီး ရပ်လိုက်၏။

ဒေါက်တာမျိုးမွန်က ကားဆီသို့ လှမ်းကြည့်သည်။ ကားပြတင်း၌ ဝါဝါ၏ မျက်နှာလေးကို မတွေ့ရတော့။

ဒေါက်တာမျိုးမွန်က ကားဆီပြေးပြီး တံခါးဖွင့်တက်၏။

www.burmeseclassic.com

တစ်ဖက်ထိုင်ခုံပေါ်၌ ဝါဝါက ခါးကိုညွတ်ပြီး မျက်နှာကို ဒူးလေးထက် အပ်ထား၏။ လက်လေးနှစ်ဖက်က နားနှစ်ဖက်ကို အုပ်ထား၏။ ကိုယ်လေးက ဆတ်ဆတ်တုန်နေသည်။ သူ ဝါဝါ၏ ပုခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ပြီး ခေါ်၏။

" ဝါဝါ . . . ဝါဝါ ဘာဖြစ်သလဲ "

" ကြောက်တယ်၊ ဝါဝါ ကြောက်တယ် "

" အို . . . ဘာလို့ ကြောက်ရမှာလဲ၊ မောင် အနားမှာရှိတယ် "

" ဟင့်အင်း . . . ကြောက်တယ် "

သူက ဝါဝါ့ကို ရင်ခွင်တွင်း သွင်းပြီး ပွေ့ထားလိုက်၏။ ပါးချင်းလည်း ကပ်ထားလိုက်သည်။

ဝါဝါက သူ့ကို တင်းကျပ်စွာ ပြန်ဖက်ထား၏။

ဝါဝါ့လက်လေးများက အေးစက်နေသည်။ ဝါဝါ့ရင်ခုန်သံကိုလည်း သူကြားနေရ၏။

အခြား ဘာမျှ မတတ်နိုင်သည်ကို သူသိသည်။ ကိုယ်ချင်းအပ်၊ ပါးချင်းအပ်ပြီးသာ ဝါဝါ့ကို ငြိမ်ငြိမ်ပွေ့ထားရ၏။

ငါးမိနစ်ခန့်ကြာမှ ဝါဝါက မျက်လုံးလေး ဖွင့်ကြည့်သည်။

သူက အားပေးသော အပြုံး ပြုံးပြရ၏။

" မောင် ဘာလုပ်တာလဲ "

" ဝါဝါ့ကို လက်တွေ့ပြတာ "

ဝါဝါသည် သူ့နားကိုသူ မယုံသေးဟန်ဖြင့် နားစွင့်ထောင်ကြည့်နေသည်။

" အသံကြီး မရှိတော့ဘူးနော် မောင် "

" ဘယ်ရှိတော့မလဲ၊ မောင်က ရပ်လိုက်တာကိုး "

ဝါဝါက မြေကွက်လပ်ဆီ လှမ်းကြည့်သည်။

ဝါဝါ့ထံ ပြေးလာစဉ် သူလွှတ်ချခဲ့သောကြောင့် သစ်သားပြားနှင့် ကြိုးသည် မြေပြင်တွင် ကျန်ရစ်၏။

" အဲဒီဥစ္စာက အသံမြည်တာ ဟုတ်လား မောင် "

" ဟုတ်တယ်၊ အဲဒီဥစ္စာကို အင်္ဂလိပ်လို ဘူး(လ်)ရိုးဝါးရာလို့ ခေါ်တယ်၊ ဘူး(လ်)ကို ဒီနေရာမှာ ကြိုးသောလို့ အဓိပ္ပါယ်ကောက်ရတယ်၊ ရိုးဝါးရာ ဆိုတာက ဟိန်းသောအရာ . . . ဟီးသောအရာလို့ အဓိပ္ပါယ်ရှိတယ်၊ လေသံလှိုင်းသံ ပြင်းပြင်းကို သူတို့စကားမှာက ဟိန်းတယ် ဟောက်တယ်လို့ တင်စားပြောကြတာကိုး "

" မောင် ဒီဥစ္စာ ဘယ်ကရလာတာလဲ "

" ဘူး(လ်)ရိုးဝါးရာကို မောင် နိုင်ငံခြားမှာ တွေ့ဖူးခဲ့တယ်၊ မူလ အစက လူရိုင်းတွေက ဒီကိရိယာကို သူတို့ အယူနဲ့ သူတို့ နာနာဘာဝတွေကို မောင်းထုတ်တဲ့ အခမ်းအနားတွေမှာ သုံးတယ်၊ သူတို့နယ်ကို ကျူးကျော်လာတဲ့ လူစိမ်းသူစိမ်းတွေကို ခြောက်လှန့်ဖို့လဲ သုံးကြတယ်၊ ဩော် . . . အိတ်(ဉ်)စီ ဘေလီဆိုတဲ့ စာရေးဆရာကြီးရေးတဲ့ သချိုင်းမြေပုံရှည်ကြီးများ ဆိုတဲ့ စုံထောက်ဝတ္ထုတစ်ပုဒ်ထဲမှာလဲ လူကို ထိတ်လန့်အောင်လုပ်ဖို့ ဒီကိရိယာသုံးပုံ ဖော်ပြထားတယ်၊ အခုတော့ နိုင်ငံခြားမှာ ကလေးတွေနဲ့ လူငယ်တွေဟာ ဆော့ကစားရာမှာ သုံးကြတယ်၊ ပင်လယ်ကမ်းစပ်တွေမှာ အမျိုးသမီး ရေကူးသူတွေကို ခြောက်ပြီး စလေ့ရှိကြတယ် "

" မောင် ဒီဥစ္စာ နိုင်ငံခြားက ယူလာတာလား "

" ဟင့်အင်း၊ ကောလိပ်က အလုပ်ရုံမှာ လက်သမားဆရာကြီး ဦးတင်ရွှေနဲ့ တိုင်ပင်ပြီး မောင့်ဘာသာ မောင် လုပ်ခဲ့တာ"

" ဘာလို့ လုပ်ခဲ့တာလဲ "

" ဝါဝါ့ကို လက်တွေ့ပြချင်လို့ပေါ့၊ ဝါဝါ မြင်ပြီလား၊ ဝါဝါ ကြားတယ်ဆိုတာ မရှိတာကို ကြားတာ မဟုတ်ဘူး၊ ရှိတာကို ကြားနေတာ "

ဝါဝါက သူ့ရင်ခွင်မှ ခွာပြီး ထိုင်လိုက်၏။

" ဝါဝါ ကြောက်သေးလား "

" အခုတော့ . . . သိပ် . . . သိပ်မကြောက်တော့ဘူး "

" နည်းနည်းတော့ ကြောက်သေးတယ်ပေါ့ "

ဝါဝါ၏ မျက်နှာလေးမှာ ညှိုးကျသွားပြီး လူမှာလည်း ငိုင်နေ၏။

" ဟော . . . ဝါဝါ ဘာဖြစ်သွားသလဲ "

ဝါဝါက မဖြေ။ ခေါင်းလေးကိုသာ ရမ်းနေ၏။

" ဝါဝါ ဘာလို့ ခေါင်းခါသလဲ၊ မောင် ရှင်းပြတာကို မယုံဘူးလား "

www.burmeseclassic.com

" အသံကြီး ကြားတာတော့ ထားပါတော့၊ ဘာလို့ ဝါဝါ မြင်လဲ မြင်သလဲ "
" ဘာပြောတယ် ဝါဝါ "
" ဝါဝါ မြင်လဲ မြင်တယ် "
" ဝါဝါ ဘာမြင်သလဲ "
ဝါဝါက တိုးတိုးလေး ဖြေ၏။
" ရှင်ထွေး . . . "
" ဟင် . . . "
" ရှင်ထွေးကို မြင်တယ်၊ မင်းရဲသီဟကို မြင်တယ်၊ ပြီးတော့ . . . "
ဝါဝါ စကားရပ်သွား၏။
" ပြီးတော့ ဘာဖြစ်သလဲ ဝါဝါ "
" ပြီးတော့ . . . ဗိုလ် . . . ဗိုလ်ရက္ခနဲ့ . . . မြ . . . မြသီတာ "
" သူတို့တွေဟာ ဘယ်သူတွေလဲဟင် "
" သူတို့တွေဟာ သူတို့တွေပေါ့၊ ဘာလဲ မောင်လဲ မယုံဘူး မဟုတ်လား "
" ဆက်ပြောပါဦး ဝါဝါ၊ မောင် စိတ်ဝင်စားတယ်၊ သူတို့တွေကို ဘယ်မှာမြင်လဲ "
" ဒီလိုပဲ မြင်တာပေါ့၊ မြင်ရုံမကဘူး၊ သူတို့ စကားပြောတယ်၊ ဝါဝါ ကြားတယ် "
ဝါဝါက အံလေး ကြိတ်ထား၏။
" သူတို့ ဘာတွေ ပြောကြသလဲ "
" အို . . . အများကြီးပေါ့ မောင် . . . သိရဲ့လား၊ ရှင်ထွေးလေးဟာ သိပ်သနားဖို့ကောင်းတယ် "
" ရှင်ထွေးဆိုတဲ့ နာမည်လေးက သိပ်လှတယ်၊ လူကော လှသလား ဝါဝါ "
" လှတယ် သိပ်လှတယ်၊ မင်းရဲသီဟက ရှင်ထွေးကို ဝင်းငြိမ့်ရွှန်းတဲ့၊ မောင်ကြီးရဲ့ ဝင်းငြိမ့်ရွှန်းတဲ့၊ အဲဒီလို ခေါ်တာ၊ မောင် သိရဲ့လား၊ မင်းရဲသီဟက ရှင်ထွေးကို သိပ်ချစ်တာ "
" လှတဲ့ . . . သိပ်လှတဲ့ ချစ်သူကို ချစ်မှာပေါ့၊ မောင် ကိုယ်ချင်းစာတတ်တယ်၊ ဝင်းငြိမ့်ရွှန်းဆိုတဲ့ စကားလေးလဲ မောင် သိပ်ကြိုက်တယ်၊ နေဦး မောင်ပြောပြမယ်၊ ရှင်ထွေး အသားလေးတွေက ဝါမယ်၊ ဝါဝါ့လိုပဲ ဝါရမယ်၊ အကြောစိမ်းလေးတွေ မွေးညင်းစိမ်းလေးတွေကလဲ . . . ရွှန်းရွှန်းမြမြလေး နေမယ်၊ ဟုတ်တယ် မဟုတ်လား "
" ဟုတ်တယ်၊ မောင် ဘယ်လိုလုပ်သိသလဲ "
" ဪ . . . မောင့်မှာလဲ ဝင်းငြိမ့်ရွှန်း ရှိတာကိုး . . . "
" ဟွန်း . . . မဖောက်နဲ့၊ ဝါဝါပြောတာကို မယုံဘူးလား "
" ယုံပါတယ် ဝါဝါ၊ ဒါပေမယ့် . . . ဝါဝါက ဘာလို့ ရှင်ထွေးကို သနားစရာကောင်းတယ်လို့ ပြောရသလဲ "
" သူတို့က ရှင်ထွေးနဲ့ မင်းရဲသီဟကို ဝေးအောင်လုပ်နေကြတယ်၊ ဗိုလ်ရက္ခနဲ့ မြသီတာတို့ပေါ့၊ ရှင်ထွေးကို အခန်းတစ်ခုမှာ လှောင်ထားကြတယ်၊ မင်းရဲသီဟကလဲ နေပြည်တော်ကို ပြန်ရတော့မယ်၊ အဲဒါလဲ သူတို့ လုပ်တာပဲ ဖြစ်ရမယ်၊ ဟိုနေ့က မင်းရဲသီဟ . . . အိမ်ကို လာနှုတ်ဆက်တယ်၊ ရှင်ထွေး နေမကောင်းဘူးလို့ နေမျိုးဗလနဲ့ မြသီတာက ပြောလွှတ်လိုက်တယ် "
" နေမျိုးဗလဆိုတာ ဘယ်သူလဲ "
" ရှင်ထွေးရဲ့ ခမည်းလေ၊ ဒီက ရွာသူကြီး၊ သူကလဲ သိပ်မာနကြီးတယ်၊ သူ့ခယ်မ မြသီတာ စကားကိုလဲ နားထောင်တယ်၊ ရှင်ထွေးလေးမှာ အမေ မရှိတော့ဘူး "
" ဒါဖြင့် . . . မင်းရဲသီဟဟာ ရှင်ထွေးလေးကို နှုတ်ဆက်မသွားရရှာဘူးပေါ့ "
" ဟုတ်တယ်၊ သူ ငိုင်ငိုင် ပြန်သွားရရှာတယ်၊ တပ်ထွက်ဖို့ ခရာတွေကလဲ မှုတ်နေပြီ၊ ဗိုလ်ရက္ခ ပြောတာမှန်တယ်၊ မင်းရဲသီဟ သတ္တိဘယ်လောက်ရှိပေမယ့် မင်းအမိန့်တော်ကိုတော့ မလွန်ဆန်ရဲဘူး "
" ဒါဖြင့် ရှင်ထွေးလေးကို ထားခဲ့ပြီး၊ မင်းရဲသီဟ နေပြည်တော်ကို ပြန်သွားတယ်ပေါ့ "
" အဲဒီအထိတော့ မသိသေးဘူး၊ မင်းရဲသီဟနောက် လိုက်သွားတုန်း မောင်က ဟို . . . ဟို လာကိုင်တာကိုး "
" မောင်က လာကိုင်တယ် "
" ဟုတ်တယ်လေ၊ ဟိုနေ့လယ်က "
" ဪ . . . "

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးမွန်က ဣန္ဒြေမပျက်ဘဲ သာမန် အံ့ဩဟန်ပြ၏။ စိတ်တွင်း၌မူ အရေးကြီးသောအပိုင်းသို့ ရောက်လာပြီ ဖြစ်ကြောင်း သိသည်။

" ဒါဖြင့် စိန်ပန်းပင်ကြီးဘက် သတိလွတ်သလို ဝါဝါ ထွက်ထွက်လာတာက အဓိပ္ပါယ်မဲ့ မဟုတ်ဘူးပေါ့၊ ရှင်ထွေးတို့ မင်းရဲသီဟတို့ကို လိုက်ကြည့်တာပေါ့ "

ဝါဝါက ခေါင်းညိတ်ပြ၏။

" ဟိုနေ့လည်က ဝါဝါ အသံကြီးကို ကြားတယ်၊ နောက် . . . မောင်ထင်တယ်၊ နာရီဝက်လောက်အကြာမှာ ဝါဝါ ထွက်လာတယ်၊ ဒီအသံကြီးကို ကြားတာနဲ့ ရှင်ထွေးတို့ကို တွေ့တာနဲ့ ဘယ်လို ဆက်စပ်မှုရှိသလဲ "

" ဆက်စပ်မှု . . . "

ဝါဝါသည် စဉ်းစားသယောင် ငြိမ်နေပြီးမှ မေး၏။

" မောင် ဘာဆိုလိုတာလဲ "

" ဝါဝါ ဒီအသံကြီးကို ကြားတယ်၊ နောက် မင်းရဲသီဟတို့ကို တွေ့တယ်၊ ဒီအသံကြီးကြားတိုင်း ရှင်ထွေးတို့ မင်းရဲ သီဟတို့ကို ဝါဝါ တွေ့တတ်သလား "

" ဟုတ်တယ်၊ အင်း . . . မဟုတ်ဘူး "

ဒေါက်တာမျိုးမွန်က ပြုံးလျက် မျက်မှောင်တွန့်ပြီး ဝါဝါ့ကို ကြည့်၏။

ဝါဝါက ခေါင်းကုတ်သည်။

" ဝါဝါ ဘယ်လိုပြောရမလဲ၊ ဒီအသံကြီးကြားရင် ဝါဝါ သိပ်ကြောက်တယ်၊ နောက် . . . ရှင်ထွေးတို့ကို တွေ့တာပဲ၊ ဒါပေမယ့် တစ်ခါတလေ အဲဒီ အသံကြီး ကြားတယ်၊ မောင် သိလား၊ ည . . . ည ကြားရင် ပိုကြောက်ဖို့ ကောင်းတယ်၊ လသာသာမှာ ကြားရရင် တစ်မျိုးကြီးပဲ၊ လကြီးကလဲ သာနေတယ်၊ ကြယ်လေးတွေလဲ လက်နေတယ်၊ ဝါဝါ လသာတဲ့ညကို ချစ်တယ်၊ လမင်းကြီးနဲ့ ကြယ်လေးတွေကို ကြည့်နေတုန်း ဒီအသံကြီး ပေါ်လာတယ်၊ တစ်ခါတလေ ဝါဝါ အိပ်နေတုန်း ဒီ အသံကြီး ပေါ်လာတယ်၊ ဝါဝါ လန့်နိုးပြီး သိပ် . . . သိပ်ကြောက်တယ် "

" ပြီးတော့ လသာသာမှာ ရှင်ထွေးတို့ကို တွေ့ရောလား "

ဝါဝါက ခေါင်းခါ၏။

" မတွေ့ဘူး၊ ရှင်ထွေးတို့က ညဆို မထွက်ဘူး၊ နေ့မှ "

" ရှင်ထွေးတို့က ဘယ်က ထွက်လာသလဲ "

ဝါဝါ ငိုင်သွားပြန်၏။ ခေါင်းလေးကို ကုတ်ပြီးမှ ဖြေ၏။

" ထွက်လာတာ မဟုတ်ဘူး၊ ဟိုဒင်း . . . ပေါ်လာတာ "

" ပေါ်လာတာ . . . "

" မောင် နားလည်မှာ မဟုတ်ဘူး၊ အသံကြီး ကြားရတော့ ဝါဝါ သိပ်ကြောက်တယ်၊ ဝါဝါ ဆေးသောက်ပြီး ကုတင် ပေါ်မှာ လှဲအိပ်နေတုန်း အိပ်မက်လဲ မဟုတ်ဘူး၊ အခန်း ပျောက်သွားတယ်၊ အခန်းထဲက ပစ္စည်းတွေလဲ ပျောက်သွားတယ်၊ ဝါဝါ အပြင်မှာ ရောက်နေတယ်၊ မြက်ခင်းတွေ စမ်းချောင်းတွေ၊ သစ်ပင်တွေနဲ့ အပြင်မှာ . . . နောက် . . . သူတို့ ဒီလိုပဲ၊ လူတွေလိုပဲ ပေါ်လာတာ "

သူက အလွန် သတိကြီးစွာထားပြီး မေး၏။

" ဝါဝါ ဘာလို့ ဆေးသောက်လဲ "

" မသောက်လို့ ဖြစ်မလား၊ ဝါဝါ သိပ်ကြောက်တယ်၊ ဆေးမသောက်ရင် ဝါဝါ နေလို့လဲမရဘူး၊ အိပ်လိုလဲ မရဘူး"

" ဝါဝါ ဘာဆေးသောက်လဲ "

" စိတ်ငြိမ်ဆေး "

" ဟုတ်ပြီလေ၊ ဘာအမျိုးအစားလဲ၊ ဘာနာမည်လဲ "

ဝါဝါ ငိုင်သွား၏။ ထို့နောက် သူ့အား ငေးငေးလေး ကြည့်၏။

" ဝါဝါ မသိဘူး "

" ဝါဝါ မသိဘူး၊ မသိဘဲနဲ့ သောက်ရသလား "

" မဟုတ်ဘူး . . . ဟိုဒင်း . . . မြသီတာ တိုက်တာ "

" မြသီတာ . . . "

" ဝါဝါ စကားများလို့ မမြမေ တိုက်တာ "

www.burmeseclassic.com

www.burmeseclassic.com

“ အဲဒီ မမြမေက ဘယ်သူလဲ ”

“ အိမ်မှာ အဖော်၊ ဦးလေးနဲ့ ဆွေမျိုးနီးစပ်တော်တယ်၊ ဝါဝါ့ကို သူ ပြုစုရတယ် ”

ဒေါက်တာမျိုးမွန် ခေါင်းတညိတ်ညိတ် လုပ်ပြသည်။ မိမိအတွက်တော့ အဖြေက ပေါ်နေပြီ။ ဝါဝါ့ကိုလည်း အဖြေ ပေါ်စေချင်သည်။ ထိုအဖေကို မိမိပြောပြ၍ ဝါဝါ ရခြင်း မဖြစ်စေလို။ ဝါဝါ့အသိဉာဏ်ဖြင့် ထိုးထွင်းပြီးရသော အဖြေ ဖြစ်စေလိုသည်။

“ ဝါဝါ အဲဒီလို စိတ်ငြိမ်ဆေးသောက်ပြီး အိပ်လိုက်တော့ အိပ်ပျော်ပြီး အိပ်မက်မက်တာပေါ့၊ ဟုတ်လား ”

“ ဝါဝါ အိပ်မက်မက်တာ မဟုတ်ဘူးလို့ ပြောပြီးပါရောလား၊ ဝါဝါ ဒီလိုပဲ လှဲနေတာ၊ အဲဒီတုန်း ပေါ်လာတာ ”

“ ဩော် . . . ဩော် . . . ဝါဝါ အိပ်ပျော်သွားတာ မဟုတ်ဘူးပေါ့ ”

“ မဟုတ်ဘူး ”

“ ကြောက်ကော ကြောက်နေသေးလား ”

“ စိတ်ငြိမ်ဆေး သောက်ပြီးမှဟာ၊ ဘယ်ကြောက်တော့မလဲ ”

“ ခုနင်က မောင် ဟိုအသံကြီး လုပ်ပြတော့လဲ ဝါဝါ သိပ်ကြောက်သွားတယ်နော် ”

“ ကြောက်တာပေါ့ ”

“ အခုကော ကြောက်သေးလား ”

ဝါဝါက ပြုံးပြီး ဖြေ၏။

“ ဟင့်အင်း . . . ”

“ ဩော် . . . ရှင်ထွေးတို့ကိုကော တွေ့သေးလား ”

ဝါဝါက မျက်လုံးလေးပြူးပြီး ပတ်ဝန်းကျင်ကို ကြည့်သည်။

“ မတွေ့ဘူး၊ မောင် ဘာပြုလို့ မေးတာလဲ ”

“ မောင် မေးတာကို ဖြေစမ်းပါဦး၊ ရှင်ထွေးတို့ကို ဝါဝါ အခု ဘာလို့မတွေ့တာလဲ၊ တကယ်ဆို တွေ့ဖို့မသင့်ဘူးလား”

ဝါဝါက မျက်မှောင်လေးကြုတ်ပြီး သူ့ကို စိုက်ကြည့်နေ၏။

“ မောင် ဘာဆိုလိုတာလဲ ”

“ ဝါဝါ စဉ်းစားလေ၊ အရင်တုန်းက ဒီလိုပဲကြားပြီး ဒီလိုပဲ ကြောက်တယ်၊ အကြောက်ပြေသွားတဲ့အခါ ရှင်ထွေး တို့ကို တွေ့တယ်၊ ခုတော့ မတွေ့ဘူး၊ ဘာခြားနားလို့လဲ ”

“ ရှင်ထွေးတို့က . . . ဒီ . . . ဒီမှာ . . . မ . . . မရှိလို့ ဖြစ်မှာပေါ့ ”

“ ဒါလဲ ဖြစ်နိုင်တယ်၊ နောက် စဉ်းစားပါဦး၊ ဘာခြားနားသေးသလဲ ”

ဝါဝါက စဉ်းစားဟန် ငြိမ်နေ၏။ အတန်လေးကြာမှ သူ့ကို ဖြတ်ကနဲ ကြည့်၏။

“ မောင်က ဝါဝါ ဆေးသောက်ပြီး မြင်ချင်တာတွေ လျှောက်မြင်တယ်လို့ ပြောချင်သလား ”

ဝါဝါ့အသံ၌ မခံချင်မှုသဘော ပါဝင်နေသည်။ မျက်နှာလေးကလည်း တင်းသည်။

သူက ဝါဝါ၏ လက်လေးကို ကိုင်ပြီး ချော့ရပြန်၏။

“ စိတ်မဆိုးပါနဲ့ ဝါဝါ၊ မောင်က ဝါဝါ့ကို ပြဿနာတစ်ခုရဲ့ အဖြေမှန်ကို ရဖို့ ကူညီနေတာပါ၊ ကဲ . . . အခု မောင် မမေးတော့ဘူး၊ ဒါပေမယ့် ပြောပြမယ်၊ ဝါဝါက နားထောင်၊ မောင် ပြောတာ မဟုတ်ရင် ကန့်ကွက်၊ ဟုတ်ပြီလား ”

ဝါဝါက မဖြေ။ မျက်နှာလေး၌ ဒေါသရိပ်တို့မူ ပျောက်ကွယ်သွား၏။

ဒေါက်တာမျိုးမွန်က တည်ငြိမ်စွာ ပြောပြ၏။

“ ဝါဝါ ထိတ်လန့်တုန်လှုပ်နေတယ်၊ မမြမေပေးတဲ့ စိတ်ငြိမ်ဆေးကို သောက်ပြီး အိပ်ရာထဲမှာလှဲနေတယ်၊ တဖြည်းဖြည်းနဲ့ ဝါဝါ့စိတ်တွေ ငြိမ်ကျသွားတယ်၊ လူဟာလဲ လွတ်လပ်ပေါ့ပါးသလို ခံစားရတယ်၊ ဝါဝါ့ကိုယ် ဝါဝါ မသိလိုက်ခင်မှာပဲ လောကတစ်ခုဆီ ကူးပြောင်းသွားတယ်၊ နေရာကတော့ ဒီနေရာမှာပဲ၊ ဒါပေမယ့် ပတ်ဝန်းကျင် အဆင်အပြင်က တမျိုး ဖြစ်နေတယ်၊ ဒီတုန်း ရှင်ထွေးတို့ ပေါ်လာတယ်၊ သူတို့ကို မြင်တဲ့အခါ . . . သူတို့ ပြောတာတွေကို ကြားတဲ့အခါမှ လွန်လေပြီးသော အတိတ်ကာလတစ်ခုဆီ ရောက်နေမှန်း ဝါဝါ သိလာတယ်၊ သူတို့ပြောသံတွေ ဝါဝါ ကြားတယ်၊ သူတို့ လှုပ်ရှားတာ ဝါဝါ တွေ့တယ်၊ သူတို့နောက် ဝါဝါ လိုက်ကြည့်တယ်၊ ဒါပေမယ့် သူတို့ကတော့ သူတို့နား ဝါဝါ ရှိနေတာကို မသိဘူး ”

ဝါဝါက သူ့ကို ကြည့်နေသည်။ မျက်လုံးလေး ပြူးပြူးဝန်းဝန်းနှင့် ကြည့်နေသည်။ ဘာမျှတော့ ဝင်မပြော။

“ ဝါဝါဟာ ကြားရုံ မြင်ရုံမကဘူး၊ အနံ့တွေ ဘာတွေလဲ ရတယ်၊ ဝါဝါ့အတွက် အဲဒီလောကဟာ ပကတိ လောက အတိုင်းပဲ၊ အဲ . . . တစ်ခုပဲ ရှိတယ် ”

www.burmeseclassic.com

www.burmeseclassic.com

သူက လေးနက်စေချင်သောကြောင့် စကားကို ခေတ္တဖြတ်ပြီး ဝါဝါ့ကို ကြည့်၏။

“ တစ်ခုပဲ ရှိတယ်၊ ဝါဝါဟာ ကိုယ်နဲ့တော့ ဘာကိုမှ တွေ့ထိခံစားမှု မရှိဘူး၊ တနည်းပြောရရင် . . . ဝါဝါ့မှာ ဖောဋ္ဌဗ္ဗာရုံ မရှိဘူး၊ တစ်စုံတစ်ခုကို ထိပြီး သိလိုက်တာနဲ့ တပြိုင်နက် ရှင်ထွေးတို့ဟာ ပျောက်ကွယ်သွားတယ်၊ ဝါဝါဟာလေ မူရင်း အစစ်အမှန်လောကဆီ ပြန်ရောက်နေတယ်၊ အဲဒီအခါမှာ မခံမရပ်နိုင်လောက်အောင် မူးလာတယ်၊ တစ်ခါတလေ ပျို့အန်ချင်လာတယ်၊ အခု မောင် ပြောခဲ့တာတွေကို ဝါဝါ ဘာပြောချင်သလဲ ”

ဝါဝါက သူ့ကို ပါးစပ်လေး အဟောင်းသားနှင့် ကြည့်နေသေး၏။ ခဏကြာမှ မေးသည်။

“ အဲဒါတွေ မောင် ဘယ်လိုလုပ်သိသလဲ ”

“ ဝါဝါ မောင်ဟာ ဓာတုဗေဒ ပညာရှင်တစ်ဦးပါ၊ ပြီးတော့ နိုင်ငံနဲ့ လူငယ်တွေ အကျိုးအတွက် ကိစ္စတစ်ရပ်ကို ဆောင်ရွက်ရင်းက လေ့လာသိရှိခဲ့တာတွေလဲ ရှိတယ်၊ အဲဒါ ထားပါ၊ အခု မောင်ပြောခဲ့တာတွေ မမှန်ဘူးလား ”

“ ဟုတ်တယ်၊ ဝါဝါ အဲ . . . အဲဒီလိုပဲ ခံစားရတယ်၊ မောင် . . . အဲဒါ ဘာဖြစ်လို့လဲ ”

“ ဘာဖြစ်လို့လဲလို့ မောင် အခု မပြောနိုင်သေးဘူး၊ ဝါဝါသောက်တဲ့ ဆေးဆိုတာကို ရမှ ”

“ ဆေးကို ရမှ၊ မောင် ဆိုလိုတာက မမြမေက ဝါဝါ့ကို မဟုတ်တဲ့ဆေးတွေ တိုက်နေတယ်၊ ဟုတ်လား ”

“ မောင် ဘာမှ မစွပ်စွဲသေးဘူး၊ ဘယ်သူ့ကိုမှလဲ မစွပ်စွဲလိုသေးဘူး၊ ဥပမာ . . . မမြမေ ကိုယ်တိုင်လဲ ဒီဆေးဟာ ဘာဆေးမှန်း သိချင်မှသိမယ်၊ တခြား တစ်ယောက်ယောက်က ပေးတာကို သူ ရိုးသားစွာ တိုက်တာ ဖြစ်နိုင်တယ် ”

“ တခြား တစ်ယောက်ယောက်ဆိုတာ ဘယ်သူလဲ ”

“ မောင် မသိဘူး၊ အဲဒီ တခြား တစ်ယောက်ယောက်မှာလဲ အပြစ်ရှိချင်မှ ရှိမယ်၊ ဘာကြောင့်လဲဆိုတော့ ဆေးတွေဟာ စိတ်မချရဘူး၊ များသောအားဖြင့် လူတွေက ဆေးတွေကို မှောင်ခိုဈေးက ဝယ်ကြတယ်၊ မှောင်ခိုသမားတွေက ဆေးအတုတွေ လုပ်ကြတယ်၊ ဒါမှမဟုတ် ဆေးတစ်မျိုးကို တခြားဆေးတစ်မျိုးလို့ လိမ်ရောင်းတတ်တယ်၊ ဒါကြောင့်မို့ မောင် ပြောတယ်၊ ဘာမှ မစွပ်စွဲဘူး၊ ဘယ်သူ့ကိုမှ မစွပ်စွဲလိုဘူး ”

“ ဒီလိုဆိုရင် မမြမေကို ဝါဝါ မေးမယ်၊ ဒီဆေးကို ဘယ်ကရသလဲ၊ ဒါမှမဟုတ် ဘယ်က ဝယ်သလဲ၊ ဆေးပုလင်းလဲ တောင်းယူမယ် ဟုတ်လား ”

သူ ထိတ်လန့်သွား၏။ ဝါဝါ့လက်လေးကို တင်းတင်းဆုပ်ညှပ်ပြီး ပြော၏။

“ မလုပ်နဲ့ ဝါဝါ၊ အဲဒီလို မလုပ်နဲ့၊ မမြမေကို မောင် ဘာမှ မစွပ်စွဲသေးဘူး၊ ဒါပေမယ့် ယုံလဲ မယုံနိုင်သေးဘူး၊ ဒီလိုပဲ ဘယ်သူ့ကိုမှ မောင် မယုံနိုင်သေးဘူး၊ အချက်အလက်အားလုံး ပြည့်ပြည့်စုံစုံ မရခင်မှာ မောင်တို့ လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း လုပ်ကြရမယ် ”

“ ဘာလို့ အဲဒီလို လုပ်ရမှာလဲ ”

သူက သက်ပြင်းချသည်။ မပြောလျှင် မဖြစ်သည့် အဆင့်သို့ ရောက်လာပြီဖြစ်ကြောင်း သိသည်။

“ ဝါဝါ မောင်မပြောချင်ဘူး၊ ဒါပေမယ့် ပြောရတော့မယ်၊ ဝါဝါ့မှာ အန္တရာယ်တစ်ခုတော့ ရှိနေပြီ ”

“ ဟင် . . . အန္တရာယ်၊ ဘာအန္တရာယ်လဲ ”

“ ဘာအန္တရာယ်လို့လဲ မောင် မသိဘူး၊ အန္တရာယ်လဲ ဟုတ်ချင်မှ ဟုတ်မယ်၊ မောင် အတွေးခေါင်တာ ဖြစ်ချင် ဖြစ်နေမယ်၊ ဒါပေမယ့် မောင် မကြိုက်တဲ့ အချက်တွေ ရှိနေတယ် ”

ဝါဝါက စိုးရိမ်မှုပြသော မျက်နှာလေးဖြင့် သူ့ကို ကြည့်နေသည်။ ဤအတွက် သူစိတ်မကောင်း။ ရှောင်လွှဲ၍လည်းမရ။

“ ပထမအချက်၊ ဝါဝါဟာ မကြားတာကို ကြားတယ် ထင်နေတယ်၊ ဒါပေမယ့် ဝါဝါ ကြားတာဟာ . . . မရှိတာကို ကြားတာမဟုတ်ဘူး၊ ရှိတာကို ကြားတာ၊ ဒါကို မောင် သက်သေပြခဲ့ပြီ၊ ဒုတိယအချက် မရှိတာကို မြင်နေရတယ်၊ မရှိတာကို မြင်နိုင်တဲ့အကြောင်းတွေ အများကြီးရှိတယ်၊ ဝါဝါကတော့ ကိုယ့်ကိုယ်ကို စိတ္တဇရောဂါ ရှိနေပြီလို့ ထင်တယ်၊ မောင်ကတော့ အဲဒါကို မယုံဘူး၊ သြော် . . . ဝါဝါ ရူးသူနဲ့ မရူးသူ ဘာကွာခြားသလဲ သိလား ”

ဝါဝါ မဖြေနိုင်။ စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်နေ၏။

“ မောင်ပဲ ဖြေပါ့မယ်၊ ရိုးရိုးလွယ်လွယ် ပြောရရင် ရူးသူက ကိုယ့်ကိုယ်ကို ရူးမှန်းမသိဘူး၊ မရူးသူကသာ ငါ ရူးနေသလားလို့ စဉ်းစားတတ်တယ်၊ ဒါကြောင့် ဝါဝါ ကိုယ့်ကိုယ်ကို ရူးနေပြီလို့ ပြောတုန်းက ဝါဝါ ဘယ်လိုလုပ်သိသလဲလို့ မောင် မေးခဲ့တာပေါ့ ”

“ ဒါဖြင့် ဝါဝါ . . . ဝါဝါ . . . မ . . . ရူးဘူးပေါ့ ”

“ ဝါဝါ မရူးပါဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ရူးနေတယ်လို့ ထင်ယောင်ထင်မှားဖြစ်စေတဲ့ အခြေအနေတွေ ပေါ်ပေါက်နေတယ်၊ ဒီအခြေအနေတွေ ဘာကြောင့်ပေါ်ပေါက်ရသလဲ၊ မတော်တဆ ပေါ်ပေါက်လာရသလား၊ တစ်စုံတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးပေးနေသလား၊ တစ်စုံတစ်ယောက်က ဖန်တီးပေးနေတယ် ဆိုရင်တော့ ဝါဝါ့မှာ အန္တရာယ်ရှိနေပြီ "

" မောင် တကယ်ပြောနေတာလား "

သူက ခေတ္တ စဉ်းစားပြီးနောက် ရယ်၏။

" မောင် စကားခံထားပါတယ်၊ မတော်တဆလည်း ဖြစ်နိုင်တယ်လို့၊ မတော်တဆ ဖြစ်တဲ့ကိစ္စမှာ စွပ်စွပ်စွဲစွဲ သွားလုပ်လို့မကောင်းဘူး၊ မမြမေဟာ ဝါဝါ့ဦးလေးနဲ့ ဆွေမျိုးနီးစပ် တော်တယ်မဟုတ်လား "

" ဦးလေးရဲ့ နှမဝမ်းကွဲ တော်တယ်လို့ ပြောတယ် "

" အဲ . . . အရမ်းသွား စွပ်စွပ်စွဲစွဲ လုပ်လို့ကောင်းမလား၊ ဦးလေးရဲ့ မျက်နှာလဲ ထောက်ရဦးမယ် မဟုတ်လား "

" ဒါဖြင့် ဝါဝါတို့ ဘာလုပ်ကြမလဲ "

" မောင် ခုနင်က ပြောသလို ကိုယ့်ဘက်က သေချာအောင် အရင် သိပ်သိပ်သည်းသည်း လုပ်ရမယ်၊ ဝါဝါ သောက်တဲ့ ဆေးရဖို့က သိပ်အရေးကြီးတယ်၊ ဒီဆေးဟာ ဘာလဲလို့သိရမှ ဘာဆက်လုပ်ကြမယ်ဆိုတာ မောင် ဆုံးဖြတ်နိုင်မယ် "

" အဲဒီ ဆေးရအောင် ဘယ်လိုလုပ်ရမလဲ "

" အကောင်းဆုံးနည်းကတော့ ဆေးလာတိုက်တဲ့အခါမှာ လျှာအောက်သွင်းထားပြီး ရေနဲ့ မျိုချချင်ယောင်ဆောင်ပေါ့၊ လစ်မှ ဆေးကိုထွေးထုတ်ပြီး ဝှက်ထား၊ နောက် မောင့်ကိုပေး၊ မောင် စစ်ကြည့်မယ် "

" ဒါပေမယ့် မောင်၊ ဟိုအသံကြီးကြားရင် ဝါဝါ ကြောက်ဦးမှာ၊ မောင် မသိဘူး၊ အခု ဝါဝါ သိပ်ကြောက်တတ်တယ်၊ အဲဒီဆေးသောက်ရင် ဝါဝါ အကြောက် . . . အဲ . . . ပြေ . . . ပြေသွားတယ် "

" အဲဒီအသံကြီးကို မကြောက်အောင်တော့ လုပ်ရမယ် "

" ဘယ်လိုလုပ်မလဲ "

" လာ . . . ဝါဝါ မောင်နဲ့ လိုက်ခဲ့ "

သူက ဝါဝါ့ကို ကားပေါ်မှ ခေါ်ခဲ့ပြီး မြေကွက်လပ်ပေါ်မှ သစ်သားပြားနှင့် ကြိုးကို ကောက်ယူပေးသည်။

" ဝါဝါ လှည့် "

" ဟင် . . . ဝါဝါ လှည့်ရမယ် "

" ဒါကြီးကို မကြောက်အောင် ဒီနည်းပဲ ရှိတယ် ဝါဝါ၊ လှည့်ပါ၊ ဝါဝါ့အနားမှာ မောင်ရှိတယ်၊ ဝါဝါ့ခါးကို မောင် ဖက်ပေးထားမယ် "

ဝါဝါက သစ်သားပြားကို လှည့်ကြည့်သည်။ အစသော် လေတွင် ပျံ့ဝဲအောင် မလှည့်တတ်သေး။ လေးကြိမ်ခန့် စမ်းကြည့်ပြီးမှ ထိန်း၍ လှည့်တတ်သွားသည်။

" ပြင်းပြင်းလှည့်လေ ဝါဝါ "

ဝါဝါက အရှိန်မြှင့် လှည့်ကြည့်သည်။ လေချွန်သံက ပြင်းပြင်းပေါ်လာ၏။

" လှည့်ဦး ဝါဝါ၊ ဒီထက် ပြင်းပြင်းလေး "

ဝါဝါက ထပ်ဆင့် အရှိန်မြှင့်သည်။ လေပြင်းကျသံ ပေါ့ပေါ့ပါးပါး ထွက်ပေါ်လာ၏။

" ပြင်းဦး ဝါဝါ၊ ပြင်းဦး "

" ဝါဝါ လက်ညောင်းတယ် "

" ဒါဖြင့်လဲ ရပ်လိုက်တော့ "

ဝါဝါက အရှိန်လျှော့ ရပ်လိုက်၏။

" ဘယ့်နှယ်လဲ၊ ကြောက်သေးလား ဝါဝါ "

ဝါဝါက သက်ပြင်းလေး ချပြ၏။ ဖြေတော့ မဖြေ။

" ကဲ . . . ဝါဝါ၊ မောင့်ခါးကို ဖက်ထား "

" ဘာလုပ်ဦးမလို့လဲ "

" ဖက်ထားပါ "

ဝါဝါက သူ့ခါးကို ဖက်ထား၏။ သူက သစ်သားပြားကို လှည့်သည်။ လေပြင်းကျသံသည် ပတ်ဝန်းကျင်ကို ပျံ့နှံ့ပြီး ထွက်ပေါ်လာသည်။ ငါးမိနစ်ခန့် လှည့်နေပြီးမှ သူက ရပ်လိုက်၏။

" ဝါဝါ ကြောက်သေးတာပဲလား "

ဝါဝါက ရယ်၏။

" နည်းနည်းတော့ ကြောက်သေးတာပဲ "

www.burmeseclassic.com

www.burmeseclassic.com

" သိပ်တော့ မကြောက်တော့ဘူးပေါ့ "

" အင်း . . . "

" ကဲ . . . လာ၊ ကားပေါ် ပြန်သွားကြမယ် "

သူက သစ်သားပြားနှင့် ကြိုးကို ကားနောက်ဖုံး ဖွင့်၍ ထည့်၏။

ကားရှေ့ခန်းတွင် ပြန်ထိုင်မိကြပြီးသောအခါ သူက ပြော၏။

" ဝါဝါ အဲဒီလို အသံကြီး ကြားပြီး ဟိုဟာဒီဟာ မြင်တာ ခဏခဏ ဖြစ်သလား "

" ခဏခဏတော့ မဟုတ်ဘူး "

" တစ်လ ဘယ်နှစ်ကြိမ်လောက်လဲ "

" အမှန်တော့ မရှိဘူး၊ တစ်ခါတလေ ခုနစ်ရက်လောက်၊ တစ်ခါတလေ ဆယ်ရက်လောက်၊ တစ်ခါတလေတော့လဲ အရက်နှစ်ဆယ်လောက်၊ အဲဒီလို ခြားပြီး ဟိုဒင်း . . . ဖြစ်တာ "

သူက ခေါင်းညိတ်ပြီး စဉ်းစားနေ၏။ ဝါဝါက ဖြတ်ကနဲ သူ့ပေါင်ကို ပုတ်ပြီး ပြော၏။

" နေဦး မောင် "

" ဘာလဲ ဝါဝါ "

" ညညတွေမှာလဲ တစ်ခါတစ်ခါ ဒီအသံကြီးကို ကြားတယ်၊ မောင့်ကို ပြောပြီးပြီ "

" အင်း . . . "

" အဲဒီအခါတွေမှာလဲ ဝါဝါ ကြောက်ပြီး ဆေးသောက်တာပဲ "

" ဆေး ဘယ်သူတိုက်သလဲ "

" မမြမေပဲ "

" ဆေးသောက်ပေမယ့်လဲ ရှင်ထွေးတို့ကို မမြင်ဘူးပေါ့ "

" ဟင့်အင်း . . . "

" ဆေးသောက်ပြီး ဝါဝါ ဘာဖြစ်သွားသလဲ "

" အိပ်ပျော်သွားတာပေါ့ "

သူက ကျေနပ်စွာ ပြုံး၏။

" ဒီအချက်ကို သိရလို့ မောင် ဝမ်းသာတယ်၊ စိတ်ငြိမ်ဆေး သောက်ရင် စိတ်ငြိမ်ပြီး အိပ်ပျော်သွားရမယ်၊ ဟိုဆေး သောက်ရင်တော့ အိပ်မပျော်ဘူး "

" ဘယ်ဆေးလဲ "

" မောင်က စကားဥပမာ ပြောတာပါ၊ ဝါဝါဟာ ဆေးသောက်ပြီး အိပ်ပျော်တဲ့အခါတော့ အိပ်ပျော်သွားတယ်၊ အိပ်မပျော်ဘဲ ရှင်ထွေးတို့ကို မြင်တဲ့အခါ မြင်တယ်၊ ဒီတော့ ဆေးနှစ်မျိုး ဖြစ်နိုင်တယ် "

" ဝါဝါတော့ နားရှုပ်သွားပြီ "

" မောင် မေးစရာတစ်ခု ကျန်သေးတယ် "

" ဘာလဲ "

" ဝါဝါ့မှာ စိတ္တဇရောဂါရှိတယ်လို့ ထင်ကြတယ်၊ ဆရာဝန်တွေ ဘာတွေ ပြမကြည့်ဘူးလား "

ဝါဝါက ခေါင်းခါ၏။

" ဘာဖြစ်လို့လဲ "

ဝါဝါက မဖြေ။

" ကောင်းပါပြီ၊ မောင် နားလည်နိုင်ပါတယ်၊ တခြား ဆရာတွေ ဘာတွေနဲ့ကော ပြကြည့်သေးလား "

" သူတို့က ဟို . . . ဟို . . . ပယောဂဆရာတွေ ဘာတွေနဲ့ တစ်ခါ နှစ်ခါ ပြကြည့်သေးတယ် "

" တိုးတိုးတိတ်တိတ်ပေါ့၊ ဟုတ်လား "

ဝါဝါက ခေါင်းညိတ်၏။

သူ ထပ်မမေးတော့ဘဲ နာရီကို ကြည့်၏။

" နေသိပ်ကျမသွားခင် မောင်တို့ ပြန်ကြမယ်၊ မောင် မှာတာတွေတော့ မမေ့နဲ့နော်၊ ဩော် . . . ခုပါ ဒီလို တစ်ယောက်တည်း လမ်းလျှောက်ထွက်လာတော့ သူတို့ စိတ်ချသလား "

www.burmeseclassic.com

“ စိတ်တော့ ဘယ်ချမလဲ၊ ဒါပေမယ့် ဝါဝါက ဝါဝါ ဘာမှမဖြစ်ဘဲ နောက်က တကောက်ကောက်လိုက်တာ မကြိုက်ဘူး၊ ဝါဝါ ဟိုဒင်း . . . နေကောင်းနေရင် လွတ်လွတ်လပ်လပ် နေချင်တယ်၊ အဲဒါ သူတို့ သိတယ် ”

“ ဝါဝါ ဆွေမျိုးအိမ်တွေ၊ အသိအိမ်တွေကော သွားလည်တတ်သလား ”

“ တစ်ခါတလေတော့ သွားတယ်၊ ဒါပေမယ့် ဝါဝါ သွားခဲ့ပါတယ်၊ ဝါဝါ ဘယ်မှလဲ မသွားချင်ပါဘူး ”

“ ဒီညနေတော့ ဝါဝါ တင်ညွန့်တို့ မြင့်မြင့်တို့အိမ် သွားလည်ရမယ် ”

“ ဟင် ဘာပြုလို့ ”

“ ဝါဝါနဲ့ မောင် ဆက်လုပ်စရာတွေ ရှိတယ်၊ ဝါဝါနဲ့ မောင် အဆက်အသွယ်ရှိရမယ်၊ ဒီညနေလို တွေ့တဲ့နည်းကတော့ အမြဲတမ်းလုပ်လို့ မကောင်းဘူး၊ တင်ညွန့်တို့ မြင့်မြင့်တို့က တစ်ဆင့် မောင်တို့ ပိပိရိရိ ဆက်သွယ်နိုင်တယ်၊ ဝါဝါတို့အိမ်မှာ တယ်လီဖုန်း ရှိတယ် မဟုတ်လား ”

ဝါဝါက ခေါင်းညိတ်၏။

“ တင်ညွန့်တို့အိမ်မှာလဲ ရှိတယ်၊ တင်ညွန့်နဲ့ မြင့်မြင့်ဟာ မောင်နဲ့ ဝါဝါရဲ့ အချစ်ဆုံးသူငယ်ချင်းတွေပါ ဝါဝါ၊ ဝါဝါ့ဆီ မောင် ပြန်လာတာဟာလဲ တင်ညွန့် ရှင်းပြလို့၊ တင်ညွန့် တိုက်တွန်းလို့ ”

ဝါဝါက သူ့အား ငေးငေးလေး ကြည့်နေ၏။

သူက ဝါဝါ့ကို ရင်ခွင်တွင်း ပွေ့ယူလိုက်သည်။

“ ဝါဝါ . . . မောင့်ကို ချစ်သေးရဲ့လား ”

“ မောင့်ကို ဝါဝါ ဘယ်တုန်းက မချစ်လို့လဲ ”

ဝါဝါ့အဖြေကြောင့် သူ့ရင်မှာ ဆို့သွား၏။

“ မောင် မေးပုံ မှားသွားပါတယ် ဝါဝါ၊ ဝါဝါ မောင့်ကိုချစ်တယ်ဆိုတာ မောင် ယုံပါတယ်၊ မောင်ကလဲ ဝါဝါ့ကို သိပ်ချစ်တယ်၊ အခု မောင်လုပ်နေတာတွေဟာ ဝါဝါ့ကို ချစ်လို့ပဲ၊ ဝါဝါ ဒါကို ယုံတယ် မဟုတ်လား ”

ဝါဝါက ခေါင်းညိတ်၏။

“ ဝါဝါ မှတ်မိသေးလား၊ မောင်တို့ ငယ်ငယ်က ဝါဝါတို့အိမ်က လူကြီးတွေ မသိအောင်လို့ လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း လုပ်ခဲ့ကြတာလေ၊ ဘယ်သူမှ မသိဘူး၊ ဝါဝါနဲ့ မောင်ပဲ သိတယ်၊ အဲ . . . တင်ညွန့်နဲ့ မြင့်မြင့်တော့ သိသင့်သမျှ သိတယ် ”

ဤတစ်ကြိမ်တွင်မူ ဝါဝါက ပြုံးသည်။

“ မောင် ငယ်ငယ်တုန်းက အကြောင်းတွေ မမေ့သေးဘူးပေါ့ ”

“ မမေ့ပါဘူး ဝါဝါ . . . မမေ့ပါဘူး၊ အခုလည်း ငယ်ငယ်တုန်းက အတိုင်းပဲ၊ အားလုံး လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း၊ ဘယ်သူမှ မသိစေရဘူး ”

“ ဝါဝါနဲ့ မောင်ပဲ သိမယ် မဟုတ်လား ”

“ ဟုတ်တယ်၊ ဝါဝါနဲ့ မောင်ပဲ ”

ချစ်သူနှစ်ဦး ပါးချင်းအပ်ပြီး ရယ်မောကြသည်။

“ ကဲ . . . ဝါဝါ၊ ပြန်ကြစို့၊ မောင်မှာတာတွေကို မမေ့နဲ့ ”

“ မမေ့ဘူး၊ ဆေးတိုက်ရင် လျှာအောက်သွင်းထားပြီး ရေနဲ့ မျိုချချင်ယောင်ဆောင်၊ ဟုတ်တယ် မဟုတ်လား ”

“ ဟုတ်တယ်၊ အား . . . နေဦး ”

“ ဘာလဲ ”

“ မောင် သတိလစ်သွားတယ်၊ ကံကောင်းလို့၊ ဆေးသောက်ချင်ယောင်ဆောင်ရုံနဲ့တော့ မပြီးသေးဘူး၊ ဆေးသောက်ချင်ယောင်ဆောင်ပြီး ခဏနားနေ၊ ပြီးတော့ ရှင်ထွေးတို့နောက်ကို လိုက်သလို စိန်ပန်းပင်ကြီးဘက် လျှောက်၊ ဝါဝါ ဟန်ဆောင်တော့ ကောင်းရမယ် ”

“ ဝါဝါ ရှင်ထွေးတို့ကို မတွေ့ရတော့ဘူးလို့ မောင် ယုံတယ်ပေါ့ ”

“ ယုံတယ် . . . ဒါပေမယ့် တွေ့ရတုန်းကလို ဝါဝါ ဆက်ဟန်ဆောင်ရမယ် ”

“ ဘာပြုလို့ ”

“ ဆက်ဟန်မဆောင်ရင် မောင်တို့ လျှို့လျှို့ဝှက်ဝှက် လုပ်ထားသမျှတွေ ပေါ်ကုန်လိမ့်မယ် ”

ဝါဝါက တွေတွေလေး စဉ်းစားနေပြီးနောက် သဘောပေါက်ဟန် ခေါင်းညိတ်ပြ၏။

“ ဝါဝါ လုပ်နိုင်ပါ့မလား ”

www.burmeseclassic.com

" ဝါဝါ ကြိုးစားမယ် "

" ကြိုးစားပါ ဝါဝါ၊ ဝါဝါ့အတွက်ပါ၊ ပြီးတော့ . . . "

" ပြီးတော့ . . . ဘာဖြစ်သလဲ "

" ပြီးတော့ . . . မောင့်အတွက်ပါ၊ ဝါဝါ့ကို ချစ်တဲ့ မောင့်အတွက်ပါ "

ဝါဝါက သူ့ကိုဖက်သည်။ ပါးချင်းအပ်လျက် သူ့နား အနီးကပ်၍ တိုးတိုးပြောသည်။

" ဝါဝါ ကြိုးစားမယ်၊ ဝါဝါ့အတွက်၊ ဝါဝါချစ်တဲ့ မောင့်အတွက် "

ဝါဝါ့ဆီမှ စိတ်ကျေနပ်ဖွယ် အဖြေကို ရခဲ့ပြီးမှ သူက ကားလေးကို မောင်းထွက်လာခဲ့သည်။

တင်ညွှန့်တို့အိမ်က တောင်ပေါ်မှအဆင်း ကွမ်းရေကန်ဘက်သွားသော လမ်းပေါ်တွင် ရှိသည်။

အိမ်ရှေ့တွင် ကားရပ်လိုက်ပြီးသည်နှင့် မရှေးမနှောင်း၌ တင်ညွှန့် ထွက်လာ၏။

" ဟေ့ကောင်၊ လာမယ်ဆိုလို့ စောင့်လိုက်ရတာ၊ မင်းဟာက ဘယ်လို . . . အယ် . . . "

တင်ညွှန့်က စကားမဆက်နိုင်တော့ဘဲ ဒေါက်တာမျိုးမွန်ဘေးမှ ဝါဝါ့ကို မျက်လုံးပြူးပြီး ကြည့်နေ၏။

" ဒါက ဘယ်လို . . . ဘယ်လို . . . ဖြစ် . . . ဖြစ်လာကြတာလဲ "

" ဟေ့ကောင် ရှေ့နေ၊ နောက်မှ မေးခွန်းထုတ်၊ အရေးကြီးတယ်၊ မြင့်မြင့်ရော ရှိတယ် မဟုတ်လား "

" ရှိတယ် "

" အေး၊ သွားခေါ်လိုက် "

သွားခေါ်ရန် မလို။ မြင့်မြင့်လည်း ထွက်လာ၏။

" ဟင် . . . အို . . . ဝါဝါ "

မြင့်မြင့်က ဝါဝါ ရှိရာဘက်သို့ ပြေးလာ၏။ ဝါဝါက ကားတံခါးကို ဖွင့်ဆင်းသည်။ သူငယ်ချင်းမနှစ်ဦး စကား မပြောနိုင်ကြဘဲ တစ်ဦးကို တစ်ဦး ဖက်ထားသည်။

" တင်ညွှန့်၊ မင်းကား အဆင်သင့်ရှိတယ် မဟုတ်လား "

" ရှိတယ်၊ ဘာလုပ်မလို့လဲ "

" ကားသွားထုတ်၊ ပြီးတော့ မင်းနဲ့ မြင့်မြင့် ဝါဝါ့အိမ် လိုက်ပို့၊ ရှင်းပြဖို့က ဒီလို၊ မင်းနဲ့ မြင့်မြင့်က ကောလိပ်ထဲ သွားလည်တယ်၊ မမျှော်လင့်ဘဲ ဝါဝါနဲ့ သွားတွေ့တယ်၊ ဒါနဲ့ ကားပေါ်တင်ခေါ်လာပြီး အိမ်ကို လိုက်ပို့တယ်၊ နေဝင်ခါနီးလို့ စိတ်မချတဲ့သဘော ပေါ်အောင် ပြော "

" အေးပါ၊ မင်းသင်ဖို့ မလိုပါဘူး၊ ငါပြောတတ်ပါတယ်၊ ဒါပေမယ့် ဘာပြုလို့ . . . "

" နောက်တော့ ငါရှင်းပြမယ်၊ ရှင်းပြစရာတွေမှ တစ်ပုံကြီး၊ ကားသာ သွားထုတ်၊ အချိန်မရှိတော့ဘူး "

တင်ညွှန့်က ခေါင်းခါခါ လည်ခါခါနှင့် ကားရုံဆီ ထွက်သွား၏။

တင်ညွှန့် ကြွားသကဲ့သို့ပင် မြင့်မြင့်က တစ်သားမွေး တစ်သွေးလှပြီး စိုဝင်းလှပနေသည်။ ဝါဝါနှင့် ယှဉ်သောအခါမူ အနည်းငယ် ဝနေ၏။

" မြင့်မြင့်လဲ ကိုယ်ပြောတာ ကြားတယ်နော် "

" ကြားပါတယ် မျိုးမွန်ရာ၊ အဆန်းလုပ်လို့၊ ငယ်ငယ်ကလဲ ငါ ဝါဝါ့ကို ဒီလိုပဲ အိမ်ကို လိမ်လိမ် လိုက်ပို့ခဲ့ရတာ "

" အေး ကိုယ်တို့ ဇာတ်လမ်းအစက ပြန်ကကြရမယ် "

" ဘယ်လို . . . "

" နောက်မှ ရှင်းပြမယ်၊ ကဲ . . . ဟိုမှာ ကားလာနေပြီ၊ သွားကြတော့ "

မြင့်မြင့်နှင့် ဝါဝါတို့က တင်ညွှန့်၏ ကားနောက်ခန်းတွင် ဝင်ထိုင်ကြသည်။

" ဝါဝါ မောင်မှာတာတွေ မမေ့နဲ့နော် "

" ဟေ့ကောင် သွားခါနီး မောင်ကြီးမှာတာတွေ လုပ်မနေနဲ့၊ အချိန်မရှိဘူး၊ သွားပြီဟေ့ "

တင်ညွှန့်က ကားကို မောင်းထွက်သွားတော့၏။

တင်ညွှန့်ကားထွက်သွားပြီး အတန်ကြာမှ ဒေါက်တာမျိုးမွန်က မိမိကားပေါ်တက်၍ ကောလိပ်နယ်မြေသို့ ပြန် လာခဲ့သည်။

ကားကို ကျောင်းကြီးရှေ့၌ ရပ်ပြီး ကျောင်းဝင်းအတွင်းတွင် အမှတ်မထင် လမ်းလျှောက်ဟန် လှည့်လည်သည်။

ရေတံခွန် အနီး၌ မျှော်လင့်ထားသူကို လှမ်းတွေ့ရသည်။

ဦးတိတ်ကြည်က ရပ်ပြီး ဟိုဟိုသည်သည် မျှော်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးတိတ်ကြည်က မပေါ့ပါ။ မိမိကလည်း သတိမလစ်ပါ။

ဒေါက်တာမျိုးမွန်က ဦးတိတ်ကြည်ဘက် ကျောပေးလျက် ဆည်တံခါးဘက် ထွက်ခဲ့လေ၏။

*　*　*

**အခန်း ( ၈ )**

ဦးစိုးနောင်က ဆေးပြားလေးနှစ်ပြားအနက် တစ်ပြားကို ကိုင်ကြည့်နေရာမှ ဒေါက်တာမျိုးမွန်ကို မေးသည်။

" ဟယ်လူစင်နိုဂျင် နော် ဆရာ "

" ဟုတ်တယ်၊ ဒီနာမည်နဲ့ အများသိကြတယ်ပေါ့၊ ဆိုက်ကိုဒစ်(စ်)လက်(ပ်)တစ်(စ်)လို့လဲ ခေါ်တယ်၊ စိတ္တဇရောဂါရှင်တွေမှာ ဖြစ်ပေါ်တဲ့ စိတ်အခြေအနေမျိုးကို လူကောင်းတွေမှာ ဖြစ်ပေါ်စေတဲ့ ဆေးဝါးပေါ့၊ အထူးသဖြင့် မြင်မှု ကြားမှုတွေကို ဖောက်ဖောက်ပြန်ပြန် ဖြစ်စေတတ်တယ် "

" သြော် . . . သြော် . . . ကျွန်တော်တို့ကတော့ လွယ်လွယ်ကူကူ ဟယ်လူစင်နိုဂျင်လို့ပဲ မှတ်ထားတယ်၊ အဲဒီဆေးဝါးအမျိုးအစား တော်တော်များများ ရှိတယ်လို့ ကြားဖူးတယ် "

" ဟုတ်ပါတယ်၊ အယ်(လ်)အက်(စ်)ဒီ၊ မက်(စ်)ကလင်း၊ အက်ဒရင်နိုခရုမ်း၊ ဖင်စိုင်ကလီဒိုင်း၊ ဆီလိုစိုင်ဘင်၊ ကင်နက်ဘစ်(စ်) စသည်တို့ပေါ့၊ ဆေးခြောက်က ကင်နက်ဘစ်(စ်)ထဲမှာ အကျုံးဝင်တယ် "

ဦးစိုးနောင်က ဆေးပြားလေးကို ကိုင်ပြပြီး မေး၏။

" ဒါက ဘာအမျိုးအစားလဲ "

" အယ်(လ်)အက်(စ်)ဒီပါ၊ အရှည်ကတော့ လစ်ဆာဂျစ် အက်ဆစ် ဒိုင်သိုင်လမိုက်လို့ ခေါ်တယ် "

" သေချာတယ်နော် "

" သေချာပါတယ်၊ ဝါဝါ့ဆီက ဒီဆေးပြားမျိုး လေးပြားရပါတယ်၊ နှစ်ပြားကို ကျွန်တော် စမ်းသပ်စစ်ဆေးကြည့်ပြီးပြီ၊ ဒီနှစ်ပြားကိုတော့ ဦးစိုးနောင်တို့ ဆိုင်ရာပို့ပြီး စစ်ဆေးချင် စစ်ဆေးပါ "

" ဆရာက ဓာတုဗေဒ ပညာရှင်ပါ၊ ပြီးတော့ မူးယစ်ဆေးဝါးအန္တရာယ် တားမြစ်ကာကွယ်ရေးမှာ ပါဝင်ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးလဲဖြစ်တော့ ကျွန်တော် ယုံကြည်ပါတယ်၊ ဆေးပြားကို ဆိုင်ရာတော့ ပို့ကြည့်ပါ့မယ် "

ဦးစိုးနောင်က ဆေးပြားလေးနှစ်ပြားကို ပုလင်းတွင်း ထည့်၍ အဖုံးလုံအောင် ပိတ်သည်။ ပုလင်းကို သံဗီရိုတစ်ခုအတွင်း ထည့်ပြီး ဗီရိုကို သော့ခတ်လိုက်၏။ ထို့နောက် စားပွဲပေါ်တွင်ရှိသော ကြိုးတပ်သစ်သားပြားကို ကိုင်ကြည့်ပြန်၏။

" ဘူး(လ်)ရိုးဝါးရာ အကြောင်းတော့ စုံထောက်ဝတ္ထုတစ်ခုထဲမှာ ဖတ်ဖူးတယ် ဆရာ "

" ဘေလီ ရေးတဲ့ ဝတ္ထုလား "

" စာရေးဆရာနာမည်တော့ မေ့သွားပြီ၊ ဝတ္ထုနာမည်ကတော့ နေပါဦး၊ ဘာတဲ့ . . . သြော် သီလောင်းဘားရိုး "

" ဟုတ်တယ်၊ သင်္ချိုင်းမြေပုံရှည်ကြီးများ "

" ဟုတ်ကဲ့၊ အဲဒီထဲမှာလဲ . . . ဒါနဲ့ လူကို ကြောက်အောင် ခြောက်လှန့်တာပဲ "

ဒေါက်တာမျိုးမွန်က မည်သို့မျှ မှတ်ချက်မပေးဘဲ ငြိမ်နေ၏။ ဦးစိုးနောင်ကသာ ဆက်ပြော၏။

" ဆရာ ပြောပြတဲ့အတိုင်းဆို တစ်စုံတစ်ယောက်က ဝါဝါ့ကို ဒီကိရိယာသုံးပြီး ခြောက်လှန့်တယ်၊ ပြီးတော့ . . . စိတ်ငြိမ်ဆေး ဆိုပြီး အယ်(လ်)အက်(စ်)ဒီကို တိုက်တယ်၊ ဒီဆေးကြောင့် ဝါဝါ့အမြင်တွေ အကြားတွေ ဖောက်ပြန်လာပြီး သူ့ကိုယ်သူ ရူးနေပြီ ထင်တယ် "

ဒေါက်တာမျိုးမွန်က ပြုံးပြီး လက်ဝါးကာပြ၏။

" ကျွန်တော် ဒီအထိ မစွပ်စွဲသေးဘူး ဦးစိုးနောင် "

" ဆရာ့အနေအထားကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်က ကျွန်တော့်ဘာသာ . . . ဟိုဒင်း . . . သင့်ကင်းအလောက်(ဒ်)၊ အသံထွက်ပြီး တွေးကြည့်နေတာပါ "

ဦးစိုးနောင်က လက်ချောင်းလေးများနှင့် စားပွဲကို ခေါက်ပြီး ငြိမ်နေ၏။ ဤတစ်ကြိမ်တွင် အသံတိတ်၍ တွေးနေဟန်တူသည်။ အတန်ကြာမှ ပြောသည်။

" ကျွန်တော်လည်း ကြိုက်တော့ မကြိုက်ဘူး ဆရာ "

" ခင်ဗျာ . . . "

www.burmeseclassic.com

www.burmeseclassic.com

" ဩော် . . . အချက်အလက်တွေကို ဆက်စပ်ကြည့်ရင် အခြေအနေကို ကျွန်တော် မကြိုက်ဘူး၊ ဒါပေမယ့် တစ်စုံတစ်ခု ထလုပ်ဖို့ကလဲ မလွယ်ဘူး၊ ဘာအခြေခံအကြောင်းနဲ့ လုပ်မလဲ "

ဒေါက်တာမျိုးမွန်က ခေါင်းညိတ်ပြပြီး ပြော၏။

" ဦးစိုးနောင်ရဲ့ အခက်အခဲကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်လည်း အပြန်ပြန်အလှန်လှန် တွေးကြည့်ပြီးပါပြီ၊ ဒီဆေးပြားတွေ တွေ့တာနဲ့ အိမ်ပေါ်တက် ရှာမလား၊ ရှာမယ်ဆို ရှာလို့ရပါတယ်၊ ဒါပေမယ့် အလွယ်တကူ တွေ့ချင်မှ တွေ့မယ်၊ တွေ့တောင်မှ ဆင်ခြေပေးလို့ရတယ်၊ သူတို့ စိတ်ငြိမ်ဆေး ဆိုလို့ ဝယ်ထားတာပါ၊ အယ်(လ်)အက်(စ်)ဒီမှန်း မသိပါဘူး စသည်ဖြင့်ပေါ့၊ ဒီအဆင့်တောင် ရောက်မယ် မထင်ပါဘူး၊ ပိပိရိရိ ပိုင်ပိုင်နိုင်နိုင်နဲ့ အကြံအစည်တစ်ခု လုပ်နေရိုးမှန်ရင် ဒီဆေးပြားတွေကို ပိပိရိရိ ပိုင်ပိုင်နိုင်နိုင်ပဲ လျှို့ဝှက်ထားနိုင်လိမ့်မယ်လို့ ထင်တယ်၊ နောက်ဆုံး . . . အိမ်ပေါ်မှာ မိတယ်ထား၊ ခားစာခံ တစ်ယောက်ယောက် ထိုးပစ်နိုင်တယ်၊ ဝါဝါကိုယ်တိုင်တောင် တရားခံ ပြန်ဖြစ်သွားနိုင်တယ် "

ဦးစိုးနောင်က ဒေါက်တာမျိုးမွန်ကို ဖြတ်ကနဲ ကြည့်၏။ ထို့နောက် ခေါင်းညိတ်ပြသည်။

" ဟောဒီ ဘူး(လ်)ရိုးဝါးရာ ကိစ္စလည်း ကျွန်တော် စဉ်းစားကြည့်ပါတယ်၊ ဒါတစ်ခုတည်းနဲ့လဲ ကျွန်တော်တို့ ဘာမှ အရေးမယူနိုင်ပါဘူး၊ ခြံထဲ လင်းနို့တွေ လင်းဆွဲတွေ ဇီးကွက်တွေ မလာအောင် ခြောက်လှန့်ဖို့ သုံးတယ်လို့ ပြောမယ်၊ ကျွန်တော်တို့ ဘာတတ်နိုင်မလဲ "

ဦးစိုးနောင်က ခေါင်းညိတ်ပြပြန်၏။

" တက်ရှာရမယ့် အိမ်ကလဲ သေးသေးကုပ်ကုပ် မဟုတ်ဘူး၊ ဝင်းနဲ့ ခြံနဲ့ တိုက်ကြီး၊ ပိုင်ရှင်ကလည်း စည်းစိမ်နဲ့ ဓနနဲ့ အရှိန်အဝါနဲ့၊ မပိုင်မနိုင် မသေချာ မရေရာဘဲနဲ့ အရမ်း ဘာမှ သွားလုပ်လို့ သင့်မယ် မထင်ဘူး "

ဦးစိုးနောင်က ဤနေရာတွင်မူ ခေါင်းမညိတ်။ ဘာမျှလည်းမပြော၊ ပြုံး၍တော့ နေ၏။

" ဟုတ်ပါတယ်၊ ကျွန်တော် အပြန်ပြန်အလှန်လှန် တွေးကြည့်ပြီးပါပြီ၊ ဒါကြောင့်လဲ ကျွန်တော် ဦးစိုးနောင်ဆီ လာတာက ဝုန်းဝုန်းဒိုင်းဒိုင်း တစ်ခုခု ထလုပ်ဖို့ မဟုတ်ပါဘူး၊ ဒီလိုလုပ်လို့လဲ အကျိုးရှိမယ် မထင်ဘူး၊ အဲ . . . ဦးစိုးနောင်ဆီက အကူအညီတစ်ခုတော့ ကျွန်တော် လိုချင်တယ် "

" ပြောပါ ဆရာ "

" ဦးတိတ်ကြည်ဟာ ဘယ်သူလဲ၊ သူ့နောက်ကြောင်း ဘာရှိသလဲ၊ ပြီးတော့ တတ်နိုင်ရင် . . . မမြမေဆိုတာ ဘယ်သူလဲ၊ သူ့နောက်ကြောင်း ဘာရှိသလဲ၊ အဲဒါတွေ ကျွန်တော် သိချင်တယ် "

" ဘာ့ကြောင့် ဆရာ သိချင်တာလဲ "

" ဦးစိုးနောင် ပြောသလိုပဲ အချက်အလက်တွေကို ဆက်စပ်ကြည့်ရင် အခြေအနေတွေကို ကျွန်တော်လည်း မကြိုက်ဘူး၊ ဒါပေမယ့် ဘယ်သူ့ကိုမှလဲ အရမ်း မစွပ်စွဲချင်ဘူး၊ ဦးတိတ်ကြည်ဟာ ဘယ်သူ၊ မမြမေဟာ ဘယ်သူလို့ သိရရင်တော့ ကျွန်တော် တစ်စုံတစ်ရာ ကောက်ချက်ချလို့ရမယ် ထင်တယ် "

" ဆရာအခု ကောက်ချက်ချလို့ မရသေးဘူးပေါ့ "

" အလွယ်တကူ ကောက်ချက်တစ်ခု ချမယ်ဆိုရင်တော့ ရတာပေါ့၊ ဒါပေမယ့် ပြဿနာတစ်ခုလုံးအတွက် အဖြေ မရဘူး၊ သစ်တုံး ဒါမှမဟုတ် သစ်သားပြားကို ကွေ့ကွေ့ကောက်ကောက် ဖြတ်တောက် စိတ်ပိုင်းထားတဲ့ ပဟေဠိ ကိရိယာကို ဦးစိုးနောင် တွေ့ဖူးမှာပေါ့၊ အစိတ်အပိုင်းလေးတွေကို ဆက်စပ်ပြီး မူလသစ်တုံး ဒါမှမဟုတ် သစ်သားပြား ပုံသဏ္ဌာန်ဖြစ်အောင် ပြန်လုပ်ရတယ်၊ အစိတ်အပိုင်း သုံးလေးခုကို ဆက်စပ်လို့ရတယ်၊ ဒါပေမယ့် ပုံစံတစ်ခုလုံးပေါ်အောင် ရှေ့ဆက်ပြီး စပ်ဟပ်လို့ မရဘူး၊ တစ်နေရာမှာ တစ်ခုခု လိုနေတယ်၊ အခုလဲ ကျွန်တော် အဲဒီလို ခံစားနေရတယ် "

ဦးစိုးနောင်က ရယ်သည်။

" ဆရာ့မှာလဲ စုံထောက်ဉာဏ် ရှိနေသားပဲ၊ အင်းလေ . . . သိပ္ပံပညာရှင်ဆိုတော့လဲ စုံထောက်ဉာဏ်ရှိနေတာ မဆန်းပါဘူး၊ စုံထောက်ပညာ ဆိုတာဟာလဲ သိပ္ပံပညာပါပဲ "

ဦးစိုးနောင်က ဤသို့ မှတ်ချက်ပြုပြီး မျက်နှာကိုတည်လျက် လေးလေးနက်နက် ပြော၏။

" ဆရာ ခုလို ကျွန်တော့်ဆီလာတာ ကျေးဇူးတင်ပါတယ်၊ တစ်စုံတစ်ရာကို ဝုန်းဝုန်းဒိုင်းဒိုင်း မလုပ်ဖို့ သဘော ပေါက်ထားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ဆရာ မေတ္တာရပ်ခံတဲ့ အကူအညီနဲ့ ပတ်သက်ပြီး ပြောရရင် မမြမေဆိုတာ ဘယ်သူလဲ ကျွန်တော် မသိဘူး၊ ဦးတိတ်ကြည်ဆိုတာတော့ ဒီမြို့က သူဌေးစာရင်းထဲမှာ ပါနေတယ်၊ ဂုဏ်သရေရှိ လူကြီး လူကောင်းတစ်ဦး ဆိုပါတော့၊ တစ်ခုတော့ ရှိတယ် . . . "

ဦးစိုးနောင်က ခေတ္တ စကားဖြတ်ထားပြီးမှ သတိထားလျက် ပြောဟန်နှင့် ဆက်ပြော၏။

www.burmeseclassic.com

" ဦးတိတ်ကြည်မှာ စက်လှေတစ်စင်းရှိတယ်၊ စက်လှေတွေကို ကျွန်တော်တို့ သတိထားပြီးကြည့်တယ် ဆိုတာကိုတော့ လျှို့ဝှက်ဖို့ မလိုပါဘူးလေ၊ ပြောရဦးမယ်၊ ကျွန်တော်တို့က အခု မှောင်ခိုလုပ်ငန်းကို အတော် ဖိဖိစီးစီး နှိမ်နင်းနေတယ်၊ ဒီက သူဌေးဆိုသူ တချို့ဟာ လျှို့ဝှက်အစုစပ်ပြီး မှောင်ခိုလုပ်ငန်းမှာ အရင်းမြှုပ်ထားကြတယ်၊ သူဌေးတိုင်းတော့ မဟုတ်ပါဘူးလေ၊ တချို့ပါ "

ဦးစိုးနောင်က "တချို့" ဟူသော စကားကို အလေးအနက် ပြောကြောင်း ဒေါက်တာမျိုးမွန် သတိပြုမိသည်။

ဦးစိုးနောင်က ဆက်ပြောသည်။

" ကျွန်တော်တို့ မသင်္ကာသူတွေတော့ ရှိတယ်၊ ဒါပေမယ့် သူတို့က စနစ်ကျ ပိရိတယ်၊ အသေးလေးတွေကို ဖမ်းဖို့က လွယ်တယ်၊ အကြီးတွေကို မိဖို့က မလွယ်ဘူး၊ အဲဒါကို ကျွန်တော်တို့လည်း မကျေနပ်ဘူး၊ ထားပါတော့လေ၊ ကျွန်တော်တို့က အခု မှောင်ခိုလုပ်ငန်းကို ဖိနှိပ်လာတော့ တချို့ ကြီးကြီးတွေ တော်တော်ထိလာကြတာ ကြားတယ်၊ လူကိုတော့ မမိနိုင်ဘူးလေ၊ ငွေ . . . သို့မဟုတ် အရင်းတော့ . . . တော်တော်ထိကုန်ကြတယ် ကြားတယ် "

ဦးစိုးနောင်က စကားဖြတ်လိုက်သောကြောင့် ဒေါက်တာမျိုးမွန်က မေးသည်။

" ဒီအထဲမှာ ဦးတိတ်ကြည်ရော ပါသလား "

" ဦးတိတ်ကြည် ပါတယ်လို့တော့ မကြားသေးဘူး၊ ကျွန်တော် သိရသလောက် သူ့စက်လှေကလဲ ရိုးရိုးကုန်တွေ တင်တာပါပဲ၊ မသင်္ကာဖွယ် ဘာမှ မကြားသေးဘူး၊ အမှန်ပြောရရင် ဦးတိတ်ကြည်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ မသင်္ကာဖွယ် ဘာမှ မရှိဘူး၊ အဲ . . . ခုချိန်ထိပေါ့လေ "

ဦးစိုးနောင်က စားပွဲကို လက်ချောင်းကလေးများနှင့် ခေါက်နေပြီးမှ မေးသည်။

" ဆရာပြောတဲ့အတိုင်းဆိုရင် ဦးတိတ်ကြည်ဟာ ဝါဝါ့ အဒေါ်ယောကျ်ားပေါ့ ဟုတ်လား "

" ဟုတ်တယ် "

" ဝါဝါ့မိဘတွေက အတော်ချမ်းသာတယ်နော် "

" ချမ်းသာတယ် "

" အမွေကို ဝါဝါပဲ ဆက်ခံရတယ်ပေါ့ "

" ဟုတ်တယ် "

" သူ့အဒေါ်ကကော "

" သူ့အဒေါ်ကတော့ ထိုက်တန်သလောက် အသင့်အတင့်ပဲ ရတယ် "

" ဝါဝါကကော ဘယ်လောက်ရသလဲ၊ အမေရိကန်တွေ စကားနဲ့ ပြောရရင် ဝါဝါဟာ ဘယ်လောက် တန်ဖိုးရှိသလဲ"

" အဲဒါတော့ ကျွန်တော် မသိဘူး၊ ချစ်သူကို ဘယ်လောက်ချမ်းသာသလဲလို့ မေးရမှာ ကျွန်တော် လိပ်ပြာမသန့်ဘူး"

" အား . . . အား၊ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ခုကိစ္စတွေဖြစ်တော့ ဝါဝါရဲ့ စီးပွားရေးကိစ္စတွေကို ဆရာ မမေးဘူးလား "

" ဦးစိုးနောင်က ကျွန်တော့်ကို စုံထောက်ဉာဏ်ရှိတယ်လို့ ပြောခဲ့တယ်၊ ဟုတ်ကဲ့၊ ကျွန်တော် မေးသင့်သမျှ မေးကြည့်ခဲ့ပါတယ်၊ ကျွန်တော် သိရသမျှ ဝါဝါဟာ စီးပွားရေးကိစ္စတွေကို ဘာမှ မသိဘူး၊ စိတ်လည်း ဝင်စားပုံ မရဘူး၊ သူ့ဦးလေးကို လွှဲထားတဲ့ သဘောပဲ "

" ဒါဖြင့် အားလုံး ဦးတိတ်ကြည် လက်ထဲမှာပေါ့ "

" အဲဒီလိုတော့လဲ မဟုတ်ဘူး၊ ဝါဝါ့အဖေက တော်တော် စေ့စပ်သေချာပုံရတယ်၊ ပြီးတော့ ဝါဝါ့အဒေါ် ဆိုတာကလဲ အမေ့ဘက်က အဒေါ်၊ အဖေ့ဘက်က မဟုတ်ဘူး "

" ဒီတော့ . . . "

" စီးပွားရေးလုပ်ငန်းတွေကို ဦးတိတ်ကြည် ဦးစီးလုပ်ရတာတော့ ဟုတ်တယ်၊ ဒါပေမယ့် ဝါဝါ့ အဖေဘက်က ဦးလေး နှစ်ဦးနဲ့ တိုင်ပင် လုပ်ရတယ်၊ တစ်နည်းအားဖြင့် ဆိုရင် အဲဒီ ဦးလေးနှစ်ဦးကလဲ ဝါဝါ့စီးပွားရေးကို စောင့်ရှောက်ထားရတဲ့ သဘောရှိတယ် "

" ဘယ်သူတွေလဲ "

" ဦးစံထွန်းနဲ့ ဦးလှကျော်ပါ "

" သြော် . . . သြော် . . . သူတို့ကို ကျွန်တော် သိပါတယ်၊ သူဌေးတွေပဲ၊ လူကောင်းသူကောင်းတွေလဲ ဖြစ်ပါတယ်၊ ဒါဖြင့် ဦးတိတ်ကြည်က မန်နေဂျာသဘောပဲ ရှိတာပေါ့၊ သူ့အပေါ်က ဘုတ်အဖွဲ့ဝင်သဘောနဲ့ ဦးစံထွန်းတို့ ဦးလှကျော်တို့ ရှိနေတာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်တယ်၊ ဒီသဘောပဲ "

" ဦးတိတ်ကြည်နဲ့ ဝါဝါ့အဒေါ်က ဘယ်တုန်းက ရကြသလဲ "

" ဝါဝါ့အဖေဆုံးပြီး တစ်နှစ်လောက်ကြာမှတဲ့၊ ဒါပေမယ့် ဦးတိတ်ကြည်ဟာ အိမ်ရဲ့ အသိုင်းအဝန်းထဲကို ရောက်နေတာတော့ ကြာပြီ၊ ရှေးကတည်းက ဝါဝါ့အဖေနဲ့ ဦးတိတ်ကြည်တို့ဟာ စီးပွားရေးဆက်သွယ်မှု ရှိခဲ့တယ်ပေါ့လေ၊ ဝါဝါ့မိဘတွေ မကွယ်လွန်ခင် တစ်နှစ်လောက်မှာ ဦးတိတ်ကြည်ဟာ မော်လမြိုင်ရောက်လာတယ်၊ နောက် ဝါဝါ့အဒေါ်နဲ့ နီးစပ်ပြီး မေတ္တာသက်ဝင်ကြတယ်တဲ့၊ ဝါဝါ့အဒေါ်ဟာ အသက်လေးဆယ်ကျော်ပြီ၊ အသက်လေးဆယ်ကျော်မှ ကံပေါ်ပြီး အိမ်ထောင်ဘက်တွေ့တာကို ဝါဝါ့မိဘများက ဝမ်းသာပြီး သဘောတူကြတယ်တဲ့၊ အဲ . . . ယူဖြစ်ကြတာတော့ ဝါဝါ့အဖေ ဆုံးပြီးမှပါပဲ "

" ဝါဝါက ဦးတိတ်ကြည်ကို ဘယ်လို သဘောထားသလဲ "

" ဝါဝါ့ကြည့်ရတာ ဦးတိတ်ကြည်ကို လေးစားပုံရတယ်၊ သူ့အပေါ်မှာ သမီးအရင်းလိုပဲ ကြင်နာပါတယ်တဲ့၊ အခု ကိစ္စတွေ ဖြစ်ပေါ်တာနဲ့ ပတ်သက်ပြီး ဦးတိတ်ကြည်ကို မယုံသင်္ကာဖြစ်ဖို့ ဝါဝါ့မှာ ဝန်လေးနေပုံရတယ် "

" ဘာဖြစ်လို့လဲ "

" ကျွန်တော် ပြောခဲ့သလိုပဲ ဝါဝါဟာ ဦးတိတ်ကြည်ကို လေးစားခဲ့တယ်၊ ဝါဝါ့နေရာက ကြည့်တော့လဲ ဟုတ်တယ်၊ မိဘနှစ်ပါး ဆုံးသွားတော့ ရုတ်တရက် အားကိုးရာမဲ့ ဖြစ်ခဲ့တယ်၊ ပြီးတော့ ဝါဝါဟာ စိတ်ထိခိုက်စရာတွေနဲ့ ဆက်တိုက်ကြုံပြီး ကျန်းမာရေး မကောင်းခဲ့ဘူး၊ ဒီအခြေအနေမျိုးမှာ ဦးတိတ်ကြည်က အနားမှာ မားမားမတ်မတ် အားကိုးစရာအဖြစ် ရှိနေတယ်၊ သူကလဲ သမီးရင်းလို ချစ်ခင်ကြင်နာမှုတွေ ပြတယ်၊ အဲ . . . ယုယ စောင့်ရှောက်တယ်၊ ဒီတော့ ဝါဝါဟာ ဦးတိတ်ကြည်အပေါ် သံသယဇဉ် ပြန်တွယ်နေတာ မဆန်းပါဘူး၊ ပြီးတော့ တစ်ခါ ဝါဝါဟာ သူ့အဒေါ်ကို သူသိပ်ချစ်တယ်၊ တစ်သက်လုံးလဲ အတူနေခဲ့တယ်၊ ပြီးတော့ မိန်းကလေးဆိုတာ အမေ့ဘက်က အဒေါ်ကို ပိုခင်တတ်တယ် "

" ဦးတိတ်ကြည်အပေါ် ခုကိစ္စတွေနဲ့ ပတ်သက်ပြီး ဆရာ မသင်္ကာဖြစ်တာ ဝါဝါ့ကို ပြောမပြဘူးလား "

" အရိပ်အမြွက်လောက်ပဲ ပြောတယ်၊ သိပ်ဖိမပြောဘူး "

" ဘာဖြစ်လို့ "

" တစ်ကြောင်းက ဝါဝါဟာ စိတ္တဇရောဂါ မရှိတာတော့ မှန်တယ်၊ ဒါပေမယ့် စိတ်ကျန်းမာရေး ကောင်းလှတယ်တော့ မဟုတ်ဘူး၊ ဒီအခြေအနေမှာ ဝါဝါ့ကို သိပ်စိတ်မရှုပ်ထွေးစေချင်ဘူး၊ အထူးသဖြင့် ထိတ်လန့်တုန်လှုပ်မှု မဖြစ်စေချင်ဘူး "

" ပြီးတော့ . . . "

" တစ်ကြောင်းက ပဟေဠိ အစိတ်အပိုင်းလေးတွေဟာ စိတ်ကျေနပ်လောက်အောင် မဆက်စပ်မိသေးဘူး "

" ဒါပေမယ့် ခုဖြစ်နေတာနဲ့ ပတ်သက်ပြီး ဝါဝါ စိတ်ကျေနပ်လောက်အောင်တော့ ဆရာ တစ်ခုခု ပြောထားရမှာပေါ့"

" ဟုတ်တယ်၊ ဝါဝါ့မှာ သံသယစိတ်ရှိအောင်တော့ ကျွန်တော် ပြောထားတယ်၊ ဘာရယ်လို့ တိတိကျကျ မသိရခင်မှာ သူနဲ့ ကျွန်တော်တို့ နှစ်ယောက်တည်း လျှို့လျှို့ဝှက်ဝှက် ပိပိရိရိ တိုင်ပင်လုပ်ကိုင်ဖို့ သဘောတူထားကြတယ်၊ ကံကောင်းတာက ကျွန်တော်ဟာ ဝါဝါ့ ချစ်သူ၊ ဝါဝါ အားကိုးသူ၊ ဝါဝါ့ကို ကျွန်တော် ထိန်းထားလို့ရတယ် ဆိုပါတော့ "

" ဆရာက စောစောက အစိတ်အပိုင်းလေးတွေ စိတ်ကျေနပ်လောက်အောင် မဆက်စပ်မိသေးဘူးလို့ ပြောတယ်နော်"

" ဟုတ်ကဲ့ "

" ဆရာ့ . . . ဟို . . . ထိုးထွင်းအသိမှာ တစ်စုံတစ်ရာကို မျှော်လင့်ထားတယ်ပေါ့ "

" ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော် ဦးစိုးနောင်ဆီ လာခဲ့တာပေါ့ "

ဦးစိုးနောင်က လက်ဝါးနှစ်ဖက်လုံးကို စားပွဲပေါ်တွင် မှောက်တင်လိုက်ပြီး ပြော၏။

" ကောင်းပါပြီ၊ ဆရာလိုချင်တဲ့ အကူအညီ ကျွန်တော် ပေးပါ့မယ်၊ မူးယစ်ဆေးဝါး ပါလာတော့ ဘာကိုမျှ ကျွန်တော်တို့ ပေါ့ဆတွက်လို့ မရဘူး၊ ဒီတော့ ကျွန်တော့်ဘက်က စုံစမ်းရသမျှ ဆရာ့ကို ကျွန်တော် ပြောပြပါ့မယ်၊ ဆရာ့ဘက်က နောက်ထပ် သိသမျှလဲ ကျွန်တော့်ကို ပြောပါ "

" ဟုတ်ကဲ့ စိတ်ချပါ "

" ဆရာ မြို့နယ် ပြည်သူ့ရဲ့ ညွှန်ကြားရေးမှူးနဲ့ကော သွားတွေ့ဦးမလား "

" မတွေ့တော့ဘူး၊ တွေ့ရင် စကားကောင်းနေမိဦးမယ်၊ ညနေပိုင်းမှာ ကျွန်တော် စာသင်ချိန်တစ်ချိန် ရှိသေးတယ်"

ဦးစိုးနောင်က ဒေါက်တာမျိုးမွန်ကို ပြည်သူ့ရဲ့ ညွှန်ကြားရေးမှူးရုံး ဆင်ဝင်အောက်အထိ လိုက်ပို့သည်။

ဒေါက်တာမျိုးမွန် ကားပေါ်မတက်ခင် ဦးစိုးနောင်က မေး၏။

" ဪ . . . ဒါထက် ဆရာတို့ ကောလိပ်မှာ မူးယစ်ဆေးဝါးအန္တရာယ်ပြပွဲ လုပ်မလို့ဆို "

www.burmeseclassic.com

" ဟုတ်ကဲ့၊ ပြင်ကြဆင်ကြတုန်းပါ၊ ကျွန်တော်လည်း နည်းနည်း ထူးထူးဆန်းဆန်းလေး ပြကြည့်မလားလို့ "

" ကောင်းပါတယ် ဆရာ "

အုတ်တိုင်ကြီးများနှင့် ရောမခေတ် အဆောက်အအုံ ပုံစံဆန်သော ပြည်နယ် ပြည်သူ့ရဲ ညွှန်ကြားရေးမှူးရုံးကို နောက်၌ ထားခဲ့ပြီး ဒေါက်တာမျိုးမွန်သည် ကားလေးကို တောင်ပေါ်လမ်းမှ မောင်းချ ထွက်ခွာလာခဲ့၏။

* * *

## အခန်း ( ၉ )

မော်လမြိုင်မြို့ မိုင်ဒါဈေးကြီး၏ အရှေ့ဘက် ကားများရပ်ရာ ကွက်လပ်တွင် မော်လမြိုင်ဒီဂရီကောလိပ်တံဆိပ် ရိုက်ထားသည့် အစိမ်းရင့်ရောင် မာဇဒါ ခေါင်းတို လူစီးကုန်တင်ကားလေးက ရပ်နားနေ၏။

ကားနောက်ပိုင်းတွင် ထိုင်ရင်း ဒေါက်တာမျိုးမွန်က စီးကရက်တစ်လိပ်ကို အေးအေးဆေးဆေး ဖွာနေ၏။

ဈေးပတ်ပတ်လည်ကို သံဆူးကြိုးကာထား၏။ သံဆူးကြိုးအပြင်ဘက် ဝင်ပေါက်နှင့် မနီးမဝေးတွင် အမှိုက်ပုံ သေးသေး တစ်ခုရှိသည်။ ဒေါက်တာမျိုးမွန် အမှတ်မထင် ငေးကြည့်နေခိုက် ယောက်ျားတစ်ဦးက အတွင်းမှနေ၍ သံဆူးကြိုးကို ကျော်ပြီး အမှိုက်ပုံပေါ်သို့ အမှိုက်များနှင့် ရေများ သွန်ချ၏။ အနီးရှိ ဆိုင်တစ်ဆိုင်မှ အမျိုးသမီးတစ်ဦးက မနှစ်သက်သည့်ဟန်ဖြင့် မျက်စောင်းထိုး ကြည့်နေ၏။

အမှိုက် . . .။ ဒေါက်တာမျိုးမွန်က ပြုံးသည်။ အမှိုက်မှ ရွှေထွက်နိုင်သည်ဟုဆိုလျှင် လူတို့ ဘာပြောကြမည်နည်း။

သံဖြူပုံး ရှည်ရှည်လုံးလုံး တစ်ခုကိုထမ်းပြီး အသက်လေးဆယ်ခန့် လူရွယ်တစ်ဦးက ကားဆီသို့ ကပ်လာ၏။

ကားရှေ့ခန်းမှ ဒရိုင်ဘာလူရွယ်က ဆင်းလာ၏။

ဒေါက်တာမျိုးမွန်က သံဖြူပုံးကို လှမ်းဆွဲယူသောအခါ ဒရိုင်ဘာက ပျာပျာသလဲ ပြောသည်။

" ဆရာ နေပါ၊ ကျွန်တော်တို့ လုပ်ပါ့မယ် "

" ကိစ္စမရှိဘူး၊ ကျွန်တော်လဲ ကူရမှာပေါ့ "

" ဟာ . . . မကောင်းပါဘူး ဆရာ၊ ကျွန်တော်တို့ လုပ်မှာပေါ့ "

" ကျွန်တော် မရွံ့ပါဘူး၊ ဒါတွေက ရွှေတစ်မျိုးပါ "

" ခင်ဗျာ . . . "

ဒေါက်တာမျိုးမွန်က ဘာမျှ ဆက်မပြောတော့ဘဲ ရယ်လျက် သူတို့နှင့်အတူ သံဖြူပုံးကို ကားပေါ်တွင် နေရာချထား၏။

" ဦးဘမိုး၊ ဈေးသည်တွေက ဘာပြောလဲ "

" လာပါတဲ့ ဆရာ၊ ခေါင်းလောင်းသံကြားရင် တောင်းနဲ့ထည့်ပြီး သွားမသွန်ရတော့ ကျေးဇူးတင်ပါတယ်တဲ့၊ အဟဲ"

ဦးဘမိုးက ရယ်၍ ဖြေပြီး ဈေးဆီသို့ ပြန်ထွက်သွား၏။

လူငယ်တစ်ဦးကလည်း ဦးဘမိုးကဲ့သို့ပင် သံဖြူပုံးတစ်ပုံး ထမ်း၍ ရောက်လာပြန်သဖြင့် ဒေါက်တာမျိုးမွန်နှင့် ဒရိုင်ဘာတို့က ကူချပေးကြပြန်၏။

လူငယ် ပြန်ထွက်အသွား၌ ဒရိုင်ဘာက မေးသည်။

" အဲဒါ ဇီဝဓာတ်ငွေ့ထုတ်ဖို့ ဟုတ်လား ဆရာ "

" ဟုတ်တယ် "

" နောက်ချေးက ထုတ်တာဆို "

" နောက်ချေးက ထုတ်တာက အလွယ်ဆုံးပေါ့၊ ဒါပေမယ့် နောက်ချေး ရှားတဲ့နေရာမှာ ရှားတယ်၊ မော်လမြိုင်မှာဆို နောက်ချေးက ဈေးကြီးတယ် မဟုတ်လား "

" ဟာ . . . ဟုတ်တယ် ဆရာ "

" အခု ဆရာတို့ဌာနက စမ်းလုပ်ကြည့်နေတာက နောက်ချေးနဲ့ တခြားပစ္စည်းတွေရောပြီး ဇီဝဓာတ်ငွေ့ထုတ်တာ၊ လွှစာမှုန်နဲ့ ရောတယ်၊ မြက်တို့ သစ်ရွက်တို့နဲ့ ရောတယ်၊ အခု ကုန်စိမ်းတန်းက လွှင့်ပစ်မယ့် ဟင်းရွက်ပုတ် ဟင်းရွက်နွမ်း၊ ဟင်းသီးပုပ် ဟင်းသီးနွမ်းတွေနဲ့ ရောကြည့်မယ် "

" မြက်တို့ သစ်ရွက်တို့က ပိုမပေါဘူးလား ဆရာ "

www.burmeseclassic.com

www.burmeseclassic.com

" ပေါတာပေါ့၊ နွေကျတော့ မြက်တောင် ရှားပြန်ရော၊ ပြီးတော့ မြက်တို့ သစ်ရွက်တို့က အပုပ်ခံရတာ ကြာတယ်၊ ပုပ်ပြီး နွမ်းပြီးသား အရွက်မျိုးရရင် ပိုကောင်းတာပေါ့၊ နေရာတိုင်းတော့ မဟုတ်ဘူးလေ၊ မြို့ကြီးကြီးက ဈေးကြီးကြီးမှာ ဟင်းရွက်ပုပ် ဟင်းရွက်နွမ်းတွေ လွယ်လွယ်ရနိုင်တယ်၊ အဲ . . . ဘယ်လောက်များများ ရနိုင်မလဲ၊ တွက်ခြေကိုက်ပါ့မလား၊ ဒါတွေက စမ်းကြည့်မှသိမယ်၊ ပြီးတော့ တခြား ဆရာတို့သိချင်တဲ့ ဓာတုဗေဒ ကိစ္စတွေကလဲ ရှိသေးတယ် "

" ဘာတွေလဲ ဆရာ "

" ဥပမာ ဗေဒါပင်နဲ့ စမ်းကြည့်တယ်၊ မကောင်းဘူး၊ ဗေဒါပင်ထဲမှာ အောက်ဆီဂျင်ဓာတ် ခိုဝင်နေတဲ့ နေရာတွေ ရှိတယ်၊ ဇီဝဓာတ်ငွေ့ ထုတ်တဲ့အခါမှာ အောက်ဆီဂျင်ဓာတ် ပါလာရင် မကောင်းဘူး၊ ဒီလိုပေါ့လေ၊ သိသင့် သိအပ်တာတွေ ရှိတယ်၊ စမ်းတယ်ဆိုတာ သိချင်လို့ပဲ "

မနီးမဝေးရှိ လွတ်သောနေရာတွင် အဝါရောင်ဆီဒင်ကားတစ်စီး ရပ်လာ၏။ ကားနောက်ခန်းမှ ခရမ်းရောင်အင်္ကျီနှင့် ထဘီ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး ဆင်းလာ၏။

ပထမသော် ဒေါက်တာမျိုးမွန်က အမျိုးသမီးကို အမှတ်တမဲ့သာ ကြည့်သည်။ ခဏ၌မူ စိတ်ဝင်စားသွားသည်။

မျက်နှာကို မြင်ဖူးသည်။ ရုတ်တရက်တော့ မမှတ်မိ။ မှတ်မိသောအခါ အံ့သြသွားသည်။

မမြမေ . . . ။

ဖြီးလိမ်း ပြင်ဆင်ထားသော မမြမေသည် ယဉ်ယဉ်နှင့် ချောသော မိန်းမတစ်ဦး ဖြစ်နေသည်။ အထူးသဖြင့် ကိုယ်လုံး ကိုယ်ပေါက် . . . ။ လှပကြော့ရှင်းသည်ဟု မဆိုနိုင်။ သို့ရာတွင် ထူးခြားမှုရှိသည်။ ယောကျ်ားတို့ကို ဆွဲဆောင်နိုင်သော ထူးခြားမှု . . . ။

မမြမေကမူ ဒေါက်တာမျိုးမွန်ကို မြင်ဟန်မတူဘဲ ဈေးပေါက်ဝဆီ လျှောက်သွား၏။

မမြမေ ဘာလာလုပ်သနည်း။ ဈေးသို့လာခြင်း ဖြစ်သဖြင့် ဈေးဝယ်ရန်ဖြစ်မည်။ သို့ရာတွင် ဒေါက်တာမျိုးမွန်၌ သတိဝင်လာသည်။

ဤဈေးကြီးအတွင်း၌ ဆေးဆိုင်များရှိသည်။ ဤဈေးဆိုင်များက ဆေးစုံရောင်းသည်။ စုံလိုက်သည်မှ အစုံ။

ဒေါက်တာမျိုးမွန်က ဣန္ဒြေမပျက် ဒရိုင်ဘာကို ပြော၏။

" ရောက်တုန်းရောက်ခိုက် ဆရာလဲ ဈေးထဲ လျှောက်ကြည့်လိုက်ဦးမယ် "

" ဩော် . . . ဟုတ်ကဲ့ ဆရာ "

မိုင်ဒါဈေးကြီးက ယာယီဈေးဖြစ်သည်။ ဈေးဆိုင်တန်းများ၌ အမိုးရှိသော်လည်း မိုးလုံလေလုံတော့ မဟုတ်။ အမိုးအောက် ဖြစ်သော်လည်း ဈေးအတွင်း မြေပြင်မှာ မိုးရေကြောင့် အချို့နေရာများ၌ ဗွက်ပေါက်နေ၏။

ဗွက်ရှောင်၍ ရှေ့မှ မမြမေက ဖြည်းဖြည်းသွား၏။ ဒေါက်တာမျိုးမွန်ကလည်း နောက်မလှမ်းကမ်းမှ ဖြည်းဖြည်း လိုက်၏။

မမြမေက မည်သည့်ဆိုင်သို့မျှ မဝင်။ လက်ယာဘက်ချိုးပြီး အနောက်ဘက်သို့ သွားသည်။ အနောက်ဘက်ပေါက်မှ ထွက်ပြီး မမြမေက ကားလမ်းဘေးတွင် ရပ်နေရာ ဒေါက်တာမျိုးမွန်ကလည်း မနီးမဝေး၌ရပ်လျက် အကဲခတ်သည်။

မမြမေက ဟိုဟိုသည်သည်ကြည့်ပြီး လေးဘီးကားလေးတစ်စီးဆီ ကပ်သွားလျက် ကားနောက်ခန်း၌ တက်ထိုင်သည်။

ကားနောက်ခန်း၌ ယောကျ်ားတစ်ဦး ထိုင်နေရာ မမြမေ ကားပေါ်အရောက်၌ ထိုယောကျ်ားက ရှေ့ခန်းရှိ ဒရိုင်ဘာကို တစ်စုံတစ်ရာ ပြောသည်။

လေးဘီးကားလေးက ဘီးလိမ့်ထွက်သွား၏။ ကားအထွက်တွင် ယောကျ်ား၏မျက်နှာက ဒေါက်တာမျိုးမွန်ဘက်သို့ တည့်တည့်လှည့်သည်။

သူ့မျက်နှာက ညိုမည်းမည်း။ ဓားဒဏ်ရာ အမာရွတ်ကြီးက မျက်နှာပြင်ကို စောင်းစောင်းဖြတ်ထားသည်။

ဒေါက်တာမျိုးမွန်က မတုန်မလှုပ် ကျန်ရစ်သည်။ ရှေ့ဆက် ဘာလုပ်ရမည်မှန်း မသိ။

ချီတုံချတုံ ဖြစ်နေပြီးမှ ဒေါက်တာမျိုးမွန်သည် ကောလိပ်ကားရှိရာသို့ ပြန်လာခဲ့သည်။ ကားပေါ်တွင် သံဖြူပုံးလေးပုံး ရှိနေပြီ။ ဦးဘမိုးနှင့် လူငယ်ကလည်း ကားပေါ်တွင် ထိုင်နေကြပြီ။

ဒေါက်တာမျိုးမွန်က အဝါရောင် ဆီဒင်ကားဆီ ကြည့်သည်။

ဒရိုင်ဘာက ကားရှေ့ခန်းတွင် အေးအေးဆေးဆေး စာအုပ်တစ်အုပ်ကို ဖတ်နေသည်။

ဒေါက်တာမျိုးမွန်က ကောလိပ်ကား၏ ရှေ့ခန်းတွင် တက်ထိုင်လိုက်ပြီး ဒရိုင်ဘာကို ပြောသည်။

" ကိုလှတင် တောင်ပေါ်လမ်းက မောင်းဗျာ "

" ရပါတယ် ဆရာ "

www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ရှိ ပြည်သူ့ရဲ ညွှန်ကြားရေးမှူးရုံးရှေ့တွင် ကားကို ခေတ္တရပ်ခိုင်းပြီး အဆောက်အအုံတွင်းသို့ ဒေါက်တာမျိုးမွန်က ခပ်သွက်သွက် ဝင်ခဲ့လေသည်။

* * *

**အခန်း ( ၁၀ )**

မော်လမြိုင် ဒီဂရီကောလိပ် အဆောက်အအုံကြီး၏ မြေညီထပ်ရှိ စာသင်ခန်းအမှတ် ၁၅ တွင် စာသင်ပြီးသွားသော ဒေါက်တာမျိုးမွန်က ပြဋ္ဌာန်းစာအုပ်ကို ပိုက်လျက် စာသင်ခုံထက်ရပ်ကာ ကျောင်းသူကျောင်းသားများကို ကြည့်သည်။

အခန်း ၁၅ က သီရေတာ ဟုခေါ်သော ကြမ်းပြင်နိမ့်ရာမှ မြင့်တက်သွားသည့် စာသင်ခန်းမျိုးဖြစ်သည်။

ကျောင်းသားကျောင်းသူများက အခန်းတွင်းမှ အပြင်သို့ ထွက်နေကြသည်။ အမြင့်တွင် ထိုင်ရသူများက ထွက်ပေါက်သို့ ရောက်ရန် လျှောက်ဆင်းလာကြရသေးသည်။

ပြေးခြင်းလွှားခြင်း ဆူညံခြင်းမပြုဘဲ ဣန္ဒြေရရ အတန်းဆင်းကြသည်ကို ဒေါက်တာမျိုးမွန်က နှစ်သက်စွာ ကြည့်နေခြင်းဖြစ်သည်။ ကျောင်းသားကျောင်းသူအချို့က သူ့ရှေ့မှ ဖြတ်အသွားတွင် အပြုံးလေးများနှင့် နှုတ်ဆက်သွားကြ၏။

ကျောင်းသားကျောင်းသူများ၏ အပြုံး . . .။ ဤအပြုံးလေးများက ဆရာ့ရင်ကို အေးချမ်းစေတတ်သည်။ သားသမီး၏ အပြုံးကလည်း မိဘ၏ရင်ကို အေးချမ်းစေတတ်သည်ဟု ကြားဖူးသည်။ ကိုယ်တွေ့တော့ မသိသေး။ ကျောင်းသားကျောင်းသူများ၏ အပြုံးက မိမိရင်ကို အေးချမ်းစေသည်မှာ အမှန်ပင်ဖြစ်၏။

သြော် . . . ဆိတ်သုဉ်းဖွယ်ဖြစ်သော ယခင်နှစ်များက ဤအပြုံးလေးများကြောင့် ဘဝသည် နေပျော်ခဲ့သည်။ များစွာ နေပျော်ခဲ့သည်။

ကျောင်းသားကျောင်းသူများ ကုန်မှ ဒေါက်တာမျိုးမွန်က အခန်းတွင်းမှ ထွက်ခဲ့သည်။ မိမိအခန်းဆီသို့ မပြန်သေးဘဲ ကျောင်းကြီး၏ ကျောဘက်ဆီ လျှောက်လာခဲ့သည်။

ကျောင်းကြီးကျောဘက် လက်ယာဘက်ထောင့် မြေပြင်တစ်နေရာ၌ လူ့လက်တစ်ဖောင် အမြင့်ရှိသော အနက်ရောင် သံအိုး လုံးလုံးရှည်ရှည်ကြီး တစ်ခုရှိသည်။

ဒေါက်တာမျိုးမွန်က သံအိုးကြီးနား ကပ်သွားပြီး လက်ဖဝါးနှင့် စမ်းကြည့်သည်။ သံအိုးနံရံက ပူနေသည်။ ကောင်းကင်သို့ မော့ကြည့်သောအခါ တိမ်တို့အုံ့လျက် နေက မပြင်းလှ။

သံအိုးထိပ်ရှိ မီတာဒိုင်ခွက်မှ မြားလေးက မသိမသာလေး လှုပ်နေသည်။ သံအိုးမှ ထွက်လာသော ပိုက်လုံးလေး တစ်ခုနှင့် ဆက်ထားသည့် မော်တော်ကား ကျွတ်တစ်ခုက သံအိုးအမိုးပေါ်တွင် ဖောင်းဖောင်းပြည့်ပြည့် တည်နေသည်။

သံအိုးကြီး၏ အနီး မြေပြင်တွင်ကား သံဖြူပုံး လေးလုံး ရှိနေသည်။

ဒေါက်တာမျိုးမွန်က ခုံတစ်ခုထက် တက်ပြီး ကျွတ်ကို ဖြုတ်ယူကာ ချက်တိုင်ကို သံကလစ်တစ်ခုနှင့် ညှပ်ပိတ် လိုက်သည်။ သံအိုးကြီးထိပ်ရှိ ပိုက်လုံးများမှ ဒလက်အားလုံးကိုလည်း လှည့်ပိတ်ပြီး ဖောင်းပြည့်နေသော ကျွတ်ကို ဆွဲလျက် ကျောင်းအဆောက်အအုံကြီးဆီသို့ ပြန်ခဲ့သည်။

ကျောင်းကြီး၏ အရှေ့ဘက်အစွယ် အောက်ထပ်ရှိ မိမိ၏ အခန်းတွင် ပြန်ရောက်သောအခါ စားပွဲတစ်ခုပေါ်တွင် ဆင်ထားသော ကိရိယာများနှင့် ကျွတ်ကို ဆက်သည်။

ကျွတ်၏ ချက်တိုင်နှင့် ဖြူဖြူအရည်များ ထည့်ထားသည့် ဖန်ကျည်တောက်တစ်ခု၏ အဝင်ပြွန်ကို ရော်ဘာပိုက်လုံး လေးနှင့် ဆက်၏။ ဖန်ကျည်တောက်၏ အထွက်ပြွန်မှ သွယ်လာသော ရော်ဘာပိုက်လုံးလေးက သံလုံးမီးတိုင်လေး၏ အခြေ၌ သွားဝင်သည်။

မီးတိုင်မှ ခလုတ်လေးကို ဖွင့်လိုက်ပြီး ဒေါက်တာမျိုးမွန်က မီးခြစ်ကိုခြစ်၍ မီးတိုင်ထိပ်ကို တို့သည်။ အခိုးအငွေ့ မထွက်ဘဲ အလွန်ကြည်လင် ပြာလဲ့လှပသော မီးတောက်လေး ပေါ်လာ၏။

ဒေါက်တာမျိုးမွန်က စားပွဲရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက် မီးတောက်လေးကို ပီတိလွှမ်းသောစိတ်နှင့် ငေးကြည့် နေ၏။

စမ်းသပ်မှုမှ ရရှိသော အရသာ။ ဒေါက်တာမျိုးမွန်က မနောအရသာကို အတန်ကြာ ခံစားနေပြီးမှ ခလုတ်လေးကို ထပိတ်သည်။ မီးတောက်ပြာပြာလေး ပျောက်သွား၏။

စားပွဲတွင် ပြန်ထိုင်ရင်း စဉ်းစားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစမ်းသပ် စူးစမ်းမှုကတော့ အောင်မြင်သင့်သမျှ အောင်ပြီ။ တခြားစူးစမ်းမှုတစ်ခုက အဖြေထွက်မလာသေး။ အစိတ်အပိုင်းလေးများက ကျေနပ်လောက်အောင် ဆက်စပ်မလာသေး။

လိုချင်သည်။ မီးတောက်ပြာပြာလေးကဲ့သို့ ဉာဏ်တွင် ကြည်ကြည်လင်လင် သန့်သန့်စင်စင် ကွန့်မြူးပေါ်လာမည့် အဖြေလေး။

စ,သတိပြုမိသည်က နီလာသွေးဖျော့ဖျော့ ဝတ်စုံ။ ထို့နောက် ဖြူပြာလန်းစိုသော မျက်နှာလေး။

" ဟင် ဝါဝါ "

ဝါဝါက အခန်းဝတွင် ကြော့ကြော့လေး ရပ်နေ၏။

သူက လျှင်မြန်စွာ ထပြီး စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝါဝါ့ကို ထိုင်စေ၏။

မိမိလည်း မိမိ ကုလားထိုင်တွင် ပြန်ထိုင်ပြီးမှ ဒေါက်တာမျိုးမွန်က မေးသည်။

" ဝါဝါ လမ်းလျှောက်လာတာလား "

" ဟုတ်တယ် "

" သိပ်မရဲနဲ့လို့ မောင်ပြောထားတယ် မဟုတ်လား "

" ဝါဝါ အရိပ်အခြည် ကြည့်ပြီးမှ လာတာပါ၊ ပြီးတော့ . . . ဒီဘက် ဝါဝါ မလာတာ ကြာပြီပဲ "

" မောင်နဲ့ တွေ့ချင်ရင် မြင့်မြင့်တို့က တစ်ဆင့် ဆက်သွယ်တာ အကောင်းဆုံးပဲ "

" ဝါဝါ သိပါတယ်၊ ဒါပေမယ့် ဝါဝါ မောင့်ကို အရေးတကြီး ပြောစရာရှိလို့ "

" အရေးတကြီး ပြောစရာ၊ ဘာလဲ ဝါဝါ "

ဝါဝါသည် ငိုင်သွား၏။ ထို့နောက်မှ သက်ပြင်းလေးချပြီး အဓိပ္ပါယ်မဲ့ ရယ်၏။

" မောင် စိတ်ပူသွားသလား၊ တကယ်တော့ အရေးကြီးချင်မှလဲ ကြီးမှာပါ "

သူက ဝါဝါ့ကို ကြည့်နေ၏။ ဝါဝါ့စိတ်ကို သူ နားလည်နေပြီ။ ဝါဝါသည် ပူပန်တတ်၏။ စိတ်လည်း ရှုပ်ထွေးတတ်သည်။ ချီတုံချတုံနှင့် ဝေခွဲမလွယ်လည်း ဖြစ်တတ်သည်။

သူက ပြုံးလိုက်၏။

" ဝါဝါ ပြောချင်တာပြော၊ အရေးမကြီးလဲပြော၊ အရေးကြီးလဲပြော၊ မောင်ကတော့ ဝါဝါ့အသံလေး ကြားရရင် စိတ်ချမ်းသာနေတာပဲ "

ဝါဝါက နှာခေါင်းလေး ရှုံ့ပြ၏။

" သူ ပိုလိုက်ပြီ "

သူက ရယ်နေ၏။

" မောင် ကျောင်းမဆင်းသေးဘူးလား "

သူက လက်ပတ်နာရီကို ကြည့်လိုက်၏။

" ဆင်းတော့မလို့ပဲ၊ ဝါဝါ လာလို့ "

" ဒီညနေ မိုးမရွာဘူး "

" ဒီတော့ . . . "

ဝါဝါက ပြုံးရုံပြုံးနေ၏။

သူက အလိုက်သိစွာနှင့် စားပွဲပေါ်ရှိ ပစ္စည်းလေးများကို သိမ်းပြီး အခန်းတံခါးကို သော့ခတ်ကာ ဝါဝါနှင့်အတူ ကျောင်းကြီး၏ ကျောဘက်သို့ ထွက်လာခဲ့သည်။

ကျောင်းကြီးမှ ရွှေမြိုင်အမျိုးသမီးဆောင်ဆီ သွယ်ပြေးသော စကြံအနီးတွင် ရပ်ထားသည့် သူ့ကားလေးပေါ် ထိုင်၍ အပြီး၌ ဝါဝါက ပြောသည်။

" ဦးလေး ရေးကို သွားတယ် "

" ဩော် . . . ဟုတ်လား၊ ဒီလိုပဲ သွားတတ်သလား "

" ဟုတ်တယ် "

သူ စိတ်ချမ်းသာသွား၏။ ဝါဝါ့နောက် လိုက်ကြည့်နိုင်သူတစ်ဦး လျော့သွား၏။

ဝါဝါနှင့် သူ တစ်ကြိမ်တုန်းက သွားခဲ့သော နေရာလေးဆီသို့ပင် သွားကြသည်။ တောင်ကမ်းပါးစပ်တွင် ကားတစ်ဦးခါး တစ်ဦးဖက်ပြီး ဘီလူးကျွန်းဘက်ဆီ ငေးလျက် ရပ်နေကြသည်။

ဝါဝါက ခစ်ကနဲ တစ်ချက်ရယ်၏။

www.burmeseclassic.com

www.burmeseclassic.com

" ဝါဝါ ဘာရယ်တာလဲ "

" ဪ . . . ဝါဝါက အခု မောင်နဲ့ ဖက်ပြီးနေတယ် "

" အင်း . . . "

" ရှင်ထွေးနဲ့ မင်းရဲသီဟတို့ခမျာတွေ ဘယ်ရောက်နေကြပြီလဲ မသိဘူး "

သူက ထိတ်လန့်သွားပြီး ဝါဝါ့ကို ကြည့်သည်။ ဝါဝါသည် ရှင်ထွေးနှင့် မင်းရဲသီဟတို့ကို လွမ်းနေသလော။

သူက ဝါဝါ့အမေးကို မဖြေဘဲကို မေးခွန်းတစ်ခုသာ ထုတ်သည်။

" ဝါဝါ့ကို မောင်ပေးတဲ့ စာရေးဆရာမကြီး ဒက်ဖနီ ဒူမိုးရီးယားရဲ့ သီဟောက်(စ်)အွန် သီစထရင်း ဆိုတဲ့ ဝတ္ထုကြီးကို ဖတ်ပြီးပြီလား "

" အာ . . . ဟုတ်တယ် မောင်၊ ဖတ်ပြီးပြီ၊ အဲဒီထဲက ဇာတ်လိုက် ရစ်ချတ်ယန်းဟာလဲ . . . ဟိုဒင်း . . . အဲ . . . ဆေး . . . ဆေးသောက်ပြီး မရှိတာတွေ မြင်တယ်နော် "

" ဟုတ်တယ်၊ ရစ်ချတ်ယန်းဟာ နှစ်ဆယ်ရာစုနှစ်ကနေ . . . ဆယ့်လေးရာစုနှစ်ဆီ ပြန်ရောက်သလို ဖြစ်သွားပြီး အဲဒီခေတ်က လူတွေဖြစ်တဲ့ ဆာဟင်နရီတို့၊ ဆာအော်တိုတို့၊ ဆာအော်လီဗာတို့၊ လေဒီဂျွန်းတို့၊ လေဒီအိုင်ဆို(လ်)ဒါတို့ကို တွေ့ရတယ်၊ သူတို့ရဲ့ အချစ်ဇာတ်လမ်းအရှုပ်၊ အိမ်ထောင်ရေးအရှုပ်တွေကို ဘေးကနေ လိုက်ကြည့်သလို မြင်ခဲ့ရတယ်၊ ဒါပေမယ့် နောက်ဆုံးမှာ ရစ်ချတ်ယန်း ဘာဖြစ်သွားသလဲ ဝါဝါ "

" ဟိုဒင်း . . . သူ့အိမ်ထောင်ရေးတွေ၊ စီးပွားရေး၊ လူမှုရေးတွေ ပျက်သွားတယ်လေ "

" ပြီးတော့ကော . . . "

" ဆရာဝန်ကြီး ဒေါက်တာပါဝဲ(လ်) ကယ်တာတောင် မရတော့ဘဲ ကိုယ်တွေလက်တွေ သေသွားတယ် "

" ရစ်ချတ်ယန်း မှီဝဲတဲ့ဆေးက ဘာတဲ့လဲ "

" ဟိုဒင်း . . . ဟယ်လူစင်နိုဂျင် "

" ဟယ်လူစင်နိုဂျင်ဆိုတာ ဟယ်လူစင်နေးရှင်းဆိုတဲ့ စကားက လာတာ၊ ဒီစကားရဲ့ အဓိပ္ပါယ်ကတော့ မရှိတာတွေကို မြင်ခြင်း၊ ကြားခြင်းတို့ကို ဆိုလိုတာ၊ ရူးတဲ့လူတွေဟာ ဒီလိုပဲ မရှိတာတွေကို မြင်တယ်၊ ကြားတယ်၊ တစ်နည်းအားဖြင့် ဒီဆေးမျိုး သောက်တဲ့လူဟာ လူကောင်းပကတိကနေ ခဏရူးသွားတယ်လို့ ဆိုနိုင်တယ်၊ ဝါဝါ . . . လူကောင်းတစ်ယောက်ဟာ ရူးသင့်သလား "

" ကြံကြံဖန်ဖန်၊ ဘယ်ရူးသင့်မလဲ "

" ကောင်းနေတဲ့ ကိုယ့်ဘဝကို ရူးအောင်လဲ လုပ်သင့်ရဲ့လား "

" မောင် ဘာတွေ လျှောက်မေးနေတာလဲ "

" တချို့လူတွေဟာ ကောင်းနေတဲ့ ကိုယ့်ဘဝကို ရူးအောင် လုပ်မိနေကြတယ်၊ ဘယ်သူတွေလဲ ဆိုတော့ မူးယစ်ဆေးဝါး သုံးတဲ့လူတွေပေါ့၊ အသိဉာဏ်ရှိတဲ့လူဟာ ကိုယ့်ကိုယ်ကို ကျန်းမာအောင် အလွန် ဂရုစိုက်ကြရတယ်၊ မူးယစ်ဆေးဝါး သုံးတဲ့လူဟာ ကိုယ့်ကျန်းမာရေးကို ကိုယ်ဖျက်ဆီးတဲ့လူပဲဖြစ်တယ်၊ ရုပ်ကျန်းမာရေးကို ဖျက်ဆီးရုံမက စိတ်ကျန်းမာရေးကိုပါ ဖျက်ဆီးတာ၊ တစ်နည်းအားဖြင့် မနုဿတ္တဘာဝေါ ဒုလ္လဘောလို့ မြတ်စွာဘုရား ချီးမွမ်းတဲ့ ရတောင့်ရခဲ လူကောင်း ပကတိ ဘဝကို ဖျက်ဆီးပြီး ကြမ္မာဆိုးတဲ့ ခမျာတွေသာ ခံစားကြရရှာတဲ့ စိတ္တဇရောဂါရှင်ဘဝကို ငွေပေးဝယ်ယူသလို ဖြစ်နေတယ်"

ငြိမ်နားထောင်နေရာမှ ဝါဝါက ပူပူပန်ပန်လေး မေး၏။

" မောင် ဒီ . . . ဒီဆေးတွေ သောက်လို့ ရစ်ချတ်ယန်းလို ကိုယ်တွေလက်တွေ သေ . . . သေသွားတတ်သလား "

" စာရေးဆရာမကြီး ဒူမိုးရီးယားကတော့ အဲဒီသဘော ရေးတယ်၊ ဟယ်လူစင်နိုဂျင်လို မူးယစ်ဆေးဝါးဟာ မကောင်းကျိုးတွေ အများကြီး ပေးတတ်တယ်၊ တချို့ကိစ္စတွေကိုတော့ ဆေးပညာက သုတေသန လုပ်နေတုန်း ရှိသေးတယ်၊ သေသေချာချာ သိရတာတော့ ဒီဆေးကို မှီဝဲတဲ့လူဟာ တဖြည်းဖြည်း ရူးသွပ်ခြင်းလက္ခဏာတွေ ပြပြလာပြီး နောက်ဆုံးမှာ ကိုယ့်ကိုယ်ကို သတ်သေတဲ့အထိ ဆိုးရွားဖောက်ပြန်သွားတတ်တယ် "

ဝါဝါ ငိုင်နေသောကြောင့် သူက မေး၏။

" ဝါဝါ . . . ရှင်ထွေးတို့၊ မင်းရဲသီဟတို့ကို တွေ့ချင်သေးလား "

" ဟင် . . . ဘာပြောတာလဲ "

" မတွေ့ချင်နဲ့လို့၊ ဪ . . . ဝါဝါ သူတို့ ဒီဆေးကို လာပေးတုန်းပဲလား "

" ဟင့်အင်း . . . "

" မပေးတော့ဘူး . . . "

www.burmeseclassic.com

www.burmeseclassic.com

“ ဟုတ်တယ်၊ အဲဒါ မောင့်ကို ပြောမလို့၊ ဝါဝါလေ ဟိုအသံကြီးကို မကြားရတာ ကြာသွားပြီ ”

“ ဘယ်လောက် ကြာသွားပြီလဲ ”

“ တစ်လလောက် ရှိပြီ ”

“ အစကလဲ အမြဲတမ်း မကြားရဘူး မဟုတ်လား ”

“ အရင်က အကြာဆုံး ရက်နှစ်ဆယ်မှာ တစ်ခါတော့ ကြားရတာပဲ၊ ကြားရတယ်ဆိုတာ နေ့ခင်းကို ပြောတာ၊ ညညတော့ ခဏခဏ ကြားရတယ် ”

ဒေါက်တာမျိုးမွန် ယခင် ဝါဝါ ပြောပြခဲ့သည်ကို ပြန်သတိရသည်။ နေ့ကြားခြင်းနှင့် ညကြားခြင်း။ ညအခါ ကြားလျှင်မူ ရှင်ထွေးတို့ မင်းရဲသီဟတို့ကို မတွေ့ရ။

“ ဝါဝါ ပြောတာ အခု နေ့ခင်းဘက် မကြားရတော့ဘူး၊ တစ်လလောက်ရှိပြီ ဟုတ်လား ”

ဝါဝါက ခေါင်းညိတ်၏။

“ ဒီတော့ စိန်ပန်းပင်ကြီးဘက်လဲ မသွားရတော့ဘူးပေါ့ ”

ဝါဝါက ခေါင်းညိတ်ပြပြန်၏။

“ ဟိုဆေးလဲ မတိုက်တော့ဘူးပေါ့ ”

“ မတိုက်တော့ဘူး ”

“ ညညကော ကြားရသေးလား ”

“ တစ်ခါတလေ ကြားရတယ်၊ ဒါပေမယ့် ခုက မိုးတွင်း၊ လေက တိုက်ချင်တိုက်နေတာ ”

သူက ဘာမျှမပြော၊ ဝါဝါ ပြောပြနေသည်က အသစ်ဖြစ်ပေါ်ပြောင်းလဲမှု။ အဓိပ္ပါယ်က အဘယ်နည်း။

“ ဝါဝါ အရေးတကြီး ပြောချင်တယ်ဆိုတာ ဒါလား ”

ဝါဝါသည် တွေတွေလေး ဖြစ်နေပြီးမှ “အင်း . . . ”ဟု ရှည်ရှည်လေး ဆွဲပြောသည်။

ဝါဝါ့အမူအယာကို သူ အားမရ။ အင်းဟု ပြောပုံကလည်း တစ်မျိုးဟု သူထင်သည်။

“ ဝါဝါက အဲဒါကို ဘာလို့ အရေးကြီးတယ် ထင်သလဲ ”

“ သိဘူးလေ၊ မောင်ကပဲ ပြောတယ်၊ ဝါဝါနဲ့ မောင် လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်း လုပ်ရမယ် ပြောတယ်၊ ဒီတော့ . . . တစ်ခုခု ထူးခြားရင် ပြောပြရမှာပေါ့၊ ဟုတ်ဘူးလား ”

ဝါဝါ ပြောပုံလေးက ချစ်ဖွယ်ကောင်း၏။ သူက သဘောကျလျက် ရယ်၏။

“ ကဲ . . . လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်ဆို ပြန်ကြဦးစို့၊ ဟိုတစ်ခါတုန်းကလို မိုးချုပ်ခါနီးလို့ မြင့်မြင့်တို့ကို လိုက်ပို့ခိုင်းနေရရင် မကောင်းဘူး၊ ခဏခဏဆို ရိပ်မိသွားလိမ့်မယ် ”

“ နေဦး၊ ဝါဝါ မေးစရာ ရှိသေးတယ် ”

“ မေးလေ ”

“ ဝါဝါက ဟိုဆေးတွေ သောက်မိထားတယ်၊ မောင်ပြောတာပဲလေ၊ အဲဒီတော့ . . . ”

သူက ဝါဝါ၏အပူကို ရိပ်မိသွား၏။ မိမိက မူးယစ်ဆေးဝါးအန္တရာယ်ကို ပြောပြမိသည်။ ထိုအန္တရာယ်ကို သဘောပေါက်စေရန် စာရေးဆရာမကြီး ဒူမိုးရီးယား၏ ဝတ္ထုကြီးကိုလည်း ဖတ်စေခဲ့သည်။ ယခု ဝါဝါက ပူပန်နေပြီ။ သြော် . . . သည်အချက်ကို ပြောပြချင်ဟန်တူ၏။

သူက အသာအယာ ရယ်မောပြီး စိုးရိမ်စိတ်ပြေရန် ဖြေပြော၏။

“ ဝါဝါ့အတွက်တော့ မစိုးရိမ်ပါနဲ့ ဝါဝါ၊ ဘာကြောင့်လဲဆိုတော့ မူးယစ်ဆေးဝါးစွဲသူလို သောက်ခဲ့တာမှ မဟုတ်ဘဲ၊ ပြီးတော့ ဝါဝါ့ကို မောင်ပေးထားတဲ့ဆေးတွေ ရှိတယ်မဟုတ်လား ”

“ အင်း . . . ရှိတယ် ”

“ အဲဒီဆေးတွေက ဆရာဝန်နဲ့ တိုင်ပင်ပြီး မောင်ပေးထားတာ၊ မူးယစ်ဆေးဝါး စွဲနေသူတွေကိုတောင် ဆရာဝန်ကြီးတွေနဲ့ ဆေးရုံတွေက ကယ်တင်နိုင်ပါတယ်၊ ကယ်လဲ ကယ်တင်နေပါတယ်၊ ဝါဝါ့အတွက် ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ သြော် . . . မောင်ပေးထားတဲ့ဆေးတွေကို လုံလုံခြုံခြုံ သိမ်းထားရဲ့လား ”

“ သိမ်းထားတယ်၊ ဘယ်သူမှ မသိဘူး ”

“ အဲဒီဆေးတွေတောင် မလိုဘဲ မသောက်ရဘူးနော်၊ အညွှန်းထက်လဲ ပိုမသောက်ရဘူး၊ ကြောက်လို့ စိတ်ငြိမ်ချင်တာတောင်မှ စိတ်ငြိမ်ဆေးကို အားမကိုးရဘူး၊ ကိုယ့်စိတ် ကိုယ်ငြိမ်အောင်၊ ရဲရင့်အောင်လုပ်တာ အကောင်းဆုံးပဲ၊ ဝါဝါလဲ ပုတီးစိပ်နေတယ်နော် ”

www.burmeseclassic.com

www.burmeseclassic.com

" စိပ်တယ်၊ မောင် စိပ်ခိုင်းလို့ မှန်မှန်စိပ်တယ် "

" အဲဒီလိုဆို ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ပြီးတော့ . . . "

" ပြီးတော့ ဘာဖြစ်သလဲ "

" ပြီးတော့ . . . မောင်ရှိတယ်၊ ဝါဝါ့ကို သိပ်ချစ်တဲ့ မောင် ရှိတယ် "

ဝါဝါက မျက်နှာလေးကို သူ့ရင်ခွင်တွင် ကပ်လိုက်၏။ သူ့ကိုယ်ကို လက်လေးများနှင့်လည်း တင်းအောင်ဖက်၍ တိုးတိုးပြော၏။

" ဟုတ်တယ်၊ မောင်ရှိတယ်၊ ဝါဝါ သိပ်ချစ်တဲ့ မောင် ရှိတယ် "

တောင်ပေါ်မှ ပြန်လာကြသောအခါ ဒေါက်တာမျိုးမွန်က ကားကို ကောလိပ်နယ်မြေအတွင်း ရောက်သည်အထိ မမောင်း၊ ကောလိပ်ဝင်းအဝင် တံခါးကြီးအပြင်၌ ရပ်ပြီး ဆင်းစေ၏။ ဤနေရာမှ ဝါဝါသည် ကွန်ရွေမပျက် လမ်းလျှောက် ပြန်သွားနိုင်သည်။ ဤအစီအစဉ်လေးကိုလည်း နှစ်ဦးတိုင်ပင် ပြုလုပ်ထားကြခြင်း ဖြစ်သည်။

ဝါဝါက လက်လေးပြပြီး ထွက်ခွာသွားသောအခါ ဒေါက်တာမျိုးမွန်က ကားကို လေယာဉ်ကွင်းဘက်သို့ ဆက်မောင်း လာခဲ့သည်။ ရှေ့၌လည်း ကောလိပ်နယ်မြေတွင်းသို့ ဝင်သောလမ်းတစ်ခု ရှိသေးသည်။ ထိုလမ်းမှ ပတ်ဝင်၍ ကောလိပ်ရှေ့ ကားရပ်ထားပြီး ဝါဝါ့နောက်မှ အရိပ်အခြည်ကြည့် လိုက်နိုင်သည်။ တစ်နည်းဆိုလျှင် ခပ်ခွာခွာမှလိုက်၍ ဝါဝါ့ကို အိမ်ပြန် ပို့ပေးနိုင်သည်။ ဤနည်းက သုံးနေကျနည်း။

ယနေ့တွင်မူ ဒေါက်တာမျိုးမွန်က ကားကို ကောလိပ်တွင်းသို့ မချိုးတော့ဘဲ လေယာဉ်ကွင်းဘက် ဆက်မောင်းသည်။ လေယာဉ်ကွင်းဘေးရှိ လမ်းမှ တောင်ခြေရှိ မဟာစည်သာသနာ့ရိပ်သာသို့ ကားကို အမြန်မောင်း၏။

သာသနာ့ရိပ်သာတွင်း၌ ကားကို ရပ်ထားခဲ့ပြီး ခြေလျင် ပြန်ထွက်လာခဲ့သည်။

လေယာဉ်ကွင်း မြောက်ဘက်ရှိ တောချုံများအလယ်မှ လူသွားလမ်းလေးအတိုင်း အတန်လျှောက်မိသောအခါ စိန်ပန်းပင်ကြီးကို လှမ်းမြင်ရသည်။

ဒေါက်တာမျိုးမွန်က စိန်ပန်းပင်ကြီးအောက်တွင် ရပ်လျက် အနောက်ဘက်သို့ ကြည့်သည်။

အဝေးဝယ် ချစ်သူလာရာလမ်း၌ ဝတ်စုံပြာလေးကို ဝတ်ဆင်ထားသော ဝါဝါ့ကို တွေ့ရသည်။

ဝါဝါက သုဝဏ္ဏမြိုင်ခြံကြီးဆီသို့ လျှောက်ပြန်နေလေပြီ။

ဝါဝါ့နောက်မှ မည်သူမျှ လိုက်မလာ။ ဝါဝါ့ရှေ့မှ မည်သူမျှလည်း ကြိုမနေ။

ဤအတိုင်းဆိုလျှင်တော့ မိမိတို့ ဆုံတွေ့ကြသည့် အစီအစဉ်လေးများသည် ပိရိသည်ဟု ဆိုနိုင်သည်။ ဒေါက်တာ မျိုးမွန်က စိန်ပန်းပင်ကြီးကို မော့ကြည့်သည်။ ပတ္တမြားပွင့်တို့ မရှိပြီ။ စိန်ပန်းသီး စိမ်းစိမ်းတို့သာ တွဲလွဲရှိနေကြ၏။

ငါးနာရီခွဲခန့်ရှိပြီ ဖြစ်သော်လည်း နေ့တာရှည်သောအချိန် ဖြစ်သောကြောင့် ညနေသည် လင်းနေ၏။

ဒေါက်တာမျိုးမွန်၏ နားတွင် အသံတစ်မျိုးကို ကြားရသည်။

ဤအသံမျိုးကို ကြားဖူးသည်လည်း ထင်၏။ ဘာဟူ၍လည်း မမှတ်မိ။

အသံသည် စိန်ပန်းပင်ကြီး၏ အနောက်တောင်ဘက်ခန့်ရှိ ချောင်းတစ်ဖက်ကမ်း ချုံတောတွင်းမှ လာသည်။

ဒေါက်တာမျိုးမွန်က ချောင်းကိုကူးပြီး အသံထွက်ပေါ်လာရာဆီသို့ လျှောက်ခဲ့သည်။

အနီးရောက်မှ ဘာလုပ်နေကြသည်ကို ဒေါက်တာမျိုးမွန် သဘောပေါက်သွား၏။ ယောကျ်ားနှစ်ဦးက ဂဝံ တူးနေကြသည်။

ဤကုန်းတစ်ခွင်မှာ ဂဝံကြောဖြစ်၏။ ရှေးယခင် ဂဝံတူးထားသော ကျင်းကြီး အများရှိသည်။

ယခုလည်း ကျင်း၌ ဂဝံကျောက် ပေါ်နေသည်။ ပေါ်နေသော ဂဝံကျောက်အခြေမှ အတွင်းသို့ လှိုက်၍ ဖဲ့ထားသည်။ လေးပေခန့်အမြင့်ရှိ ဂဝံကျောက်သားအပေါ် မျက်နှာပြင်တွင် တွင်းငယ်လေးတူး၍ ယောကျ်ားတစ်ဦးက တူးရွင်းကြီး တစ်ချောင်းဖြင့် ဆောင့်နေ၏။ သူ့အဖော်က ကျင်းတွင်းမှ ရပ်ကြည့်နေသည်။

တူးရွင်းဖြင့် ဤသို့ဆောင့်နေသည်ကို ဂဝံထောင်းသည်ဟု ခေါ်မှန်း ဒေါက်တာမျိုးမွန် သိသည်။ အထောင်း ကောင်းလျှင် မကြေမွဘဲ ဂဝံခဲ ကြီးကြီးကောင်းကောင်းရ၏။

ထောင်းနေသူက ရပ်ပြီး ဒေါက်တာမျိုးမွန်ကို ကြည့်သည်။

" ဂဝံထောင်းနေကြသလား "

" ဟုတ်တယ် "

" တယ်ဖွဲ့ကောင်းနေကြပါလား၊ နေဝင်ခါနီးပြီ "

" နေချိမှ လူသက်သာတယ်၊ ကျွန်တော်တို့က နေဝင်လို့ မမြင်မှ ရပ်ကြတာ "

www.burmeseclassic.com

www.burmeseclassic.com

အောက်မှ အဖော်က သက်ရင်းရွက်များ ကမ်းပေးသည်။

ထောင်းသူက ကျင်းလေးအတွင်းသို့ သက်ရင်းရွက်များ ထိုးသိပ်ထည့်ရင်း မေး၏။

" ဒီဒူးသား ကုန်ပြီလား "

" ကုန်ပြီ၊ မနက်ကျမှပဲ ဟိုနားဒီနား လိုက်ခုတ်ရဦးမယ် "

သူတို့ ပြောဆိုနေကြသည်ကို ဒေါက်တာမျိုးမွန် နားလည်၏။

ကျင်းလေးထဲသို့ သက်ရင်းရွက်ဖြစ်စေ၊ ဒီဒူးသားဖြစ်စေ၊ ကျင်းကျပ်ပြီး ထုံ၍ ကျင်းမကျယ်။ ထောင်းသောအခါ ထုံ၍ ခံသောကြောင့် တုန်ခါမှုကြီးပြီး ကျောက်အတုံးလိုက် ကွဲသည်။

" ဂဝံတစ်ကျင်း ဘယ်လောက်ရကြသလဲ "

" ကျွန်တော်တို့ကတော့ သုံးလေးဆယ်ပေါ့၊ ကန်ထရိုက်ကတော့ ပုံပြီးတိုင်းပြီး တစ်ကျင်း ခြောက်ဆယ့်ငါးကျပ်လောက် ရတယ် "

" အံမယ် မနည်းပါလား "

" လုပ်ရတာလဲ မသက်သာဘူး ဆရာရေ့၊ မရှိလို့သာ လုပ်စားရတာ "

သူက ဂဝံ ဆက်ထောင်း၏။

" ဒီဘက်မှာ ဂဝံ တူးနေကြတာပဲလား "

" မတူးတာကြာပြီ၊ မုဒုံဘက်မှာ တူးကြတာ၊ ဒါပေမယ့် သယ်ပို့စရိတ် ကားခချည်း ကိုးဆယ်လောက်ကျတော့ ဒီဘက် ပြန်စမ်းကြတာ "

" သြော် . . . သြော် "

မရှိ၍ လုပ်စားကြသူများ နေမဝင်မီ အလုပ်တွင်ပါစေဟု စိတ်တွင်း အောက်မေ့လျက် စကား ဆက်မရှည်တော့ဘဲ ဒေါက်တာမျိုးမွန် လှည့်ပြန်လာခဲ့လေသည်။

*   *   *

## အခန်း ( ၁၁ )

" ငါတော့ စိတ်မရှည်ဘူး "

တင်ညွန့်က သောက်နေသော ယမကာဖန်ခွက်ကို စားပွဲပေါ်သို့ မာန်နှင့် ဟန်နှင့်ချရင်း ပြောသည်။

ဖန်ခွက်တွင်းမှ ပယင်းရောင် ယမကာက လှုပ်နေသဖြင့် အရောင်လေးများ လက်နေ၏။

အပြင်ဘက်တွင်လည်း လျှပ်တို့ ပြက်နေ၏။ မိုးသံလေသံများကြားမှ မိုးချုန်းသံများကလည်း တချီတချီ ပေါ်လာနေ၏။

ဒေါက်တာမျိုးမွန်က လက်ဖက်ရည်ကြမ်း ပန်းကန်လုံးကို ဆုပ်ကိုင်ထားသည်။ ပန်းကန်လုံးမှ နွေးသော အတွေ့ကို လက်များက သိနေ၏။

မြင့်မြင့်က အာလူးကြော် ပန်းကန်ပြားကို သူ့မောင်တော်ရှေ့မှ ယူပြီး ကမ်းပေးသောကြောင့် ဒေါက်တာမျိုးမွန်က အာလူးကြော်နှစ်ချပ် နှိုက်ယူစား၏။

" မောင့်အကြံလဲ ပြောပြလိုက်ဦးလေ "

မြင့်မြင့်က ပြုံးချိုချိုနှင့် တိုက်တွန်း၏။

" အေး . . . အပေး . . . မောင့်အကြံ၊ အမှန်က ဒီအကြံ မြင့်မြင့်က စပြောတာကွ၊ မယုံမရှိနဲ့၊ တစ်ခါတလေ မိန်းမတွေက ယောက်ျားတွေထက် ထိုးထွင်းဉာဏ်ရှိတယ် "

" ဟွန်း . . . ချီးမွမ်းတာကလဲ တိုရေမိုရေ၊ တစ်ခါတလေတဲ့ "

" အေးပါ မိန်းမရာ၊ စကားမှားသွားလို့၊ အခါများစွာ ဟုတ်ပလား "

ဒေါက်တာမျိုးမွန်က တင်ညွန့်တို့မောင်နှံကို ကြည့်လျက် ကြည်လည်းကြည်နူးသည်။ ရင်တွင်း၌ ဟာ,သကဲ့သို့လည်း ဖြစ်မိ၏။

မိုးလေထန်သော ယခုကဲ့သို့ ညနေမျိုး၌ ဝါဝါ မည်သို့ရှိရှာမည်နည်း။ ကြောက်ရွံ့နေရှာမည်။ မိမိသာ ဝါဝါ့အနီး၌ ရှိခဲ့သော် . . . ။

ဒေါက်တာမျိုးမွန်က အတွေးစကို ဖြတ်ပြီး မေး၏။

www.burmeseclassic.com

“ ဆိုစမ်းပါဦး မင်းအကြံ၊ အဲ . . . မြင့်မြင့်အကြံ ”

တင်ညွန့်က ဖန်ခွက်တွင်းမှ ယမကာကို တစ်ကျိုက်သောက်လိုက်၏။ ထို့နောက် တရားသူကြီးအဖွဲ့ ရှေ့မှောက်၌ အချက်အလက်များကို ခင်းကျင်း ရှင်းပြဟန်နှင့် ပြော၏။

“ ဦးစိုးနောင်ဆီက ရထားတဲ့ အချက်အလက်တွေကို ကြည့်ရအောင်၊ ဦးတိတ်ကြည်ဟာ အစက မြိတ်မှာ နေခဲ့တယ်၊ ပထမ စက်လှေတစ်စင်း ပိုင်တယ်၊ အဲဒီစက်လှေနဲ့ ငါးပိ၊ ငံပြာရည်စတဲ့ ကုန်တွေကူးတယ်၊ ဒါကတော့ ဘာမှ မဆန်းဘူး၊ နောက် ဒီစက်လှေ နစ်မြုပ်သွားတယ်၊ လေမိပြီး ကျောက်ဆောင်နဲ့တိုက် မြုပ်သွားတာပဲ၊ ဒါလဲ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ စက်လှေ နစ်မြုပ်ပြီးတဲ့နောက် ဦးတိတ်ကြည်ဟာ စီးပွားရေး မချောင်မလည်ဖြစ်ပြီး တော်တော်လေး ဒုက္ခရောက်ခဲ့တယ် ဟုတ်ပလား”

ဒေါက်တာမျိုးမွန်က ငြိမ်လျက် နားထောင်နေ၏။ တင်ညွန့် ပြောသကဲ့သို့ပင် ဤအချက်အလက်များကို ဦးစိုးနောင် ထံမှ ရသည်။ ဦးစိုးနောင်သည် မိမိအား ကတိပေးခဲ့သည့်အတိုင်း ဦးတိတ်ကြည်၏ နောက်ကြောင်းကို စနစ်တကျ လိုက်ခဲ့သည်။

တင်ညွန့်က ဆက်ပြောနေ၏။

“ အဲဒီအထိတော့ သာမန်ဇာတ်လမ်းပဲ၊ ရိုးသားစွာ ရောင်းဝယ်ဖောက်ကား စားသောက်တယ်၊ ကံအကြောင်းမလှလို့ စီးပွားပျက်ခဲ့ရတယ်၊ ဒါပေမယ့် ဦးတိတ်ကြည်ဟာ တစ်နှစ်အတွင်း စီးပွားရေ ပြန်နလံထူလာတယ်၊ နှစ်နှစ်လောက်ကြာတော့ သူဌေးတစ်ဦး ပြန်ဖြစ်ပြီး စက်လှေတစ်စင်း ပြန်ပိုင်လာတယ်၊ အဲဒီစက်လှေက ပိုကြီးပြီး ခရီးဝေးဝေး သွားနိုင်တယ် ”

တင်ညွန့်က စကားကိုဖြတ်ပြီး ဒေါက်တာမျိုးမွန်အား အဓိပ္ပါယ်ပါပါ ကြည့်သည်။ ထိုနောက်မှ စကားပြန်ဆက်၏။

“ ဦးတိတ်ကြည်ရဲ့ စာရိတ္တပိုင်းလေးဆီ သွားရအောင်၊ ဦးတိတ်ကြည်မှာ အိမ်ထောင်မရှိဘူး၊ ဒါပေမယ့် အမျိုးသမီး တွေနဲ့တော့ မရှင်းမရှင်း ကိစ္စတွေရှိတယ်၊ အမျိုးသမီးတွေနဲ့ ဆက်ဆံရေးမှာ အင်မတန်ညက်တယ်၊ မိန်းမတွေကျတဲ့ လူတစ်ယောက် ဆိုပါတော့၊ ဦးတိတ်ကြည်ရဲ့ စက်လှေသူကြီးဟာ မကြာခဏ ပင်လယ်ကို ခရီးထွက်ရတယ်၊ အဲဒီလူရဲ့ မိန်းမနဲ့ ဦးတိတ်ကြည်ဟာ မရှင်းမရှင်း ဖြစ်နေတယ်လို့ သတင်းတွေ ရှိခဲ့တယ်၊ ဒီအတောအတွင်း ဦးတိတ်ကြည်ရဲ့ စက်လှေကြီးဟာ ပင်လယ်ကို ထွက်သွားခဲ့တယ်၊ ဒီစက်လှေကြီးဟာ မြိတ်ကို ပြန်မရောက်တော့ဘူး၊ လှေသူကြီးရော၊ လှေသားတွေရော၊ တစ်ယောက်မှ မြိတ်ကို ပြန်ရောက်မလာကြတော့ဘူး၊ လှေရော လူတွေရော ပင်လယ်မှာ ပျောက်သွားတဲ့ သဘောပေါ့၊ ဒီတစ်ချီမှာတော့ ဦးတိတ်ကြည်ဟာ မြိတ်ကို တစ်ခါတည်း စွန့်ခွာသွားခဲ့တယ်၊ ပထမတော့ ရန်ကုန်မှာ သွားနေတယ်၊ သူ့မှာ စက်လှေအသေးလေး တစ်စင်းတော့ ကျန်ခဲ့သေးတယ်၊ ရန်ကုန်ကမှ မော်လမြိုင်ပြန်ရောက်ပြီး အဲ . . . အခု ဝါဝါ့ အဒေါ်ယောကျ်ား ဖြစ်နေတယ် ”

တင်ညွန့်က ခေတ္တနားပြီး ယမကာသောက်၏။

“ ဦးစိုးနောင် သိရတဲ့ ဦးတိတ်ကြည် နောက်ကြောင်းရာဇဝင်က ဒါပဲ၊ အဲ . . . မမြမေနဲ့ ပတ်သက်ပြီး ဘာမှ မသိရ သေးဘူး၊ ဦးတိတ်ကြည်မှာ မွေးချင်းပေါက်ဖော် သွေးရင်းသားရင်း တစ်ယောက်မှ မရှိဘူး၊ ဦးတိတ်ကြည်နဲ့ ပတ်သက်တဲ့ အမျိုးသမီးတွေအနက် မြိတ်မှာ မမြမေဆိုတာ တစ်ယောက်မှ မရှိဘူး၊ ဒီတော့ မမြမေ ဆိုတာဟာ ဦးတိတ်ကြည်ရဲ့ မထင် ရှားသော သွေးဝေး ဆွေမျိုးတစ်ယောက်လဲ ဖြစ်နိုင်တယ်၊ ဘာမှမတော်သူကို သွေးချင်းလို့ပြောပြီး အိမ်မှာ ခေါ်ခိုင်းထားတာလဲ ဖြစ်နိုင်တယ် ”

ဤနေရာတွင်မူ ဒေါက်တာမျိုးမွန်က ဝင်ပြော၏။

“ ဒါမှမဟုတ် ဦးတိတ်ကြည်ရဲ့ မထင်ရှားသော မရှင်းမရှင်း အမျိုးသမီးတစ်ယောက်လဲ ဖြစ်နိုင်တယ် ”

မြင့်မြင့်နှင့် တင်ညွန့်က ရယ်ကြ၏။

တင်ညွန့် မေး၏။

“ မျက်နှာမှာ ဓားခုတ်ရာကြီးရှိတဲ့လူနဲ့ ပတ်သက်ပြီးတော့ကော ဦးစိုးနောင်က ဘာပြောသလဲ ”

“ သူတို့ စုံစမ်းဆဲပဲတဲ့၊ အဲဒီလူကို ခု ခြေရာကောက်မရ ဖြစ်နေတယ် ”

“ အေး . . . ထားပါတော့လေ၊ အခု ဦးတိတ်ကြည်ရဲ့ လက်ရှိအခြေအနေမှာတော့ ဘာမှ အပြစ်ရှာလို့မရဘူး၊ ဟိုတုန်းကကော အပြစ်ရှိသလား၊ ရှိချင်ရှိမယ်၊ ဒါပေမယ့် အရေးယူနိုင်အောင် သက်သေအထောက်အထား ဘာမှမရှိဘူး၊ ဦးတိတ်ကြည် ကြည့်ရတာ ဘာမဆို ပိပိရိရိ လုပ်တတ်ပုံရတယ်၊ အခု ဝါဝါ့ကိစ္စမှာလဲ ကြည့်လေ၊ လုပ်ပုံကိုင်ပုံ ပိရိတယ်၊ ဥပဒေ နားလည်တဲ့ လူတစ်ယောက်အနေနဲ့ ငါပြောမယ်၊ အခု သူ့ကို ရာဇဝတ်ကြောင်းနဲ့ အရမ်းသွား အရေးယူလို့ မရဘူး၊ ဦးစိုးနောင်လည်း ဒါကိုသိတယ်၊ ဒါကြောင့်လဲ သူ ရုတ်တရက် မလှုပ်သေးဘဲ ငြိမ်နေပုံရတယ်၊ ဩော် . . . မင်းပြောတော့ ဝါဝါဟာ ဟိုဆေး မသောက်ရတော့ဘူးဆို ”

“ ဟုတ်တယ် ”

www.burmeseclassic.com

“ အဲဒါကြည့်၊ ဦးတိတ်ကြည်ဟာ အတော့်ကို လျင်ပုံရတယ်၊ မင်းနဲ့ ဝါဝါ ဆက်သွယ်ပုံကို ဘယ်လောက်ပဲ လျှို့ဝှက်ထားထား၊ ဝါဝါ့အမူအရာနဲ့ အခြေအနေဟာ အရင်တုန်းကနဲ့ မတူပဲ ပြောင်းလဲနေတာလောက်တော့ သူရိပ်မိလိမ့်မယ်ထင်တယ်၊ ဒီတော့ သူဟာ သူ့စီမံကိန်းလေးကို ရပ်ထားပုံရတယ်၊ သက်သေခံဖြစ်မယ့် ပစ္စည်းတွေ ဘာတွေကိုလည်း ယာယီဖယ်ရှားတန် ဖယ်ရှားထားလိမ့်မယ်လို့ ငါယုံတယ် ”

“ သူ့ စီမံကိန်းက ဘာလဲ ”

“ ဟ . . . ရှင်းနေတာပဲ၊ ဝါဝါ့ကို အိမ်ထောင်မပြုနိုင်အောင် လုပ်ထားတာ၊ ယူမယ့် ယောက်ျားမရှိပဲ ဝေဒနာရှင်တစ်ယောက်အဖြစ် ဝါဝါ့တစ်သက်လုံး သူတို့အပေါ် မှီခိုနေအောင် လုပ်ထားတာ ”

“ အေးလေ . . . ဘာကြောင့် အဲဒီလို လုပ်ထားရတာလဲ ”

“ ဒါလဲ ရှင်းနေတာပဲ၊ အခု သူနဲ့ သူ့ဇနီးက သူဌေးလိုနေတယ်၊ တကယ့်သူဌေးက ဝါဝါ၊ အခုနေတော့ သူ ခြယ်လှယ်သင့်သမျှ ခြယ်လှယ်နိုင်သေးတယ်၊ ဝါဝါသာ အိမ်ထောင်ပြုသွားရင်တော့ သူ့မှာ နေရာမရှိတော့ဘူး ”

ဒေါက်တာမျိုးမွန်က ခေါင်းခါ၏။

“ ဒီလောက်တော့ ငါလဲ တွေးမိပါတယ် တင်ညွန့်၊ ဒါပေမယ့် အဲ . . . မလုံလောက်သေးဘူးလို့ ငါထင်တယ် ”

“ ဘာမလုံလောက်တာလဲ ”

“ အဲဒါတော့ ငါလဲ မသိသေးဘူး၊ အစိတ်အပိုင်းလေးတွေဟာ မဆက်မိသေးဘူးလို့ ခံစားနေရတယ် ”

“ ဒါဖြင့် ဘာလုပ်မလဲ ”

“ အင်း . . . စောင့်ကြည့်ရမှာပေါ့ ”

“ ဘယ်အထိ စောင့်ကြည့်ရမှာလဲ ”

“ အဲဒါတော့ မသိဘူး ”

“ စောင့်ကြည့်ခြင်းကလွဲလို့ တခြားနည်းလမ်း မရှိဘူးဆိုရင်တော့ စောင့်ကြည့်ရမှာပေါ့ ”

“ ဘာပြောတယ် ”

“ တခြားနည်းလမ်းတစ်ခုက ရှိနေတယ် ”

“ ဘယ်လိုလဲ ”

“ ဝါဝါနဲ့ မင်း လက်ထပ်လိုက် ”

“ ဘယ်လို . . . ဘယ်လို ”

“ ဝါဝါနဲ့ မင်း လက်ထပ်လိုက်လို့ ”

ဒေါက်တာမျိုးမွန်က ကိုယ့်နား ကိုယ်မယုံဟန်ဖြင့် တင်ညွန့်ကို ကြည့်နေမိသည်။ မြင့်မြင့်ကမူ စိတ်အားထက်သန်ဟန်လေးနှင့် ဒေါက်တာမျိုးမွန်ကို ကြည့်နေသည်။

“ ဘာဖြစ်လို့ ငါ ဝါဝါနဲ့ လက်ထပ်ရမှာလဲ ”

တင်ညွန့်က မြင့်မြင့်ကို လှမ်းပြော၏။

“ ကဲ . . . မြင့်မြင့်ရေ၊ ရှင်းပြလိုက်စမ်းပါ ”

မြင့်မြင့်က ခေတ္တ စဉ်းစားနေပြီးမှ ပြော၏။

“ နင် ဦးစံထွန်းတို့ ဦးလှကျော်တို့ကို သိလား ”

“ ကြားဖူးတယ်၊ ဝါဝါ့အဖေဘက်က ဦးလေးတွေ မဟုတ်လား ”

“ အေး . . . ဟုတ်တယ်၊ ဦးစံထွန်းတို့ ဦးလှကျော်တို့နဲ့ တို့က ခင်တယ်၊ သူတို့လဲ သူတို့တူမလေး စိတ်ရောဂါဖြစ်နေတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေကြတာ၊ နင်နဲ့ ဝါဝါ့ဇာတ်လမ်းကို သူတို့ သိသင့်သမျှ သိတယ်၊ သူတို့က ဝါဝါ ဒီလိုဖြစ်ရတာဟာ နင်နဲ့ ကွဲခဲ့ရလို့ စိတ်ထိခိုက်တာက စတယ်လို့ ထင်ကြတယ်၊ ဝါဝါဟာ သူ့ချစ်သူနဲ့ သူပြန်ပေါင်းရရင် စိတ်ပြန်ကောင်းသွားမယ်လို့ ယုံကြည်ကြတယ်၊ ဒါပေမယ့် နင်ရော နင့်အမေကပါ ဝါဝါတို့အပေါ် သိပ်စိတ်နာနေကြတယ်လို့ သူတို့က ထင်ကြတုန်းပဲ ”

မြင့်မြင့်က ဆက်မပြောသေးဘဲ ဒေါက်တာမျိုးမွန်ကို ကြည့်သည်။

“ အင်း ပြောပါဦး ”

“ နင်အခု ဒီပြန်ပြောင်းလာတာ သူတို့ သိကြတယ်၊ ဟိုနေ့က ဦးစံထွန်းဇနီး ဒေါ်လှဝေက ငါ့ကို မေးတယ်၊ နင့်မှာ အိမ်ထောင်မရှိသေးဘူးလို့ ကြားတယ်တဲ့၊ ဝါဝါ့ကို စိတ်နာတုန်းပဲလားတဲ့ ”

“ နင်က ဘယ်လိုဖြေလိုက်သလဲ ”

www.burmeseclassic.com

www.burmeseclassic.com

" ငါလဲ ပါးပါတယ် မျိုးမွန်ရာ၊ ဝါဝါနဲ့ နင်ရဲ့ အခုဆက်ဆံရေးကို လျှို့ဝှက်ထားရဦးမှာ ငါ သဘောပေါက်ပါတယ်၊ ဒါနဲ့ ငါ မတင်မကျ ဖြေလိုက်တယ်၊ လုပ်ထားကြတာလဲ တစ်သက်ကျေဖို့ ရှိရဲ့လားလို့၊ ဒါပေမယ့် ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ ဆိုတဲ့စကားလဲ ရှိပါသေးတယ်လို့ "

ဒေါက်တာမျိုးမွန်က ပြုံးနေသည်။ တင်ညွန့်ကမူ သူဇနီးကို အလွန်သဘောကျဟန်နှင့် ကြည့်နေသည်။

" အင်း ဆက်ပါဦး "

" အဲဒီမှာ ငါ အကြံရတယ်၊ ဟိုတုန်းက သူတို့က သူဌေး၊ နင်က ဆင်းရဲသား၊ အခု ဝါဝါက စေ့စပ်ထားသူတောင် ရှောင်သွားတဲ့ ရောဂါရှင်၊ နင်က ပါရဂူဘွဲ့ရ ကထိကကြီး၊ အခု ဝါဝါနဲ့ နင်နဲ့ ယူမယ်ဆိုရင် သူတို့ဆွေမျိုးတွေက မကန့်ကွက်ကြတဲ့အပြင် ဝမ်းတောင် သာကြဦးမယ် "

" ဦးတိတ်ကြည်တို့က ဝမ်းသာပါ့မလား "

" အဲဒါကို ငါပြောမလို့ပေါ့၊ သူတို့က ဘယ်ဝမ်းသာမလဲ၊ သူတို့လုပ်ထားတာကိုက ဝါဝါ့ကို ယူမယ့်လူမရှိအောင် လုပ်ထားတာ၊ ငါတော့ ဒီလိုပဲ မြင်တယ်၊ ဘာကြောင့် ဒီလိုလုပ်ထားတာလဲ၊ ဒါလဲ ရှင်းတာပဲ၊ ဝါဝါ့ပစ္စည်းတွေကို အုပ်စီးထားချင်လို့ပေါ့ "

" ဝါဝါ့ စီးပွားရေးလုပ်ငန်းတွေကို ဦးတိတ်ကြည် ဦးစီးရတယ် ဆိုပေမယ့် ဦးစံထွန်းတို့ ဦးလှကျော်တို့ မသိဘဲ ဘာမှမလုပ်နိုင်ဘူးလို့ ဝါဝါက ပြောတယ် "

" ဒါက လုပ်ငန်းတွေကို ပြောတာ၊ အတွင်းပစ္စည်း ဘယ်လောက်ရှိမှန်းမှ မသိဘဲ၊ ဒီ့ပြင် ငါတို့ အပြင်က မသိတာတွေ ရှိဦးမှာပဲ၊ အကြောင်းမရှိဘဲနဲ့တော့ ဦးတိတ်ကြည်ဟာ ခုလို ဝါဝါ့ကို ကြံကြံဖန်ဖန် ခဲရာခဲဆစ် လုပ်ထားမယ် မထင်ဘူး၊ ဒီတော့ ငါက အချက်ကို ကိုင်လိုက်ရင် ပြီးတာပဲလို့ သဘောရတယ် "

" ဘာရယ်၊ အချက်ကို ကိုင်လိုက်ရင် ပြီးတာပဲ၊ ဘာအချက်လဲ "

" သူတို့ ဝါဝါ့ကို အိမ်ထောင်မကျနိုင်အောင် လုပ်ထားတယ်၊ နင်သာ ပြန်ပေါ်မလာရင် သူတို့အကြံဟာ အောင်မြင်နေမှာပဲ၊ အခု နင် ပြန်ပေါ်လာတယ်၊ နင်သာ ဝါဝါ့ကို ယူလိုက်ရင် ပြဿနာတွေ ရှင်းသွားလိမ့်မယ် ထင်တယ်၊ ရပ်ရမယ့် ဟာတွေလဲ ရပ်တန်းက ရပ်သွားမယ် ထင်တယ် "

ဒေါက်တာမျိုးမွန်က မြင့်မြင့်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေ၏။ မြင့်မြင့် တွေးပုံက ရိုးရိုးရှင်းရှင်းနှင့် လွယ်လွယ်လေး ဖြစ်၏။ မိမိ ဤသို့ တစ်ခါမျှ မတွေးမိဖူးခဲ့။

တင်ညွန့်က မေး၏။

" ဘယ့်နှယ်လဲ မင်း သဘောပေါက်ရဲ့လား "

" အေး . . . သဘောပေါက်သလိုလိုတော့ ရှိတယ် "

" ဒါဖြင့်ရင် ငါဆက်ရှင်းမယ်၊ အခု မင်းတို့ ငါတို့ ဦးစိုးနောင်တို့ လိုက်နေတဲ့နည်းက လမ်းရှည်တယ်၊ သေလည်း မသေချာဘူး၊ ဘာကြောင့်လဲ ဆိုတော့ တို့က အပြင်က လိုက်နေရတာကိုး၊ ဒီလိုတော့ ဖြစ်တန်ရာ၏၊ ဟိုလိုတော့ ဖြစ်တန်ရာ၏ စသဖြင့်ပေါ့လေ၊ ဖြစ်တန်ရာ၏ ဆိုတာတွေက ဘာမှ ဆုံးအောင် ဆောင်ရွက်လို့မရဘူး၊ မြင့်မြင့်နည်းကတော့ မင်း အတွင်းထဲ ရောက်သွားမယ်၊ မင်းနဲ့ ဝါဝါ လက်ထပ်ပြီးရင်တော့ ဘာဟာ ဘာလို့တော့ သဲသဲကွဲကွဲ သိလာမှာပဲ၊ ဆွေမျိုးအချင်းချင်း ခွင့်လွှတ်လို့ရတာဆိုရင်လဲ ခွင့်လွှတ်လိုက်၊ ခွင့်လွှတ်လို့ မထိုက်တာတွေ့လဲ အဲ . . . သူတို့ထိုက်နဲ့ သူတို့ကံပေါ့၊ သေချာတာ ကတော့ ဝါဝါ့ရဲ့ အကျိုးစီးပွားကို မင်း အနီးကပ် ကာကွယ်ပေးနိုင်မယ်၊ ဦးတိတ်ကြည်တို့ မမြဲမေတို့မှာ တခြား မကောင်းတဲ့ အကြံဥာဏ် ရှိနေမယ် ဆိုရင်လဲ မြင့်မြင့်ပြောသလို ရပ်မယ့်ဟာတွေ ရပ်တန်းက ရပ်သွားမယ် "

ဒေါက်တာမျိုးမွန်က ငြိမ်နားထောင်နေရာမှ ရယ်ပြီးပြော၏။

" လက်ထပ်ဖို့က ခု ဝါတွင်းကြီးကွ "

တင်ညွန့်ကလည်း ရယ်၏။

" မင်းကို ဝါတွင်းကြီး လက်ထပ်ရမယ်လို့ တို့ကမပြောပါဘူး၊ မင်းကလဲ ဝါဝါ့ကို ဟင်းရွက်ကန်စွန်းဝယ်သလို ပြီးကပစ် လက်ထပ်ချင်မှာ မဟုတ်တာ တို့ နားလည်ပါတယ်၊ ဝါဝါ့ခမျာဆိုရင် ပိုပြီး တင့်တင့်တယ်တယ် ဖြစ်ချင်ရှာမှာပဲ၊ တို့အကြံက ဒီလို၊ ဦးစံထွန်းတို့ ဦးလှကျော်တို့ကို တီးခေါက်ပြီး သဘောတူရင် စေ့စပ်ထားနိုင်မယ်၊ သီတင်းကျွတ်မှ လက်ထပ်ကြပေါ့ "

" ဦးတိတ်ကြည်နဲ့ သူ့ဇနီးက သဘောမတူဘူး ဆိုရင်ကော . . . "

" ဟ . . . ဒါကတော့ ဝါဝါ့ကို သူတို့ချည်း အုပ်ထိန်းနေတာ မဟုတ်ဘူး၊ ဦးစံထွန်းတို့ ဦးလှကျော်တို့လဲ စကားပြောခွင့် ရှိတဲ့ ဆွေမျိုးတွေပဲ၊ ပြီးတော့ ဝါဝါဟာ အရွယ်ရောက်ပြီ၊ သူ့ကြမ္မာ သူဖန်တီးခွင့် ရှိနေပြီ၊ ကုန်ကုန်ပြောမယ်ကွာ၊ သူတို့က ပါးကိုက်လာရင် တို့ကလဲ နားကိုက်ရတော့မှာပဲ၊ တို့ အခု သိထားသမျှကို ဦးစံထွန်းတို့ကို ဖွင့်ပြောလိုက်ရုံပဲ၊ အဲဒါမှ

www.burmeseclassic.com

www.burmeseclassic.com

မရသေးရင်တော့ . . . မင်း ဝါတွင်းတွေဘာတွေ လုပ်မနေနဲ့၊ ရှုံးတက်လက်ထပ်လိုက်၊ ဝါရှောင်ချင်ရင် အကြင်လင်မယား မြောက်အောင်တော့ မနေကြသေးနဲ့ပေါ့ကွာ၊ တယ် . . . ဒီထိအောင် ပြောရတော့ မြင့်မြင့်ရှေ့ မကောင်းဘူး "

မြင့်မြင့်ကမူ သူ့မောင်တော်ပြောပုံကို သဘောကျဟန် ရယ်နေ၏။

ဒေါက်တာမျိုးမွန်ကမူ မရယ်ဘဲ ငိုင်နေ၏။

" ဟော့ကောင် ဘာစဉ်းစားနေတာလဲ "

" အား . . . အင်း . . . ငါ့ရင်ထဲ လိပ်ပြာမသန့်လို့ "

" ဘာ လိပ်ပြာမသန့်တာလဲ "

" ချစ်သူက ဒုက္ခရောက်နေတယ်၊ အဲဒီဒုက္ခအပေါ် အမြတ်ထုတ်ပြီး ငါက လက်ထပ်ယူသလိုများ ဖြစ်နေမလား၊ ငါ့ မူလစိတ်ကူးက ပြဿနာတွေ ရှင်းမှ အေးအေးဆေးဆေး လက်ထပ်ဖို့ "

" ပြဿနာက ဘာလဲ၊ ပြီးတော့ . . . ဘယ်တော့ ရှင်းမလဲ "

" အဲဒါမသိလို့ ခက်နေတာ "

" ခေါင်မနေ ကြောင်မနေစမ်းပါနဲ့ မျိုးမွန်ရာ၊ မင်းပဲ ချစ်သူဟာ ဒုက္ခရောက်နေတယ်လို့ ပြောတယ်၊ ဒီဒုက္ခက မြန်မြန်လွတ်အောင် ဒီနည်းပဲရှိတယ် "

" ငါ ဝါဝါ့ကို ဘယ်လို စပြောရမှန်း မသိဘူး "

" အမယ်လေး ဒုက္ခပါပဲ မျိုးမွန်ရာ၊ ကိုယ့်ချစ်သူကို လက်ထပ်ဖို့ ကိုယ် ဘယ်လိုစပြောရမှန်း မသိဘူး၊ မြင့်ရေ . . . ပြောပြလိုက်စမ်းပါ၊ မောင် ဘယ်လိုပြောလဲ ဆိုတာ "

မြင့်မြင့်က တင်ညွန့်ကို မျက်စောင်းထိုးပြီးမှ ပြော၏။

" မောင်က နေရာတကာ နောက်မနေနဲ့၊ မျိုးမွန်ပြောတာ မြင့် သဘောပေါက်တယ်၊ ဖြစ်တာပျက်တာတွေက မြန်လွန်းအားကြီးတယ်၊ မယုံနိုင်ဖွယ်တွေကလဲ အများကြီး၊ ဆုံးဖြတ်ရမှာတွေကလဲ ရဲရဲနဲ့ မြန်မြန် ဆုံးဖြတ်ရမှာတွေပါတယ်၊ ဝါဝါဟာ အဆင်သင့်ဖြစ်ပါ့မလား၊ မျိုးမွန် နင်လဲ ဒီလိုပဲတွေးတယ် မဟုတ်လား "

ဒေါက်တာမျိုးမွန်က ခေါင်းညိတ်ပြ၏။

" မပူပါနဲ့၊ ငါလဲ ဝါဝါ့ကို ကူပြောပေးပါ့မယ်၊ တစ်ခါတလေ တို့ မိန်းကလေးချင်းပြောတာက ထိရောက်တယ် "

ဒေါက်တာမျိုးမွန်က လက်နှစ်ဖက် မြှောက်ပြပြီး ပြော၏။

" ကြည့်သာလုပ်ပေတော့ မြင့်မြင့်ရေ၊ ဒီနေ့ကစပြီး တို့လူငယ်တွေအရေးကို နင်တို့ လူကြီးတွေလက်ထဲ အပ်ပြီ ဆိုပါတော့ "

မြင့်မြင့်က ဒေါက်တာမျိုးမွန် ပြောဟန်ကို သဘောကျစွာ ရယ်၏။ တင်ညွန့်ကလည်း တဟားဟားရယ်လျက် ပြော၏။

" ကဲ . . . မိန်းမရေ ထမင်းခူးချေတော့၊ လိမ္မာတဲ့ ဒီသူငယ်ကိုလဲ ထမင်းကျွေးလွှတ်လိုက်ရအောင်၊ ဟော့ကောင် မင်း တစ်သက်လုံး တို့အပေါ်မှာ လူကြီးသူကြီးမှန်း သိတတ်ရမယ်နော် ဟားဟားဟား "

*　*　*

## အခန်း ( ၁၂ )

ဒေါက်တာမျိုးမွန်သည် မိမိစားပွဲတွင် ထိုင်ရင်း ရှေ့၌ ရပ်လာသူကို မယုံနိုင်စွာ ကြည့်နေမိသည်။

ဦးတိတ်ကြည် . . .။ မျက်နှာထားရော အမူအယာကပါ တည်ငြိမ်သည်။ ယခင်အခါများက ဦးတိတ်ကြည်ကို ရှပ်အင်္ကျီလက်တိုဖြင့်သာ တွေ့ဖူးသည်။ ယခု တိုက်ပုံအပေါ်ဝတ်အင်္ကျီနှင့် ဖြစ်သဖြင့် ရည်မွန်ခန့်ညားသည်။

" သြော် . . . သြော်၊ ထိုင်ပါ ခင်ဗျာ "

ဦးတိတ်ကြည်က ဖိတ်ခေါ်ခြင်းကို ပြုံး၍လက်ခံပြီး စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်၏။

" ဦးလာတာ တူမောင် အံ့အားသင့်သွားသလား "

" သြော် . . . ဟုတ်ကဲ့၊ ကျွန်တော် မမျှော်လင့်ဘူး၊ ကိစ္စကို အမိန့်ရှိပါ ခင်ဗျာ "

ဦးတိတ်ကြည်က အသာအယာ ရယ်၏။

" ဦးလဲ အံ့အားသင့်ပါတယ်၊ ဟိုးတစ်ခါ တူမောင်နဲ့ တွေ့ကြတုန်းက တူမောင်ဟာ တော်တော်လေး . . . အဲ ဒေါသကြီးတယ် ဆိုရမှာပေါ့၊ အခု တူမောင်က သိပ်ယဉ်ကျေးပါတယ် "

www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်ကဲ့၊ အဲဒီတုန်းက ကျွန်တော် စကားပြောရိုင်းခဲ့မိပါတယ်၊ ခွင့်လွှတ်ပါ "

" ကိစ္စမရှိပါဘူး တူမောင်၊ တူမောင် ခံစားခဲ့ရတာတွေကို ထောက်ရင်၊ တူမောင် အဲဒီတုန်းက ပြောခဲ့တာတွေဟာ မလွန်ပါဘူး "

ဒေါက်တာမျိုးမွန်က ဦးတိတ်ကြည်၏ မျက်နှာကို ကြည့်သည်။ ဦးတိတ်ကြည်၏ အသံက ချိုသာသကဲ့သို့ မျက်နှာကလည်း ချိုသာသည်။

" ဟုတ်ကဲ့၊ အခု ကျွန်တော် ဘာများ ဆောင်ရွက်ပေးနိုင်ပါသလဲ "

" တူမောင်နဲ့ စကားပြောစရာရှိလို့ပါ၊ ဒီမှာ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်နော် "

" ဟုတ်ကဲ့ ပြောနိုင်ပါတယ် "

" ဦးက ကိစ္စတစ်ခုကို တည်တည့်ပဲ ကြည့်တတ်ပါတယ်၊ ဖြေရှင်းစရာရှိရင်လဲ တည့်တည့်ပဲ ဖြေရှင်းတတ်ပါတယ်၊ မလိုပဲ ဟန်ဆောင်တာမျိုး ဦး မုန်းပါတယ် "

" ဟုတ်ကဲ့ "

" ဦးလာခဲ့တာ တူမောင်နဲ့ ဝါဝါ့ ကိစ္စပါ "

" ဟုတ်ကဲ့ "

" ဝါဝါ့ ဦးလေးများဖြစ်ကြတဲ့ ဦးစံထွန်းတို့ ဦးလှကျော်တို့က တစ်ဆင့် တူမောင်နဲ့ ဝါဝါ စေ့စပ်ကြောင်းလမ်းလိုကြောင်း ဦးတို့ သိခဲ့ရပါတယ်၊ လူကြီးစုံရာရှေ့ အခမ်းအနားလေးနဲ့ စေ့စပ်ကြောင်းလမ်းကြတယ်ဆိုတာက တရားဝင်အောင်၊ လူသိအောင် ထုံးတမ်းစဉ်လာအရ လုပ်ကြတာပါ။ တကယ်တော့ ဒီမတိုင်ခင်မှာ နှစ်ဖက် အကျေအလည် နားလည်မှုရယူပြီး ဖြစ်ပါတယ်၊ ဒီတော့ ဘာမှ ဟန်ဆောင်နေစရာ မရှိပါဘူး၊ ဦး အခုလာခဲ့တာက တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရအောင်ပါ "

" ဟုတ်ကဲ့၊ အင်မတန် သင့်မြတ်ပါတယ် ခင်ဗျာ "

" ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ ဝါဝါနဲ့ တူမောင်ဟာ ငယ်ချစ်တွေလို့ ဦး သိရပါတယ်၊ တူမောင်ဟာ ဘွဲ့ထူးရာထူးတွေနဲ့လဲ ပြည့်စုံသူဖြစ်တော့ ဦးတို့ဘက်က ဘာမှ ငြင်းစရာမရှိပါဘူး၊ ဒါပေမယ့် ခုရှုပ်မှ နောင်ရှင်းလေ၊ ဦး မခြွင်းမချန်ပဲ ပြောပါ့မယ်၊ စိတ်မရှိနဲ့နော်၊ တူမောင် ငယ်စဉ်က ဆင်းရဲတယ်၊ တူမောင့်အမေက မုဆိုးမ၊ မုန့်ဟင်းခါး ရောင်းခဲ့ရတယ်၊ ဟုတ်တယ်နော် "

" ဟုတ်ပါတယ် "

" တူမောင်နဲ့ ဝါဝါဟာ ကျောင်းနေရင်း တွေ့ခဲ့ကြတယ်၊ ဝါဝါကလဲ တူမောင့်အမေ ရောင်းတဲ့ မုန့်ဟင်းခါးကို သိပ်ကြိုက်တယ်၊ တူမောင်နဲ့ ဝါဝါ မေတ္တာရှိကြတာ သိသွားတော့ . . . မဆန်းပါဘူးလေ၊ ဝါဝါ့မိဘတွေက သဘောမတူကြဘူး၊ သဘောမတူရုံတင် မကဘူး၊ ဝါဝါ တူမောင့်ကို ချစ်တာဟာ သွေးရိုးသားရိုး မဟုတ်ဘူး၊ တူမောင့်အမေက ဆေးခပ်လို့လို့ စွပ်စွဲကြတယ်၊ ဒါတင် မကဘူးလေ၊ တူမောင်တို့ ဒီမှာ မနေနိုင်အောင် စီးပွားဖျက်ကြတယ်၊ တူမောင့်အမေ ဆိုင်နားမှာ ဆိုင်ပြိုင်တွေ ဖွင့်ပေးပြီး အရှုံးခံရောင်းခိုင်းတယ်၊ ငွေအားနဲ့ ဖိသတ်တာပေါ့၊ တူမောင့်အမေဟာ စီးပွားလဲ အဖျက်ခံရတယ်၊ ဂုဏ်သရေလဲ အဖျက်ခံရတယ်၊ နောက်ဆုံး မော်လမြိုင်မြို့ကတောင် စွန့်ခွာသွားခဲ့ရတယ်၊ တူမောင့်အမေဘက်က ကြည့်ရင် နာကြည်းမယ်ဆို နာကျည်းထိုက်ပါတယ် "

ဒေါက်တာမျိုးမွန်က ငြိမ်နားထောင်နေသော်လည်း စိတ်တွင်းက မနှစ်သက်။ ဦးတိတ်ကြည်သည် အဘယ့်ကြောင့် အနာဟောင်းကို လာဆွသနည်း။

" တူမောင်လည်း နာကြည်းပါတယ်လေ၊ ဦးနဲ့ ပထမဆုံး တွေ့ချိန်အထိ တူမောင် နာကြည်းဆဲပါ၊ ဒါပေမယ့် အခုတော့ တူမောင်က အားလုံးကို ခွင့်လွှတ်ပြီး ဝါဝါနဲ့ မေတ္တာပြန်ဆက်တော့ ဦး အံ့ဩမိတယ်၊ ဦးတို့က မိန်းကလေးရှင်ပါ၊ စိတ်မဆိုးနဲ့နော်၊ တူမောင် တကယ်ပဲ ဝါဝါ့ကို ခွင့်လွှတ်တယ်ပေါ့ "

ဒေါက်တာမျိုးမွန်က စိတ်ကို ထိန်းထားသည်။ ဘာရည်ရွယ်ချက်နှင့် မေးသည်ဖြစ်စေ၊ မေးထိုက်သော မေးခွန်း ဖြစ်မှန်းမူ သူနားလည်သည်။

" ဦးရဲ့ မေးခွန်းကို ကျွန်တော် အရှည်ကြီး ဖြေနိုင်ပါတယ်၊ ဒါပေမယ့် မလိုပါဘူး၊ ကျွန်တော် တိုတိုပဲ ဖြေပါ့မယ်၊ ကျွန်တော် ခွင့်မလွှတ်နိုင်တာ ဝါဝါ့မိဘတွေကိုပါ၊ သွေးပူတုန်းကတော့ ဝါဝါ့ကို စိတ်နာသလို ဖြစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဝါဝါ့ကို ဘယ်တုန်းကမှ ကျွန်တော် မမုန်းခဲ့ဘူး၊ ဝါဝါ့ကို ကျွန်တော် အမြဲချစ်ခဲ့တယ်၊ ကျွန်တော့်အချစ်ကို ကျွန်တော်ပဲ သိတယ်၊ ကျွန်တော့်အတွက်တော့ အဲဒါ လုံလောက်တဲ့အဖြေပါပဲ၊ ဦး ကျေနပ်မယ် မကျေနပ်ဘူးဆိုတာကတော့ ကန်တော့ပါတယ်၊ ကျွန်တော် မပြောတတ်ဘူး "

www.burmeseclassic.com

" အာ . . . အာ . . . စိတ်မဆိုးနဲ့ တူမောင်၊ ဦး နားလည်ပါတယ်၊ တူမောင့်အဖြေက တိုပေမယ့် လုံလောက်ပါတယ်၊ ဒါထက် တူမောင့်မိခင်ကော ဒီပါလာပြီပေါ့ "

" ကျွန်တော် ဒီမှာ အိမ်မရသေးလို့ မေမေ့ကို မခေါ်နိုင်သေးပါဘူး၊ မေမေ ရန်ကုန်မှာ နေရစ်ပါတယ် "

" ဩော် . . . ဩော် . . . တူမောင့်မေမေ သဘောကကော "

" မေမေ မသိဘဲ ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ မေမေ ခွင့်မပြုတဲ့အလုပ်လဲ ကျွန်တော် မလုပ်ပါဘူး၊ ကျွန်တော် ထင်တယ်၊ ခုအချိန်မှာ ဝါဝါ့အတွက် မေမေရဲ့ မေတ္တာဟာ ကျွန်တော့် မေတ္တာထက်တောင် သန့်စင်တယ်လို့ ကျွန်တော် ထင်တယ်၊ အကြောင်းကတော့ မေမေဟာ အခုအချိန်မှာ လောကကို လူတကာကို မကြည့်ပါဘူး၊ မေမေတို့ ကြည့်ပုံမျိုး ကိုလဲ လူတကာ နားလည်နိုင်မယ် မထင်ပါဘူး၊ စကားတစ်လုံးတည်းပဲ ကျွန်တော်ပြောပါ့မယ်၊ ကျွန်တော့် မေမေဟာ သူတော်ကောင်းပါ "

ဦးတိတ်ကြည်သည် မိမိ၏ မျက်လုံးများကို စိုက်ကြည့်နေမှန်း ဒေါက်တာမျိုးမွန် သိသည်။ ထို့ကြောင့်လည်း ဦးတိတ်ကြည်၏ မျက်လုံးများကို တည့်တည့်ပြန်စိုက်ကြည့်ရင်း ဒေါက်တာမျိုးမွန်က စကားများကို ပြောသည်။

" တူမောင့်နှုတ်က ဒီစကားကြားရလို့ ဦး ဝမ်းသာပါတယ်၊ မေတ္တာဆိုတာ ခွင့်လွှတ်ခြင်းလို့ ဦး နားလည်ပါတယ်၊ တစ်နည်းအားဖြင့် ခွင့်လွှတ်ခြင်းဆိုတာလဲ မေတ္တာတရားကို လက်တွေ့ပြခြင်းပဲ ဖြစ်ပါတယ်၊ တူမောင်တို့ဘက်က ဒီလို မေတ္တာထားတယ်ဆိုတော့ ဦးကလဲပဲ မေတ္တာတုံ့ပြန်ပြီး ပြောစရာတစ်ခုရှိနေတယ် "

" အမိန့်ရှိပါဦး "

ဦးတိတ်ကြည်က ချက်ချင်းမပြောသေးဘဲ ဒေါက်တာမျိုးမွန်၏ မျက်လုံးများကို အတန်လေးကြာအောင် စိုက်ကြည့်နေပြီးမှ မေးသည်။

" ဝါဝါ ဘာဖြစ်နေတယ်ဆိုတာ တူမောင် သိသလား "

" သိပါတယ် "

" ဒါဆို ဝါဝါ ဘာဖြစ်နေသလဲ "

" စိတ္တဇရောဂါပါ "

" တူမောင် သိတယ်ပေါ့ "

" ကျွန်တော် ဖြေပြီးပါပြီ "

" စိတ္တဇရောဂါရှင်ကို ယူဖို့ တူမောင် ဆုံးဖြတ်တယ်ပေါ့ "

" ဟုတ်ကဲ့၊ ဝါဝါ့မှာ စိတ္တဇရောဂါသာ မရှိဘူးဆိုရင် ဝါဝါ့ကို ကျွန်တော် ယူဖြစ်မှာ မဟုတ်ဘူး "

" ဘယ်လို . . . ဘယ်လို "

" ဝါဝါ့ကို ကျွန်တော် ဘယ်တုန်းကမှ မမုန်းဘူး၊ ချစ်တယ်လို့ ကျွန်တော် ပြောပြီးပါပြီ၊ ဒါပေမယ့် ကျွန်တော့်အချစ်က နှလုံးသားထဲတွင်သာ နေပြီး၊ ဝေးရာအရပ်မှာ သေရာပါတဲ့အထိ ကိန်းနေမယ့် အချစ်မျိုးပါ၊ ကျွန်တော် ဆိုလိုတာကို ဦး နားလည်ပါသလား "

" အား . . . နားလည်တယ်၊ နားလည်တယ် "

" လောကမှာ အချစ်ဟာ အင်အားကြီးတယ်လို့ ပြောကြတယ်၊ ဒါပေမယ့် အချစ်ထက် အင်အားကြီးတဲ့အရာ တစ်ခု ရှိပါသေးတယ် "

" ဘာများလဲ တူမောင် "

" ကရုဏာပါ ဦး "

" ကရုဏာ "

" ဟုတ်ပါတယ်၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ထုတ်ဖော်ပြောဆိုကြတဲ့အခါမှာ မဟာကရုဏာဆိုတဲ့ စကားကို ကျွန်တော်တို့ လေးလေးစားစား သုံးကြပါတယ်၊ ကရုဏာတရားဟာ ကိုယ်ကျိုးပယ်တတ်ပါတယ် "

" အာ . . . အာ . . . ဦးသဘောပေါက်တယ် "

" ဝါဝါ့အဖြစ်ကို သိရရုံမဟုတ်ဘူး၊ မြင်ရတဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ ကရုဏာ ဝင်လာပါတယ်၊ ဒီတော့ ဝါဝါ ဘာပဲဖြစ်နေ ဖြစ်နေ၊ ဒီတစ်ကြိမ်တော့ ဝါဝါ့အနားက ကျွန်တော် ခွာမသွားတော့ဘူးလို့ သန္နိဋ္ဌာန်ချခဲ့ပါတယ်၊ ဒီသန္နိဋ္ဌာန်ကို ဘာကမှ မဖျက်နိုင်တော့ပါဘူး ဦး "

ဦးတိတ်ကြည်က မျက်လုံးလွှဲသွားပြီး မျက်လွှာချလျက် စဉ်းစားသယောင် ငြိမ်နေသည်။ အတန်ကြာမှ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

" ဦး မကြားဖူးတဲ့စကားတွေ တူမောင့်ဆီက ကြားရပါတယ်၊ တူမောင့်စကားတွေက ဦးအသည်းနှလုံးကို လှုပ်စေတာ ဝန်ခံလိုပါတယ်၊ ဦးရဲ့ စေတနာကို ယုံပါ၊ ဦး စကားခံခဲ့ပြီးပါပြီ . . . ခုရှုပ်နှောင်ရှင်းလို့ ဦးတို့ဘက်က ဝါဝါ့မှာ ဒီရောဂါရှိတာ ဖုက်မထားလိုဘူး၊ ဦးမှာ သားသမီးမရှိတော့ ဝါဝါ့ကို သမီးအရင်းလို ဦး ချစ်တယ်၊ ဒီရောဂါရှိတဲ့လူကို ထိန်းသိမ်းစောင့်ရှောက်ရတာ မလွယ်ပါဘူး၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းတွေ ခံစားရပါတယ်၊ ဦး ဒီလို ခံစားရတော့ ကိုယ်ချင်းစာတယ်၊ တူမောင့်ကို နောင်မှ နောင်တမရစေလိုတဲ့ စေတနာနဲ့ ဦးက မထိန်မချန် ပြောရခြင်းလဲ ဖြစ်တယ်၊ ပြီးတော့ ဝါဝါ ဘာဖြစ်နေတယ် ဆိုတာကို ဦးတို့က ပြောပြပြီးဖြစ်တော့ ဦးတို့မှာ တာဝန်ကင်းပါပြီ၊ တူမောင့် ရွေးချယ်မှုဟာ တူမောင့် ရွေးချယ်မှုပဲ ဖြစ်တယ်နော် "

" ဟုတ်ကဲ့၊ ကျွန်တော့် ရွေးချယ်မှုဟာ ကျွန်တော့် ရွေးချယ်မှုပါ၊ ပြီးတော့ ကျွန်တော့် ယုံကြည်ချက်တစ်ခုလဲ ပြောပါရစေ "

" ပြောပါ . . . ပြောပါ "

" စိတ္တဇရောဂါဆိုတာဟာ စိတ်ကြောင့် ဖြစ်တာလို့ ကျွန်တော် နားလည်ထားတယ်၊ ဝါဝါဟာ ကျွန်တော့်ကို သိပ်ချစ်ပါတယ်၊ ကျွန်တော်နဲ့ လက်ထပ်ပြီးရင် ဝါဝါဟာ စိတ်ချမ်းသာပြီး ရောဂါပျောက်ကင်း ချမ်းသာသွားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ် "

ဦးတိတ်ကြည်၏ မျက်နှာသည် ဝင်းကနဲ တစ်ချက် ဖြစ်သွား၏။

" ဟုတ်လား၊ တူမောင် ဒီလိုပဲ ယုံကြည်သလား "

" ကျွန်တော် ယုံကြည်ပါတယ် "

ဦးတိတ်ကြည်က အတန်ကြာအောင် ခေါင်းကို တညိတ်ညိတ် လုပ်နေ၏။

" ဒီလိုဆိုရင် ဦး ကျေနပ်ပါပြီ၊ နေ့ကောင်းရက်သာမှာ တူမောင်တို့ လာခဲ့ကြပါတော့၊ ဦးတို့ ကြိုဆိုနေပါ့မယ် "

ဦးတိတ်ကြည်က ထိုင်ရာမှထပြီး လက်တစ်ဖက်ကို ကမ်းပေးသည်။ ဒေါက်တာမျိုးမွန်က လေးစားစွာဖြင့် လက်နှစ်ဖက်နှင့် ပြန်ဆုပ်ယူ၏။

" ဦးက တုံ့ပြန်သော မေတ္တာအကြောင်းကို စောစောက ပြောတယ်၊ ကျွန်တော်လဲ ပြောပါရစေ၊ ဦးကို ဖခင်ရင်းပမာ ကျွန်တော် မှတ်ယူပါ့မယ်လို့ "

ဦးတိတ်ကြည်က သူ့ကို ငေးကြည့်နေသည်။ ဦးတိတ်ကြည်၏ လက်သည် မိမိလက်များအတွင်း တုန်ယင်နေကြောင်း ဒေါက်တာမျိုးမွန် သတိပြုမိသည်။

" သွားမယ် တူမောင် "

" ဟုတ်ကဲ့ ဦး "

ဦးတိတ်ကြည် မျက်စိအောက်မှ ပျောက်သွားသည်အထိ ဒေါက်တာမျိုးမွန်သည် နေရာတွင် ရပ်နေမိ၏။

ဘာကြောင့်မသိ၊ သူ့စိတ်တွင်း၌ ဝမ်းနည်းမိသည်။

*    *    *

## အခန်း ( ၁၃ )

ကားအနီလေးကို မော်လမြိုင်-မုဒုံသွား လမ်းမကြီးအတိုင်း မောင်းလာရာမှ ဒေါက်တာမျိုးမွန်သည် သုဝဏ္ဏမြိုင်ခြံကြီးအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်။

အိမ်ကြီး၏ ဆင်ဝင်အောက်၌ ကားရပ်လိုက်မိချိန်တွင် ဝါဝါက အိမ်ပေါက်မှ ပေါ်လာ၏။

ကားပေါ်မှ ဒေါက်တာမျိုးမွန် ဆင်းလိုက်သောအခါ ဝါဝါက မျက်နှာလေး မစူတစူဖြင့် အပြစ်တင်၏။

" မောင် နောက်ကျတယ် "

ဒေါက်တာမျိုးမွန်က လက်ပတ်နာရီကို ကြည့်ပြီး ဖြေ၏။

" တစ်မိနစ်တည်းပါ ဝါဝါရယ် "

" ဟင်း . . . တစ်မိနစ်လဲ နောက်ကျတာပဲပေါ့ "

" တစ်မိနစ်လဲ တစ်ကမ္ဘာ ဟုတ်လား "

" ဟုတ်တယ် တစ်ကမ္ဘာ "

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမျိုးမွန်က ရယ်၏။

သည်းလွန်း . . . ပိုလွန်းသော နှုတ်ဆက်ခြင်းလေးများ . . .။ ဩော် . . . သည်းခွင့် . . . ပိုခွင့်လေးများသည်ပင် ရင်ဖိုရသော ချစ်ခြင်းမေတ္တာ၏ ထုံးဓလေ့များ။

" ကဲ . . . ဒီနေ့ ဘယ်သွားကြမလဲ "

" မောင့်သဘော "

" ဒီလိုဆိုရင် မောင် အချစ်ဆုံးနေရာကို သွားမယ် "

" ဘယ်ကို . . . "

" ဝါဝါနဲ့ မောင် ပြန်တွေ့တဲ့နေရာ . . . ပြီးတော့ ငယ်ငယ်တုန်းက ဝါဝါဆိုတဲ့ ကောင်မလေး . . . မောင်နဲ့ ချိန်းချိန်း တွေ့တဲ့နေရာ . . . "

ဝါဝါ၏ ပါးလေးက နီရဲသွား၏။

" ချိန်းတွေ့တာ မဟုတ်ဘူး၊ သူ ပူဆာလို့၊ သနားလို့ . . . သိရဲ့လား "

သူက ဝါဝါ၏ လက်လေးကိုဆွဲလျက် ခြံကြီး၏ မြောက်ဘက်အပေါက်ဆီ လျှောက်လာခဲ့သည်။

တစ်သက် ခြေမချတော့ဟု ဆုံးဖြတ်ခဲ့သော သည်ခြံမြေ . . .။ ယခုတော့ ခြေချရပြီ။ တစ်သက် ဝေးခဲ့ရပြီ ထင်သော ချစ်သူ . . .။ ယခုတော့ လက်ချင်းတွဲ၍ လျှောက်ခွင့်ရှိပြီ။ ဝါဝါနှင့်အတူ လက်ချင်းတွဲပြီး မြေဝါလမ်းလေးအတိုင်း လျှောက်လာကြသည်။

" ဝါဝါ ဒီလမ်းလေးမှာ နာမည်ရှိတယ် "

" ဒီလမ်းလေးမှာ နာမည်ရှိတယ်၊ ကြံကြံဖန်ဖန် . . . မောင်ကလဲ "

" ဟုတ်တယ်၊ ရှိတယ်၊ မောင်ပေးထားတဲ့ နာမည် "

" ဘယ်လိုတဲ့လဲ "

" ချစ်သူလာရာလမ်း . . . တဲ့ "

ဝါဝါက ရယ်၏။

" မရယ်နဲ့ ဝါဝါ၊ မြေဝါလမ်းလေးဟာ မောင့်စိတ်ထဲမှာ ဖျောက်လို့မရဘူး၊ တခြား မြေဝါလမ်းလေးတွေ တွေ့လဲ ချစ်သူလာရာလမ်းလို့ မောင်ထင်မိတယ် "

" ဒါဖြင့် တခြားမြေဝါလမ်းလေးမှာ လျှောက်လာတဲ့ တခြားမိန်းကလေးဟာလဲ မောင့်ချစ်သူပေါ့၊ ဟုတ်လား "

" အဲဒါတော့ မဖြစ်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ ကောင်းကင်မှာ လတစ်စင်းပဲ ရှိတယ်၊ မောင့်ရင်မှာလဲ ချစ်သူ တစ်ယောက်ပဲ ရှိတယ် "

" ကိုပို . . . ဝါဝါ့ချစ်သူ . . . ဒေါက်တာ ကိုမောင်ပို "

ပိုသော . . . သည်းသော စကားလေးများကိုဆိုရင်း စိန်ပန်းပင်ကြီးဆီ ရောက်လာကြသည်။

ဘဲစာမြက်ပါးပါး ပေါက်နေသော စိန်ပန်းပင်ကြီးအောက်၌ အတူထိုင်ကြသည်။

အနောက်ဘက်ကောင်းကင်၏ အခြေတွင် ခရမ်းရောင် တိမ်တိုက်တို့တော့ ရှိသည်။ ထိုတိမ်တိုက်တို့၏ အထက်၌ ရင့်ရာမှ နုလာသော အနီရောင်ရှိ၏။ အနီရောင်သည် လိမ္မော်ရောင်နှင့် ရောသွား၏။ လိမ္မော်ရောင်ကလည်း ရွှေဝါသွေးသို့ ဖျော့သွားပြန်သည်။ ရွှေဝါသွေးနှင့် ကောင်းကင်ပြာ စပ်မိရာတွင် အစိမ်းနုရောင်သည် ကြည်ကြည်လေး လဲ့နေ၏။

" မောင် . . . ဘာကြည့်နေတာလဲ "

" ဟိုး . . . ကောင်းကင်က လဲ့နေတဲ့ အစိမ်းနုရောင်လေး မြင်လား "

" အင်း . . . "

" အဲဒီအရောင်လေးဟာလေ . . . ဝါဝါ့နဖူးစပ် . . . မျက်ခုံးစပ်က အသားလေးတွေနဲ့ တူတယ် "

" အဲဒီတော့ . . . "

" အဲဒီတော့ . . . "

သူက ဝါဝါ၏ နဖူး၊ မျက်ခုံးနှင့် ပါးလေးကို မွှေးသည်။

" ဟွန်း . . . ညာနမ်းတယ် "

" ဝါဝါရယ် . . . မောင့်ရင်ထဲမှာ ချမ်းသာလွန်းလို့ပါ "

ချစ်သူနှစ်ဦးတို့က လှပသော အနောက်မိုးကောင်းကင်ကို ငေးကြည့်ကြသည်။ တစ်ဦးလက်ကိုတစ်ဦး ဆုပ်ထားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

“ မောင် ”

“ ဝါဝါ ”

“ ဟိုးအောက်က ခရမ်းရောင်တိမ်တိုက်ကြီးကို မြင်လား ”

“ အင်း . . . ”

“ သူက အားလုံးကို ဖျက်မှာ ”

“ ဘာပြောတယ် ဝါဝါ ”

“ လှတာတွေကိုလေ သူက ဖျက်တတ်တယ်၊ သူကြီးလာရင် မှောင်သွားတယ်၊ ပြီးတော့ လျှပ်စီး မိုးကြိုးတွေနဲ့ ပြောရင်း ဝါဝါ ကြောက်လိုက်တာ ”

“ အို . . . ဝါဝါကလဲ ”

“ မောင် သိလား၊ ဝါဝါနဲ့ မောင် ခွဲခဲ့ရတဲ့အချိန်လေ၊ ဒီလိုပဲ မိုးတွင်းကြီး၊ အဲဒီညက ဝါဝါ မအိပ်ဘဲ ပြတင်းဝမှာ ထိုင်နေတယ်၊ ပထမတော့ လက သာနေသား၊ နောက်တော့ တိမ်တွေ တက်လာတယ်၊ ပြီးတော့ မိုးသည်းသည်းရွာတယ်၊ လေတွေလဲ ကျလာတာပဲ၊ ဒါပေမယ့် လေတွေက တိမ်မည်းတွေသာ ထပ်ယူလာတယ်၊ လောကကြီးဟာ ဆိတ်သုဉ်းတယ် မောင်၊ ကြမ်းလည်း ကြမ်းပြီး ရက်လည်း ရက်စက်တယ်၊ ဝါဝါ မှတ်မိတယ်၊ လျှပ်စီးကြောင်းကြီးတစ်ခုက မည်းနေတဲ့ ကောင်းကင်ကို နှစ်ပိုင်းခွဲပစ်လိုက်တယ်၊ ဝါဝါ့အသည်းမှာ နာကျင်သွားတယ်၊ အဲဒီ လျှပ်စီးကြောင်းကြီးဟာ ကောင်းကင်မှာ ခွဲတာ မဟုတ်ဘူး၊ ဝါဝါ့ရင်ထဲမှာ ခွဲတာလို့ ဝါဝါ ခံစားရတယ် ”

ဒေါက်တာမျိုးမွန်က အစသော် အနိဋ္ဌာရုံတွေကို ပြောနေသော ဝါဝါအား တားမြစ်မည် ကြံ၏။ ခဏဌ်မှ သတိဝင်ပြီး အလိုက်သင့် နားထောင်နေ၏။

“ နောက်တော့ မိုးတွေ ရွာလာတာကို ဝါဝါ မုန်းတယ်၊ မိုးမှောင် လေပြင်းတဲ့ညတွေကို ကြောက်တယ်၊ အဲဒီလို ဝါဝါ မုန်းတဲ့ ကြောက်တဲ့ ညမျိုးကိုမှ ဖေဖေ့ကို သင်္ဂြိုဟ်ပြီး တစ်ညမှာ ဝါဝါ ထပ်ကြုံရသေးတယ် ”

ဒေါက်တာမျိုးမွန်က ဝါဝါ၏ လက်လေးကို ဆုပ်ကိုင်ပြီး အနောက်ဘက်ကောင်းကင်ဆီ ကြည့်မိသည်။ စောစောက ခပ်သေးသေးဖြစ်သော ခရမ်းရောင်တိမ်တိုက်သည် အနည်းငယ်ကြီး၍ မြင့်တက်လာသည်။

ဝါဝါကမူ ဆက်ပြောနေ၏။

“ မေမေက အရင်ဆုံးတယ်၊ အဲဒီတုန်းကလဲ ဝါဝါ စိတ်ထိခိုက်ရတယ်၊ ဖေဖေက နောက်ခြောက်လလောက်မှာ ဆုံးတယ်၊ မေမေ မရှိတော့ပေမယ့် ဖေဖေ ရှိသေးတယ်၊ အခု ဖေဖေပါ မရှိတော့ဘူး၊ မောင်နဲ့ ခွဲရတဲ့ ညကလိုပဲ ပြတင်းဝမှာ ဝါဝါ ထိုင်နေမိတယ်၊ ပထမ မောင်နဲ့ ခွဲရတယ်၊ နောက် မေမေနဲ့၊ အခု ဖေဖေနဲ့၊ ဝါဝါ့မှာ ဘာကျန်သေးသလဲ၊ မိုးသည်းပြီး မှောင်နေတဲ့ ညလိုပဲ၊ ဝါဝါ့ဘဝမှာ သာယာတာတွေ ဘာရှိတော့သလဲ၊ ဝါဝါ ဝမ်းနည်းတယ်၊ ဝါဝါ အားငယ်တယ်၊ ဝါဝါ ကြောက်တယ်၊ အဲဒီတုန်းမှာ မိုးခြိမ်းပြီး လျှပ်စီးကြောင်းကြီး ပေါ်လာတယ်၊ ဒီတစ်ခါတော့ တစ်ကြောင်းတည်း မဟုတ်ဘူး မောင်၊ အနွယ်တွေ အခက်တွေနဲ့ အစိတ်စိတ် အမြွှာမြွှာ၊ ဝါဝါ အသံကုန်အော်မိပြီး သတိလစ်သွားတယ်၊ ဝါဝါ သတိပြန်ရတော့ အိပ်ရာပေါ်မှာ၊ ဘေးမှာ ဆရာဝန်လဲ ရှိနေတယ်၊ နောက် ဝါဝါ မကျန်းမမာ ဖြစ်တော့တာပဲ၊ နေပြန်ကောင်းလာပြီး နောက်ကျတော့လဲ ဝါဝါ့မှာ အားငယ်စိတ်တွေ မပျောက်တော့ဘူး၊ ကြောက်စိတ်တွေလဲ မပျောက်တော့ဘူး၊ သြော် . . . တစ်သက်မှာ စိတ်ချမ်းသာစရာတော့ တွေ့တော့မယ်လို့ မထင်ဘူး ”

“ ခုတော့ကော . . . ”

“ ခုတော့ စိတ်ချမ်းသာတာပေါ့၊ ဝါဝါ သိပ်လဲ မကြောက်တော့ဘူး၊ သြော် . . . ဝါဝါ ပထမဆုံး အားရှိသလို ဖြစ်သွားတာ ဘယ်တုန်းကလဲ မောင်သိလား ”

“ ပြောပါဦး ”

ဝါဝါက တစ်ချက်ရယ်၏။

“ ဟိုလေ . . . ဟောဟိုနားမှာ မောင်က ဝါဝါ့ကို ဖမ်းပြီး ခေါ်သွားတယ်၊ နောက် ဝါဝါ သတိရတော့ မောင်က ဟိုဘက် လျှောက်သွားကြဖို့ ခေါ်တယ်၊ ဝါဝါက သူတို့ တွေ့သွားကြလိမ့်မယ် ပြောတော့ မောင်က သူတို့ကို မကြောက်ဘူးတဲ့၊ သူတို့ကိုတောင် ပြင်းပြင်းထန်ထန် သတိပေး အပြစ်တင်ဦးမယ်တဲ့၊ မောင်က သိပ်တည်ငြိမ်တာပဲ၊ ပြီးတော့ ဝါဝါ့စိတ်ထဲမှာလေ မောင်ပြောပုံက သိပ်ခန့်ညားတာပဲ၊ ဝါဝါ အားရှိသွားတယ်၊ မောင့်ကိုလဲ သိပ်အားကိုးသွားတယ်၊ မောင် ဝါဝါ သိပ်ချစ်တဲ့မောင်၊ ဝါဝါ သိပ်အားကိုးတဲ့ မောင် . . . ”

ဝါဝါက သူ့လက်ကို ဆုပ်ညှစ်၏။ သူက ဝါဝါ့ပုခုံးလေးကို သိုင်းဖက်လိုက်ပြီး ပြော၏။

www.burmeseclassic.com

“ မောင့်ကို ဝါဝါ အားကိုးတယ်ဆိုလို့ သိပ်ဝမ်းသာတယ်၊ သိပ်လဲ ဂုဏ်ယူတယ်၊ သီတင်းကျွတ်လို့ လက်ထပ်ပြီးရင်လေ ဝါဝါ့ကို မောင် တစ်သက်လုံး စောင့်ရှောက်မယ်၊ အခုလဲ ဝါဝါ့အနားမှာ မောင် အမြဲလိုလို ရှိနေတာပဲ ”

ဝါဝါသည် ခေတ္တ ငိုင်ငိုင်လေး ဖြစ်သွား၏။ ထို့နောက် ရုတ်တရက် မေးသည်။

“ မောင် သူတို့ကို ခွင့်လွှတ်သလား ”

“ ဘာပြောတယ် ဝါဝါ ”

“ ဝါဝါလေ အစက ခေါင်းထဲမှာ ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတယ်၊ ပြီးတော့ ယုံရခက် မယုံရခက် ဖြစ်နေတယ်၊ ခုတော့ သံသယဝင်လာတယ်၊ သူတို့ ဝါဝါ့ကို မရူးဘဲနဲ့ ရူးတယ်ထင်အောင် ဟိုဆေးကို တမင်တိုက်ထားတာပေါ့ ဟုတ်လား”

“ ဒီလို မပြောနိုင်ပါဘူး ဝါဝါ၊ မောင် တစ်ခါက ပြောခဲ့သလို ရိုးရိုးသားသား ဆေးမှားတိုက်မိတာလဲ ဖြစ်နိုင်တယ်၊ အခု ဒီဆေးတိုက်သေးလား ”

“ ဟင့်အင်း ”

“ ဟိုအသံကြီး ကြားသေးသလား ”

“ ဟင့်အင်း ”

“ အဲဒီလိုဆိုရင်လဲ ပြီးတာတွေ ပြီးပါစေတော့ ဝါဝါ၊ အဲ . . . ခွင့်လွှတ်စရာရှိရင်လဲ ခွင့်လွှတ်လိုက်ကြတာပေါ့၊ မဟုတ်ဘူးလား ”

ဝါဝါက ငြိမ်နေ၏။ ထို့နောက် မျက်နှာလေးကြည်လင်လာပြီး ရယ်၏။

“ ဝါဝါ ဘာရယ်တာလဲ ”

“ သြော် . . . ဦးလေးပြောတာ သတိရလို့ ”

“ ဘာပြောလို့လဲ ”

“ ဝါဝါ့မိဘတွေ သိပ်မှားတယ်တဲ့၊ မောင်ဟာ လူ့အဖိုးတန် တစ်ယောက်တဲ့၊ မောင်နဲ့ ဝါဝါ ပြန်တွေ့တာ ကံကောင်းတယ်တဲ့၊ မောင့်ကြည့်ရတာ သဘောထား ပြည့်ဝပုံရတယ်တဲ့၊ သြော် . . . မောင်က သူ့ကို ပြောလိုက်တယ်ဆို၊ သူ့ကို မောင်က ဖခင်ရင်းပမာ မှတ်ယူပါတယ်လို့ ”

“ ဟုတ်တယ် ဝါဝါ ”

“ မောင်က ဘာလို့ အဲဒီလို ပြောလိုက်တာလဲ ”

“ ဘာဖြစ်လို့မှန်း မသိဘူး၊ သူနဲ့ စကားပြောရင်း သူ့ကို မောင် သနားသလို ဖြစ်လာတယ် ”

“ မောင်က သူ့ကို သနားတယ် ”

“ ဟုတ်တယ် ”

“ ဝါဝါလဲ သနားတာပဲ၊ ဦးလေးဟာ သနားစရာကောင်းပါတယ်၊ အခုဆို သာသနားစရာကောင်းနေတယ် ”

“ ဘာပြုလို့လဲ ”

“ မောင်နဲ့ ဝါဝါ လက်ထပ်ပြီးရင်လေ ဟို . . . ဟိုဒင်း ”

ဝါဝါသည် ထစ်ငေါ့သွားပြီး စကားမဆက်တော့ . . . ။

“ ပြောလေ ဝါဝါ၊ ဘာဖြစ်သလဲ ”

“ မောင်က ဟိုဒင်း . . . ခွင့်မလွှတ်မှာ ”

“ ဘာကို မောင်က ခွင့်မလွှတ်မှာလဲ ”

“ ဟိုဒင်း . . . ပိုက်ဆံတွေ ”

“ ပိုက်ဆံတွေ . . . ”

“ ဝါဝါ ပြောပြမယ်၊ ဝါဝါ့မှာ ပိုက်ဆံတွေ အများကြီး ရှိသေးတယ်၊ ဘဏ်မှာ ထားတာ၊ ဘဏ်တိုးလဲ ရတယ်၊ ငွေစုလက်မှတ်တွေလဲ ရှိတယ်၊ ဝါဝါ ငယ်ငယ်ကတည်းက ဖေဖေ လုပ်ပေးခဲ့တာ ”

“ အဲဒါ ဘာဖြစ်သလဲ ဝါဝါ ”

“ ဦးလေးနဲ့ ဒေါ်ဒေါ်တို့က ဝါဝါ့ဆီက ငွေချေးထားတယ် ”

“ ဘယ်လောက်လဲ ဝါဝါ ”

“ နှစ်သိန်း ”

“ နှစ်သိန်း . . . ”

“ ဟုတ်တယ်၊ ဖေဖေ ဆုံးပြီးလို့ တစ်နှစ်လောက်မှာ ထင်တယ်၊ သူတို့ ရင်းနှီးဖို့ လိုလို့တဲ့၊ ငွေနှစ်သိန်းချေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com

နောက် တော်တော်ကြာတော့ ပြန်ဆပ်တယ်၊ တစ်သိန်းမဟုတ်ဘူး၊ တစ်သိန်းနဲ့ တစ်သောင်းတောင်၊ အတိုးပေးတဲ့ သဘောပေါ့၊ ဝါဝါ မလိုချင်ဘူးပြောတာ မရဘူး "

" ဩော် . . . ဩော် "

" လွန်ခဲ့တဲ့ တစ်နှစ်လောက်က တစ်ခါ နှစ်သိန်းချေးတယ်၊ ဝါဝါလဲ ပေးလိုက်တယ်၊ အဲဒါတော့ ပြန်မဆပ်နိုင်သေးဘူး၊ ဝါဝါလဲ ဘာမှမပြောဘူး၊ ဟိုတစ်လောကတော့ နောက်ထပ် တစ်သိန်းထပ်ချေးတယ် "

" နောက်ထပ် တစ်သိန်း "

" ဟုတ်တယ် "

" အဲဒါလဲ ပေးလိုက်သလား "

" ဟင့်အင်း၊ အရင်တုန်းကတော့ ဝါဝါ ဘာမှ စိတ်မဝင်စားဘူး၊ ဘာမှလဲ မမက်ဘူး၊ ဘဝဆိုတာလဲ ဘာမှ အဓိပ္ပါယ် မရှိဘူး၊ မောင် နားလည်လား "

" မောင် နားလည်ပါတယ် "

" ဒီတစ်ခါတော့ ဝါဝါ စဉ်းစားတယ်၊ ဝါဝါ့ငွေက ငါးသိန်းပဲ ဘဏ်မှာရှိတာ၊ သုံးသိန်းထုတ်လိုက်ရင် နှစ်သိန်းပဲ ကျန်မှာ၊ ဒါနဲ့ ဝါဝါက မေးတယ်၊ အရင်ငွေတွေကော ဆိုတော့၊ ရှိပါတယ်တဲ့၊ အရင်းစိုက်ထားတာ မပေါ်သေးလို့တဲ့၊ အခု လုပ်ငန်းတစ်ခု ပေါ်လို့တဲ့ "

" ဘာလုပ်ငန်းလဲလို့ ဝါဝါ မမေးဘူးလား "

" ဟင့်အင်း၊ အရင်တုန်းကတော့ မမေးပါဘူး၊ အခုလုပ်ငန်းက ဘာလုပ်မလို့လဲလို့ ဝါဝါ မေးတယ်၊ သန်လျင်ဘက်မှာ မြေတွေ ဝယ်ထားမလို့တဲ့၊ အခု ဈေးပေါတယ်တဲ့၊ နောင်ကို ဈေးကောင်းရမယ်တဲ့ "

" ဩော် . . . ဩော် "

" ဝါဝါက ဒီတစ်ခါတော့ စဉ်းစားဦးမယ်လို့ ပြောလိုက်တယ်၊ အမှန်က မောင့်ကို တိုင်ပင်မလို့ "

" မောင့်ကို တိုင်ပင်မလို့ "

" ဟုတ်တယ်လေ၊ ဟိုတစ်ခါ မောင့်ကို အရေးတကြီး ပြောစရာရှိတယ်လို့ ဝါဝါ မပြောခဲ့ဘူးလား "

" ဩော် . . . မောင် မှတ်မိပြီ၊ ဒါပေမယ့် အဲဒီတုန်းက ဒီအကြောင်း ဝါဝါ မောင့်ကို မပြောခဲ့ပါလား၊ ဘာလို့ မပြောလဲ "

ဝါဝါသည် အပြစ်ရှိသော ကလေးငယ်တစ်ဦးကဲ့သို့ ပြုံး၏။

" ဟိုဒင်း . . . ပြောမယ်လုပ်ပြီးမှ ဟိုဒင်း . . . ဝါဝါ . . . ပြောရမှာ ဝန် . . . ဝန်လေးလို့ "

" ဘယ်လိုဝန်လေးသလဲ ဝါဝါ "

ဝါဝါက စိတ်ရှုပ်ဟန် ခေါင်းလေး ကုတ်၏။

" ကိုယ့်ဦးလေးနဲ့ အဒေါ်အကြောင်း မဟုတ်လား၊ ပြီးတော့ ဒီအကြောင်းတွေ ဘယ်သူမှ မသိစေရဘူးလို့ ဝါဝါ ကတိပေးထားတာ "

" ဒီအကြောင်းတွေ ဦးလေး ဦးစံထွန်းတို့ မသိဘူးလား "

" အဲ . . . သူတို့သိမှာ စိုးတာပေါ့ "

" ဘယ်လို . . . "

" ဒေါ်ဒေါ်နဲ့ သူတို့က တစ်ဖက်စီ တော်တာ၊ သိသွားရင် ဘယ်ကောင်းမလဲ၊ ဒေါ်ဒေါ်က ဝါဝါ့အမေရဲ့ ညီမအရင်း၊ ဒေါ်ဒေါ့်ကို ဝါဝါချစ်တယ်၊ ဒေါ်ဒေါ်က ဝါဝါတို့နဲ့ တစ်သက်လုံး အတူတူနေလာတာ "

" ဒါပေမယ့် ဝါဝါ့ စီးပွားရေးကိစ္စတွေမှာ ဘာမဆို ဦးလေးဦးစံထွန်းတို့နဲ့ တိုင်ပင်လုပ်ရတယ်ဆို "

" အဲဒါက လုပ်ငန်းကိစ္စတွေ၊ စက်တို့ ခြံတို့က ရတာတွေ တစ်နှစ် တစ်ခါ ငွေစာရင်းလဲ ရှင်းရတယ်၊ အသစ်ရင်းတာ၊ ဆောင်းတာ၊ စိုက်တာတွေလဲ တိုင်ပင်လုပ်ရတယ်၊ ဘဏ်က အခုပြောတဲ့ငွေက လုပ်ငန်းတွေနဲ့ မဆိုင်ဘူး၊ ဝါဝါ့သဘော တစ်ခုပဲ၊ ဖေဖေက ပြောတယ်၊ ဘာမှမလုပ်ဘဲ ဘဏ်တိုးနဲ့တင် ဝါဝါ့တစ်သက် ထိုင်စားနေလို့ရတယ်တဲ့ "

" မောင် သဘောပေါက်ပါပြီ၊ ခုနက ဝါဝါ တစ်ခုပြောတယ်၊ ဦးလေးနဲ့ ဒေါ်ဒေါ်က ရင်းနှီးဖို့လိုလို့ ဆိုတာလေ၊ အဲဒါ ဘာပြောတာလဲ "

" အဲဒါက . . . ဒေါ်ဒေါ်က ဘာအမွေမှ မရဘူး၊ ဦးလေး လုပ်ကိုင်ပေးနေတာက ဝါဝါ့အတွက်ပါ၊ ဟိုဒင်း . . . မန်နေဂျာသဘောမျိုးပါ၊ မောင့်ကို ဝါဝါ ပြောပြပြီးပြီ ထင်တယ် "

" ဟုတ်တယ် ပြောပြပြီးပြီ "

www.burmeseclassic.com

www.burmeseclassic.com

" ဦးလေးနဲ့ ဒေါ်ဒေါ်ကလဲ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းတစ်ခု ရှိထားချင်ကြတယ်၊ တကယ်လို့ ဝါဝါ အိမ်ထောင်တွေ ဘာတွေ ကျသွားရင် သူတို့လဲ သူတို့ဘာသာ တင့်တင့်တယ်တယ် နေနိုင်အောင်ပေါ့ "

ဒေါက်တာမျိုးမွန် ခေါင်းညိတ်နေ၏။ မဆက်ခဲ့မိသော အစိတ်အပိုင်းလေးများ ဆက်မိပြီဟု သူ့စိတ်တွင်း၌ ထင်သည်။

" နောက်ထပ်တောင်းထားတဲ့ ငွေတစ်သိန်း ကိစ္စကို ဆက်ပြောပါဦး ဝါဝါ "

" ဝါဝါ မောင်နဲ့ မတိုင်ပင်ပေမယ့် စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ ဒါနဲ့ စဉ်းစားဦးမယ်ဆိုတာ ဝါဝါ ဆွဲထားတာ၊ ဦးလေးက တစ်ခုတော့ ရှိတယ်၊ ဝါဝါ မကြိုက်မှန်းသိရင် ဇွတ်မလုပ်တတ်ဘူး၊ ဒေါ်ဒေါ်ကတော့ မေးတာပဲ၊ ဝါဝါကတော့ စဉ်းစားဦးမယ်ပဲ ပြောတာပဲ၊ အဲဒီတုန်း မောင်နဲ့ ဝါဝါ စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ ပေါ်လာတယ် "

" အင်း . . . "

" ဝါဝါ အမှန်ပြောမယ်နော် "

" ပြောပါ ဝါဝါ "

" အစက ဒေါ်ဒေါ်က သဘောမတူချင်ဘူး၊ ဝါဝါ့ရဲ့ . . . ဟိုဒင်း . . . ကျန်းမာရေးကြောင့် အိမ်ထောင်မပြုဘဲ တစ်သက်လုံး အေးအေးဆေးဆေး နေသွားစေချင်တယ်တဲ့၊ သူတို့ ပြုစုစောင့်ရှောက်ပါ့မယ်တဲ့၊ အဲ . . . ဦးလေးကသာ သဘောတူတာ၊ ဝါဝါ စိတ်ချမ်းသာတာ လုပ်ပါစေတဲ့၊ နှစ်ခါထပ်ပြီး စိတ်မဆင်းရဲပါစေနဲ့တဲ့ "

" သြော . . . ဦးလေးက ဒီလိုပြောတယ် "

" ဟုတ်တယ် မောင်၊ ဦးလေးက ဝါဝါ့ကို ချစ်ရှာပါတယ် "

ဤသို့ မှတ်ချက်ပြုပြီးမှ တဖန် ဝါဝါသည် ငိုင်နေပြန်၏။

" ဆက်ပြောဦးလေ ဝါဝါ "

" မောင်နဲ့ ဝါဝါ စေ့စပ်ပြီးတော့ ဦးလေးက ပြောတယ်၊ ဟို ငွေတစ်သိန်းချေးထားတာကို မေ့ပစ်လိုက်ပါတော့တဲ့၊ သူတို့ အရေးတကြီး မလိုတော့ပါဘူးတဲ့၊ ဝါဝါ့ဆီက ငွေလည်း ထပ်မချေးရက်တော့ပါဘူးတဲ့၊ တစ်ခုပဲ တောင်းပန်တယ် "

" ဘာတောင်းပန်သလဲ ဝါဝါ "

" မဆပ်နိုင်သေးတဲ့ ငွေနှစ်သိန်း ကိစ္စလေ၊ အဲဒီငွေတွေကို တဖြည်းဖြည်း သူတို့ ပြန်ဆပ်ပါ့မယ်တဲ့၊ မောင်နဲ့ လက်ထပ်ပြီးရင် ဒီကိစ္စ ဝါဝါ ရှင်းပြပါ၊ သူလဲ ရှင်းပြပါ့မယ်တဲ့၊ မောင်ကလဲ သဘောထား ပြည့်ဝသူဖြစ်တော့ နားလည်ခွင့်လွှတ်မယ်လို့ သူ ယုံကြည်ပါတယ်တဲ့၊ မောင် ဘယ်လိုသဘောရလဲ ဟင် . . . "

ဒေါက်တာမျိုးမွန်က ရယ်၏။

" မောင်ကလဲ ဝါဝါ့သဘောလို့ ဖြေမှာပဲ "

" ဘာပြောတယ် မောင် "

" ဝါဝါ့သဘောပေါ့၊ ဝါဝါ စိတ်ချမ်းသာသလိုလုပ်၊ ဝါဝါ စိတ်ချမ်းသာရင် မောင် စိတ်ချမ်းသာတယ်၊ ပြီးတော့ ဒီကိစ္စက ဆွေချင်းမျိုးချင်း ကိစ္စ၊ စီးပွားရေးလုပ်ကြတာမှာ ဆွေချင်းမျိုးချင်း မပြောနဲ့၊ တစိမ်းတောင် ယုံရင် ချေးကြတာပဲ၊ မဆန်းပါဘူး ဝါဝါ "

ဝါဝါ၏ တွန့်နေသော မျက်မှောင်လေး ဆန့်သွား၏။ မျက်နှာလေးလည်း ကြည်လင်လာ၏။

" ဒီလိုဆိုရင် ဒီကိစ္စ ပြီးပြီပေါ့နော် မောင် "

" ဒီကိစ္စ ပြီးပါပြီ၊ အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ ရှိတော့တယ် "

" ဘာကိစ္စလဲ "

" သီတင်း မြန်မြန်ကျွတ်ပြီး ဝါဝါနဲ့ မောင် မြန်မြန် လက်ထပ်ကြဖို့ "

ဝါဝါက ရယ်ပြီး ညည်းညည်းလေး ပြော၏။

" ဟွန်း . . . ဘာကိစ္စများပြောမလဲ အောက်မေ့နေလို့ "

ဝါဝါနှင့် သူက လက်ချင်းတွဲလျက် စိန်ပန်းပင်ကြီးဆီမှ ပြန်လာကြသည်။

မလှမ်းမကမ်းအရောက်၌ နားလေးစွင့်ထောင်ပြီး ဝါဝါက မေး၏။

" ဘာသံလဲ မသိဘူး မောင် "

" သြော် . . . ဂဝံထောင်းသံပါ "

" ဒီမှာ ဂဝံတူးကြလို့လား "

" ဟုတ်တယ်၊ မောင်တို့ ငယ်ငယ်ကလဲ တူးကြတာပဲဟာ "

" သြော် . . . အင်း . . . ဟုတ်သားပဲ "

www.burmeseclassic.com

www.burmeseclassic.com

ကုန်းနိမ့်ပိုင်းသို့ မရောက်မီ ဒေါက်တာမျိုးမွန်က အနောက်ဘက် မိုးကောင်းကင်သို့ ကြည့်၏။
ရွှေရည်တို့ ပျောက်ပြီ။ ကြက်သွေးရောင်က ရဲနေ၏။
ခရမ်းရောင်တိမ်တိုက်ကြီးကလည်း ပြန့်ပွား လွှမ်းခြုံလာနေ၏။

* * *

**အခန်း ( ၁၄ )**

ပထမသော် မိုးည၌ လက သာနေသေးသည်။ လဝန်းကိုတော့ မတွေ့ရ။ ကောင်းကင်နှင့် မြေပြင်တွင် ငွေရောင်ဖျော့ဖျော့ဖြူဖြူ ရှိနေသည်။ မီးခိုးရောင် တိမ်ပါးပါးတို့က တစ်မိုးလုံးဖြန့်၍ ခရီးသွားနေသည်။ တိမ်တို့ ခရီးသွားပုံက မြန်သည်။ ရှေ့တိမ်ထက် နောက်တိမ်က ပိုထူ၍ ပိုမှောင်သည်။ ထို့နောက် တစ်မိုးလုံး မှောင်သွားသည်။

လျှပ်စီးတို့ လက်လာသည်။ မိုးခြိမ်းသံများလည်း ပေါ်လာသည်။ လေပြင်းလည်း ကျလာသည်။ ဝါဝါက ပြတင်းတံခါးကို ပိတ်လိုက်သည်။ ကြောက်စိတ်လေးကလည်း စဝင်ပြီ။

ဝါဝါက ဗီရိုတံခါးကို သော့ဖြင့်လှည့်ဖွင့်သည်။

ဗီရိုတွင်း၌ လက်ပွေ့အိတ်လေး တစ်လုံး ရှိသည်။

ဝါဝါက လက်ပွေ့အိတ်တွင်းမှ ဆေးပုလင်းလေးတစ်လုံးကို ယူပြီး ဗီရိုတံခါးကို သော့ဖြင့် ပြန်လှည့်ပိတ်သည်။

ဆေးပုလင်းလေးကို ကိုင်ပြီး ကုတင်ထက်၌ ထိုင်သည်။

မောင်က ဆေးပုလင်းကို လုံခြုံစွာ သိမ်းခိုင်းသည်။ ဝါဝါ နားထောင်ပါသည်။ ဆေးကို မလိုဘဲနှင့် မသောက်ရန် တားမြစ်သည်။ ဝါဝါ လိုက်နာလိုပါသည်။ ကြောက်သည်မှာ ခက်သည်။ ဤကြောက်စိတ်က ဘယ်တော့ ပျောက်မည်နည်း။

မောင်သာ အနီးတွင် ရှိလျှင်။ ချစ်သောမောင်သာ အနီးတွင် ရှိလျှင် . . . ။

မိုးခြိမ်းသံကြီးတစ်ခုက ပေါက်ကွဲထွက်လာသည်။ ဝါဝါက နားလေးနှစ်ဖက်ကို လက်လေးနှစ်ဖက်ဖြင့် ပိတ်သည်။ မျက်နှာကိုလည်း ခေါင်းအုံးထက် အပ်ထားလိုက်၏။

" အမလေး . . . "

လက်တစ်ခုက မိမိကျောပေါ် ကျလာသောကြောင့် ဝါဝါက လန့်အော်၏။

" ဝါဝါ . . . ကျွန်မပါ "

ဝါဝါက ခေါင်းအုံးမှ မျက်နှာကိုခွာပြီး ကြည့်သည်။

မမြမေ။

" မိုးတွေလေတွေ ကျလာလို့ ဝါဝါ ကြောက်တော့မယ်ဆိုပြီး ကျွန်မ လာခဲ့တာ "

ဝါဝါက ဆေးပုလင်းလေးကို ဆုပ်ကိုင်ထားရင်း ကုတင်ထက်၌ ထထိုင်သည်။

မမြမေကလည်း ဝါဝါ့အနီးတွင် ဝင်ထိုင်သည်။

" ကြည့်စမ်း၊ ဝါဝါ့လက်တွေ အေးစက်နေတာပဲ၊ ဝါဝါ သိပ်ကြောက်နေသလား "

ဝါဝါက အားယူပြုံး၏။

" ဝါဝါ နည်းနည်းပဲ ကြောက်တာပါ၊ အရင်တုန်းကလောက် မကြောက်တော့ဘူး "

" ဟုတ်တယ်၊ ဝါဝါ အခု သတ္တိကောင်းလာတယ်၊ ပြီးတော့ ဝါဝါပြောတဲ့ ဟိုကြောက်စရာအသံကြီး ဆိုတာလဲ မကြားတော့ဘူးနော်၊ ဟုတ်လား "

ဝါဝါ့ရင်မှာ ဖိုကနဲ ဖြစ်သွား၏။

အပြင်ဘက်၌ လေပြင်းကျနေသံကို ကြားရသည်။ ဟိုအသံကြီး မဟုတ်မှန်းတော့ ဝါဝါသိသည်။

ဝါဝါက ခေါင်းခါပြ၏။

" မင်းရဲသီဟတို့ ရှင်ထွေးတို့ ဝါဝါ့ဆီ မလာကြတော့ဘူးလား "

" ဟင် . . . ဘာပြောတယ် "

" ဩော် . . . အရင်တုန်းကတော့ သူတို့က ဝါဝါ့ကို လာလာခေါ်ကြတယ် မဟုတ်လား "

ဝါဝါ့ကျော၌ စိမ့်သွားပြီ။ လာလာခေါ်ကြသည် ဟူသော စကား၏အဓိပ္ပါယ်ကို တစ်မျိုးကြီး ခံစားရ၏။

" သူတို့ လာခေါ်တာ မဟုတ်ပါဘူး "

www.burmeseclassic.com

www.burmeseclassic.com

မမြမေက ပြုံး၏။

" သူတို့ ရှိမှန်းတော့ ပြကြတာပေါ့ "

ဝါဝါက မမြမေကို မျက်လုံးလေး ပြူးကြည့်၏။

" သူတို့ မပြဘူး၊ သူတို့ မရှိဘူး "

" အစကတော့ သူတို့ ရှိတယ်လို့ ဝါဝါပဲ ပြောခဲ့တာပဲ "

မမြမေသည် စိတ်မသိုးမသန့် ဖြစ်ဟန်နှင့် အခန်းတွင်းတစ်ခွင်ကို ကြည့်သည်။ အပြင်မှ လေဟုန်ကြောင့် ပြတင်းတံခါးက အသံပြုလျက် လှုပ်နေ၏။

မမြမေက ပြတင်းဆီ ထသွားပြီး ကြည့်၏။

" လေတိုးလို့ လှုပ်နေတာ "

မမြမေက ဝါဝါ့အနီး ပြန်မထိုင်တော့ဘဲ ကုလားထိုင်တစ်ခုတွင်သာ ထိုင်သည်။

ဝါဝါ၏ စိပ်ပုတီးလေးက ခေါင်းအုံးအနီးတွင် ခွေခွေလေး ရှိနေ၏။

" ဝါဝါ အခု ပုတီးစိပ်တယ်နော် "

ဝါဝါက ခေါင်းညိတ်ပြ၏။

" အဲဒါကြောင့် မတွေ့တော့တာ ထင်တယ် "

ဝါဝါက မဖြေ။

" တကယ်တော့ သူတို့တွေဟာ သနားစရာကောင်းပါတယ်၊ လူတွေလိုပဲ သူတို့တွေဟာ သံယောဇဉ် ရှိတယ်တဲ့၊ သူတို့ပြတာ သူတို့ကို မမေ့အောင်တဲ့၊ တစ်ခါတလေ ရွှေတွေငွေတွေ သူတို့ ပေးတတ်ကြတယ်၊ ဝါဝါ့ကို ဘာမှမပေးဘူးလား"

ဝါဝါက ခေါင်းခါ၏။

" အင်းလေ၊ ဝါဝါက ချမ်းသာနေတာကိုး၊ သူတို့ ပေးဖို့မလိုဘူးပေါ့၊ ဒါပေမယ့် သူတို့ မကြိုက်တာရှိတာတော့ ကြားဖူးတယ်၊ ဝါဝါကော ကြားဖူးလား "

" အင် . . . ဘာလဲ "

" သူတို့ထဲ တစိမ်းဝင်လာတာ မကြိုက်ဘူး "

" တစိမ်း၊ အဲဒါ ဘာပြောတာလဲ "

" ဝါဝါ နားလည်ဖို့က သူတို့ ဒီဘဝကို လွှတ်ပေးလိုက်တာက မတားချင်လို့ ခဏ လွှတ်ပေးတာ၊ အဲ . . . လက်ထပ်တာတွေ ဘာတွေ သူတို့ မကြိုက်ဘူး၊ အဲဒီအခါမျိုးမှာ သူတို့ တစ်ခါတည်း ပြန်လာခေါ်တတ်သတဲ့၊ အို . . . ဝါဝါ၊ ဝါဝါ ဘာဖြစ်သလဲ "

ဝါဝါက နားလေးကို လက်များနှင့် ပိတ်ကာ ကုတင်ပေါ်သို့ လှဲချလိုက်၏။

မမြမေက ထလာပြီး ဝါဝါ့ပုခုံးလေးကို ကိုင်သည်။

ဝါဝါ့တစ်ကိုယ်လုံးမှာ တုန်ယင်နေ၏။

" ဝါဝါ ဘာဖြစ်သွားသလဲ "

ဝါဝါက ထရပ်လိုက်၏။

" သူတို့ မရှိဘူး၊ သူတို့ကို မယုံဘူး၊ ဒါပေမယ့် ဝါဝါ ကြောက်တယ်၊ ကြောက်စရာတွေ ဝါဝါ့ကို လာမပြောပါနဲ့ "

" ဒါပေမယ့် အရင်တုန်းကတော့ ဝါဝါနဲ့ ကျွန်မ သူတို့အကြောင်းကို ပြောကြတာပဲ "

" အခု မပြောပါနဲ့၊ ဝါဝါ နားမထောင်ချင်ဘူး "

မမြမေက ဝါဝါ့ကို တစ်ချက်စိုက်ကြည့်သည်။ ထို့နောက် မျက်လွှာချ၍ ဆို၏။

" ဝါဝါ မကြိုက်ရင် ကျွန်မ မပြောတော့ပါဘူး "

မမြမေက ကိုယ်ကိုလှည့်လိုက်ပြီး အခန်းတွင်းမှ ပေါ့ပါးညင်သာစွာ ထွက်ခွာသွား၏။

ဝါဝါက ရပ်နေသည်။ ကြမ်းပြင်ပေါ်တွင် ကျနေသော မိမိ၏ အရိပ်ကို တွေ့ရသည်။

ဝါဝါက ပြတင်းဆီ လှမ်းကြည့်သည်။

ပြတင်းက လှုပ်နေသည်။ အသံမြည်၍ လှုပ်နေသည်။

ထိုစဉ် လျှပ်ပြက်လိုက်၏။ ခေတ္တ ထိန်သွားသည့်အခိုက်တွင် မှန်ပြတင်းကို ခွင်း၍ မြင်ရသည်။ အရိပ်များ . . .။

ဝါဝါက ကုတင်ထက်တွင် ပြန်ထိုင်သည်။ ရင်တို့က တဒိတ်ဒိတ် ခုန်နေ၏။ ရင်တွင်းမှာ ပူပြီး အာကလည်း ခြောက်နေသည်။

www.burmeseclassic.com

အပြင်ဘက်တွင် မိုးသံလေသံတွေကလည်း ဆူညံနေ၏။

ဝါဝါက အံကြိတ် သက်ပြင်းချပြီး လက်တွင်း ဆုပ်ကိုင်ထားသော ဆေးပုလင်းလေးကို ကြည့်သည်။ ထို့နောက် အခန်းထောင့်ရှိ စားပွဲဆီ ရောက်သွား၏။

စားပွဲပေါ်တွင် ရေဖန်တကောင်းနှင့် ဖန်ခွက်တို့ မရှိ။

ဝါဝါက အခန်းဝမှ ထွက်ခေါ်သည်။

“ ဒေါ်မြမေ ”

မမြမေက ပေါ့ပါးစွာပင် ရောက်ရှိလာ၏။

“ ရေတကောင်းနဲ့ ဖန်ခွက် မရှိဘူး ”

“ ဩော် . . . ကျွန်မ မေ့နေလို့၊ ညနေက ရေလဲထည့်ရင်း ဟိုကောင်မလေး ခွဲပစ်တယ်၊ ရေတကောင်းအသစ် လှလှလဲ မရှိသေးလို့ ”

မမြမေက ဝါဝါ့လက်တွင်းမှ ဆေးပုလင်းကို ကြည့်သည်။

“ ဝါဝါ ဆေးသောက်မလို့လား၊ ကျွန်မ ရေသွားယူခဲ့ပါ့မယ် ”

မမြမေ ထွက်သွား၏။

ဝါဝါက ကုတင်ပေါ်တွင် ပြန်ထိုင်၏။ ထိုင်ရင်းကလည်း မျက်လုံးများက လှုပ်နေသော ပြတင်းတံခါးပေါက်ဆီ ရောက်သွားသည်။ ထို့နောက် အရိပ်များဆီ . . . ။

မောင့်အသွင်ကို မြင်ယောင်သည်။ မောင့်မျက်နှာက ရဲရင့်သည်။ မောင့် ဟန်ပန်အမူအယာက ခန့်ညားသည်။ မောင်က မင်းရဲသီဟနှင့် တူသည်။

ဝါဝါ ထိတ်လန့်သွား၏။

မောင် . . . ၊ မင်းရဲသီဟ . . . ၊ ဘာဆိုင်သနည်း။ ဘာဆိုင်သနည်း . . . ။

ဗန်းလေးကို ကိုင်၍ မမြမေ ပြန်ပေါ်လာသည်။ ဗန်းပေါ်၌ ပန်းကန်ပြားခံလျက် ရေတစ်ဖန်ခွက် ပါလာသည်။

ဝါဝါက ဆေးပုလင်းကို ဖွင့်ပြီး ဆေးပြားလေးတစ်ပြားကို ပါးစပ်တွင်း ထည့်သည်။ ထို့နောက် ဖန်ခွက်တွင်းမှ ရေကို သောက်သည်။

ရေက အေးမြသည်။ ရေကို တွေ့မှ မိမိကိုယ်ကို ရေငတ်နေမှန်းလည်း သိသည်။

ဝါဝါက ရေတစ်ဖန်ခွက်ကုန်အောင် သောက်ပစ်လိုက်သည်။ ရေ၏အရသာမှာ တစ်မျိုးဖြစ်နေသည်ကို သတိပြုမိ၏။

“ ဒေါ်မြမေ၊ ရေထဲ ဘာထည့်ထားသလဲ ”

“ ဂလူးကို့(စ်) ”

“ ဘာလို့ ထည့်တာလဲ ”

“ ဝါဝါ တုန်လှုပ်နေတယ်၊ အိပ်ပျော်သွားရင် အားရှိအောင်၊ အရင်လဲ ကျွန်မ ဒီလိုပဲ တိုက်ဖူးသားပဲ ”

မမြမေက ဝါဝါ့လက်တွင်းမှ ဖန်ခွက်ကို ယူ၍ ဗန်းပေါ် ပြန်တင်ပြီး ဗန်းကို စားပွဲပေါ်၌ ထားလိုက်သည်။

မမြမေက ဝါဝါ့ကို စောင်ခြုံပေးသည်။ ဝါဝါ့ ပုတီးလေးကိုလည်း လက်တွင်း ထည့်ပေး၏။

“ အိပ်မပျော်ခင် ပုတီးစိပ်ပေါ့၊ ကျွန်မ ထိုင်စောင့်နေပါ့မယ်၊ ဝါဝါ အိပ်ပျော်မှ ခြင်ထောင်ချပေးပြီး ကျွန်မ သွားပါ့မယ်”

မမြမေက ကုလားထိုင်တွင် သွားထိုင်၏။

ဝါဝါက မျက်လုံးလေး မှိတ်ပြီး ပုတီး စ,စိပ်သည်။

အပြင်မှ မိုးသံလေသံများကို ကြားနေရဆဲပင် ဖြစ်သည်။ ဝါဝါ့စိတ်က ပုတီးဆီ ရောက်လိုက်၊ မိုးသံလေသံများဆီ ရောက်လိုက်နှင့် ဖြစ်နေ၏။

ပုတီးဆီ စိတ်ရောက်အောင် ကြိုးစားကာမှ အခြားအတွေးတို့က ဝင်ရောက်လာပြန်သည်။

မမြမေက ရေထဲတွင် ဂလူးကို့(စ်) ထည့်လာပေးသည်။ ရှေးယခင်က ယခုလိုညဥ့်၌ ဆေးတိုက်လျှင် နွားနို့ဖြစ်စေ၊ အိုဗာတင်းဖြစ်စေ ပေးတတ်သည်။ ဂလူးကို့(စ်)ရေလည်း ပေးသည့်အခါ ပေးသည်။ အစာမရှိဘဲ ဆေးမသောက်သင့်ဟု ဆိုသည်။ မိမိက ယခု သံသယရှိသကဲ့သို့ ဖြစ်နေသည်။ ဘာကြောင့် ဖြစ်နေသနည်း။

ယခင်ညက ဆေးသောက်လျှင် အိပ်ပျော်သွားသည်။ ဘာမျှမဖြစ်။ ရှင်ထွေးတို့ မင်းရဲသီဟတို့ကို မတွေ့။ ယခုသည်း ဘာကြောင့် တွေ့ရမည်နည်း။ သူတို့က ညတွင် မထွက်။ ဩော် . . . မိမိက ဘာကြောင့် သံသယ ရှိရမည်နည်း။

ဝါဝါ့နားတွင် မိုးသံလေသံများ တိုးသွားသည်ဟု ထင်သည်။

ဝါဝါက ပုတီးကို ဖိစိပ်မည်ဟု ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝါဝါ့လက်တွင် ပုတီးမရှိ။ လက်ချောင်းလေးများက ဘာကိုမျှ ထိတွေ့မှုမရှိ။

ဝါဝါက မျက်လုံးများကို ဖွင့်လိုက်သည်။ လက သာနေ၏။ တိမ်ပါးပါးတို့မှ ကောင်းကင်ထက် ရွေ့လျားနေသည်။ မိုးဖွဲလေးများလည်း ကျနေ၏။

သူက မြင်းပေါ်မှ ဆင်းသည်။ မြင်းကို သစ်ပင်ရိပ်တွင်း ဆွဲလာပြီး ဇက်ကြိုးကို သစ်ကိုင်းတစ်ကိုင်း၌ ချည်လိုက်၏။ မြင်းလည်ပင်းကို အသာပွတ်ချော့ပြီးမှ သူက သစ်ပင်ရိပ်မှ ထွက်လိုက်၏။

လရောင်တွင် သူ့မျက်နှာကို ဝါဝါ ကောင်းစွာ မှတ်မိသည်။

မင်းရဲသီဟ . . . ။

မင်းရဲသီဟ၏ အဝတ်အစားများက နွမ်းသည်။ ရှေးက တွေ့ဖူးသော နန်းဆန်သည့် အဝတ်အစားမျိုး မဟုတ်တော့။ ဆင်းရဲသားတို့ ဝတ်စားသော ချည်အင်္ကျီ၊ ချည်ပုဆိုးတို့သာ ဖြစ်သည်။ ခေါင်း၌ ခေါင်းစည်းထားသည်မှာလည်း ချည်ပုဝါပင် ဖြစ်ဟန်တူသည်။ ရွှေချည် ရွှေမျှင်တို့ မလက်။

မင်းရဲသီဟက ပတ်ဝန်းကျင်ကို စူးစမ်းဟန် ခေတ္တ ကြည့်နေသည်။ သူက ဝါဝါရှိရာဘက်သို့လည်း တစ်ချက် ကြည့်သည်။ သို့မဟုတ် ကြည့်သည်ဟု ဝါဝါ ထင်သည်။

နောက်တစ်ခဏတွင်မူ မင်းရဲသီဟက နေရာမှ သွက်သွက် ထွက်ခွာ၏။

ဝါဝါကလည်း သစ်ပင်ရိပ်အောက်မှ ထွက်၏။

လိုက်ရပေမည်။ မင်းရဲသီဟ နောက်သို့ . . . ။

မိုးဖွဲဖွဲကျနေသော ည၏ လရောင်အောက်တွင် ဝါဝါလည်း သွက်သွက် လျှောက်၏။

* * *

## အခန်း ( ၁၅ )

မိမိကိုယ်ကို ဦးနှောက်အေးအေး ထားနိုင်သည်ဟု ထင်ခဲ့သည်။ ယခုမူ ခေါင်းတစ်ခုလုံး ပူနေသည်။ စိတ်ကို တည်ငြိမ်စွာ ထားနိုင်သည်ဟုလည်း ထင်ခဲ့၏။ ယခုမူ ရင်တစ်ခုလုံး လောင်နေ၏။

အနီးရှိ တင်ညွန့်က သတိပေးဟန်ဖြင့် မိမိလက်ကို ဆုပ်သည်။

ဒေါက်တာမျိုးမွန် တင်ညွန့်ကို ကျေးဇူးတင်မိသည်။ တင်ညွန့်သာ ပါမလာလျှင် မိမိ ပေါက်ကွဲမိပေမည်။

ရဲအုပ်လူရွယ်က စနစ်တကျ စစ်ဆေးနေ၏။

" ညဆိုရင် အဝင်တံခါးကြီးလဲ ပိတ်ထားတယ်၊ မြောက်ဘက်တံခါးလေးလဲ ပိတ်ထားတယ်၊ အိမ်တံခါးလဲ ပိတ်ထားတယ်နော် "

" ဟုတ်ပါတယ် "

" အားလုံး သော့ခတ်ပိတ်သလား "

" သော့ခတ်ပါတယ် "

" သော့ ဘယ်သူ သိမ်းသလဲ "

" သိမ်းတယ် မဟုတ်ပါဘူး၊ အိမ်တံခါး သော့ခတ်ပြီးရင် အဲဒီချိတ်တွေမှာ ချိတ်ထားတာပဲ "

တိုက်နံရံတွင် စနစ်တကျကပ်၍ တပ်ထားသော ကျွန်းပြားပေါ်မှ ကြေးဝါချိတ်များကို ညွှန်ပြရင်း ဦးတိတ်ကြည်က ဖြေသည်။

" သော့တွဲက တစ်တွဲစီလား "

" တစ်တွဲစီပါ "

ရဲအုပ်က ကျွန်းပြားဆီ ကပ်သွားပြီး သော့တွဲတစ်တွဲကို ကိုင်ပြ၍ မေးသည်။

" ဒီသော့တွဲက . . . "

" အဝင် ဂိတ်တံခါးကြီးရဲ့ သော့ပါ "

" ဒါဖြင့် အိမ်တံခါးသော့နဲ့ မြောက်ဘက်တံခါးသော့ ပျောက်နေတယ်ပေါ့ "

" ဟုတ်ပါတယ် "

ရဲအုပ်က မှတ်စုစာအုပ်လေးကို ပြန်ငုံ့ကြည့်ပြီး မေး၏။

www.burmeseclassic.com

www.burmeseclassic.com

" ဦး ပြောတော့ ဝါဝါဟာ စိတ်ဖောက်ပြန်ပြီး မကြာခဏ ဒီလို ထွက်ထွက်သွားတတ်တယ်လို့ ပြောတယ်၊ ဒါဖြင့်ရင် သော့တွဲတွေကို ဘာကြောင့် ခုလို အလွယ်တကူ ထားသလဲ "

ဒေါက်တာမျိုးမွန်၏ ကြွက်သားများမှာ တင်းသွားသည်။ ဝါဝါ မကြာခဏ စိတ်ဖောက်ပြန်သည်။ ဤစကားက သူ့ဒေါသကို ဆွသည်။

တင်ညွန့်က ဒေါက်တာမျိုးမွန်၏လက်ကို ဆုပ်ညှစ်၍ သတိပေးပြန်သည်။

ဦးတိတ်ကြည်က ဖြေသည်။

" ဝါဝါဟာ ခါတိုင်း နေ့ခင်းတွေမှာသာ အဲ . . . စိတ် စိတ်ဖောက်ပြန်ပြီး ထွက်သွားတတ်တာပါ။ ညမှာ တစ်ခါမှ ထွက်မသွားဖူးပါဘူး၊ ဝါဝါဟာ ညဆို သိပ်ကြောက်တတ်ပါတယ်၊ စိတ်ဖောက်ပြန်ပေမယ့် ညကိုတော့ ကြောက်တာပဲ ထင်ပါတယ်၊ အထူးသဖြင့် မိုးလေပြင်းထန်တဲ့ညကို ဝါဝါ သိပ်ကြောက်တတ်ပါတယ်၊ အပြင်ထွက်ဖို့ ဝေးရော၊ အခန်းထဲမှာတောင် တံခါးတွေ လုံအောင်ပိတ်ပေးထားရပါတယ် "

" ဦး ဆိုလိုတာက စိတ်ဖောက်ပြန်ပေမယ့် ကြောက်တော့ ကြောက်တတ်တယ်ပေါ့ "

" ဦး ဘာကိုမှ ဆိုလိုနေတာ မဟုတ်ပါဘူး၊ ဦးရဲ့ အတွေ့အကြုံကို ပြောပြနေတာပါ။ မယုံရင် ဦးဇနီး အဲ . . . ဝါဝါ့အဒေါ်ကို မေးကြည့်ပါ "

ရဲအုပ်၏မျက်နှာတွင် ပြုံးရိပ်လေးပေါ်လာပြီး ဦးတိတ်ကြည်၏ ဇနီးကို ကြည့်သည်။

အဘွားကြီးက ငိုထားသဖြင့် မျက်လုံးတို့လည်း နီနေသည်။ မျက်ခွံတို့လည်း မို့နေသည်။ ရှူဆေးဆွတ်ထားသော ဝွမ်းစတစ်ခုကို နှာခေါင်း၌ ကပ်ထားပြီး ငြိမ်နေသည်။

အဘွားကြီးနောက်ဘက်တွင် ရပ်လျက် တည်ငြိမ်သော မျက်နှာထားဖြင့် မမြမေက အဘွားကြီး၏ခေါင်းကို ယပ်ခတ်ပေးနေ၏။

" အဲ . . . ဦး ဆက်ပြောပါဦး "

" ဒီတော့ ညဆို ဦးတို့ မစိုးရိမ်ပါဘူး၊ ပြီးတော့ အိမ်ဆိုတာ အဝင်အထွက်က အမြဲရှိတာ၊ သော့တွေကို ခဲရာခဲဆစ် သိမ်းထားလို့ လက်တွေ့မှာ မဖြစ်ပါဘူး၊ အဓိကတော့ ညဆို ဦးတို့ မစိုးရိမ်ပါဘူး၊ နောက်ပြီးတော့လဲ ကြာပြီ၊ ဝါဝါဟာ ခုတလော နေကောင်းနေတယ် "

" ဦး ပြောချင်တာက စိတ်မဖောက်ပြန်ဘူးပေါ့ "

" ဟုတ်ပါတယ် "

" ဘယ်လောက်ကြာပြီလဲ "

" နှစ်လကျော်ပြီ "

" အရင်တုန်းက . . . "

" ဆယ်ရက်တစ်ခါ၊ ဆယ့်ငါးရက်တစ်ခါ၊ တစ်ခါတလေ တစ်လတစ်ခါ၊ အခု နှစ်လကျော် ဘာမှမဖြစ်တော့ ဟိုဒင်း ဦးတို့ ပေါ့ဆမိတယ်ဆိုရင်လဲ အဲ . . . ဆိုပေါ့ "

နောက်ဆုံး စကားကိုမူ ဦးတိတ်ကြည်က ဒေါက်တာမျိုးမွန်ကို ကြည့်၍ ပြော၏။

ဦးတိတ်ကြည်ကို ဒေါက်တာမျိုးမွန် အံ့သြခြင်းတော့ ဖြစ်မိသည်။ သူ့အမူအယာက စိတ်ဒုက္ခရောက်နေသော အသွင်ကို ပြနေသည်။ သူ့မျက်နှာက နေ့ချင်းညချင်း အိုမင်းကျသွားသကဲ့သို့ ရှိနေသည်။ အလွန်ဟန်ဆောင်ကောင်းသူတစ်ဦးဟု ဒေါက်တာမျိုးမွန် မကျေနပ်သည့်ကြားမှ ချီးမွမ်းမိသည်။

ရဲအုပ်က မှတ်စုစာအုပ်လေးကို ပြန်ဖတ်ပြီး မေးပြန်သည်။

" ဝါဝါ အိပ်ပျော်သွားတဲ့အခါမှာ ဒေါ်မြမေက ခြင်ထောင်ချပေးခဲ့တယ် ပြောတယ်၊ ဝါဝါအိပ်တော့ ဘာအဝတ်အစား ဝတ်ထားသလဲ "

" အင်္ကျီကတော့ အဖြူပါ၊ ထဘီကတော့ အနီပါ၊ အနီမှာ အဝါနဲ့ အစိမ်းပွင့်လေးတွေပါတယ်၊ ဝါဝါ ဝတ်နေကျပါ"

" အိပ်ခါနီး ဝါဝါ အဝတ်မလဲဘူးလား "

" အဲဒါ လဲထားတဲ့ အဝတ်အစားပေါ့ "

ရဲအုပ်က မှတ်စုစာအုပ်လေးကို ပြန်ပိတ်လိုက်ပြီး တိုက်အပြင်ဘက်သို့ ကြည့်၏။

ရဲကြပ်တစ်ဦးက ရဲသားတစ်ဦးနှင့်အတူ ဝင်လာသည်။ ရဲကြပ်၏ လက်တွင်း၌ ပိတ်စနီနီလေးတစ်ခု ကိုင်ထား၏။

" ဘာလဲဟေ့ "

ရဲကြပ်က ပိတ်စလေးကို မြှောက်ပြသည်။

www.burmeseclassic.com

" ဒါလေး ဆရာ၊ ချုံတွေကြားထဲမှာ ငြိကျန်ရစ်တာ "

ရဲအုပ်က ပိတ်စလေးကိုယူပြီး မမြမေကို ပြသည်။

" ဟုတ်ပါတယ်၊ ဝါဝါ့ထဘီအဆင်ပါ၊ ဒီမှာ အဝါနဲ့ အစိမ်းပွင့်လေးတွေ ပါပါတယ် "

ရဲအုပ်က ထဘီအစလေးကို ရဲကြပ်အား ပြန်ပေးသည်။

" တခြား ဘာတွေ့သေးလဲ "

ရဲကြပ်က သော့တွဲတစ်တွဲ ပြ၏။ ရဲအုပ်က ဦးတိတ်ကြည်ကို ထပ်ဆင့်ပြ၏။

" အာ . . . အဲဒါ မြောက်ဘက်တံခါးက သော့တွဲ "

ရဲအုပ်က သော့တွဲကို ရဲကြပ်ကိုပင် ပြန်ပေးလိုက်ပြီး မေးသည်။

" တခြား သော့တွဲတစ်တွဲကော မတွေ့ဘူးလား "

" မတွေ့ဘူး ဆရာ၊ ဒါတောင် ကံကောင်းလို့၊ တစ်ဝက်က ရွှံ့ထဲမြုပ်နေတာ "

ရဲအုပ်က ပြုံးပြီး ဦးတိတ်ကြည်အား ပြော၏။

" ဦးတို့ရဲ့ ပူပင်သောကကို ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ ပူပင်သောက ရောက်နေတဲ့လူတွေကို စစ်ဆေးမေးမြန်းရတာ အားနာပါတယ်၊ ဒါပေမယ့် ဒါက ကျွန်တော်တို့ ဝတ္တရားပါ "

" ကိစ္စမရှိပါဘူး မောင်ရင်ရယ်၊ ဦး နားလည်ပါတယ်၊ ဦး တူမလေးကိုသာ ပြန်တွေ့အောင် ကြိုးစားပေးကြပါ၊ ဦးတို့ဘက်က ဘာလိုလို ပြောပါ "

" ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားပါ့မယ်၊ ပျောက်သောသူ ရှာရင်တွေ့ပါသတဲ့ ဦး၊ ဒါမျိုး ကျွန်တော် ကြုံဖူးပါတယ်၊ ပြန်တွေ့တာချည်းပါပဲ၊ မုဒုံ၊ သံဖြူဇရပ်၊ မုတ္တမ၊ ပေါင်၊ သထုံ စတဲ့ မြို့တွေက ပြည်သူ့ရဲတွေဆီလဲ အမြန်ဆုံး အကြောင်းကြားပေးပါ့မယ်၊ ရန်ကုန်ဘူတာကြီးအထိ အကြောင်းကြားပေးထားပါ့မယ် "

ရဲအုပ်၊ ရဲကြပ်နှင့် ရဲသားတို့က ပြန်သွားကြ၏။

တင်ညွန့်ကလည်း ဆို၏။

" ကဲ . . . တို့လဲ သွားကြရအောင် "

ဤနေရာတွင် ဆက်ထိုင်နေ၍ ဘာမျှ အဓိပ္ပါယ်မရှိသည်ကို သိသည်။ ဤအိမ်တွင် ဘာမျှ ဆက်မလုပ်နိုင်သည်ကိုလည်း နားလည်သည်။ သို့ရာတွင် ဒေါက်တာမျိုးမွန်က ဤအိမ်မှ မခွာချင်။

ဤအိမ်၊ ဝါဝါ့အိမ်၊ ချစ်သူ့အိမ်။ သို့ရာတွင် ဤအိမ်တွင် ဝါဝါ မရှိတော့၊ ချစ်သူ မရှိတော့။

ဒေါက်တာမျိုးမွန်က နေရာမှ လေးပင်စွာ ထသောအခါမှ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေသော ဦးတိတ်ကြည်က ခါးမတ်လာပြီး ဆို၏။

" တူမောင့်ရင်ထဲ မီးလောင်နေပြီဆိုတာ ဦး နားလည်ပါတယ်၊ ဦးလဲ ရင်ရော ခေါင်းရော မီးလောင်နေပါပြီ၊ ဝါဝါ့လို ဝေဒနာရှင်တစ်ဦးကို စောင့်ရှောက်ရသူရဲ့ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းတွေကို တူမောင့်ကို ဦးပြောပြခဲ့တယ်။ အခု ဦး အကြောက်ဆုံးဟာ ဖြစ်လာခဲ့တယ်၊ ဦး ညံ့တာ၊ ဦး ပေါ့တာ၊ ဦးကို အပြစ်တင်ပါ "

ဦးတိတ်ကြည်၏ မျက်နှာမှာ ငိုမည်ကဲ့သို့ ဖြစ်နေသည်။ အသံမှာလည်း ဆို့နင့် အက်ကွဲနေ၏။

ဒေါက်တာမျိုးမွန်က ဦးတိတ်ကြည်ကို ငေးကြည့်၏။ သြော် . . . ဟန်ဆောင်ကောင်းလှချေပါလား။

" ဦး မညံ့ပါဘူး၊ ဦး မပေါ့ပါဘူး၊ ကံလို့ပဲ ပြောကြတာပေါ့ ဦးရယ်၊ ဒါပေမယ့် ဝါဝါ့ကိုတော့ မတွေ့တွေ့အောင် ကျွန်တော်တို့ ရှာကြရပါမယ်၊ ဝါဝါ တစ်ခုခုများ ဖြစ်သွားရင်တော့ . . . "

တင်ညွန့်က ဒေါက်တာမျိုးမွန်ကို ဆွဲခေါ်လာခဲ့၏။

ကားက တင်ညွန့်ကား ဖြစ်ပြီး၊ တင်ညွန့်ကိုယ်တိုင် မောင်းသည်။

မုဒုံ-မော်လမြိုင် လမ်းမကြီးပေါ်၌ ကားပြေးနေစဉ် ဒေါက်တာမျိုးမွန်က မေးသည်။

" တို့ ဘယ်သွားကြမလဲ "

" အိမ်ပြန်မယ်လေ "

" အိမ် မဝင်နဲ့ဦးကွာ၊ တောင်ပေါ်ဆက်သွား၊ ဦးစိုးနောင်ဆီကို "

" မနက်က တို့ အိမ်ကို ဖုန်းဆက်တုန်းကလဲ ဦးစိုးနောင် မရှိဘူး၊ အစောကြီးတည်းက အပြင်ထွက်သွားတယ်တဲ့၊ ဟိုကို ထွက်သွားတော့လဲ မြင့်မြင့်ကို ငါမှာခဲ့တယ်၊ ဦးစိုးနောင်ကို ရအောင်ဆက်သွယ်လို့၊ အဆက်အသွယ်ရရင် တို့ဆီ ဖုန်းလှမ်းဆက်လို့၊ မြင့်မြင့်ဆီက ဘာဖုန်းမှ မလာဘူး "

" အခု ဦးစိုးနောင် ရုံးရောက်ချင် ရောက်နေမှာပေါ့ "

www.burmeseclassic.com

" အဲဒါ အိမ်က လှမ်းစုံစမ်းရင် ရတာပဲ၊ သေချာမှ ရုံးကို လိုက်ကြတာပေါ့ "

တင်ညွန့်ပြောသည်မှာ နည်းလမ်းကျနေ၏။ စိတ်စောနေသော မိမိကသာ ငြိမ်မနေဘဲ တစ်ခုခု လုပ်ချင်နေသည်။

တင်ညွန့်၏ အိမ်ပေါက်ဝတွင် မြင့်မြင့်က စောင့်ကြိုနေ၏။

" ဦးစိုးနောင်နဲ့ အဆက်အသွယ်ရလား "

" မရဘူး မောင်၊ မြင့် အခုလေးတင် ဆက်သေးတယ်၊ အိမ်မှာလဲ မရှိဘူး၊ ရုံးမှာလဲ မရှိဘူး "

ဒေါက်တာမျိုးမွန်က တင်ညွန့်၊ မြင့်မြင့်တို့နှင့်အတူ ဧည့်ခန်းတွင် ထိုင်လိုက်၏။

တင်ညွန့်က လက်ပတ်နာရီကို ကြည့်သည်။

" နေမြင့်လှပြီ အောက်မေ့တယ်၊ ဆယ်နာရီပဲ ရှိသေးတာကိုး၊ အချိန်တွေ အများကြီး ကျန်ပါသေးတယ် "

" ဘာအချိန်တွေလဲ "

" ဩော် . . . ရှာဖို့ဖွေဖို့ အချိန်၊ တခြားမြို့နယ်တွေကို အကြောင်းကြားဖို့ အချိန် "

" ဘာလဲ မင်းကပါ ဝါဝါ စိတ်ဖောက်ပြန်ပြီး ပျောက်သွားတယ်လို့ ထင်နေလို့လား "

" ခုချိန်မှာ အဲဒီလို ထင်နေတာ အကောင်းဆုံးပဲ "

" ဝါဝါ စိတ်မဖောက်ပြန်တာ မင်းတို့ ငါတို့ အသိဆုံး "

" ဟုတ်တယ် မင်းတို့ ငါတို့၊ တခြားသူတွေတော့ မဟုတ်ဘူး၊ တို့လဲ အဲဒီလို ထင်နေကြတာ ကောင်းတယ်၊ ဒါကြောင့်လဲ ဟိုအိမ်တုန်းက မင်းကို ခဏခဏ သတိပေးနေတာ၊ တို့ ဘာတွေသိထားတယ်ဆိုတာ သူတို့ သိလို့မဖြစ်ဘူး၊ သူတို့ ထိုးကျွေးတဲ့အတိုင်း တို့မျိုချထားတယ်လို့ သူတို့ ယုံလေ ကောင်းလေပဲ "

" ဒါဆိုရင် အခု တို့ဘာလုပ်ကြမလဲ "

" ခေါင်းအေးအေးထားပြီး စဉ်းစားကြတာပေါ့ကွာ၊ မင်းစိတ်ထဲမှာ ခုဖြစ်ထွန်းပေါ်ပေါက်မှုဟာ သွားရိုးသွားစဉ်လမ်းကြောင်းအတိုင်း မဟုတ်ဘဲ တိမ်းသွားတယ်၊ စောင်းသွားတယ်လို့ မထင်ဘူးလား "

" ဘာပြောတယ် "

" ဦးတိတ်ကြည် မူလလုပ်ထားတာက ဝါဝါ့ကို စိတ်မနှံ့သူလို့ ထင်ပြီး ယူမယ့်သူမရှိအောင် လုပ်ထားတာ၊ ဝါဝါ အိမ်ထောင်မပြုမှ ဝါဝါ့ငွေကြေးတွေကို သူ အပိုင်စီးနိုင်မှာ၊ အဲဒီမှာ မိုးတစ်(ဖ) ရည်ရွယ်ချက် ရှာတွေ့နိုင်တယ် ဆိုပါတော့ကွာ၊ ဒါပေမယ့် မင်းက ဝါဝါနဲ့ယူဖို့ စေ့စပ်ကြောင်းလမ်းလိုက်တယ်၊ ဒီတော့ မူလစီမံကိန်း ပျက်သွားတာပေါ့၊ ဒီအခြေမှာ ဦးတိတ်ကြည်ဟာ ချော်လဲရောထိုင် လုပ်လိုက်ရင် အကောင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပဲ၊ လုပ်လဲ လုပ်ခဲ့တာပဲ မဟုတ်ဘူးလား၊ ဒါပေမယ့် အခု ဝါဝါ ပျောက်သွားတယ်၊ ဘာကြောင့်လဲ "

မြင့်မြင့်က ဝင်ပြော၏။

" မျိုးမွန် စိတ်ပျက်နောက်ဆုတ်သွားအောင် လုပ်တာ မဖြစ်နိုင်ဘူးလား "

" မဖြစ်နိုင်ဘူး၊ မျိုးမွန် စိတ်မပျက်မှာ သူအသိဆုံး၊ ပြီးတော့ ဒီလိုနည်းက အန္တရာယ်ကြီးတယ်၊ လူပျောက်သွားတာကွ၊ လူပျောက်ရင် ရဲဝင်လာမယ်၊ ဒီကနေ မီးခိုးကြွက်လျှောက် ဖြစ်လာနိုင်တယ် "

မြင့်မြင့်က ငြိမ်စဉ်းစားနေ၏။ ခဏအကြာ၌ ဝင်ပြော၏။

" ဟို ငွေတစ်သိန်းကိစ္စကော၊ ငွေတစ်သိန်းကို အရင်လို လွယ်လွယ်ကူကူမရတော့ ပြန်ပေးဆွဲတာ မဖြစ်နိုင်ဘူးလား"

" အဲဒါလဲ မဖြစ်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ ဒီငွေကိစ္စကို မျိုးမွန် သိပြီး ဖြစ်နေပြီ၊ မျိုးမွန် သိပြီးဖြစ်တဲ့အကြောင်း ဝါဝါက ပြန်ပြောပြီးပြီ ထင်တယ် "

" ဝါဝါ ပြန်မပြောရသေးဘူး ဆိုရင်ကော "

" ပြန်မပြောရသေးတောင် မျိုးမွန် သိပြီးပြီလို့ သူယူဆနိုင်တယ်၊ ဒီအကြောင်း လက်မထပ်ခင် မျိုးမွန် ကြိုတင်သိထားအောင် ဝါဝါ ပြောနိုင်ဖို့ ဦးတိတ်ကြည်ပဲ တိုက်တွန်းခဲ့တာ၊ ဟိုဒင်းလေ . . . တိုက်တွန်းသလို လုပ်ခဲ့တာ၊ ဒီတော့ ပြန်ပေးဆွဲရင်တောင် မျိုးမွန် မသင်္ကာဖြစ်မှာ ဦးတိတ်ကြည် ကြိုတင်တွက်ဆနိုင်ပါတယ် "

" ဒါဖြင့် အခု ဘာလုပ်တာလဲ "

" မသိဘူး၊ တစ်စုံတစ်ခု တိမ်းစောင်းသွားတယ်လို့တော့ မောင် ထင်နေတယ်၊ ဩော် . . . မျိုးမွန်ရေ၊ မင်း ဦးတိတ်ကြည်ရဲ့ အမူအယာကို ဘယ်လိုထင်သလဲ "

" ဘယ်လိုထင်ရမလဲ၊ သိပ်အမူအယာ ကောင်းတယ် "

" ငါကတော့ အမူအယာလုပ်တယ်လို့ မထင်ဘူး၊ ရှေ့နေတစ်ယောက်အဖြစ် အမူအယာကောင်းတဲ့ တရားခံတွေ ငါ အများကြီး တွေ့ဖူးတယ်၊ ဒါမျိုး မဟုတ်ဘူး "

www.burmeseclassic.com

www.burmeseclassic.com

“ မင်းက ဦးတိတ်ကြည် တကယ် စိတ်ထိခိုက်နေတယ်လို့ ထင်တယ်ပေါ့ ”

“ အေး ထင်တယ်၊ သူ နောက်ဆုံးပြောလိုက်တဲ့ စကားသံဟာ ငါ့နားထဲက မထွက်ဘူး၊ ဦး ညံ့တာ၊ ဦး ပေါ့တာ ဆိုတာလေ ”

“ အဲဒါ ဘာပြောတာလို့ မင်းထင်သလဲ ”

“ ဘာပြောတာလဲလို့ ငါလဲ သိချင်တာပဲ ”

“ မင်းဟာက ဘာလဲကွ ”

“ အေးလေ တို့ . . . ခေါင်းအေးအေးထား စဉ်းစားကြတာပေါ့၊ နေဦး ငါ ဦးစိုးနောင်ဆီ ဖုန်းဆက်ကြည့်ဦးမယ် ”

တင်ညွန့်က တယ်လီဖုန်း ထဆက်၏။

“ ဟယ်လို ဦးစိုးနောင် ရှိလား၊ မရှိဘူး၊ ခင်ဗျာ . . . ဦးတင်ညွန့်ပါ၊ ဟုတ်ကဲ့ ရှိပါတယ်၊ သြော် . . . သြော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ”

တင်ညွန့်က ဟုတ်ကဲ့ပေါင်းများစွာ လိုက်ရင်း တစ်ဖက်မှ ပြောသံကို နားထောင်နေပြီး တယ်လီဖုန်းကို ချလိုက်သည်။

“ ဘာတဲ့လဲ ”

မြင့်မြင့်နှင့် ဒေါက်တာမျိုးမွန်က ပြိုင်တူ မေးမိကြသည်။

“ ဦးစိုးနောင် အခု မရှိဘူး၊ ဒါပေမယ့် စောစောက တစ်ခေါက်ပြန်လာတယ်တဲ့၊ တို့ သူနဲ့ ဆက်သွယ်နေမှန်းသိလို့ မှာသွားတယ်တဲ့၊ တို့ သူနဲ့ မတိုင်ပင်ဘဲ ဘာမှ မပြော၊ ဘာမှ မလုပ်ကြပါနဲ့တဲ့၊ ဒီအိမ်ကပဲ စောင့်နေကြပါ၊ သူ ဆက်သွယ်ပါ့မယ်တဲ့”

“ ဘယ်သူက ပြောတာလဲ ”

“ သူ့ လက်ထောက်အရာရှိ ”

“ ဒီအိမ်ကပဲ စောင့်ပါလို့ ပြောတာ ဘာသဘောလဲ ”

“ ဘယ်လိုလုပ် သိမလဲ ”

“ အေးလေ၊ စောင့်ဆိုလဲ စောင့်ရတော့မှာပေါ့၊ တခြား ဘာတတ်နိုင်လို့လဲ ”

ဒေါက်တာမျိုးမွန်က တင်ညွန့်တို့နှင့်အတူ အိမ်၌ စောင့်နေ၏။ မြင့်မြင့်က နံနက်စာ ကျွေးသောအခါ စားသာ စားလိုက်ရ၏။ ဘာစားလိုက်မိမှန်း မသိ။

ရှည်လျားလှသည်ထင်သော နာရီတို့က တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ ညနေ သုံးနာရီ၌ တယ်လီဖုန်းလာသည်။ တင်ညွန့်က ဖုန်းကိုထူး၏။

“ ဟုတ်ကဲ့၊ ဦးတင်ညွန့်ပါ၊ ရှိပါတယ်၊ ခင်ဗျာ အခုလား၊ ဟုတ်ကဲ့ လာခဲ့ပါမယ် ”

တင်ညွန့်၏ မျက်နှာက ကြည်လင်သကဲ့သို့ ဖြစ်နေ၏။

“ ဘာတဲ့လဲ ”

“ ဦးစိုးနောင်ရဲ့ လက်ထောက်ဆီကပဲ၊ သုဝဏ္ဏမြိုင်ကို လိုက်ခဲ့ကြပါတဲ့၊ ဟိုက ဦးစိုးနောင် စောင့်နေမယ်တဲ့ ”

“ ဟင် . . . ဟုတ်လား၊ အကြောင်းထူးသလား ”

“ ထင်တာပဲ ”

သူငယ်ချင်းနှစ်ဦးတို့သည် တင်ညွန့်၏ ကားလေးနှင့်ပင် သုဝဏ္ဏမြိုင်ခြံကြီးဆီသို့ အမြန် ထွက်လာခဲ့ကြသည်။

ခြံကြီးအတွင်း၌ ရဲကားနှစ်ဦး ရှိနေသည်။ တစ်စီးမှာ ဦးစိုးနောင်စီးသောကား ဖြစ်မှန်း ဒေါက်တာမျိုးမွန် မှတ်မိသည်။ ဆီဒင်ကား နှစ်စီးလည်း ရှိသေး၏။

သေနတ်ကိုင်ရဲသားတစ်ဦးက ဂိတ်တံခါးဝတွင် စောင့်နေ၏။ ခြံကြီးတွင်းရှိ ထောင့်တို့၌လည်း သေနတ်ကိုင်ရဲသားများ ရှိနေကြပြန်၏။

ကျယ်ဝန်းခေတ်မီသော ဧည့်ခန်းတွင်း၌လည်း လူအတန်စုံနေ၏။

ထိပ်ဖြစ်သော ဆိုဖာထက်၌ ရှည်သွယ်ခန့်ညားသော ဦးစိုးနောင်က ရဲဝတ်စုံပြည့် ဝတ်လျက် ထိုင်နေသည်။

“ လာလာ ဆရာ ”

ဦးစိုးနောင်က ဖိတ်ခေါ်သဖြင့် ဒေါက်တာမျိုးမွန်နှင့် တင်ညွန့်တို့ ဦးစိုးနောင်အနီး၌ ဝင်ထိုင်ကြသည်။

ဒေါက်တာမျိုးမွန်က ထိုင်နေသော အခြားသူများကို ကြည့်သည်။

အလယ်၌ အိမ်နောက်ကို ကျောခိုင်းလျက် ဦးတိတ်ကြည်က ထိုင်နေသည်။ ဦးတိတ်ကြည်နှင့် ယှဉ်လျက်က သူ့ဇနီး၊ အဘွားကြီးက နံနက်တုန်းကကဲ့သို့ပင် ဂွမ်းစတစ်ခုကို နှာခေါင်း၌ ကပ်ထား၏။ အဘွားကြီး၏ ကျောဘက်တွင် ကုလားထိုင်

www.burmeseclassic.com

www.burmeseclassic.com

တစ်လုံးနှင့် ထိုင်လျက် မမြမေက အဘွားကြီး၏ ခေါင်းကို ယပ်ခတ်ပေးနေ၏။ အဘွားကြီးပြီးတော့ ဦးစံထွန်း၊ ထို့နောက် ဦးလှကျော်။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ဦးတိတ်ကြည်ဆီ ရောက်သွား၏။

ဦးတိတ်ကြည်၏ အမူအရာသည် နံနက်တုန်းကနှင့် မတူတော့။ မျက်နှာကတည်ပြီး ဖြူသောအသားမှာ နီနေ၏။ မျက်လုံးကျဉ်းကျဉ်းများကလည်း မာကျောမှုကို ပြနေ၏။

နောက်ဆုံးတော့ ဒေါက်တာမျိုးမွန်က မေးသည်။

" ဘယ်လိုဖြစ်တာလဲ ခင်ဗျာ "

ဦးစိုးနောင်က ပြုံးလျက် လက်ဝါးကာပြ၏။

" ခဏသည်းခံပါ ဆရာ၊ သိလာပါလိမ့်မယ် "

ဦးတိတ်ကြည်က ဝင်ပြော၏။

" ဝေဒနာရှင် တူမလေးကို စောင့်ရှောက်ရလို့ ခံစားရတဲ့ စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဆင်းရဲခြင်းတွေကို ဦး ပြောပြခဲ့ပြီးပြီ၊ ဒါပေမယ့် ဦး မျှော်လင့်ထားတဲ့ ဆင်းရဲခြင်းမှာ အရှက်တကွဲ အကျိုးနည်းဆိုတဲ့ ဆင်းရဲခြင်း မပါဘူး၊ အခုကြည့် ဦးတို့အိမ်ဟာ ဝရမ်းထုတ် အရှာခံရတယ် "

ဦးတိတ်ကြည်က နာကြည်းမှုကို မဖုံးနိုင် မဖိနိုင်သော အသံဖြင့် ပြော၏။

ဦးစိုးနောင်ကမူ ချိုသာသောအပြုံး၊ ချိုသာသောအသံတို့ဖြင့် ပြော၏။

" ဦးတိတ်ကြည်လဲ ခဏသည်းခံပါ၊ ဟုတ်လား "

" ဟုတ်ကဲ့ ခဏသည်းခံပါ့မယ်၊ နောက်ကျရင်တော့ ကျုပ်ရဲ့ ဂုဏ်သရေကို ထိခိုက်မှုအတွက် တာဝန်ရှိသူတွေသာ တရားဥပဒေနဲ့ ရင်ဆိုင်ရဖို့ အဆင်သင့် လုပ်ထားစေချင်ပါတယ် "

ဦးစိုးနောင်က ပြုံးလျက်ပင် ဦးညွှတ်ပြ၏။

အပေါ်ထပ်သို့တက်သော လှေကားထိပ်တွင် ရဲအုပ်တစ်ဦး၊ ရဲကြပ်တစ်ဦးနှင့် အရပ်ဝတ်အရပ်စား ဝတ်ထားကြသော လူကြီးနှစ်ဦး ပေါ်လာ၏။

ရဲအုပ်က တစ်စုံတစ်ခုကို မြှောက်ပြ၏။ ဒေါက်တာမျိုးမွန်က ဖြူဖြူတစ်ခုသာ လှမ်းမြင်ရ၏။

" တွေ့ခဲ့လားဟေ့ "

" တွေ့ခဲ့ပြီ ဆရာ "

ရဲအုပ်က ဖြူဖြူအရာကို ဦးစိုးနောင်ထံ ယူလာခဲ့သည်။

ရဲကြပ်က အခန်းထောင့်၌ သွားရပ်နေ၏။ အရပ်ဝတ်အရပ်စားနှင့် လူကြီးနှစ်ဦးက ဦးတိတ်ကြည်တို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ ဦးစိုးနောင်က အိတ်တွင်းမှအရာကို ထုတ်ယူလျက် ဒေါက်တာမျိုးမွန်အား ပြသည်။

ဆေးပုလင်းလေးတစ်လုံး။

ဒေါက်တာမျိုးမွန်က အဓိပ္ပါယ်ပြည့်ဝသောအကြည့်ဖြင့် ဦးစိုးနောင်ကို ကြည့်သည်။ ဦးစိုးနောင်က ခေါင်းညိတ်ပြ၏။

ဒေါက်တာမျိုးမွန်က မမြမေဆီ ကြည့်၏။ မမြမေက ဣန္ဒြေတစ်ချက်မျှ မပျက်ဘဲ အဘွားကြီး၏ ခေါင်းကိုသာ ယပ်ခတ်ပေးမြဲ ပေးနေ၏။

ဒေါက်တာမျိုးမွန်၏ မျက်လုံးများက ဦးတိတ်ကြည်ထံ ရောက်သွား၏။ ဦးတိတ်ကြည်၏ မျက်နှာက ပိုတင်းနေသည်။ မျက်လုံးများက မည်သူ့ကိုမျှ မကြည့်။ ကြမ်းပြင်ဆီသာ စိုက်ထား၏။

ဦးစိုးနောင်က ပုလင်းလေးကို အိတ်တွင်းသို့ ဂရုတစိုက်ပြန်ထည့်ပြီး အိတ်ကို ရဲအုပ်အား ပြန်ပေးလိုက်သည်။

တိတ်ဆိတ်နေသော အခန်းတွင်း၌ ဦးစိုးနောင်၏ အသံ ပေါ်လာ၏။

" လူကြီးမင်းတို့ နားလည်ကြမယ် မဟုတ်ဘူး၊ အထူးသဖြင့် ဦးစံထွန်းတို့ ဦးလှကျော်တို့ နားလည်ကြမယ် မထင်ဘူး၊ ကျွန်တော် ရှေးဦးစွာ ပြောပြထားချင်တာက ဦးတို့ရဲ့ တူမလေး ဝါဝါမှာ ဘာစိတ်ရောဂါမှ မရှိဘူး၊ ဒါကြောင့် စိတ်ဖောက်ပြန်မှု ဆိုတာလဲ မရှိဘူး "

" ခင်ဗျာ . . . "

ဦးစံထွန်းနှင့် ဦးလှကျော်တို့ထံမှ ပြိုင်တူထွက်လာသောအသံ ဖြစ်၏။

" မိဘနှစ်ပါး ဆုံးပြီးတဲ့နောက်မှာ ဝါဝါဟာ စိတ်ထိခိုက်ပြီး မကျန်းမမာ ဖြစ်ခဲ့တာ မှန်ပါတယ်၊ စိတ်ကျန်းမာရေး ပျက်သင့်သမျှ ပျက်သွားပေမယ့် ရူးသွပ်ခြင်းလို့ အများသိကြတဲ့ ဆိုက်ကိုးဆစ်ရောဂါတော့ ဖြစ်တာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဝါဝါဟာ ဆိုက်ကိုးဆစ်ရောဂါရှင်တွေမှာသာ ဖြစ်လေ့ရှိတဲ့ မရှိတာတွေ မြင်တယ်၊ မရှိတာတွေ ကြားတယ်၊ ဒီတော့

www.burmeseclassic.com

ဘေးပတ်ဝန်းကျင်နဲ့ ဆွေမျိုးအသိုင်းအဝိုင်းက ဝါဝါ့ကို ရှုံးသွားပြီ ထင်ကြတယ်၊ ဒီအခါမှာလဲ မရှက်သင့်တာကို ရှက်၊ မဖုံးသင့်တာကို ဖုံးခဲ့ကြတယ်၊ ရှုံးတယ်ထင်ရင် သက်ဆိုင်ရာဆရာဝန်ကြီးတွေနဲ့ ဆေးရုံကြီးတွေဆီသာ သွားသင့်ပါတယ်၊ အခုတော့ ကြိတ်ကုကြဖို့သာ ကြိုးပမ်းခဲ့ကြပါတယ် ”

ဦးစိုးနောင်က ဦးစံထွန်းနှင့် ဦးလှကျော်တို့ကို ကြည့်ပြီး နောက်ဆုံးစကားများကို ပြောခြင်းဖြစ်၏။

အကြီးဖြစ်သူ ဦးစံထွန်းက ပြော၏။

“ နို့ ဦးစိုးနောင်ကပဲ ခုနက ဝါဝါ မရူးဘူးဆို ”

“ ဟုတ်ကဲ့၊ ဆက်ရှင်းပါ့မယ်၊ ဝါဝါဟာ မရှိတာတွေမြင်၊ မရှိတာတွေ ကြားနေရတာ စိတ်ရောဂါကြောင့် မဟုတ်ပါဘူး၊ ဟယ်လူစင်နိုဂျင်ဆိုတဲ့ မူးယစ်ဆေးဝါးတစ်မျိုးကြောင့်ပါ၊ ဒီအကြောင်းကို စသိသူကတော့ ဒေါက်တာဦးမျိုးမွန်ပါ၊ ဒေါက်တာဦးမျိုးမွန်က တစ်ဆင့် ကျွန်တော် သိခဲ့ရပါတယ် ”

ဦးတိတ်ကြည်၏ မျက်လုံးများက မိမိဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်ကို ဒေါက်တာမျိုးမွန် သတိထားမိလိုက်၏။ မမြမေကမူ တည်တည်ငြိမ်ငြိမ်ဖြင့် အဘွားကြီးကို ယပ်ခတ်ပေးမြဲ ပေးနေ၏။

“ ဝါဝါ့ကို ဘာကြောင့် ဟယ်လူစင်နိုဂျင် တိုက်ကြသလဲ၊ အဖြေကတော့ ဝါဝါ့ကို ရူးသွပ်တယ်ထင်ပြီး ယူမယ့်လူ မရှိအောင်ပေါ့၊ ဒါမှလဲ ဝါဝါ့ပစ္စည်းတွေကို တစ်သက်လုံး ခြယ်လှယ်ချုပ်ကိုင်သွားနိုင်မှာပေါ့၊ ဘယ်သူဟာ ခြယ်လှယ်ချုပ်ကိုင်ချင်သလဲ၊ ဦးတိတ်ကြည်ပဲ ဖြစ်ပါတယ် ”

ဦးတိတ်ကြည်က တုန်လှုပ်မှု မပြသည့်အပြင် မျက်နှာမှာ ပြုံးယောင်ယောင်ပင် ဖြစ်လာ၏။

“ ဦးတိတ်ကြည်ဟာ ဟောဒီ ဒေါ်စိန်ပွင့်နဲ့ ရတဲ့အခါမှာ ဒေါ်စိန်ပွင့်အနေနဲ့ အမွေ ပြောပလောက်အောင် မရတာ တွေ့ရတယ်၊ တစ်ခါ ဝါဝါ့လုပ်ငန်းတွေကို ဦးစီးရတယ် ဆိုပေမယ့် ဦးစံထွန်းတို့ ဦးလှကျော်တို့ရဲ့ ကြီးကြပ်စစ်ဆေးမှုကို ခံယူပြီး လုပ်ရတာ၊ ဒီတော့ ဝါဝါ့စီးပွားရေးကို အကြွင်းမဲ့ ခြယ်လှယ်ချုပ်ကိုင်လို့ မရဘူး၊ ဒီကြားထဲက ဝါဝါ့ကို အိမ်ထောင်ပြုမယ့်လူ မရှိအောင် ဦးတိတ်ကြည်ဟာ ဘာကြောင့် ဖန်တီးရသလဲ ”

ဦးတိတ်ကြည်က သရော်ပြုံး ပြုံးလျက်က ဆို၏။

“ ပုံပြင်ဆရာကြီး သတိထား စွပ်စွဲပါနော် ”

“ ဟုတ်ကဲ့၊ ပုံပြင်ကို ဆက်ပြောပါ့မယ်၊ ခုနက ကျွန်တော် ပြောခဲ့သလို ဝါဝါ အိမ်ထောင်ပြုသည်ဖြစ်စေ၊ မပြုသည် ဖြစ်စေ၊ ဦးတိတ်ကြည်က ဝါဝါ့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို အကြွင်းမဲ့ ခြယ်လှယ်ချုပ်ကိုင်လို့ မရဘူး၊ ဒီကြားထဲမှာ ဒီလို ဘာကြောင့်ပြုရသလဲ၊ ရည်ရွယ်ချက်ကိစ္စပေါ့လေ၊ ရည်ရွယ်ချက်ဟာ ဒါပါပဲလို့ ကျေနပ်လောက်အောင် ကျွန်တော် ဆုံးဖြတ်လို့ မရဘူး၊ ဒေါက်တာမျိုးမွန်ကတော့ အစိတ်အပိုင်းလေးတွေ ကျေနပ်လောက်အောင် ဆက်မလာဘူး ဆိုတဲ့စကားကို သုံးတယ်”

ဒေါက်တာမျိုးမွန်က ဦးတိတ်ကြည်ကို လှမ်းကြည့်သည်။ ဦးတိတ်ကြည်၏ မျက်နှာမှာ သရော်ပြုံးမပျောက်သေး။

“ ကျွန်တော်ဟာ ဦးတိတ်ကြည်ရဲ့ နောက်ကြောင်းကို ပြန်လိုက်ခဲ့ပါတယ်၊ အတိုချုပ်ပြောရရင်တော့ ပထမ ဦးတိတ်ကြည်ဟာ ရိုးရိုးသားသား လုပ်ကိုင်စားသောက်ရင်းက စီးပွားပျက်ခဲ့ပါတယ်၊ ဒီအခါမှာ ဖြတ်လမ်းကလိုက်ပြီး မှောင်ခို လုပ်ငန်းဘက် ကူးခဲ့ပါတယ်၊ ဦးတိတ်ကြည် ငွေရင်း ဘယ်ကရသလဲ၊ သိပ်မဆန်းလှပါဘူး၊ နိုင်ငံ့ပြင်ပက ဆရာကြီးတွေဆီက ရပါတယ်၊ ဒီဆရာကြီးတွေဆီက ပစ္စည်းတွေကို အယုံသွင်းရယူတယ် ဆိုပါတော့၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတဲ့ ဦးတိတ်ကြည်ဟာ ကတုံးပေါ် ထိပ်ကွက်ဖို့ ကြိုးစားတယ်၊ ပိုင်လောက်တဲ့ တစ်ချိန်မှာ ပစ္စည်းတန်ဖိုး တော်တော်များများကို ယူပြီး ဖြောင်လိုက်တယ် ဆိုပါတော့၊ ဆရာ့ဆရာကြီးတွေကို ငွေလဲမပေးတော့ဘူး၊ အဆက်အသွယ်လဲ မလုပ်တော့ဘူး၊ မေ့သလောက်ရှိမှ စက်လှေကြီးတစ်စင်းကို နာမည်ဝှက်နဲ့ တည်တယ်၊ လှေသူကြီးတစ်ယောက်ရှာပြီး လုပ်ငန်းကို လျှို့ဝှက် ပြန်လုပ်တယ်၊ ဆရာ့ဆရာကြီးတွေက ဒါမျိုး ရိုးနေပြီ၊ ပထမတော့ မသိချင်ယောင်ဆောင်ပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်၊ ဦးတိတ်ကြည် အပွကြဲတဲ့ အခေါက်ကျမှ စက်လှေကြီးရော ပစ္စည်းတွေရော လူတွေကိုပါ သူတို့ ဒုစရိုက်လောကရဲ့ ထုံးစံနဲ့ အညီ ပင်လယ်ပြင်မှာ စီရင်လိုက်တယ် ဆိုပါတော့ ”

ဦးစိုးနောင်က စကားကိုဖြတ်ပြီး ဦးတိတ်ကြည်ကို ကြည့်သည်။

ဦးတိတ်ကြည်၏ မျက်နှာ၌ အပြုံးမရှိတော့။ မျက်နှာထား တင်းတင်းဖြင့် ဆို၏။

“ ဒီမှာ ဦးစိုးနောင်၊ ခင်ဗျား စွပ်စွဲချက်တွေဟာ သိပ်ပြီးတော့ ပုံပြင်ဆန်လာတယ်၊ သိပ်လဲ လွန်လာတယ်၊ ခင်ဗျားမှာ ဘာသက်သေ အထောက်အထား ရှိသလဲ ”

“ ဖြည်းဖြည်းပေါ့ ဦးတိတ်ကြည်၊ ကျွန်တော် ဆက်ပြောပါရစေ၊ ဒါနဲ့ ဦးတိတ်ကြည်ဟာ အတော် အထိနာသွားတယ်၊ စက်လှေကြီးလဲဆုံး၊ ပုံအောထားတဲ့ ကုန်တွေလဲ ပါသွားဆိုတော့ စီးပွားပျက်ပြန်တာပေါ့၊ တစ်ခါ မြိတ်မှာလဲ ဆက်မနေရဲ တော့ဘူး၊ ဆရာ့ဆရာကြီးတွေဟာ သူ့ကို မကျေဘူးဆိုတာ သူ သိသွားတယ်၊ ဒါကြောင့် ရန်ကုန်ဘက် ပြောင်းလာပြီး အကြွ

www.burmeseclassic.com

www.burmeseclassic.com

ယူတယ်၊ နောက် မော်လမြိုင်ရောက်လာပြီး ဒေါ်စိန်ပွင့်နဲ့ တွေ့တယ် ဆိုပါတော့၊ အရင်ကလဲ ဆက်သွယ်ဖူးတော့ ဝါဝါတို့ မိဘတွေအိမ် သူဝင်ဆန့်တယ်လေ၊ ဒေါ်စိန်ပွင့်နဲ့ သူ နီးစပ်သွားတာကိုလဲ ဝါဝါ့မိဘတွေက မကန့်ကွက်ဘူး၊ ဒီအတောအတွင်း ဝါဝါ့မိဘတွေ ဆုံးကုန်တော့ ဒေါ်စိန်ပွင့်နဲ့ လက်ထပ်ပြီး ဘဝသစ်တစ်ခုကို စတယ်ပြောကြပါစို့၊ အမှန်တော့ ဝါဝါတို့အိမ်ရဲ့ တကယ့်အချက် အခိုက်အတန့်မှာ သူရောက်လာတာပေါ့၊ ဝါဝါ မကျန်းမာတော့ သူတွေ့ရတယ်၊ ဝါဝါနဲ့ သိန်းဇော် လက်မထပ်ခင် သူနဲ့ ဒေါ်စိန်ပွင့်ဟာ လက်ထပ်လိုက်တယ်၊ ပထမတော့ ဝါဝါ့စီးပွားရေးလုပ်ငန်းတွေကို သူ အပိုင်စီးနိုင်မယ် ထင်ခဲ့တယ်၊ ဒါပေမယ့် လက်တွေ့ကျတော့ သူထင်သလို မဟုတ်ကြောင်း တွေ့ရတယ်၊ ဒါပေမယ့်လဲ သူစိတ်မလျှော့ခဲ့ဘူး၊ စိတ်ရှည်ရှည်နဲ့ အခွင့်အရေးကို ချောင်းခဲ့တယ်၊ တစ်ဖက်ကလဲ ဝါဝါရဲ့ လေးစားမှု၊ ချစ်ခင်မှုရအောင် ကြိုးစားတယ်၊ သူ့စိတ်ရှည်မှုဟာ အကျိုးပေးခဲ့ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဝါဝါ့အတွက် ဘဏ်မှာ သီးသန့်အပ်ထားတဲ့ ငွေငါးသိန်းအကြောင်း သူ သိသွားတာကိုး ”

ဤတစ်ကြိမ်တွင်မူ ဦးစံထွန်းနှင့် ဦးလှကျော်တို့က မျက်လုံးပြူးပြီး ဦးစိုးနောင်ကို ကြည့်ကြ၏။

“ ဦးစံထွန်းတို့ ဒီကိစ္စကို မသိကြပါဘူး၊ ဝါဝါ့အဖေဟာ တော်တော် စေ့စပ်ပုံရတယ်၊ သမီးကိုလဲ တော်တော် ချစ်ပုံရတယ်၊ ဒါကြောင့် တစ်ဖက်မှာ လူသိရှင်သိ၊ လူမြင်သူမြင် စီးပွားရေးလုပ်ငန်းတွေ ထားခဲ့သလို၊ တစ်ဖက်မှာလဲ ဝါဝါ့တစ်သက် မပူရအောင် လျှို့ဝှက်စီစဉ်ထားခဲ့တာ ရှိတယ်၊ အဲဒါကိုလဲ ဝါဝါ ငယ်ငယ်ကတည်းက လုပ်ပေးထားခဲ့တာ၊ ဝါဝါ့ကိုတော့ တိုးတိုးတိတ်တိတ် ကြိတ်မှာထားခဲ့ပုံ ရပါတယ်၊ ဝါဝါကလဲ ဒါကို လျှို့ဝှက်ထားတာပါပဲ၊ ဒါပေမယ့် ဒီကိစ္စကို ဦးတိတ်ကြည် ဘယ်လိုသိသွားသလဲ မသိဘူး၊ ဝါဝါ ကျန်းမာရေးမကောင်းချိန်မှာ သူ့အဒေါ်ကတစ်ဆင့် သိသွားတာလား မပြောတတ်ဘူး၊ ဝါဝါဟာ သူ့အမေဘက်က အဒေါ်ကို တော်တော် ချစ်ပုံရတယ်၊ သူ့အဒေါ်ဟာ အမွေ ဘာမှမရတာကိုလဲ သနားပုံပေါ်တယ်၊ အဒေါ်နဲ့ ဦးလေးကို သူတို့ကိုယ်ပိုင် စီးပွားနဲ့ တင့်တင့်တယ်တယ် ဖြစ်စေချင်တဲ့ စေတနာလဲ ရှိပုံရတယ်၊ ထားတော့ . . . အဲဒါတွေဟာ ခန့်မှန်းချက်တွေပါ ”

ဦးတိတ်ကြည်က မဲ့၍ပြုံးပြီး မေး၏။

“ ဦးစိုးနောင်၊ ခင်ဗျားရဲ့ ခန့်မှန်းချက်တွေဟာ ဘယ်တော့ ဆုံးမလဲ ”

“ ဆုံးခါနီးပါပြီ၊ ဒီနေရာမှာ တစ်ခု ဖြတ်ပြောရဦးမယ်၊ ဒေါ်စိန်ပွင့်နဲ့ သူ လက်ထပ်ပြီးလို့ မကြာခင်မှာ သူ့ရဲ့နှမ မမြမေဟာလဲ အိမ်ကိုရောက်လာတယ်၊ ဒီအချိန်မှာ ဝါဝါကလဲ မကျန်းမမာဖြစ်နေတော့ အတော်ပဲပေါ့၊ ဝါဝါ့ကို ပြုစုဖို့ အကြောင်းပြပြီး မမြမေကို အိမ်မှာထားတယ်၊ မူလဇာတ်ကြောင်း ပြန်ကောက်ရအောင်၊ ဦးတိတ်ကြည်ဟာ ဝါဝါ့ငွေတွေ အကြောင်းလဲ သိတယ်၊ မြန်မြန်ချမ်းသာနိုင်တဲ့ လမ်းလဲ မြင်တယ်၊ အဲဒါကတော့ ဒီက မှောင်ခိုလုပ်ငန်းပဲ၊ မှောင်ခိုအကြီးစား တွေဟာ သူတို့အခေါ် တစ်ခု နှစ်ခုပေါ့လေ၊ အနည်းဆုံး တစ်သိန်းစီ မတည်ပြီး စုပေါင်း အလုပ်လုပ်ကြတယ်၊ ညီကြတယ်၊ လျှို့ဝှက်ကြတယ်၊ ရှုံးရင် ကြိတ်ခံကြတယ်၊ မြတ်ရင် ကြိတ်ဝေယူကြတယ်၊ စကားမများဘူး၊ အငြင်းမပွားဘူး၊ တော်ရုံလူလဲ သူတို့ထဲ အဝင်မခံဘူး၊ ဦးတိတ်ကြည်ဟာ လက်ရှိအခြေအနေအရ သူတို့ထဲဝင်နိုင်တဲ့ အဆင့်မျိုးမှာ ရှိတယ်၊ ခက်တာက ဦးတိတ်ကြည်မှာ ဟန်သာရှိတယ်၊ ကိုယ်ပိုင်ငွေမရှိဘူး၊ တိုတိုပဲ ပြောရရင်တော့ ဦးတိတ်ကြည်ဟာ ပထမ ဝါဝါ့ဆီက ငွေတစ်သိန်း ယူတယ်၊ ပြီးတော့ အစုရှယ်ယာတစ်ခု ထည့်လိုက်တယ်၊ လုပ်ငန်းကတော့ စနိုင်ပြီပေါ့၊ ဒါပေမယ့် ဝါဝါနဲ့ စေ့စပ်ထားတဲ့ သိန်းဇော်ကလဲ ပြန်လာခါနီးပြီ၊ ဝါဝါ လက်ထပ်သွားရင် ငွေတွင်းကြီးတစ်တွင်း ပျောက်မှာ သူမြင်တယ်၊ အဲဒီမှာတင် အစက ကျွန်တော် ပြောခဲ့တဲ့အတိုင်းပဲ ဝါဝါဟာ မရူးဘဲ ရူးသလိုဖြစ်လာအောင် ဟယ်လူစင်နိုင်ဂျင်ဆေးကို သုံးတော့တာပေါ့၊ သုံးဖို့ အခွင့်ကလဲ လွယ်တယ်လေ၊ ဝါဝါဟာ ထိတ်လန့်စိတ်လှုပ်ရှားတဲ့ အဲ . . . ရောဂါဆိုပါတော့၊ အဲဒီ အခြေအနေရှိတော့ စိတ်ငြိမ်ဆေးသောက်ရတယ်၊ ဟယ်လူစင်နိုဂျင်ကို စိတ်ငြိမ်ဆေးဆိုပြီး သူနဲ့ မမြမေက တိုက်ခဲ့တာပဲ၊ သူတို့တွက်ကိန်း မှန်ပါတယ်၊ ဝါဝါကိုယ်တိုင်က ကိုယ့်ကိုယ်ကို ရူးနေပြီ ထင်ခဲ့တယ်၊ သိန်းဇောနဲ့ လက်ထပ်ဖို့ဟာလဲ ပျက်သွားခဲ့တယ်၊ ဝါဝါ စိတ်ရောဂါ ဖြစ်နေတယ်ဆိုတဲ့ သတင်းဟာလဲ တဖြည်းဖြည်းပျံ့နေတော့ ဦးတိတ်ကြည်ရဲ့ စီမံကိန်းဟာ အောင်ခဲ့တယ်၊ အဲ . . . ကံဆိုး ချင်တော့ ဝါဝါ့ချစ်သူ ဒေါက်တာမျိုးမွန်က ဒီမြို့ကို ပြန်ရောက်လာတာပါပဲ၊ ဓာတုဗေဒပညာရှင်လဲဖြစ်၊ မူးယစ်ဆေးဝါးကို နားလည်သူလဲ ဖြစ်တဲ့ ဒေါက်တာမျိုးမွန်ဟာ အဖြစ်မှန်ကို ဖော်ထုတ်နိုင်ခဲ့တယ်၊ အခုဆိုရင် သက်သေခံ ဆေးပုလင်းလေးဟာ ကျွန်တော်တို့လက်ထဲ ရောက်လာခဲ့ပါပြီ ”

ဦးစိုးနောင်က လက်တွင်းမှ ပလပ်စတစ်အိတ်လေးကို မြှောက်ပြ၏။ ဦးတိတ်ကြည်ကမူ တုန်လှုပ်မှု လုံးဝမပြဘဲ ပြော၏။

“ အဲဒီ ဆေးပုလင်းကို ခင်ဗျားတို့ ဘယ်ကရတယ် မပြောသေးပါလား ဦးစိုးနောင် ”

“ သြော် . . . ဟုတ်ပါရဲ့၊ ရပ်ကွက်လူကြီးများ ခင်ဗျာ၊ ဒီဆေးပုလင်းကို လူကြီးများရဲ့ ရှေ့မှောက်တွင် ဘယ်က ရှာဖွေ သိမ်းယူခဲ့တာပါလဲ ခင်ဗျား ”

www.burmeseclassic.com

ဦးတိတ်ကြည်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသော လူကြီးတစ်ဦးက ဖြေ၏။

“ ဝါဝါ့အခန်းထဲက လျှို့ဝှက်နေရာ တစ်ခုကပါ ”

ဦးစံထွန်းနှင့် ဦးလှကျော်တို့က မျက်လုံးများပြူး၍ ထိုလူကြီးကို ကြည့်ကြသည်။ ဒေါက်တာမျိုးမွန်ပင်လျှင် ထိတ်လန့်သွား၏။

ဦးတိတ်ကြည်က ပြုံးပြီး ပြောသည်။

“ ဦးစိုးနောင် ဝါဝါ့အိပ်ခန်းထဲက တွေ့တဲ့ဥစ္စာ၊ ခင်ဗျားက ဘာကြောင့် ကျုပ်ကို အပြစ်ပုံချနေတာလဲ ”

ဦးစိုးနောင်က အသာအယာရယ်၏။

“ ဒီဆေးပုလင်းဟာ ဝါဝါ့အိပ်ခန်းထဲမှာပဲ ရှိရမယ်လို့ တွက်ထားမိလို့ ရဲအုပ် ကိုဘညိုတို့ကို ဝါဝါ့အိပ်ခန်းထဲမှာ ရှာဖို့ ကျွန်တော် ညွှန်ကြားခဲ့တယ်၊ ဦးတိတ်ကြည် ချောင်ပိတ်မိရင် ခင်ဗျား ဘယ်လို ထုချေဖို့ ပြင်ဆင်ထားတယ်ဆိုတာ ကျွန်တော် ရိပ်မိပါတယ်၊ ဝါဝါဟာ ဒီဆေးကို သူ့ဘာသာသူ သောက်ပြီး မူးယစ်ဆေးဝါး စွဲနေသူပါလို့ ခင်ဗျား လျှောက်လဲမယ် မဟုတ်လား၊ ခင်ဗျားတို့ တစ်ခုပဲ သတိလစ်သွားတယ်၊ ဒီဆေးပုလင်းမှာ ဝါဝါ့လက်ရာ သို့မဟုတ် ဘယ်သူ့လက်ရာ ရှိနေမလဲ”

မမြမေက ဒေါ်စိန်ပွင့်အနီး ကပ်၍ တစ်စုံတစ်ရာ ပြော၏။ ဒေါ်စိန်ပွင့်က ခေါင်းညိတ်ပြသည်။ မမြမေက ဧည့်ခန်းမှ မပျက် နေရာမှ ထ၏။

ဦးစိုးနောင်က လှမ်းပြောသည်။

“ မမြမေ ဘယ်သွားမလို့လဲ ”

“ မမပွင့်က ရေသောက်ချင်တယ် ဆိုလို့ပါ၊ ကျွန်မ ရေသွားယူမလို့ ”

“ ဒုက္ခမရှာပါနဲ့၊ ကျွန်တော်တို့ ယူပေးပါ့မယ်၊ မမြမေကော ဟောဒီမှာ လာထိုင်ပါ၊ မမြမေနဲ့ ပတ်သက်တာလေးတွေ ပြောစရာရှိသေးတယ် ”

ဦးစိုးနောင်က ဦးတိတ်ကြည်၏ လက်ဝဲဘက်၌ လွတ်နေသေးသော ဆိုဖာတစ်ခုကို ညွှန်ပြသည်။

ရဲအုပ် ဦးဘညိုက မမြမေကို ခေါ်ယူလာပြီး ထိုဆိုဖာပေါ်၌ ထိုင်စေ၏။

“ ကဲ . . . မောင်လှရှိန်၊ ဒေါ်စိန်ပွင့်ကို သောက်ရေ သွားယူပေးလိုက်ပါကွယ် ”

ရဲကြပ်က သွားမည်ပြင်သည်။

ဒေါ်စိန်ပွင့်က လက်ကာပြပြီး တား၏။

“ နေပါစေ မလိုပါဘူး ”

ဒေါက်တာမျိုးမွန်က ယှဉ်တွဲထိုင်နေကြသော ဦးတိတ်ကြည်နှင့် မမြမေတို့ကို ကြည့်သည်။

ဦးတိတ်ကြည်၏ မျက်နှာ၌ သရော်ပြုံး မရှိတော့၊ မမြမေကလည်း မျက်လွှာချ၍ ခေါင်းငုံ့ထားသည်။

ဦးစိုးနောင်က ကျေနပ်သောလေသံနှင့် ပြော၏။

“ အဲဒီလိုမှပေါ့ မမြမေ၊ ဩော် . . . မမြမေ၊ ခင်ဗျားမှာ တခြားနာမည် ရှိသေးသလား ”

မမြမေက ဦးစိုးနောင်ကို တစ်ချက်ကြည့်၏။ ဘာမျှတော့ မဖြေ။

“ ဒီအမှု စုံစမ်းရတဲ့နေရာမှာ မမြမေကိစ္စက ကျွန်တော်တို့ကို ရှေ့ဆက်သွားလို့မရတဲ့ လမ်းဆုံးအပိတ်ဆီ ပို့သလို ဖြစ်ခဲ့သေးတယ်၊ ဦးတိတ်ကြည်နဲ့ ပတ်သက်တဲ့ မြိတ်က မိန်းမတွေထဲမှာ မမြမေဆိုတာ ကျွန်တော်တို့ ရှာမတွေ့ခဲ့ဘူး၊ မျက်နှာမှာ ဓားဒဏ်ရာ အမာရွတ်ကြီး ရှိတဲ့လူနဲ့ မမြမေ ဆက်သွယ်တာ မသိခင်အထိ မမြမေဆိုတာ ကျွန်တော်တို့အတွက် ပဟေဠိ တစ်ပုဒ်ဖြစ်နေခဲ့တယ် မမြမေ ”

ဤတစ်ကြိမ်တွင်မူ မမြမေ၏ ကိုယ်သည် ဆတ်ကနဲ လှုပ်သွား၏။ မမြမေသာမက ဦးတိတ်ကြည်ပါ လှုပ်သွား၏။

“ နောက်ဆုံး ဒီလူရဲ့ မျက်နှာက ဓားဒဏ်ရာဟာ ကျွန်တော်တို့ ဦးနှောက်ထဲက အစလေးတစ်စကို ဖော်ပေးတယ်၊ ပင်လယ်ပြင်မှာ အဆုံးစီရင်ခံရတယ်ဆိုတဲ့ ဦးတိတ်ကြည်ရဲ့ လှေသူကြီးကို ကျွန်တော် သွားသတိရတယ်၊ ဒီလှေသူကြီးမှာ သနားကမား ဇနီး ရှိခဲ့တယ်၊ နာမည်ကတော့ မလှမူတဲ့၊ မလှမူဟာ ဦးတိတ်ကြည်နဲ့လဲ အဲ . . . မရှင်းမရှင်းပေါ့လေ၊ စက်လှေကြီး အပျောက်ရှင်းခံရပြီးတဲ့နောက် ဦးတိတ်ကြည်ဟာ ရန်ကုန် ရှောင်ထွက်သွားတယ်၊ မကြာမီ မလှမူလဲ မြိတ်က ပျောက်သွားတယ်၊ မြိတ်ကလူတွေကတော့ မလှမူဟာ ဦးတိတ်ကြည်နောက် လိုက်သွားတယ် ထင်ကြတယ်၊ အမှန်တော့ မလှမူဟာ မြိတ်သူ မဟုတ်ဘူး၊ ကော့ကရိတ်သူ၊ လင်လဲမရှိ၊ ဦးတိတ်ကြည်လဲ မရှိတော့တဲ့ နောက်ပိုင်းမှာ မလှမူဟာ ကော့ကရိတ်ကိုပဲ ပြန်သွားခဲ့တာပါ၊ ကော့ကရိတ်မှာ မလှမူဟာ မှောင်ခိုသမားတွေနဲ့ပဲ ပြန်ဆက်မိတယ်၊ ဒီတစ်ခါ ဆက်မိတဲ့ မှောင်ခိုသမားတွေကတော့ မူးယစ်ဆေးဝါး မှောင်ခိုသမားတွေပါ၊ မလှမူဟာ တစ်ဘက်နိုင်ငံတွင်းအထိ ရောက်ဖူးပေါက်ဖူးခဲ့ပါတယ်၊ ဒါပေမယ့် သက်ဆိုင်ရာ တွေက မိမိကို သင်္ကာမကင်းဖြစ်လာကြောင်း ရိပ်မိတဲ့အခါမှာ မလှမူဟာ ခြေငြိမ်ပစ်လိုက်တယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com

လူဟာ ဘယ်အထိ ခံရတယ်ဆိုတာ မလှမူ တွေ့ဖူးမြင်ဖူးခဲ့တာကိုး၊ ခြေငြိမ်ပြီး မေ့လောက်တဲ့အချိန်ကျမှ တခြားလုပ်ငန်း ပြောင်းလုပ်ဖို့ ကြံရင်းဖန်ရင်း မလှမူဟာ မော်လမြိုင်ကို ရောက်လာတယ်၊ မော်လမြိုင်မှာ မိတ်ဟောင်းကြီး ဦးတိတ်ကြည်နဲ့ ပြန်ဆုံမိကြတယ်၊ မလှမူ နာမည်ပျောက်ပြီး ဦးတိတ်ကြည်ရဲ့ နှမ မမြမေအဖြစ် သုဝဏ္ဏမြိုင် ခြံကြီးထဲ ရောက်လာတယ် ”

ဤတစ်ကြိမ် မေးခွန်းထုတ်သူမှာ ဒေါ်စိန်ပွင့် ဖြစ်၏။

“ ဘာပြောတယ်၊ မမြမေဟာ ကိုတိတ်ကြည်နှမ မဟုတ်ဘူး၊ ဟုတ်လား ”

ဦးတိတ်ကြည်က သူ့ဇနီး ပုခုံးကို အသာပုတ်ပြီး ပြော၏။

“ မပွင့်၊ ဒီလူရှေ့မှာ ပါးစပ်ပိတ်ထားပါ၊ ဘာမှ မပြောပါနဲ့ ”

ဒေါ်စိန်ပွင့်က ဘာမျှမပြောတော့။ အခန်းတွင်းရှိ လူများ၏ မျက်နှာများကို လိုက်ကြည့်နေ၏။

ဦးစိုးနောင်က စကားဆက်၏။

“ မျက်နှာမှာ ဓားဒဏ်ရာနဲ့ လူဟာ မလှမူရဲ့ လင်ဟောင်း လေ့သူကြီး ဦးမောင်နီပါ၊ ဦးမောင်နီဟာ ကံကောင်းထောက်မလို့ ပင်လယ်ပြင်မှာ မသေခဲ့ပါဘူး၊ ရုပ်ပျက်ဆင်းပျက်တော့ ဖြစ်ခဲ့ရသပေါ့၊ ဆရာ့ဆရာကြီးတွေရဲ့ရန် ရှိမှန်းသိတော့ ဦးမောင်နီကလဲ ဘဝကို မြှုပ်ထားလိုက်တယ်၊ ဒါပေမယ့် ဦးတိတ်ကြည်ကို မကျေဘူး၊ သူနဲ့ လှေသားတွေ ကံဆိုးမိုးမှောင်ကျခဲ့ရတာဟာ ဆရာ့ဆရာကြီးတွေကို ဦးတိတ်ကြည် ကလိန်ကျခဲ့တဲ့အတွက် ဓားစာဝင်ခံရတယ်ဆိုတာ သူသိသွားတာကိုး၊ တစ်ခါ သူမရှိတုန်းအချိန်တွေမှာ ဦးတိတ်ကြည်ဟာ သူ့ဇနီးနဲ့ ဘယ်လိုနေခဲ့တယ်ဆိုတာလဲ သိသွားတယ်၊ ဒါကြောင့် သေသူအဖြစ်နဲ့ ဇာတ်မြှုပ်ပြီး ဦးတိတ်ကြည်ကို လိုက်ရှာခဲ့တယ်၊ တွေ့တဲ့အခါမှာ ဦးတိတ်ကြည်တွင်မကဘူး၊ သူ့ဇနီးဟောင်း မလှမူကိုပါ တွေ့ရတော့တယ် ”

ဦးတိတ်ကြည်က ဘာမျှကို ပြန်မပြောတော့။ ကျောက်ရုပ်ကြီးပမာ ငြိမ်ငြိမ်ထိုင်နေ၏။ မမြမေကမူ ကိုယ်ကို ပြန်မတ်ကာ မေးကိုချီလျက် မျက်နှာကို မော့မော့ထား၏။

“ ဦးမောင်နီ စိတ်ထဲ ပထမပေါ်လာတာတော့ လက်စားချေဖို့ပဲ၊ ဒါပေမယ့် လက်စားလဲချေရင်း ငွေတွင်းနှိုက်နိုင်တဲ့ ကိန်းကို သူမြင်လာတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဦးတိတ်ကြည်နဲ့ မမြမေခေါ် မလှမူတို့ရဲ့ ဇာတ်လမ်းအစုံကို သူသာ သိတာကိုး၊ သူ့အမြင်မှာ သူဌေးဖြစ်နေတဲ့ ဦးတိတ်ကြည်ဟာ ညှစ်စရာ ငွေတုံးငွေခဲကြီးပေါ့လေ၊ ဒါနဲ့ သူဟာ ဇနီးဟောင်းနဲ့ ပြန်ဆက်သွယ်ပြီး ခြိမ်းခြောက်မှု ပြုခဲ့တယ်၊ မမြမေဟာ ဦးတိတ်ကြည်နဲ့ တိုင်ပင်ပြီး ဦးမောင်နီကို ချော့ထားရတဲ့ အခြေအနေမှာ ရှိတယ်၊ မမြမေဟာ ဝါဝါတို့အိမ်ရဲ့ ငွေတွင်းဟာ ဘယ်လောက်ပြည့်တယ်ဆိုတာ မက်လုံးပေးပြီး ဦးမောင်နီကို ထိန်းထားနိုင်ခဲ့တယ်၊ ပြီးတော့ ဇနီးချောကို ပြန်တွေ့တော့ သံယောဇဉ်နဲ့ ရမ္မက်ကလဲ စကားပြောပြန်တယ် ”

ဒေါက်တာမျိုးမွန်က မမြမေကို ကြည့်၏။ ဦးစိုးနောင် သုံးလိုက်သော ရမ္မက်ဆိုသည့် စကားလုံးကို သဘောကျသည်။ ဟိုတစ်ခါ ဈေးတွင် တွေ့ခဲ့စဉ်က ဤစကားကို သတိမရ။ မမြမေသည် ရမ္မက်ကို ဖမ်းစားနိုင်သော အမျိုးသမီးတစ်ဦးပါတကား။

ဦးစိုးနောင်ကသာ ဆက်ပြောနေပြန်၏။

“ ဦးတိတ်ကြည်ရဲ့ တိတ်တိတ်ပုန်း စီးပွားရေးလုပ်ငန်းဆီ ပြန်သွားကြရအောင်၊ ပထမပိုင်းမှာ ဦးတိတ်ကြည်ဟာ ပွခဲ့ပါတယ်၊ မူလကတည်းက ချမ်းသာပြီးအနေအထားက ထလုပ်တော့ မသင်္ကာတဲ့လူကလဲ မရှိဘူး၊ နေ့ချင်းညချင်း ချမ်းသာလာတာမျိုးကသာ လူရိပ်မိနိုင်တာကိုး၊ အမှန်ပြောရရင် ကျွန်တော်တောင် ဦးတိတ်ကြည်ကို မသင်္ကာမဖြစ်မိပါဘူး၊ ဦးတိတ်ကြည်ဟာ ဝါဝါ့ရဲ့ ချမ်းသာခြင်းအရိပ်ကို ခိုပြီး တိတ်တိတ်ပုန်း အလုပ်ဖြစ်နေခဲ့ပါတယ်၊ မူလက ဦးတိတ်ကြည်ဟာ ဝါဝါရဲ့ငွေကို အမြဲယူဖို့ ကြံစည်ဟန် မတူပါဘူး၊ မတည်ငွေရလို့ အမြတ်ပေါ်တဲ့အခါမှာ နောင်ကို ကိုယ့်ငွေနဲ့ကိုယ် ခရီးသွားဖို့ မှန်းပုံရပါတယ်၊ ဒါကြောင့် ဝါဝါ့ငွေတစ်သိန်းကို သူပြန်ဆပ်ခဲ့တာ ကျွန်တော်တို့ တွေ့ရတယ်၊ တစ်ချိမှာတော့ ဦးတိတ်ကြည်တို့ အဖွဲ့ပိုင်ပစ္စည်းတွေဟာ ပင်လယ်မှာ အဖမ်းခံရတယ်၊ အဖွဲ့ဝင်တွေလဲ အတော် အထိနာသွားကြတယ်၊ သူတို့ ထုံးစံက ငွေမျောရင် ငွေနဲ့ လိုက်တတ်ကြတယ်၊ တစ်ခုဖိုးထိရင် နှစ်ခုဖိုး ပြန်ထည့်ပြီး အရင်းရော အမြတ်ပါ ပြန်ရအောင် လုပ်တဲ့နည်းပါ၊ အထိနာသွားတဲ့ ဦးတိတ်ကြည်ဟာ ဝါဝါ့ဆီက ငွေနှစ်သိန်း ထပ်ယူရပြန်တယ်၊ ဝါဝါ အိမ်ထောင်မကျအောင်လဲ မလုပ်မဖြစ် လုပ်နေရတော့တယ်၊ ဦးတိတ်ကြည် ကံဆိုးချင်တော့ နိုင်ငံတော်အစိုးရကလဲ မှောင်ခိုနှိမ်နင်းရေးကို တိုးမြှင့်လုပ်လာတယ်၊ ဦးတိတ်ကြည်တို့ရဲ့ အဖွဲ့ပိုင်ပစ္စည်းတွေဟာ ပင်လယ်မှာပဲ တစ်ခါထပ် အဖမ်းခံရပြန်တယ်၊ ဒီတုန်းမှာပဲ ဦးမောင်နီက ပေါ်လာတယ်၊ ငွေဟာ လိုသထက်လိုလာတယ်၊ ဒီတော့ ဦးတိတ်ကြည်ဟာ ဝါဝါ့ဆီက ငွေတစ်သိန်း ထပ်တောင်းရပြန်တယ်၊ ဒီတစ်ခါမှာတော့ ဝါဝါ့ဆီက ငွေမရတော့ဘူး၊ မရတဲ့အပြင် မမျှော်လင့်တာ ဖြစ်လာတယ်၊ အဲဒါကတော့ ဝါဝါနဲ့ ဒေါက်တာ ဦးမျိုးမွန်တို့က စေ့စပ်ကြောင်းလမ်းလိုက်တာပဲ ဖြစ်တယ်၊ ဦးတိတ်ကြည်ရဲ့ မူလစီမံကိန်းကတော့ အခြေပျက်သွားပြီ၊ ဒီတော့ ဦးတိတ်ကြည် ဘာလုပ်မလဲ ”

ဦးစိုးနောင်က အဓိပ္ပါယ်ပါပါဖြင့် စကားကို ရပ်ထားလိုက်ပြီး ဦးတိတ်ကြည်ကို ကြည့်သည်။

www.burmeseclassic.com

ဦးတိတ်ကြည်က အံ့ကြိတ်ထားသည်။ သူ့မျက်နှာက ခက်ထန်ပြီး သူ့မျက်လုံးများက အရောင်တောက်လာသည်။

ဦးစိုးနောင်က ရယ်ပြီး ပြော၏။

" ဟဲ . . . ဟဲ . . . ဦးတိတ်ကြည် ဘာမှမလုပ်ပါဘူး "

ဦးတိတ်ကြည်က မျက်မှောင်ကြုတ်၍ ဦးစိုးနောင်ကို ကြည့်၏။

" အမှန်ပါပဲ၊ ဦးတိတ်ကြည်ဟာ ဘာမှမလုပ်ပါဘူး၊ ဦးတိတ်ကြည်က လူပါးပါ၊ ဘာမှလုပ်လို့မရတာ သူသိတယ်၊ အကောင်းဆုံးကိုမရတော့ ဒုတိယအကောင်းဆုံးနဲ့ ကျေနပ်ဖို့ သူဆုံးဖြတ်လိုက်တယ်၊ သူဟာ ဝါဝါနဲ့ ဒေါက်တာဦးမျိုးမွန်တို့ရဲ့ မေတ္တာနဲ့ ကရုဏာကို ရအောင်ယူမယ်၊ ပြီးတော့ ငွေနှစ်သိန်းကိစ္စကို ဆွေချင်းမျိုးချင်း မိသားစုနည်းနဲ့ ရှင်းမယ်၊ ဦးတိတ်ကြည်. . . ခင်ဗျား ဒီလို ဆုံးဖြတ်တာ မှန်ပါတယ် "

ဦးစိုးနောင်၏ အသံက ချိုသာသည်။ ဦးတိတ်ကြည်ပင်လျှင် တင်းသောမျက်နှာ လျော့သွားပြီး ဦးစိုးနောင်အား နားမလည်ဟန်ဖြင့် ကြည့်သည်။

" ခက်တာက မမြမေခေါ် မလှမူပါ၊ မူလစီမံကိန်လေးသာ အောင်ရင်တော့ သူဟာလဲ သူဌေးကတော်တစ်ယောက် ဖြစ်လာနိုင်တယ်၊ သူဌေးကတော်ဖြစ်ချင်လို့ သူဟာ ဒီအထိ ကူညီလာတာပါ၊ ဟယ်လူစင်နီဂျင်လို ဆေးမျိုးဟာ ရဖို့မလွယ်ပါဘူး၊ မလှမူလို လက်လှမ်းရှည်ရှည် အဆက်အသွယ်ရှိဖူးတဲ့သူမှ ရအောင် စွမ်းဆောင်နိုင်တာပါ၊ အခုတော့ သူဌေးကတော်ဖြစ်ရေး စီမံကိန်းလေးဟာ ပျက်သွားပြီ၊ ဦးတိတ်ကြည်ကတော့ ချော်လဲရောထိုင်လုပ်ပြီး သူဌေးဦးလေးအဖြစ် ဆက်နေနိုင်တယ်၊ သူကတော့ နှမလိုလို အစေခံလိုလိုနဲ့ အလွန်ဆုံး ဦးတိတ်ကြည်ရဲ့ တိတ်တိတ်ပုန်းမယားအဖြစ်သာ ဇာတ်မျောရတော့မယ်၊ ဒီအဖြစ်ကို သူ မရောက်လိုဘူး၊ ဝါဝါ့ငွေတွေ ဘဏ်မှာရှိတာလဲ သိတယ်၊ ဝါဝါ့မှာ တခြားစီးပွားရေးလုပ်ငန်းတွေ ရှိတာလဲ သိတယ်၊ ဝါဝါ့ တခြားဦးလေးတွေ ချမ်းသာတာလဲ သိတယ်၊ ဝါဝါဟာ ရူးနေတယ်လို့ လူအများ လက်ခံယုံကြည်ထားတာလဲ သိတယ်၊ ဝါဝါ့ကို အပြင်ရောက်အောင် ဘယ်လိုထုတ်နိုင်တယ်ဆိုတာလဲ သူသိတယ်၊ အပြင်ရောက်ရင် ဝါဝါ ဘယ်သွားမယ်ဆိုတာလဲ သူသိတယ်၊ လောကမှာ မရှိတော့ဘူး၊ သေပြီလို့ လူတွေယုံကြည်ထားတဲ့ လူတစ်ယောက်ကိုလဲ ခိုင်းစရာ လက်ထဲမှာ ရှိတယ်၊ အဆင်မသင့်သို့ ပြေးရမယ်ဆိုရင်လဲ ပြေးရမယ့်နေရာ သူ့မှာရှိတယ်၊ ကဲ . . . အတိုချုံးပဲ ပြောပါတော့မယ်၊ မမြမေခေါ် မလှမူဟာ ဝါဝါ့ကို အပြင်ခေါ်ထုတ်ပြီး ဦးမောင်နီ လက်ထဲအပ်၊ ပြန်ပေးဆွဲထားလိုက်တယ် "

အခန်းတွင်း၌ အာမေဋိတ်သံများ ပေါ်လာ၏။ အဆိုးဆုံး တစ်စုံတစ်ရာကို မျှော်လင့်ထားမိသော ဒေါက်တာမျိုးမွန်ပင် အံ့အားသင့်သွား၏။

" အခုထိ ငွေတောင်းစာတွေ ဘာတွေ မလာသေးပါဘူး၊ ဒါဟာလဲ မမြမေရဲ့ နည်းပရိယာယ်ပါ၊ ဝါဝါ့ကို သင့်လျော်တဲ့ အချိန်အထိ ဝှက်ထားပြီး ငြိမ်နေမယ်၊ စိတ်ဖောက်ပြန်လို့ လျှောက်ထွက်ပြီး ပျောက်သွားတယ်ဆိုတဲ့ အယူအဆ ခိုင်သထက် ခိုင်လာအောင်ပေါ့၊ ပြီးတော့မှ တိုးတိုးတိတ်တိတ် ငွေကြိတ်တောင်းမယ်၊ ရဲကို အသိမပေးဘဲ ဣန္ဒြေမပျက် ကြိတ်ရှင်းကြတဲ့ နည်းကို သုံးစေမယ်၊ ဒီနေရာမှာ ဦးတိတ်ကြည်ကို သူ ကောင်းကောင်း အသုံးချလို့ရတယ်၊ ဘာကြောင့်လဲဆိုတော့ ဦးတိတ်ကြည်ရဲ့ လျှို့ဝှက်ချက်တွေကို သူက ကိုင်ထားတာကိုး၊ ပြီးတော့ သူ့အကြံထဲမှာ ဦးတိတ်ကြည်ဟာ ချော်လဲရောထိုင် လိုက်ရင် ဦးတိတ်ကြည်လဲ လိုနေတဲ့ငွေကို ဝေစုအဖြစ် ရနိုင်သေးတာကိုး၊ ဒါကြောင့်လဲ ကြည့်၊ မမြမေ ဘာလုပ်လိုက်ပြီဆိုတာကို သိပေမယ့် ဦးတိတ်ကြည် မဖော်ဝံ့ဘူး၊ ပါးစပ်ပိတ်နေရတယ်၊ ဘယ့်နှယ်လဲ ဦးတိတ်ကြည် "

ဦးတိတ်ကြည်က မဖြေ။ ဦးစိုးနောင် ပြောသကဲ့သို့ပင် ပါးစပ်ပိတ်နေ၏။ မျက်နှာက နီရဲနေပြီး မေးကြောများက တင်းနေ၏။ သူ့အသွင်မှာ တစ်စုံတစ်ရာကို ဖိနှိပ်ထိန်းအုပ်ထားရပုံ ပေါ်သည်။

" ဒါပေမယ့် မမြမေ၊ ခင်ဗျားအကြံ မအောင်ပါဘူး၊ ဦးမောင်နီ ဘယ်သူဆိုတာ သိကတည်းက ဒီအိမ်နဲ့ ခြံကြီးကို ကျွန်တော့်လူတွေ စောင့်ကြည့်နေခဲ့ကြတယ်၊ တစ်ခုခု ဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်တော် မျှော်လင့်ထားတယ်၊ နေ့ဆိုရင် ကျွန်တော့်လူတွေဟာ ဂဝံတူးသမားယောင်ဆောင်ပြီး ကြည့်ကြတယ်၊ ညဆိုရင်လဲ ကင်းပုန်းဝပ်ပြီး ရှိနေကြတာပဲ၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်တို့ဟာ ဝါဝါ့ကို အန္တရာယ်ရောက်လာလိမ့်မယ်လို့ သိပ်မျှော်လင့်မထားဘူး၊ ကျွန်တော်တို့ မျှော်လင့်ထားတဲ့ ကိစ္စက တစ်မျိုးပါ၊ အကယ်၍ ဝါဝါ့ဆီ အန္တရာယ်ရောက်လာရင်လဲ ညမှာလို့ မျှော်လင့်မထားဘူး၊ နေ့မှာသာ မျှော်လင့်ထားတယ်၊ ဘာကြောင့်လဲဆိုတော့ ဦးတိတ်ကြည်ဟာ ဝါဝါ့ကို ဘယ်တော့မှ ညမထွက်ခိုင်းဘူး၊ ညဆိုရင် ဝါဝါ့အတွက် အန္တရာယ်များတယ်၊ နေ့မှာတွင် သူ့ရည်ရွယ်ချက်ပြည့်အောင် လုပ်လို့လဲရတာကိုး၊ ထားပါတော့လေ၊ ကျွန်တော်တို့တွက်တာ နည်းနည်းလိုသွားတယ်၊ ဒါကြောင့်လဲ ဝါဝါ့ကို ဦးမောင်နီနဲ့ သူ့လူတွေ သယ်သွားတဲ့အခါ ကျွန်တော့်လူနှစ်ယောက်ဟာ မတားနိုင်ခဲ့ဘူး၊ ဒါပေမယ့် သူတို့တွေဟာ ဘယ်အခြေအနေမှာ ဘာလုပ်ရမယ်ဆိုတာကို သိတဲ့လူတွေပါ၊ နိဂုံးချုပ်ပြောရမယ် ဆိုရင်တော့ ဒီနေ့မနက် ကိုးနာရီမှာ ဦးမောင်နီနဲ့ အဖော်တွေရော၊ ပြီးတော့ ဝါဝါပါ ကျွန်တော်တို့လက်ထဲ ရောက်ခဲ့ပါပြီ "

ဦးတိတ်ကြည်က ဝုန်းကနဲ ထသည်။ သူ့လက်ဝါးတစ်ဖက်သည် မမြမေ၏ ပါးပြင်ပေါ်သို့ ပြင်းထန်စွာ ကျသွားသည်။

www.burmeseclassic.com

" နင် . . . နင် . . . မဆင်မခြင်လုပ်လို့ "

ဆိုဖာစောင်းသို့ ယိုင်လဲကျသွားသော မမြမေက အော်သည်။

" ကိုတိတ်ကြည် ရှင် ဘာကြောင်တာလဲ၊ သူ့ထောင်ချောက်ထဲ ဘာလို့ဝင်ရသလဲ၊ ဘယ်မှာလဲ သက်သေခံ အထောက်အထား "

ဦးစိုးနောင်က ခေါင်းတညိတ်ညိတ်ဖြင့် ရှုခင်းကို ကြည့်နေပြီးမှ အေးချမ်းစွာမေးသည်။

" မမြမေက သက်သေအထောက်အထား လိုချင်တယ်ပေါ့ "

မမြမေက မဖြေ။

" ဒီမှာ မမြမေ၊ ဝါဝါဝတ်သွားတဲ့ အဝတ်အစားတွေလေ၊ မှန်ရဲ့နော် "

အကျႌဖြူဖြူ၊ ထဘီနီနီ၊ ထဘီနီနီတွင် အဝါနှင့် အစိမ်းပွင့်လေးများ ပါသည်။ အောက်နားတွင် တစ်စုံတစ်ခုနှင့် ငြိမိထားသဖြင့် စုတ်နေ၏။

မမြမေ ခေါင်းကျိုးကျသွား၏။

ဦးစိုးနောင်က မျက်ရိပ်ပြလိုက်သောကြောင့် ရဲအုပ်နှင့် ရဲကြပ်တို့က ဦးတိတ်ကြည်နှင့် မမြမေတို့ကို လက်ထိပ် ခတ်လိုက်ကြ၏။

မှင်သက်မိသကဲ့သို့ ဖြစ်နေရာမှ ဒေါက်တာမျိုးမွန်က ထ၍မေးသည်။

" ဦးစိုးနောင် ဝါဝါ ဘယ်မှာလဲ . . . ဝါဝါ "

" စိတ်မပူပါနဲ့ ဆရာ၊ ဝါဝါ ဘာမှမဖြစ်ပါဘူး၊ ထိတ်လန့်မှုနဲ့ အဝတ်တွေ ရေစိုပြီး နည်းနည်း အအေးမိတာပဲ ရှိပါတယ်၊ အခု ဝါဝါဟာ ဆရာ့မိတ်ဆွေကြီး ဒေါက်တာစိန်မှူးရဲ့ ပြုစုစောင့်ရှောက်မှုနယ်မှာ ရှိလေရဲ့ "

ဒေါက်တာမျိုးမွန်က ကားဆီသို့ ပြေးသည်။ ဒရိုင်ဘာထိုင်ခုံ ရှိရာဘက် တံခါးကို ဖွင့်သောကြောင့် နောက်မှ ကပ်လိုက် လာသော တင်ညွန့်က ပြော၏။

" ဟေ့ကောင် ဘာလုပ်တာလဲ "

" သွားမယ်လေ "

" သွားရင် ဟိုဘက်က တက်၊ စိတ်လှုပ်ရှားတုန်း ကားမမောင်းနဲ့၊ ကားမောင်းတုန်း စိတ်မလှုပ်ရှားနဲ့ "

" အား . . . ငါကြောင်သွားတယ် "

နောက် မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဆေးရုံကြီး အမျိုးသမီးဖျားနာဆောင် သီးသန့်အခန်းလေးတစ်ခုတွင်းရှိ ကုတင်ဘေးတွင် ဒေါက်တာမျိုးမွန်က ရပ်နေသည်။

မျက်တောင်ကော့များကို ပိတ်လျက် ဝါဝါက နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

အန္တရာယ်တွင်းမှ လွတ်လာရသော ချစ်သူ၏ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေမိသည်။

ဪ . . . အိပ်ပါစေ။ လှပသော အိပ်မက်လေးများသာ မက်နေပါစေ။

အိပ်မက်တွင်း၌ ရှင်ထွေးတို့ မင်းရဲသီဟတို့ကို တွေ့နေဦးမည်လော မပြောတတ်။

တွေ့ပါစေ၊ အိပ်မက်တွင်း၌ ခေတ္တတွေ့ပါစေ။

ကျန်းမာလာမှ ရှင်ထွေးနှင့် မင်းရဲသီဟအစစ်ကို ပြရဦးမည်။ မိမိက ပြရဦးမည်။

* * *

## အခန်း ( ၁၆ )

မော်လမြိုင်ဒီဂရီကောလိပ် အလယ်ထပ်ရှိ ဗဟိုခန်းမဆောင်ကြီးတွင် ခင်းကျင်းပြသနေသော မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပြခန်းသည် ကြည့်ရှုသူများနှင့် စည်ကားနေ၏။

ဖြူစင်သန့်ရှင်းသော ခန်းမကြီးအတွင်း အကန့်များကန့်ကာ ကဏ္ဍအလိုက် ခွဲခြားပြသထား၏။

ကျောင်းသူကျောင်းသားများ ရေးဆွဲထားကြသော ပန်းချီကားများ၊ ကာတွန်းများ၊ ပိုစတာများကလည်း စုံလှသည်။ မူးယစ်ဆေးဝါးအန္တရာယ်ကို ဖော်ပြခြင်းများ ပါသကဲ့သို့ အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ပညာပေးဖော်ပြခြင်းများလည်း ပါသည်။ အန္တရာယ်ကို ပြည်သူလူထုအား၊ လူငယ်လူထုအားများဖြင့် ဖယ်ရှားရန် လှုံ့ဆော်ခြင်းများလည်း ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ပုံကဏ္ဍ၊ စာနယ်ဇင်းကဏ္ဍ၊ ကဗျာကဏ္ဍ၊ ဆောင်းပါးကဏ္ဍ၊ ဝတ္ထုကဏ္ဍဟူ၍ ခန်းမကြီးတစ်ခုလုံးတွင် ကြည့်ရှုဖွယ် ကဏ္ဍတို့ များလှ၏။

ခန်းမကြီး၏ ဇာတ်ခုံစင်မြင့်တွင် သီးသန့်ပြထားသော သိပ္ပံဆိုင်ရာ ပြခန်းကား လူအစည်ကားဆုံး ဖြစ်နေ၏။

ကြည့်ရှုလေ့လာသူ လူငယ်များက လက်တွင်းတွင် မှတ်စုစာအုပ်လေးများနှင့် ဘောပင်များကို ကိုင်ဆောင်ထားကြ၏။

ဒေါက်တာမျိုးမွန်က ပရိုဂျက်တာပြစက်၏ ခလုပ်ကို နှိပ်လိုက်သည်။ ပိတ်ဖြူကားပေါ်တွင် ဆက်သွယ်မှုပြသော ပုံများပေါ်လာ၏။

တုတ်တံတစ်ချောင်းဖြင့် ထောက်ညွှန်ရင်း ဒေါက်တာမျိုးမွန်က ရှင်းပြသည်။

“ ဟောဒီ ဘယ်ဘက်ကပုံက ဗဟိုနာ့(ဗ်) ဖွဲ့စည်းပုံဖြစ်တယ်၊ ဦးနှောက်တို့ ကျောရိုးတွင်းရှိ နာ့(ဗ်)အဖွဲ့အစည်းတို့ကို ပြောခြင်းဖြစ်တယ်၊ ညာဘက်ကပုံက အကျိတ်တွေ၊ သွေးကြောတွေ၊ ကြွက်သားတွေ စသည်တို့ကို ဖော်ပြထားတယ်၊ အဲဒီ နှစ်ပုံကို မျဉ်းဖြောင့်တွေနဲ့ ဆက်ပြထားတယ်၊ ဒီမျဉ်းတွေကိုတော့ နာ့(ဗ်)ကြောတွေလို့ ယူပါ၊ ဗဟိုနာ့(ဗ်)အဖွဲ့အစည်းနဲ့ အကျိတ်တွေ၊ သွေးကြောတွေ၊ ကြွက်သားတွေ၊ မျက်စိက ဆဲလ်တွေ၊ နားက ဆဲလ်တွေဟာ နာ့(ဗ်)ကြောတွေနဲ့ ဆက်သွယ်နေတယ်၊ ဆက်သွယ်တယ်ဆိုတာ တစ်ခုခုသွားဖို့ပဲ၊ ဘာတွေသွားသလဲ၊ နာ့(ဗ်)လှုံ့ဆော်မှုတွေ သွားတယ်၊ လှုံ့ဆော်မှုတွေ သွားတဲ့အခါမှာ ပို့ဆောင်ကူးပြောင်းမှုလေးတွေ ရှိတာပေါ့၊ ဆရာက ဒီနေ့ ဓာတုဗေဒ ပို့ဆောင်ကူးပြောင်းမှုလေးတွေ အကြောင်း ပြောပြချင်တယ်၊ ခင်ဗျားတို့ဟာ ဆေးကျောင်းသားတွေမဟုတ်တော့ အသေးစိတ်တွေကို မပြောတော့ဘဲ ယေဘုယျ သဘောကိုပဲ ပြောပြမယ်၊ လူဟာ မြင်တယ်၊ ကြားတယ်၊ ထိသိတယ်၊ နံတယ်၊ အရသာသိတယ်၊ ရွှေ့လျားတယ်၊ လှုပ်ရှားတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်၊ အဲဒါတွေဖြစ်ဖို့က နာ့(ဗ်)လှုံ့ဆော်မှုဟာ ဖြစ်နေရတယ်၊ နာ့(ဗ်)လှုံ့ဆော်မှုဖြစ်ရင် ဓာတုဗေဒ လှုံ့ဆော်ကူးပြောင်းမှုလေးတွေဟာ သူ့နေရာနဲ့သူ ဖြစ်ပေါ်နေရတာပဲ၊ ခန္ဓာကိုယ်ထဲမှာ ပို့ဆောင်ကူးပြောင်းမှု လုပ်ပေးနေတဲ့ ဓာတ်တွေရှိတယ်၊ အဲဒီဓာတ်တွေဟာ သူ့အလုပ်လုပ်ပြီးရင် ပျက်သွားရတယ်၊ ပျက်သွားအောင် ကူပေးတဲ့ အင်ဇိုင်းလို့ခေါ်တဲ့ ဓာတ်တွေလဲ ရှိတယ်၊ ဒါကြောင့် ခန္ဓာကိုယ်ထဲမှာ ပို့ဆောင်ကူးပြောင်းမှုလုပ်တဲ့ ဓာတ်တွေဟာ ဖြစ်ချိန်တန်ဖြစ်သလို ပျက်ချိန်တန် ပျက်ရတယ်၊ ဖြစ်ပျက်မှုအစဉ်ဟာ မှန်မှန်သွားနေရတယ်၊ ပျက်သွားရမယ့် ဓာတ်ဟာ မပျက်ဘဲကျန်နေရင် စကားလွယ်လွယ် သုံးရအောင်၊ အနှောင့်အယှက်ဖြစ်လာတယ်၊ ဘာတွေကို အနှောင့်အယှက်ဖြစ်သလဲ၊ ခုနက ပြောခဲ့တဲ့ မြင်မှုကြားမှု စတဲ့ လုပ်ငန်းတွေကို အနှောင့်အယှက်ဖြစ်တာပေါ့၊ အနှောင့်အယှက်ဖြစ်မှု ဆိုတာမှာ ဖောက်ဖောက်ပြန်ပြန်ဖြစ်မှုလဲ ပါတယ် ”

“ မူးယစ်ဆေးဝါးဆိုတာလဲ ဓာတုဗေဒပစ္စည်းတစ်မျိုးပဲ၊ သူဝင်သွားရင် ခန္ဓာကိုယ်ထဲက ဓာတ်ဖြစ်ပျက်မှုအစဉ်ကို နှောင့်ယှက်တယ်၊ ဥပမာ ခန္ဓာကိုယ်တွင်းမှာ အက်စက်တိုင်း(လ်)ကိုလင်းဓာတ် ရှိတယ်၊ ဒီဓာတ်ဟာ စောစော ပြောခဲ့တဲ့ ဓာတုဗေဒ ပို့ဆောင်ကူးပြောင်းမှုလုပ်တယ်၊ သူ့ကိစ္စပြီးရင် ပျက်သွားရတယ်၊ သူပျက်သွားအောင် ကိုလင်း အက်စတာရေ့(စ်) ဆိုတဲ့ အင်ဇိုင်း ဓာတ်က ကူပေးတယ်၊ ဒီအင်ဇိုင်းဓာတ်ကလဲ ခန္ဓာကိုယ်ထဲမှာ ရှိတာပဲ၊ အယ်(လ်)အက်(စ်)ဒီလို မူးယစ်ဆေးဝါးဟာ ဦးနှောက်တွင်းက ခုနက ပြောခဲ့တဲ့ အင်ဇိုင်းဓာတ်ကို အလုပ်မလုပ်အောင် တားဆီးတယ်၊ ဦးနှောက်တွင်းမှာ ဓာတုဗေဒ ပို့ဆောင်ကူးပြောင်းမှု လုပ်ပြီးတဲ့ အက်စက်တိုင်း(လ်)ကိုလင်းဓာတ်ဟာ ဖျက်ပေးမယ့်သူမရှိတော့ ပျက်ချိန်တန် မပျက်တော့ဘူးပေါ့၊ ပျက်ချိန်တန် မပျက်ရင် နှောင့်ယှက်မှုတွေ ဖောက်ပြန်မှုတွေ ဖြစ်တော့တာပေါ့၊ အခုပြောခဲ့တာက နမူနာ တစ်ခုသာ ဖြစ်ပါတယ် ”

“ ဆရာပြောပြချင်တာက ခင်ဗျားတို့ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးဟာ အဖိုးတန်လှပါတယ်၊ အံ့ဩဖွယ်လည်း ကောင်းလှပါတယ်၊ လူဟာ ကြည်ကြည်လင်လင် မြင်နိုင်၊ ကြားနိုင်၊ နံနိုင်၊ အရသာသိနိုင်၊ ထိသိနိုင်၊ ရွှေ့လျားနိုင်၊ လှုပ်ရှားနိုင်၊ စဉ်းစားနိုင်၊ ကြံစည်နိုင်အောင် ကိုယ်တွင်းက ဓာတ်တွေက သူ့သဘာဝနဲ့သူ ဖြစ်ပျက်မှုအစဉ် မှန်မှန်နဲ့ ကျေးဇူးပြု စောင့်ရှောက်နေပါတယ်၊ ဒီကျေးဇူးပြု စောင့်ရှောက်မှုကို မူးယစ်ဆေးဝါးနဲ့ သွားမဖျက်ဆီးကြပါနဲ့၊  သွားဖျက်ဆီးတာဟာ ဘာနဲ့တူသလဲ ဆိုတော့ လာ . . . ဟိုဘက် ကူးကြည့်ကြရအောင် ”

ဒေါက်တာမျိုးမွန်က ကျောင်းသူကျောင်းသားများကို ရုပ်မြင်သံကြားစက်ဆီသို့ ခေါ်သွား၏။ စက်နှင့် ဆက်သွယ်ထားသော ကိရိယာများရှိပြီး ကိရိယာများကို ကိုင်တွယ်သူ ဆရာငယ်များကလည်း အဆင်သင့် ရှိနေကြသည်။

“ ဟောဒီ ရုပ်မြင်သံကြားစက်ကြီးဟာ တစ်သောင်းကျော်တန်လို့ လူတွေက တန်ဖိုးထားကြတယ်၊ ဒီစက်ကြီး ပျက်သွားမှာ နှမြောကြတယ်၊ ဒီစက်ကြီးမှာ အရုပ်တွေ မပီပြင်မှာ၊ မကြည်လင်မှာ၊ အရောင်တွေ မကောင်းမှာ၊ မလှမှာ၊ အသံမပီမှာ၊ မကြည်မှာ အလွန်စိုးရိမ်ကြတယ်၊  ကဲ . . . ကြည့်ကြရအောင် ”

ဒေါက်တာမျိုးမွန်က အချက်ပေးလိုက်၏။

ရုပ်မြင်သံကြားစက်တွင် လှပသော ရှုခင်းပေါ်လာ၏။ ပြာလွင်သော ကောင်းကင်၊ စိမ်းလန်းသော တောစု၊ သဘာဝ အလျောက် ပွင့်နေကြသော ပန်းများကို နောက်ခံပြုလျက် လုလင်ပျိုတစ်ဦးနှင့် လုံမပျိုတစ်ဦးတို့က တွဲလျှောက်လာကြသည်။

www.burmeseclassic.com

သာယာသော နောက်ခံဂီတသံလည်း ထွက်ပေါ်လာနေ၏။ ကြီးမားသော သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အခြေတွင် လုလင်ပျိုနှင့် လုံမပျိုတို့က ထိုင်ကြသည်။

အနီးကပ် ရိုက်ပြထားသောအကွက်၌ လုံမပျို၏ ရွှေရောင်ဆံပင်နှင့် မျက်လုံးပြာများကို တွေ့ရသည်။ မျက်လုံးပြာလေးများက တလဲ့လဲ့ လက်သည်။ နီထွေးပြည့်ဖောင်းနေသော နှုတ်ခမ်းလေးများကလည်း ဖိတ်ခေါ်နေသယောင်ရှိသည်။ လုလင်ပျိုက လုံမပျို၏ ပုခုံးလေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၏။

ထိုအခိုက်တွင် ကားပြတ်သကဲ့သို့ ရုပ်မြင်သံကြားစက်ပေါ်မှ ရှုခင်းများ ပျောက်၍ ရပ်သွားသောကြောင့် ကျောင်းသားများထံမှ ညည်းသံပေါ်လာသည်။

ဒေါက်တာမျိုးမွန်က ရယ်ပြီး ပြော၏။

“ ခုတွေ့ခဲ့ကြရတာက ရုပ်မြင်သံကြားစက်ကြီးဟာ ပင်ကိုယ် ပကတိအတိုင်း အလုပ်လုပ်နေလို့ ကြည်ကြည်လင်လင် လှလှပပ တွေ့ကြရတာ၊ ဟောဟိုမှာကြည့်၊ ဆရာတွေ ပြနေတယ် ”

ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုစက်တို့ကို လေးထောင့်ပုံရှိသော ကိရိယာတစ်ခု ကြားခံလျက် ဆက်ထားသည်။ ထိုကိရိယာတွင် ပိုက်ဆံစုဗူးမှ အပေါက်ကဲ့သို့ ရှည်သွယ်ကျဉ်းမြောင်းသော အပေါက်ကလေးများ ရှိသည်။

ဆရာငယ်တစ်ဦးက ထိုအပေါက်လေးများတွင်းသို့ သတ္တုပြားနှင့်တူသော အချပ်ကလေးများ ထည့်ပြနေ၏။

ဒေါက်တာမျိုးမွန်က ရှင်းပြ၏။

“ ရုပ်မြင်သံကြားစက်ကြီး အလုပ်လုပ်နေတာကလဲ ပို့ဆောင်ကူးပြောင်းမှုကြောင့်ပဲ၊ ပုံမှန် ပို့ဆောင်ကူးပြောင်းမှု ဖြစ်နေရင် ပုံမှန် အလုပ်လုပ်တယ်၊ ဟောဒီ အပေါက်လေးတွေထဲ သတ္တုပြားတွေ ထည့်လိုက်တဲ့အခါ ပုံမှန် ပို့ဆောင်ကူးပြောင်းမှု ပျက်သွားတယ်၊ ဒီအခါ ရုပ်မြင်သံကြားစက်ကြီး ဘာဖြစ်သွားတယ်ဆိုတာ ကြည့်ကြရအောင် ”

ရုပ်မြင်သံကြားစက်တွင် စောစောက ရှုခင်းသည် အစမှ ပြန်ပေါ်လာ၏။

ဆရာငယ်က ကိရိယာအတွင်းသို့ သတ္တုပြားတစ်ပြား ထည့်လိုက်၏။

ရုပ်မြင်သံကြားစက်မှာ အရောင်တွေ မှိန်ကုန်၏။

ဆရာငယ်က သတ္တုပြားလေးများကို အမျိုးမျိုး ပြောင်းလဲထည့်ပြနေ၏။ ရုပ်မြင်သံကြားစက်ပေါ်မှာ ရှုခင်းမှာလည်း အမျိုးစုံ ပြောင်းနေတော့၏။

မှုန်သွားသည်။ လင်းသွားသည်။ ဝါးသွားသည်။ ပြားသွားသည်။ ရဲရဲနီသွားသည်။ ပြာပြာမှောင်သွားသည်။ ဝါဝါထိန်သွားသည်။ အစက်အပြောက်ပင် မပေါ်တော့ဘဲ အားလုံးမှောင်သွားသည်။ ဂီတသံမှာလည်း တိုးသွား၏။ ကျယ်သွား၏။ လုံးသွား၏။ စူးသွား၏။ ထစ်သွား၏။ ရပ်သွား၏။

စောစောက တွေ့ခဲ့ရသော လှပသည့်ရှုခင်းနှင့် ရင်ဖိုရသော ဇာတ်လမ်းလေးကို မတွေ့ရတော့။

ဒေါက်တာမျိုးမွန်က အချက်ပြလိုက်သဖြင့် အားလုံး ရပ်သွား၏။

“ ကဲ . . . ရုပ်မြင်သံကြားစက်ကြီး ဘာဖြစ်သွားသလဲ ”

ကျောင်းသားတစ်ဦးက ဖြေ၏။

“ ရုပ်မြင်သံကြားစက်ကြီး ကြောင်သွားတယ် ဆရာ ”

အားလုံး ရယ်ကြ၏။

ဒေါက်တာမျိုးမွန်က ရှင်းပြပြောဆို၏။

“ ရုပ်မြင်သံကြားစက်ကြီး ကြည်ကြည်လင်လင် မှန်မှန်ကန်ကန် အလုပ်လုပ်ဖို့ သုတေသနတွေ အမျိုးမျိုးလုပ်ပြီးမှ အင်ဂျင်နီယာတွေက ခက်ခက်ခဲခဲ တည်ဆောက်ပေးလိုက်တယ်၊ သူ့ရဲ့ တည်ဆောက်မှုကို ဘာမှ သွားမနှောင့်ယှက်ဘူးဆိုရင် သူဟာ ကြည်ကြည်လင်လင် ထက်ထက်မြက်မြက် အလုပ်လုပ်မယ်၊ စောစောကလို ဆရာတို့က သွားနှောင့်ယှက်လိုက်တော့ ရုပ်မြင်သံကြားစက်ကြီးခမျာ ခုနက ကျောင်းသွားတွေပြောသလို ကြောင်သွားရရှာတယ်၊ စိတ်မှန်တဲ့လူ မှန်သမျှ သောင်းကျော် ပေးဝယ်ထားရတဲ့ ရုပ်မြင်သံကြားစက်ကြီး ဖောက်ပြန်ပျက်စီးအောင် ဘယ်သူမှ တမင်လုပ်ကြမှာ မဟုတ်ဘူး၊ လူ့ခန္ဓာကိုယ် အထူးသဖြင့် လူ့ဦးနှောက်ဟာ ရုပ်မြင်သံကြားစက်ထက် တန်ဖိုးမနှိုင်းယှဉ်နိုင်အောင် ကြီးမားလှပါတယ်၊ စွမ်းရည်လည်း မနှိုင်းယှဉ်နိုင်အောင် သာလှပါတယ်၊ အံ့ဖွယ်ကောင်းလှတဲ့ လူ့ပင်ကိုယ် ပကတိစွမ်းရည်ကို မူးယစ်ဆေးဝါးနဲ့ မဖျက်သင့်ပါဘူး၊ ကဲ . . . လာကြ၊ မူးယစ်ဆေးဝါးကြောင့် ပင်ကိုယ် ပကတိစွမ်းရည်တွေ ပျက်ရတဲ့ သတ္တဝါလေးတွေကို ကြည့်ကြရအောင် ”

ဒေါက်တာမျိုးမွန်က ဖန်ကန်များရှိရာသို့ ကျောင်းသူကျောင်းသားများကို ခေါ်သွား၏။

ရေထည့်ထားသော ဖန်းကန်များ စီလျက်ရှိသည်။ ဖန်ကန်တစ်လုံးစီတွင် ငါးလေးတစ်ကောင်စီ ရှိ၏။ ငါးလေးက တစ်လက်မခွဲခန့် ရှိသည်။ ကိုယ်ရောင်က ပြာသည်။ ဆူးတောင်များနှင့် အမြီးက နီညိုရောင် သန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ငါးလေးများသည် ဖန်ကန်များအတွင်း၌ လှပစွာ ကူးခတ်လှုပ်ရှားနေကြသည်။

" ဒီငါးလေးတွေကို ယိုးဒယားတိုက်ငါးလို့ ခေါ်တယ်၊ တိုက်ကြက်လိုပေါ့၊ အတိုက်အခိုက်ကောင်းကြတယ်၊ အခု တွေ့ကြရတာက ငါးထီးလေးတွေပါ၊ တစ်ကောင်ချင်း ခွဲထားရတာက နှစ်ကောင်အတူ ထားလို့မရလို့ပဲ၊ တိုက်ကုန် ကိုက်ကုန် ကြလိမ့်မယ် "

ဆရာငယ်နှစ်ဦးက လက်ကိုင်တပ်ထားသော ပိုက်ကွန်လေးများနှင့် ငါးလေးများကို ဖမ်းသည်။ ထို့နောက် အတန် ကြီးသော ဖန်ကန်အတွင်းသို့ ငါးလေးများကို လွှတ်ပေးလိုက်သည်။

လေယာဉ်အပြားလေးများ တိုက်ပွဲဆင်နွှဲကြသကဲ့သို့ ငါးလေးများသည် တိုက်ကြ၏။ သွက်ကြ၏။ လျင်မြန်ကြသည်။

ဆရာငယ်များက ငါးလေးများကို ပြန်ဆယ်ယူပြီး တစ်ကောင်စီ ခွဲထားကြ၏။

ဒေါက်တာမျိုးမွန်က ပြောသည်။

" သူတို့ ပင်ကိုယ် သဘာဝနဲ့ စွမ်းရည်ကို မြင်ကြပြီ မဟုတ်လား၊ ကဲ . . . ဟောဒီမှာ ကြည့်ကြပါဦး "

ဖန်ကန်တစ်ခုတွင်း၌ ငါးပြာပြာလေးများကိုပင် တွေ့ရသည်။ ဆူးတောင်များနှင့် အမြီးက နီညိုညိုပင် ဖြစ်သည်။

အားလုံး ငါးလေး ငါးကောင်ရှိသည်။ သူတို့ကမူ မတိုက်၊ တိုက်မည် ဝေး၍ လှုပ်ပင် မလှုပ်ကြ။ အနေအထား တို့ကလည်း ထူးဆန်းသည်။

ငါးလေးများသည် အလျားလိုက်မနေ၊ ဒေါင်လိုက်နေသည်။ ခေါင်းကအထက်၊ အမြီးကအောက်၊ နှာခေါင်းပေါက် လေးများကို ရေပေါ် ဖော်ထား၏။

စောစောက တွေ့ခဲ့ရသော သွက်မှု၊ လျင်မြန်မှု၊ လှုပ်ရှားမှုမျိုး မတွေ့ရတော့။

ကျောင်းသူလေးတစ်ဦးက မေး၏။

" ဆရာ . . . သူတို့ ဘာဖြစ်သွားကြတာလဲ "

" သူတို့မှာရှိတဲ့ ပင်ကိုယ်စွမ်းရည်တွေ ပျောက်နေပြီလေ၊ အနေအထားကိုလဲ ကြည့်၊ ပုံမှန် မဟုတ်တော့ဘူး၊ သဘာဝလဲ မဟုတ်တော့ဘူး "

" ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲ "

" သူတို့ကို အယ်(လ်)အက်(စ်)ဒီလို့ ခေါ်တဲ့ ဟယ်လူစင်နိုဂျင် မူးယစ်ဆေးဝါးတစ်မျိုး ကျွေးထားလို့ "

" အို . . . သနားပါတယ် "

" ဟုတ်တယ် သနားဖို့ ကောင်းတယ်၊ မူးယစ်ဆေးဝါး သုံးစွဲတဲ့လူတွေဟာလဲ သုံးစွဲနေစဉ်မှာ ဒီငါးလေးတွေလိုပဲ ဖြစ်နေကြရှာတာပဲ၊ ပင်ကိုယ်စွမ်းရည်တွေ ပျောက်ကုန်တယ်၊ ခုနက ရုပ်မြင်သံကြားစက်ကြီး ဖောက်ပြန်သလို ဖောက်ပြန်တယ်၊ စွဲသွားရင်တော့ ပုဂ္ဂလိက ဒုက္ခ၊ လူမှုဒုက္ခ၊ ကိုယ်ဒုက္ခ၊ စိတ်ဒုက္ခမျိုးစုံ တွေ့ကြုံရပြီး နောက်ဆုံးမှာ စောစောကြို လာခေါ်တဲ့ သေခြင်းတရားနဲ့ တွေ့ရတတ်တယ် "

ဒေါက်တာမျိုးမွန်က ကျောင်းသားကျောင်းသူများကို ပြုံးလျက်ကြည့်၏။

ပြီးပြီ။ မိမိ ပြလို၊ ပြောလိုသည်မှာ ပြီးပြီ။

" ဆရာပြချင်တာကတော့ ပြီးပါပြီ၊ နိဂုံးချုပ်အနေနဲ့တော့ ဆရာ့အစ်ကိုလိုလဲဖြစ်၊ ဆရာသမားလဲ ဖြစ်တဲ့ စိတ်ပညာ ပါရဂူကြီး ဒေါက်တာကျော်ဖေရဲ့ သတိပေးစကားကို လက်ဆောင်ပါးလိုက်ပါရစေ၊ ဒေါက်တာကျော်ဖေက လူငယ်တွေကို ပြောလေ့ရှိတယ်၊ မူးယစ်ဆေးဝါးမှန်ရင် ဘယ်ဆေးဝါးကိုမှ သွားပြီး မစမ်းကြပါနဲ့တဲ့၊ ကဲ . . . အားလုံးပဲ ကျေးဇူးတင်ပါတယ်"

ကျောင်းသူကျောင်းသားများက စင်မြင့်ပေါ်မှ ဆင်းသွားကြ၏။

နောက်ပါးမှ လက်ခုပ်တီး ဩဘာပေးသံထွက်လာသောကြောင့် ဒေါက်တာမျိုးမွန်က လှည့်ကြည့်သည်။

" ဟင် . . . ကြည့်စမ်း ဝါဝါ "

စင်မြင့်ကြီးမှာ ဇာတ်ခုံကြီးလည်းဖြစ်လေရာ ဇာတ်ခုံကြီး၏ တစ်ဖက်တစ်ချက်၌ အတွင်းစင်္ကြံများရှိသည်။ တောင်ဘက် အတွင်းစင်္ကြံ၌ရပ်လျက် ဝါဝါက လက်ခုပ်တီးနေခြင်းဖြစ်သည်။

" ဝါဝါ ဘယ်တုန်းက ရောက်လာသလဲ "

" ဝါဝါ ရောက်တာ ကြာပြီ၊ မောင် ဟောပြောနေတာကို ငြိမ်ငြိမ်လေး ရပ်နားထောင်နေတာ "

" ဝါဝါ တစ်ယောက်တည်းလား "

" ဟင့်အင်း၊ မြင့်မြင့်လဲ ပါတယ်၊ ဟိုမှာလေ "

တိုင်ကွယ်မှ မြင့်မြင့်သည် ရယ်မောလျက် ထွက်လာ၏။

" ဘာလို့ ပုန်းနေတာလဲ မြင့်မြင့် "

www.burmeseclassic.com

www.burmeseclassic.com

" ဩော် . . . ဒါက ဇာတ်စင် မဟုတ်လား၊ ဇာတ်စင်မှာ မင်းသားနဲ့ မင်းသမီးသာ ထွက်ရတာ၊ နှစ်ပါးသွားမလားလို့ တို့က ချောင်းကြည့်နေတာ "

"မြင့်မြင့်နော် . . . "ဟု ဆို၍ ဝါဝါက မြင့်မြင့်ကို ထုသည်။

" အလကား ပြောတာပါဟယ်၊ မျိုးမွန်ရေ ရုပ်မြင်သံကြားစက်ကြီးနဲ့ နင်ရှင်းပြတာ ငါအကြိုက်ဆုံးပဲ၊ ရှင်းရှင်းလေးနဲ့ သဘောပေါက်တယ် "

" အဲဒါဆို ဝါဝါ့ကို ကျေးဇူးတင် "

" ဘာပြုလို့လဲ "

" ငါ ဒီလိုပြဖို့ အကြံရတာကြာပြီ၊ ဒါပေမယ့် ရုပ်မြင်သံကြားစက် မတတ်နိုင်လို့၊ ပြီးတော့ ဗီဒီယိုစက်လဲ လိုသေးတယ်၊ စမ်းသပ်ရင်းက ပျက်သွားနိုင်တယ်၊ ခုတောင် ဗီဒီယိုတိပ် တစ်ခွေတော့ ပစ်ရမှာပဲ၊ အဲဒီလို အခက်အခဲတွေကြောင့် ငါ အရင်က မပြနိုင်ဘူး၊ အခု အဲဒါတွေ အားလုံး ဝါဝါက ဝယ်လှူလို့ "

" ဝါဝါ လှူတယ် မပြောပါနဲ့၊ ဝါဝါ့ပစ္စည်းဟာ မောင့်ပစ္စည်းပါ "

မြင့်မြင့်က ဝင်နောက်၏။

" ဟိုး စောပါသေးတယ်၊ သီတင်းတောင် မကျွတ်သေးဘူး "

သုံးဦးလုံး ရယ်ကြ၏။

" မျိုးမွန် သိပ္ပံကဏ္ဍ အစီအစဉ်တွေ အားလုံး ကောင်းတယ်ဟ "

" အေး သတ္တ၊ ရုက္ခ၊ ရူပ၊ ဓာတု၊ သင်္ချာတို့ သိပ္ပံဌာနတွေ အားလုံး ပေါင်းလုပ်ကြတာ၊ တစ်ဦးတစ်ယောက် တစ်ဌာနတည်း မဟုတ်ဘူး "

ဝါဝါက လက်ညှိုးလေး ထောင်ပြပြီး ဆို၏။

" ဟင်း . . . မောင့်ကတိတစ်ခု ကျန်သေးတယ် "

" ဘာလဲ ဝါဝါ "

" ရှင်ထွေးတို့ မင်းရဲသီဟတို့အကြောင်း ရှင်းပြမယ် ဆိုတာလေ "

မြင့်မြင့်ကလည်း ဝင်ထောက်ခံ၏။

" ဟုတ်တယ်ဟေ့၊ တို့လဲ သိချင်တယ် "

" အဲဒါက ဒီအတိုင်း ရှင်းပြလို့ မရဘူး၊ ရှင်ထွေးတို့ မင်းရဲသီဟတို့ကို ကိုယ်တိုင် တွေ့ကြမှ "

" ဘယ်လို "

" ဒီညနေ ပြပါ့မယ်၊ မြင့်မြင့်နဲ့ တင်ညွန့်က ဝါဝါ့အိမ် လာခဲ့ "

" အိမ်မှာ ပြမယ် "

" ဟင့်အင်း စိန်ပန်းပင်ကြီးမှာ "

မြင့်မြင့်နှင့် ဝါဝါတို့က မျက်လုံးလေးများပြူး၍ တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြ၏။

ထိုစဉ် ကြည့်ရှုသူ ကျောင်းသားကျောင်းသူတစ်သုတ် စင်မြင့်ပေါ်သို့ တက်လာကြသည်။

" ကဲ . . . ကိုယ် အလုပ်ပြန်စလိုက်ဦးမယ်၊ မြင့်မြင့်တို့ ဝါဝါတို့ လျှောက်ကြည့်ကြလေ "

ဝါဝါက ဆို၏။

" ဒီညနေ တကယ်နော် "

" တကယ်ပါ ဝါဝါ "

မြင့်မြင့်နှင့် ဝါဝါတို့ ထွက်သွားကြ၏။

ဒေါက်တာမျိုးမွန်က စင်မြင့်အလယ်သို့ ပြန်ထွက်လာခဲ့၏။

* * *

## အခန်း ( ၁၇ )

ညနေတွင် မြေလမ်းဝါဝါလေးအတိုင်း မြင့်မြင့်နှင့် ဝါဝါတို့က ကုန်းမြင့်ကို တက်လာကြသည်။

" မြင့်မြင့် . . . ဒီလမ်းလေးမှာ နာမည်ရှိတယ်၊ မောင်ပေးထားတာ "

www.burmeseclassic.com

www.burmeseclassic.com

" ဟုတ်လား၊ ဘာတဲ့လဲ "
" ချစ်သူလာရာလမ်းတဲ့ "
" အဟဲ . . . ဘယ်ဆိုးလို့လဲ၊ ခုဆိုရင်တော့ ချစ်သူတို့ လာရာလမ်းပေါ့၊ တို့က နှစ်ယောက်လေ "
" ဟုတ်တယ်၊ ချစ်သူတို့ လာရာလမ်း "
" ဒါပေမယ့် မောင်တော်ဘုရားနှစ်ပါးက ဘာလို့ ရှေ့က ကြွနှင့်ရတာလဲ၊ ကြွတာမှ ဟိုဘက်က ပတ်ပြီး ကားနဲ့ "
" ဝါဝါနဲ့ မြင့်ကို သူတို့က ဖမ်းပြီး ကားနဲ့တင် ခိုးပြေးကြမလို့လား မသိဘူး "
" အမလေး အဲဒီလိုဆို ပျော်စရာကြီးပါလား "
သူငယ်ချင်းမ နှစ်ဦးတို့သည် စကားတပြောပြောနှင့် လျှောက်လာကြ၏။
စိန်ပန်းပင်ကြီးကို လှမ်းမြင်နေရပြီ ဖြစ်သော်လည်း ဒေါက်တာမျိုးမွန်နှင့် တင်ညွန့်တို့၏ အရိပ်အယောင်ကို မတွေ့ရသေး။
စိန်ပန်းပင်ကြီးအနီးရောက်မှ တင်ညွန့်ကို လှမ်းတွေ့ရသည်။
လေယာဉ်ကွင်း မြောက်ဘက်သို့ သွားသော မြေလမ်းလေးတစ်ခုပေါ်မှ နေ၍ တင်ညွန့်က လက်ယပ်ခေါ်နေ၏။
မြင့်မြင့်နှင့် ဝါဝါတို့က စိန်ပန်းပင်ကြီးကို ကျော်ပြီး တင်ညွန့်ထံ သွားကြ၏။
ဝါဝါက မေး၏။
" မောင်ကော "
" မင်းရဲသီဟကို သွားခေါ်တယ် "
" ဘာပြောတယ် "
တင်ညွန့်က ပုဝါဖြူတစ်ထည်ကို ပြ၏။
" ဝါဝါ့မျက်လုံး စည်းထားရမယ် "
" ဟင် . . . ဘာပြုလို့ "
" မင်းရဲသီဟကို တွေ့အောင် "
" ကြံကြံဖန်ဖန် "
" ကြံကြံဖန်ဖန် မဟုတ်ဘူး၊ ဝါဝါ့မောင်တော်က လုပ်ခိုင်းတာ "
" မောင်က လုပ်ခိုင်းတာ "
" ဟုတ်တယ် "
တင်ညွန့်က ဝါဝါ့မျက်လုံးများပေါ် ပုဝါနှင့်အုပ်၍ စည်း၏။ ထို့နောက် ဝါဝါ့ကို စိန်ပန်းပင်ကြီးဘက်သို့ တွဲခေါ်လာပြီး တစ်နေရာတွင် ရပ်ခိုင်း၏။
" ဝါဝါ . . . မြင့်နဲ့ ကိုယ် အနောက်နားက ရှိမယ်၊ မကြောက်နဲ့နော်၊ စောင်းသံကြားရင် ပုဝါကို ဖြုတ်ကြည့် "
ဝါဝါ၏ ရင်လေးမှာ ခုန်လာ၏။ သို့ရာတွင် စိတ်က ဝင်စားလာ၏။
ဝါဝါက ငြိမ်လျက်ရပ်နေသည်။ မကြာ . . .။ သာယာသော စောင်းသံ ထွက်ပေါ်လာသည်။
ဝါဝါက မျက်လုံးများပေါ် အုပ်စည်းထားသော ပုဝါဖြူကို ဖြုတ်လိုက်၏။
ပထမတွင်မူ မျက်လုံးများက ပြာနေသည်။ ကြည်ကြည်လင်လင် မြင်ရသော ခဏ၌ကား ဝါဝါမှာ အသက်ရှူလေး ရပ်သွားမိ၏။
စိန်ပန်းပင်ကြီး၏ တောင်ဘက်တွင် ကုန်းသည် နှာမောင်းပမာ ပြေပြေလျှောဆင်းနေ၏။
အနောက်ဘက် မိုးကောင်းကင်တွင် ရွှေရည်နု ရွှေရည်ရင့်နှင့် နှင်းဆီသွေးအရောင်တို့ လှပစွာ ရောယှက် ပေါ်ထွက်နေ၏။
ကောင်းကင်၏ ရောင်စုံပန်းချီကို နောက်ခံပြု၍ ကုန်းစောင်းနှာမောင်းတွင် စောင်းကို ပိုက်လျက် သူက ထိုင်နေသည်။
သူ . . .။ မင်းရဲသီဟ . . .။
သူ့ပုဆိုးရှည်က ပန်းနုရောင်။ အင်္ကျီက နံ့သာရောင်။ သူ့အသားက ဝင်းဝါသည်။ နံ့သာရောင်ပင်ဖြစ်သော ခေါင်းစည်း၌ ရွှေမျှင်လေးတို့ လက်နေ၏။ နက်မှောင်သောသျှောင်ကလည်း ဆီဝေ့ကျနေ၏။
စောင်းသံသာသာက ထွက်ပေါ်လာနေသည်။ သီဆိုသံလည်း လိုက်လာ၏။
" ဆင့်ချစေသွန်၊ ရက်မချန်တည့်၊ ယုဂန်အလုံး၊ မြရည်ဖုံးသား၊ လှဆုံးတင့်နေ၊ ထုံးသရေလည်း၊ တွေ့ရွကြည့်တိုင်း၊ ပြစ်မျိုးရိုင်းသည်၊ စံခိုင်းလျော်သစ်၊ ရွှေနှယ်နစ်မျှ . . . "

www.burmeseclassic.com

www.burmeseclassic.com

မိမိကိုယ် မိမိ ဘာလုပ်နေသည် မသိ။ စိတ်ညှို့ခံရသူပမာ ဝါဝါ သူ့ဆီသို့ ကပ်လာသည်။ ဖြည်းဖြည်း ကပ်သည်။ သူက စောင်းကိုချ၍ ပြုံးပြီး ဝါဝါ့ကို လက်ကမ်းကြိုသည်။

ဝါဝါက သူ့ရင်ခွင်တွင်း ပြေးဝင်ပြီး သူ့ကို ဖက်၏။

" မောင် . . . မောင် . . .၊ မင်းရဲသီဟ . . .၊ အို . . . မင်းရဲသီဟက မောင် "

ဝါဝါသည် ရှှင်ရွှင်မြူးမြူးလေး အော်နေ၏။

" ဟုတ်ပါတယ် ဝါဝါ၊ မင်းရဲသီဟက မောင်ပါ၊ ဝါဝါ့ မောင်ပါ "

" ဟုတ်တယ် ဝါဝါ မှတ်မိပြီ၊ မင်းရဲသီဟက မောင်နဲ့ တူ . . . တူတယ် "

တင်ညွန့်၏ အော်ပြောသံက ပေါ်လာ၏။

" ဟေ့ . . . ငြိမ်ငြိမ်လေး ခဏ၊ အဲ ဟုတ်ပြီ ရပြီ၊ ဒါက ဒုတိယ ပုံကွ "

တင်ညွန့်က ကင်မရာကို လွှယ်လိုက်ပြီး မြင့်မြင့်နှင့်အတူ သူတို့ဆီ လျှောက်လာ၏။

ဝါဝါက ယခုမှ သတိပြုမိသည်။ စောင်းသံက ဆက်လက်ထွက်ပေါ်နေသည်။ သီဆိုသံလည်း ရှိဆဲ။

" . . . ထင်မိဖြုတ်ချည်း၊ မျှော်ကတည်းက၊ အူသည်းစုညွတ်၊ သက်လုံးပြတ်သည် . . . "

ဒေါက်တာမျိုးမွန်က ရယ်ပြီး ဝှက်ထားသော ရက်ကော့ဒါတစ်လုံးကို ယူလျက် ဝါဝါ့ကို ပြသည်။

" ဒီနည်းပဲ ရှိတယ်၊ မောင်မှ စောင်းမတီးတတ်ပဲ "

ဒေါက်တာမျိုးမွန်က ခလုတ်ပိတ်ပြီး ရက်ကော့ဒါကို ချထားလိုက်၏။

မြင့်မြင့်က ဝင်ပြော၏။

" စိတ်ဝင်စားစရာတော့ ကောင်းတယ်၊ တစ်ခုမှ နားမလည်ဘူး "

ဒေါက်တာမျိုးမွန်က ရှင်းပြ၏။

" ဝါဝါဟာ ဟိုဆေးကြောင့် မရှိတာတွေကို မြင်ခဲ့တွေ့ခဲ့ရတယ်၊ ဒါပေမယ့် ဒီဆေးတစ်ခုတည်းကြောင့် ဒီလို မြင်တာတွေ့တာ မဟုတ်ပါဘူး၊ ဘာတွေ့တယ်ဆိုတာ စိတ်ရဲ့ အခြေအနေပေါ်မှာလဲ တည်နေပါတယ်၊ ဝါဝါက ကိုယ်နဲ့ ခွဲခွာခဲ့ရတယ်၊ ဒီအတွက် စိတ်မှာ ဒဏ်ဖြစ်ခဲ့ရတယ်၊ ဒီလို ခွဲခဲ့ရတဲ့အတွက်လဲ ခွဲခဲ့သူတွေကို အပြစ်တင်ချင်တယ်၊ အပြစ်တင်ရမှာကလဲ မိဘဖြစ်နေတယ်၊ ဝါဝါ့လို လိမ္မာတဲ့ မိန်းကလေးမျိုးဟာ မိဘကို အပြစ်မတင်ချင်ဘူး၊ အပြစ်တင်ချင်စိတ်ကို ဖုံးကွယ်ပြီး မသိစိတ်အလွှာထဲ မြှုပ်လိုက်တယ်၊ ဩော် . . . ဝါဝါ ပြန်စဉ်းစားကြည့်စမ်း၊ မြသီတာဟာ ဘယ်သူနဲ့တူသလဲ "

ဝါဝါက တွေတွေလေး စဉ်းစားနေ၏။ အတန်ကြာမှ မျက်လုံးလေးပြူးပြီး ပြော၏။

" ဟုတ်ပြီ၊ သိပြီ၊ တူတယ် "

" မမြမေ မဟုတ်လား "

" အင်း . . . မောင်က ဘယ်လိုလုပ် သိသလဲ "

" ဝါဝါဟာ တစ်ခါက လွှတ်ကနဲ စကားမှားပြီး မမြမေကို မြသီတာလို့ ခေါ်ဖူးတာကိုး၊ အဲဒါမျိုး စကားလွှတ်ပြီး မသိစိတ်ပေါ်တယ်လို့ ခေါ်တယ်၊ ကဲ . . . ဗိုလ်ရက္ခကိုလဲ ပြန်စဉ်းစားပါဦး "

ဝါဝါက စဉ်းစားသည်။

" မျက်လုံးက ကျဉ်းတယ်၊ နှာခေါင်းက ပြားတယ်၊ အာ . . . သိပြီ၊ ဦးတိတ်ကြည် "

" ဟုတ်တယ်၊ ဗိုလ်ရက္ခဟာ ဦးတိတ်ကြည်ပါ၊ မသိစိတ်တွင်းမှာ နေရာလွှဲပြောင်းယူမှုဆိုတဲ့ သဘောရှိတယ်၊ လက်ရှိမှာလဲ ဦးတိတ်ကြည်နဲ့ မမြမေဟာ ဝါဝါ့ကို စောင့်ကြပ် ချုပ်ချယ်သလို လုပ်နေတယ်၊ ပြီးတော့ ဝါဝါ့အသိဉာဏ်ထဲမှာ ဦးတိတ်ကြည်နဲ့ မမြမေဟာ မကောင်းဘူးဆိုတာ ဝေ့ဝေ့လေး သိနေတယ်၊ ဒီအကြောင်းတွေ ပေါင်းလိုက်တော့ မူလ အပြစ်တင်ချင်မှုဟာ နေရာလွှဲပြောင်းယူမှု သဘောနဲ့ ဦးတိတ်ကြည်တို့ မမြမေတို့ဆီ ရောက်သွားတယ်၊ တစ်ခါ သူတို့ဟာလဲ စိတ်တည်းဖြတ် ပြုပြင်မှုသဘောကြောင့် ဗိုလ်ရက္ခ၊ မြသီတာ ဆိုတဲ့ နိမိတ်ပုံတွေအဖြစ် ထွက်လာတယ် "

မြင့်မြင့်က ဝင်မေး၏။

" ဇာတ်လမ်းလေးလိုကော ဘာကြောင့် ဖြစ်ရသလဲ "

" မသိစိတ်က ဇာတ်လမ်းလေးအဖြစ်ပဲ ပေါ်လာတတ်တယ်၊ အိပ်မက်တွေကိုကြည့်၊ အိပ်မက်အများဟာ မသိစိတ်ကြောင့် ဖြစ်ပေါ်လာတာ၊ အိပ်မက်တွေမှာ ဇာတ်လမ်းရှိတာချည်းပဲ၊ ဇာတ်လမ်းရှိတာကလဲ ဆန္ဒရှိလို့၊ အပြင်မှာ မပြည့်ဝနိုင်တဲ့ ဆန္ဒကို မသိစိတ်က အိပ်မက်ထဲမှာ နိမိတ်ပုံ ဇာတ်လမ်းလေးနဲ့ ဖြည့်ပြီး ဖြေပေးတယ် ဆိုပါတော့၊ ဝါဝါဟာ ကိုယ်နဲ့ ပြန်တွေ့ချင်တယ်၊ ဒါက ဆန္ဒ၊ အစစ်အမှန်လောကမှာ မပြည့်နိုင်တော့တဲ့ ဆန္ဒ၊ ဒီတော့ အခုလဲ ကိုယ့်ရဲ့ နိမိတ်ပုံအဖြစ် မင်းရဲသီဟ ဆိုတာ ပေါ်လာတယ် "

www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်ကပင် ထပ်မေး၏။

" ဇာတ်လမ်းကလဲဟယ် ဝေးဝေးလံလံ နတ်ရှင်နောင်တို့ခေတ် ပြန်သွားရသလား "

" အဲဒါကို နားလည်ဖို့ လွယ်ပါတယ်၊ မြင့်မြင့် သူငယ်ချင်း ဝါဝါ ကောလိပ်မှာ ဘာသာသာ အဓိက ယူခဲ့သလဲ "

" မြန်မာစာလေ "

" ပြီးတော့ ဘယ်ခေတ်က စာပေနဲ့ ဘယ်ခေတ်က အဖြစ်အပျက်တွေကို အစွဲဆုံး အနှစ်သက်ဆုံးလဲလို့ မေးဦး "

ဤအမေးကိုမူ ဝါဝါက ရယ်ရင်း အဖြေပေး၏။

" တောင်ငူခေတ်က စာပေတွေကို အနှစ်သက်ဆုံး၊ နတ်ရှင်နောင်တို့ ဓာတုကလျာတို့ရဲ့ အဖြစ်အပျက်ကို အစွဲဆုံး"

" ကဲ . . . ရှင်းပြီ မဟုတ်လား "

ဒေါက်တာမျိုးမွန်က နန်းဝတ်နန်းစားများကို ချွတ်လဲပြီး လွယ်ထားသော သားရေအိတ်ကြီးတစ်လုံးတွင် ထည့်၏။ မြင့်မြင့်က ပြောသည်။

" ကဲ . . . ရှင်းပြီ၊ ပြန်ကြစို့၊ ပစ္စည်းတွေလဲရှိတော့ ကားနဲ့ပဲ အားလုံး ပြန်ကြမယ် "

တင်ညွန့်က ကန့်ကွက်၏။

" ပစ္စည်းတွေက မများပါဘူး မြင့်ရာ၊ မောင်တို့ သယ်သွားကြတာပေါ့၊ သူတို့ နေရစ်ကြပါစေ၊ တို့က အလိုက်မသိဘဲ ကပ်ရှုပ်နေရင် တင်ညွန့်နဲ့ မြင့်မြင့် ဘဝကနေ ဗိုလ်ရက္ခနဲ့ မြသီတာ ဖြစ်ကုန်ကြပါဦးမယ် "

တင်ညွန့်က သူ့စကားအဆုံးတွင် တဟားဟား ရယ်သဖြင့် အားလုံး လိုက်ရယ်ကြသည်။

BURMESE CLASSIC .com

တင်ညွန့်က သားရေအိတ်ကို ဆွဲ၍ မြင့်မြင့်နှင့်အတူ ပြန်သွားကြ၏။ ရက်ကော့ဒါလေးကိုမူ ထားခဲ့ကြသည်။

" မောင် . . . မြင့်မြင့်တို့ လင်မယားက သိပ်အလိုက်သိတာပဲနော် "

" အလိုက်သိတာက ဝါဝါနဲ့ မောင့်ကို သူတို့ ချစ်ကြလို့၊ သူငယ်ချင်းအချစ်ဆိုတာ ဘဝမှာ တန်ဖိုးကြီးလှပါတယ် ဝါဝါ "

ဝါဝါက သူ့ပုခုံးကို နွဲ့နွဲ့မှီသည်။ သူက ဝါဝါ၏ ခါးလေးကို ယုယစွာ ပွေ့ထား၏။

ဝါဝါက အနောက်ဘက် မိုးကောင်းကင်ဆီ ညွှန်ပြပြီး ဆို၏။

" တိမ်တွေ လှလိုက်တာနော် မောင်၊ ဩော် . . . တိမ်မည်းကြီးတွေ တက်လာလဲ ဝါဝါ မကြောက်တော့ဘူး၊ မိုးတွေရွာမှဖြင့်ရင်လဲ ဝါဝါ မကြောက်တော့ဘူး "

" မိုးဟာ ကြောက်စရာ မဟုတ်ပါဘူး ဝါဝါ၊ မိုးဟာ အေးမြစိုလန်းခြင်းကို ပေးသူပါ၊ ပြီးတော့ . . . မိုးဆိုတာဟာ မေတ္တာရဲ့ သင်္ကေတပါ "

"ဟုတ်တယ် မောင်၊ မိုးဆိုတာ မေတ္တာရဲ့ သင်္ကေတ "

ဒေါက်တာမျိုးမွန်က ငြိမ်၍ စဉ်းစား၏။

ရင်ထဲဝယ် တည်ငြိမ်အေးချမ်း သန့်စင်သော အသိစိတ် ပေါ်လာသည်။

သူတစ်ပါးတို့အတွက် ကြောင့်ကြမဲ့ဖြစ်သော စိတ်နှလုံးတော်သည် မရှိ။ ဉာဏ်ဖြင့် မဆင်မခြင် လျှစ်လျူရှုသော အမှုသည် မရှိ။

ဝါဝါက ငြိမ်နေရာမှ မေးသည်။

" မောင် ဘာတွေ စဉ်းစားနေတာလဲ "

" ဩော် . . . မောင်က လေးနက်တဲ့ မေတ္တာ၊ ကရုဏာသဘောတွေကို စဉ်းစားနေတာပါ၊ ဝါဝါကော ဘာတွေ စဉ်းစားနေတာလဲ "

ဝါဝါက ခစ်ကနဲ ရယ်၏။

" ဘာလဲ ဝါဝါ "

" ဝါဝါက မောင့်လို နက်နဲတာတွေ စဉ်းစားနေတာ မဟုတ်ဘူး "

" နို့ ဘာတွေ စဉ်းစားနေတာလဲ "

" ဟိုဒင်းလေ . . . ခုနက မောင်ရှင်းပြသွားတာ၊ ဗိုလ်ရက္ခက ဦးတိတ်ကြည်၊ မြသီတာက မမြမေ၊ မင်းရဲသီဟက မောင် . . ."

" ဟုတ်တယ်လေ ဝါဝါ၊ ဘာဖြစ်လို့လဲ "

" ဝါဝါ စဉ်းစားနေတယ်၊ ရှင်ထွေးလေးက ဘယ်သူလဲ "

" ရှင်ထွေး . . ."

www.burmeseclassic.com

“ အင်းလေ၊ သူဘယ်သူလဲ ”
“ ဝင်းငြိမ့်ရွှန်းလေးက ဟောဒီမှာ . . . ဝါဝါတဲ့၊ မောင် သိပ်ချစ်ရတဲ့ ဝါဝါတဲ့ ”
ဒေါက်တာမျိုးမွန်က စိုလန်းဝင်းဝါသော ဝါဝါ၏ နဖူးလေးကို လက်ညှိုးနှင့် ထောက်ပြ၍ ပြော၏။
ဝါဝါသည် မျက်နှာလေးကို သူ့ရင်ခွင်တွင် ကပ်၍ ကြည်ကြည်နူးနူး သာသာယာယာ ရယ်ရှာသတည်း။

ပြီးပါပြီ။

BURMESE CLASSIC .com

**မေတ္တာရည်၍**
**တက္ကသိုလ်ဘုန်းနိုင်**
**၁၂ - ၁၂ - ၈၃**

www.burmeseclassic.com